
# နေနွယ်ဇင်မြင့်



သက်ကုန် နှင်းချစ်

NYI NYI

# နေနွယ်ဇင်မြင့်

## သက်ကုန်နှင်းချစ်


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၉၆၇၁၂၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၇၂၉၁၂၀၈

၂၀၀၉ ခုနှစ်၊ မေလ၊

ဒုတိယအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ အမှတ်(၃၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET အမှတ်(၃၉)၊ (၁၉)လမ်း၊ ရန်ကုန်။


**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





နေနွယ်ဇင်မြင့်

# သက်ကုန်နှင်းချစ်

(ဒုတိယအကြိမ်)

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ



## အခန်း(၁)

"ငါ ဒီနေ့ တော်တော်လှတယ်"

မေသံလွင်က ခစ်ခနဲရယ်၍ ရှက်ကိုးရှက်ကန်းပုံစံကို ဘမင်လုပ်၍ပြော၏။

"အဲဒါ နင်ပြင်ပေးလို့"

"နဂိုင်းထွက်တာပါ"

"နဂိုက သိပ်မရှိပါဘူးကွ၊ စွက်ကြမ်းရေချိုးရယ်"

"အစွက်ကြမ်းပြီး အရည်လည်းမငန်ဖို့ အရေးကြီးတာပဲ၊ အဲဒီထဲမှာ အရသာကပါ ချဉ်စုတ်ထွက်လာရင် ပစ်လိုက်ရရော"

"လောကကြီးကို တစ်ခါတလေ စိတ်နာပေါ့"

"အမြဲတမ်းအတွက် ထာဝရ နာကျင်ကိုက်ခဲနေတာ၊ ဒါတွေ ထားလိုက်တော့ဟာ၊ နင့်ရဲ့မင်္ဂလာနေ့မှာ မင်္ဂလာရှိတဲ့စကားကိုပဲ ပြောကြမယ်"

"မင်္ဂလာရှိတဲ့စကားကို နင် ဘယ်လောက်ပဲပြောပြောဟိုက ရှေကိုယ်တော်က မင်္ဂလာစကားကို နှုတ်ခြွေတော်မမူရင် ဒီမင်္ဂလာကိစ္စ အထမမြောက်ပါဘူးဟာ၊ ပြီးတော့ ငါ့လို

မိုးချိန်(ဘီးတပ်ကုလားထိုင်)ပေါ်က သတို့သမီးလောင်းကို တစ်မိနစ်ပြည့်အောင်တောင် စိုက်ကြည့်ချင်မယ် မထင်ပါဘူး"

"အဲဒီအတွက် နင် စိတ်မဆင်းရဲဘူး မဟုတ်လား"

"စိတ်လား၊ နည်းနည်းပါးပါးတော့ ဆင်းရဲတာပေါ့၊ ဒါ့ထက်ကို နင့်လို နှာကျည်း နှာကျင် ကိုက်ခဲဖောရောင်ကြည့်ရင် ကောင်းမလားလို့"

"အေးပါ၊ နင်ကတော့ ရယ်စရာပြော၊ တကယ်ခံစားကြည့်မှ ကြောက်ပါပြီရှင် မအော်နဲ့၊ လောကကြီးကို အသည်းနာရတဲ့ဝေဒနာများ ပေါ့သေးသေးမှတ်လို့"

"ကြီးမားထွားကျိုင်းမှန်း သိပါတယ်"

မေသံလွင် ရယ်ပစ်လိုက်၏။

သူမ သည်နေ့ ပျော်သလိုလို၊ ရင်ဖိုသလိုလို ရှိတာတော့ ငြင်းမရချေ။ သို့ပေမဲ့ မျှော်လင့်ချက်တစ်ခုကို တမ်းတရှင်သန်နေခြင်းတော့ မဟုတ်ပါ။ တကယ်တမ်းကို သိပ်လည်းမျှော်လင့်မထားပါ။ မေသံလွင်ဆိုတာက ဆွေဂုဏ်၊ မျိုးဂုဏ်၊ ပညာဉစ္စာဂုဏ်တွေမှာ "ဣန္ဒြေ"နှင့် ဘယ်ရှုထောင့်ပဲ ယှဉ်ရ ယှဉ်ရ ရှုံးစရာ၊ နိမ့်စရာအကြောင်းမရှိချေ။ ဂုဏ်ရည်တူ အလွှာတူ၊ အမြင့်တူတွေပါ။

သည်တော့ ကိုဣန္ဒြေရေ ... ဟု ငံ့လင့်မွတ်သိပ်စွာ မော်ဖူးဖို့မလိုဟု ထင်၏။

မေသံလွင်သည် ရုပ်မဆိုးပါ၊ အသားမညိုပါ။ ခန္ဓာကိုယ်က ဖွံ့ထွားလွန်းခြင်း၊ ကြုံလှီသေးကွေးလွန်းခြင်း မရှိပါ။ ပြောကြကြေးဆို ဖြူလွန်း၊ မည်းလွန်း၊ ပိန်လွန်း၊ ဝလွန်း၊ ပုလွန်း၊ မြင့်လွန်း ဆိုသည့် အပြစ်ခြောက်ပါး ကင်းပါ၏။ အပြစ်ခြောက်



ငါးကင်းလျှင် "ခြောက်ပစ်ကင်း"ဟူ၍ တင်စားဖွဲ့နွဲ့ကြရိုး ထုံးစံလည်း ရှိပါသည်။

သို့ပေမဲ့ ...

ခြောက်ပစ်ကင်းတိုင်း အလှသရဖူကို မဆောင်းနိုင်ပါ။ အပြစ်မဲ့ခန္ဓာကိုယ်အဖွဲ့အစည်းများသည် နေရာထား တည်ဆောက်ရာ၌ အချိုးကျ အဆင်ပြေဖို့လို၏။ ခြောက်ပစ်ကင်းသည့် မေသံလွင်သည် ငေးကြည့်ရအောင် မလှရှာ။ လူတကာက "ရွက်ကြမ်းရေကျို"အဖြစ်သာ သတ်မှတ်ခြင်း ခံရသည်။

"ဟောဒီ မျက်ခုံး၊ မျက်လုံး၊ နှာတံရော ပါးစပ်ရော ငါ့မျက်နှာပေါ်က ခဏဖယ်ပစ်လိုက်ချင်တယ်၊ ပြီးမှနေရာတကျ ပြန်ချမယ်ကွာ၊ အလှပါရဂူ အနုပညာရှင်တစ်ယောက်ရဲ့ အကူအညီကိုလည်း ယူမယ်၊ မကောင်းဘူးလား"

မျက်ခုံး၊ မျက်လုံး၊ နှာတံတို့ မျက်နှာပေါ်မှာ အချိုးကျစွာ တည်ရှိနေပုံကို "စနွေးကိုက်"ဟုတောင် တင်စားပစ်လိုက်ဖို့ကောင်းသည်။ "ဣန္ဒြေ"ကို မြင်ယောင်ရင်း မိမိအလှလျော့နေရသည့်အတွက် မကျေမနပ် ဖြစ်မိသည်။ အဆင့်လွှာတူမှာ သူကယောကျ်ားလေးလည်းဖြစ်သေး၊ မိန်းမသား ကြီး,ငယ်,လတ် အရွယ်သုံးပါးလုံးက ချစ်ခင်စွာ၊ နှစ်လိုစွာ ငေးကြည့်ရသည်အထိ ဆွဲဆောင်နိုင်မှုကလည်း ရှိသေး ဆိုတော့ အဲသည်ယောကျ်ားနှင့် ယှဉ်ရာတွင် မေသံလွင် တစ်ထစ်နိမ့်၍ ခြေတစ်လှမ်းစာ နောက်ကျန်ခဲ့ရသည်ကတော့ အမှန်ပါပဲ။

"ဟော့ ... တီ၊ ငါ့အကြံ မကောင်းဘူးလား"

မေသံလွင်က မိမိဘေးမှာ စောင့်ရပ်ကြည့်၍ အလှဆုံးဖြစ်အောင် ပြင်ပေးနေသည့် သူငယ်ချင်းမလေးဘက် လှည့်

လိုက်၏။ အားမလို အားမရ ပုံစံဖြင့် သူငယ်ချင်း တံတောင်ဆစ်ကို ဆွဲညှစ်သည်။ အဲသည်သူငယ်ချင်းက "ဣန္ဒြေ"အကြောင်းများ ပြောလျှင် နည်းနည်းကလေးမျှ စိတ်ဝင်စားမှုမရှိချေ။

"မကောင်းပါဘူး"

"ဘာဖြစ်လို့လဲ"

"ယောကျ်ားတစ်ယောက်ရဲ့အမြင်မှာ လှပစေဖို့ အမေ မွေးပေးလိုက်တဲ့ မျက်နှာပေါ်က ပစ္စည်းတွေ ရွှေ့မပစ်နိုင်ပါဘူး"

"ဒါတော့ ရှင့်အမေက ရှင့်မျက်နှာကို အကောင်းဆုံးပစ္စည်းတွေ စရွေးကိုက် ထည့်ပေးလိုက်တာကိုး၊ ရှင်က ပြောပေမပေါ့"

"ကြည့်တတ်ရင် မြင်တာပဲ၊ ငါ့နှာခေါင်းဟာ အဖျားနားကျမှ လန်သွားတာ အရုပ်ဆိုးပါတယ်"

"သိပ်လန်ရင်တော့ ဟုတ်မှာပေါ့၊ နင့်ဟာက လှရုံလေး ချွန်တက်ကော့ထောင်တာပါ"

"ယနေ့ ကံကောင်းသည်၊ သို့ပေမယ့် ဒါနမပြုနိုင်ပါ"

သူငယ်ချင်းနှစ်ယောက် ရယ်လိုက်ကြသည်။ မေသံလွင်က "နင့်လိုလှချင်တယ် တိရယ်"ဟု ရယ်ရင်းက ညည်းဖြစ်အောင် ညည်းပြီးမှ သူ့ပိုးချဲဘီးကို တွန်းဖို့ကိုင်၏။

"ငါတွန်းပေးမှာ"

"အားနာလို့"

"အောင်မယ်၊ နင် ခြေထောက်စ,ကျိုးတဲ့နေ့ကစပြီး နင့်ခြေထဲက မြက်ခင်းပေါ် စိန်ပြေးနိုင်တဲ့နေ့ထိ ငါ ပြုစုမယ်လို့ ပြောထားပြီးသားဟာကို"



"ဒါပေမဲ့ ခုဟာက နင် သက်သက်ဒုက္ခလိုက်ခံပေးရသလိုဖြစ်နေမှာစိုးလို့ပါ၊ ညည်သည်လာမယ်၊ ငါတို့က ဧည့်ခံရမယ်၊ အဲဒီအခါမှာ နင်က ငါ့ကို လှည်းလိုက်တွန်းပေးရတဲ့ ကဏ္ဍမှာ ပါနေရတာကို ငါ အားနာတယ်"

"ဘော်ဒါကဏ္ဍဆိုတာ ကဏ္ဍပေါင်းစုံကတွက်ပြီး ပြည့်စုံတယ်လို့မှတ်"

"ဒါဖြင့် ငါ့ကို လာကူညီပေးနေတဲ့ သူငယ်ချင်းအဖြစ် မိတ်ဆက်ပေးမယ်"

ကိုယ့်သူငယ်ချင်းအကြောင်း ကိုယ်အသိဆုံးမို့ စကားခံရ၏။ စေတနာနှင့် မိတ်ဆက်ပေးပေမယ့် ဘုတောချင် တောပစ်တတ်သည့် ဤ"သဘောကောင်းခွစာမ"တော့ ခပ်လန့်လန့်ရယ်ပါ။

"ဘာလဲ ... အိမ်ဖော်ထင်ခံရမှာ ငါက ကြောက်နေမယ်များ၊ ရှက်နေမယ်များ ထင်လို့လား"

"နင်က ဘာမှမဖြစ်ပေမယ့် ငါ့မှာ တာဝန်ရှိတယ်"

"သဘော"

"ဒါဖြင့် တွန်းတော့"

လက်ကိုင်ကိုကွေ့၍ ရွှေ့လိုက်၏။ လှည်းကလေးက တစ်ဆစ်ချိုးကွေ့သွားသည်။ မေသံလွင် ခစ်ခနဲရယ်သည်။ ခြေတစ်ဖက်ကျိုး၍ ကျောက်ပတ်တီးကြီးစည်းကာ ဘီးတပ်ကုလားထိုင်ပေါ် ထိုင်နေရလည်း သူ့မှာ ရယ်စရာကို ရှာလို့တွေ့နေသေးသည်။ ခဏ ခဏ တခစ်ခစ်ရယ်၏။ ပျော်သည် ထင်ပါရဲ့။

တစ်နည်းအားဖြင့် ဆိုရသော် စိတ်ညစ်စရာမရှိ။ သောကကင်းသူဟု၍လည်း ခေါ်နိုင်၏။ ခြေကျိုးတာလောက်ကို တခြားပြည့်စုံပိုလျှံမှုများက ဖာထေးနိုင်၏။

"ဆောက်ပက်" "ချိုင့်ခွက်"လျက်ရှိသူ အဖို့မှာတော့ မျက်နှာလေး ရွှန်းနေအောင်လှသည့် အလှက လိုအပ်မှုတွေကို ဖြည့်ဆည်း၍ မလောက်နိုင် ရှိချေ၏။

လောကကြီးက မတရားပါဘူး။

❋ ○ ❋

အပြည့်အစုံက "ဣန္ဒြီစံ"... တဲ့။

သူ့အကြောင်းကို ပြောရမည်ဆိုလျှင် ဒေါ်ရွှေအိမ်စံ အကြောင်းမှ စ,ရလိမ့်မည်။ ဒေါ်ရွှေအိမ်စံက မိမိအကြောင်းကို ပြန်ပြောလေ့ရှိတိုင်း ...

"ဘုန်းတော်ကြီးဘုရား ရွှေလက်ထက်တော်က"ဆိုတာနှင့် အစချီ၏။ ဒေါ်ရွှေအိမ်စံ၏အသက်ကို ပြန်တွက်ကြည့်သည့်အခါတွင် သူပြောသည့် ဘုန်းတော်ကြီးဘုရား ရွှေလက်ထက်တော်ကို ဘယ်လိုမှ မမီလိုက်တာ သေချာသည်။

"ခေတ်တွေ စနစ်တွေ ပြောင်းလို့ ရွှေအိမ်စံ ဖြစ်ရတယ်"ဟု ညည်းညူကာ ဒေါ်ထိပ်တင်ရွှေအိမ်စံ ဟူသည့် နာမည်ကို ခံယူ၏။ တကယ်တမ်းဖြစ်ချင်တာက "ထိပ်ထား"။ ထိပ်ထားရွှေအိမ်စံနာမည်နှင့် ဘုရင်မင်းမြတ်၏ သမီးတော်အရင်းအချာဖြစ်လိုသူ တစ်ဦးပါ။ ခုတော့ မင်းဆီမင်းသွေးက ကိုင်းဖျားကိုင်းနားလောက်သာ ပါရတော့တာကိုပဲ ဒေါ်ရွှေအိမ်စံ မခံမရပ်နိုင် ဖြစ်နေရသေးသည်။

ဆွေးကျူးဖို့ကောင်းသည့်အချက်က ဒေါ်ရွှေအိမ်စံသည် မြန်မာစစ်စစ်ကြီး ဖြစ်ရတာကို အလွန်ဂုဏ်ယူသည်။ မင်းသွေးမင်းရိုးမကောင်းသည့်အတွက် ပို၍ဂုဏ်ယူ၏။ မြန်မာ့ယဉ်ကျေးမှုကို



မြတ်နိုး၏။ မြန်မာ့အစဉ်အလာကို ရိုးရာမပျက် စောင့်ရှောက်သည်။ "စံ"မျိုးဆက်ကို စတင်တည်ဆောက်ခဲ့သူ ဖြစ်ရမည်ဟု ကြွေးကြော်၏။

"စံ"မျိုးဆက် ဆိုသည်မှာ အစစအရာရာမှာ လူ့ဘောင်က စံထားအားကျလောက်သည့် ကိုယ်ကျင့်တရား၊ စိတ်နေစိတ်ထား၊ ပြုမူဆောင်ရွက်မှုတွေကို မီးရှူးတန်ဆောင်သဖွယ် အလင်းပြခဲ့သူတွေ ဖြစ်ရမည်။ မဟုတ်တာ မမှန်တာ၊ အမှားဆိုတာမျိုးကို ပုထုဇဉ်မို့ တစ်ခုတလေ ယောင်မှားကျူးလွန်မိလျှင်တောင် ချက်ချင်းပြင်ဆင်နိုင်ရမည်။ အမှားအနည်းနိုင်ဆုံးလူသားဖြစ်ရမည်။

မိမိနှင့်တကွ မိမိပတ်ဝန်းကျင်၊ မိမိအသက်ရှင်ရပ်တည်နေသည့် လောက ကမ္ဘာကြီးကို အရုပ်ဆိုး အကျည်းမတန်စေရ။ အကောင်းဆုံး အလှအပများနှင့် တန်ဆာဆင်ခြင်းအားဖြင့် ပတ်ဝန်းကျင်ကမ္ဘာကြီး သာယာချမ်းမြေ့စေရမည်တဲ့။

ဦးအောင်မျိုးသည် သူ့ကိုယ်သူ မင်းဆွေစိုးမျိုးပါဟု မပြော။ အငွေ့အသက်လောက် လွှမ်းတာကို စကားထဲထည့်၍ ဂုဏ်ယူမနေတော့ပေမယ့် မျိုးနှင့်ရိုးနှင့်ချို၍ လူချီးမွမ်းခံခဲ့ရသူဖြစ်သည်။ ဦးအောင်မျိုးတို့ အမျိုးသည် ချမ်းသာကြွယ်ဝသည်။ ပေါ့သွမ်းလျှပ်ပေါ်သူ မရှိ၊ ပြည့်စုံကုံလုံပြီးသားပေမယ့် အလုပ်ကို ရိုးသားစွာ ကြိုးစားစွာ လုပ်ကိုင်ကြသည်။ စိတ်သဘောထားမြင့်မြတ်သည်။ တစ်ပက်သားအပေါ် သဒ္ဓါတရားထက်သန်စွာ ကူညီစောင့်ရှောက်သည်။

အလှူအတန်း အပေးအကမ်း ရက်ရောသည်။ ကိုယ်ချင်းစာတရားဖြင့် လူသားတိုင်းအပေါ် ကြင်နာသည်။ ကိုယ့်

လူမျိုးနှင့် ကိုယ့်တိုင်းပြည်ကို ချစ်သည်။ ကိုယ့်ယဉ်ကျေးမှုကို ကိုယ်မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်သည်။

ဦးအောင်မျိုးနှင့် ဒေါ်ရွှေအိမ်စံတို့ လက်ထပ်မင်္ဂလာဆောင်နှင်းဖြစ်ခြင်းသည် ရွှေနှစ်ပြားကို ဂဟေသားသကဲ့သို့ အခြားဆောင်ဟု တင်စားရဖွယ်ဖြစ်၏။ နေနှင့်လ၊ ရွှေနှင့်မြ၊ လိုက်ဖက်တင့်မော မင်္ဂလာကျက်သရေ အတိုင်းမသိ ရှိလှသည့် ဘိသိက်သွန်းပွဲကြီး ဖြစ်ခဲ့ရပါ၏။

"ဣန္ဒြိစံ"ဆိုသည့် စံကိုယ်တော်လေးသည် ဦးအောင်မျိုး ဒေါ်ရွှေအိမ်စံတို့ မျိုးရိုးမှ ဆင်းသက်ခဲ့သည်။ မျိုးဆက်သုံးခုမျှ ထပ်ဆင့်ရွေ့လျောခဲ့ပြီ ဆိုပေမယ့် ဣန္ဒြိစံတို့ လက်ထက်တိုင် "စံ"များကို ဆက်လက်ထိန်းသိမ်းရမြဲ ဖြစ်နေသေးသည်။

အစဉ်အလာ ကြီးမားနေဆဲ ဖြစ်နေရသေးသည်လေ။

❋ ○ ❋

"သမီးလေးအဖြစ်တော့ မပြောချင်ဘူးရှင်၊ လေကားတစ်ဆစ်ချိုးကွေ့က လိမ့်ကျတာလေ၊ မိုက်ခနဲဖြစ်ပြီးတော့ သတိလစ်ကျတာ"

ဒေါ်ခင်သီတာ၏ ဝါကျအဆုံးမှာ ဧည့်သည်တစ်အုပ်စုလုံး သည်ဘက်ကို လှည့်ကြည့်လိုက်ကြမှာ သေချာ၏။ တွန်းလှည်းကလေး လိမ့်ဝင်လာကတည်းက စ,ကြည့်ပြီးလည်း ဖြစ်နေနိုင်သည်။ "တီ"က ဘယ်သူ့ကိုမျှ မကြည့်မိအောင် မျက်လွှာကို ချထား၏။ ခေါင်းကိုတော့ ငုံ့မထားပါ။ ဒီလို လူ့မလိုင်ရေပေါ်ဆီဆိုသည့် အမြင့်ဆုံးလူတန်းစားတွေရှေ့မှာ သူတို့ခွင့်ပြုမှ မော်ဖူးရသည် အဖြစ်သို့ တစ်စတစ်မျှင်ကလေးမျှ အရောက်မခံနိုင်ပါ။



ပြီးတော့ လူကုံထံတွေမို့ အားတက်သရော ပြုံးပြကြည့်ရသည့် အခြေအနေလည်း မဖြစ်လို။ သည်တော့ မျက်နှာကိုတော့ ပင့်စေ၊ မျက်လွှာကိုတော့ ချထား၊ ဣန္ဒြေလည်းရရော၊ သတ္တိလည်းရှိရော၊ မကောင်းဘူးလားဟု ကိုယ့်အတွေးနှင့်ကိုယ် ကျိတ်ပြုံးလိုက်မိပေမယ့် မျက်နှာပေါ်ရှိ အကြောမျှင်ကလေးတွေ တစ်ခုတလေမျှ လှုပ်ရှားမသွားအောင် ထိန်းထားလိုက်သည်။

မျက်နှာကတည်တည်မို့ တင်းသည့်ဘက်သို့တောင် ရောက်ပါ၏။

"ဖြစ်မှဖြစ်ရလေ၊ စာတွေ ဒီလောက်ကျက်ရသလား သမီးရယ်၊ တော်ရုံကြိုးစားပါ၊ ကျန်းမာရေးက အဓိက"

မေသံလွင်က ခိုးခိုးခစ်ခစ်ကလေး ရယ်ပြလိုက်၏။

"ကြည့်နေ၊ ဣန္ဒြေသိက္ခာကြီး ဆယ်ပိဿာလောက်နဲ့ ခံနေကိုနေမပြဘူး၊ လွတ်လွတ်လပ်လပ်ပဲ၊ မကလက်ရင်ပြီးရော၊ မဟုတ်ဘူးလား၊ ငါ့အကျင့်စာရိတ္တကောင်းရင် ပြီးတာပဲ၊ ငါ့ တခစ်ခစ် အရယ်ကိုတော့ မလျှော့ပေါင်"ဟု ကြိုပြောထားခဲ့၏။

မေသံလွင်က အရယ်သန်သည်။ သူ့မှာ အရာခပ်သိမ်းသည် ရယ်စရာတွေချည်း ဖြစ်နေတတ်သည်။ အစာအဆိပ်ဖြစ်၍ တစ်ညတည်း ဝမ်းက အကြိမ်သုံးဆယ်ကျော်သွားပြီး ဆယ့်ရှစ်ခါလောက် အန်ထား၍ တစ်ကိုယ်လုံး ပျော့ခွေကာ မြော့မြော့လေးရှိသည့် အချိန်မှာတောင် သူငယ်ချင်းတွေရောက်လာတော့ မျက်တွင်းဟောက်ပက်ကလေးနှင့် သွားဖြီးပြနိုင်သေး၏။

"တို့ငယ်ငယ်က အော်ဆိုခဲ့တာလေ၊ အီးပေ … အီးပေ တောထဲမှာနေ၊ အီးပေသင်ဖြူး၊ အီးတွေနဲ့လူး ဆိုတာ ဘယ်သူလာအော်ဆိုပါ့မလဲလို့ စောင့်နေတာ …

"နင်တို့က ခုမှလာကြတော့ ငါ့အခန်းက မွေးကြိုင်ပြီနေပြီ"တဲ့။

ဆေးသံလေးနှင့် အမောခံ ပြောသေးသည်။ တခစ်ခစ် အော်ရယ်နိုင်သည့်တိုင် သွားကြားလေတိုးသံလေးနှင့် တရှိုးရှိုးရယ်နေခဲ့သေးသည်။

"သူတို့အမျိုးက အရယ်များရင် ကလက်တယ်ဆိုခဲ့ __"ဟု ပြောပြခဲ့သည်။ နိုင်ငံရပ်ခြားကြီးမှ ပြန်လာသည့် သားကိုခေါ်၍ ချွေးမအလောင်းအလျာရွေးပွဲလေး ကျင်းပချိန်မှာ မေသံလွင်ကတော့ တခစ်ခစ် အရယ်မပျက်ခဲ့ပါ။

"လူရိုးမွမ်းရဖို့ ကြံဖန်ဖြစ်တာပါ အန်တီ၊ စာကျက်တာလည်း ကျက်ပါတယ်၊ လေ့ကားက ပြုတ်ကျတာကတော့ နနော်နမဲ့ကို နိုင်တာပါ၊ အဲဒီနေ့က စာကျက်ထားမိတော့ သမီးက ကြံဖန်ကုသိုလ်ကောင်းပြီး လူသနားဖို့ ဖြစ်သွားတာပါ"

"သမီးလေးက ငြိမ်းချမ်းလိုက်တာ၊ ကျောက်ပတ်တီးတစ်ဖက်နဲ့ ဝိုးချဲပေါ် ထိုင်နေရတာတောင် အပြုံးမပျက်ဘူး၊ အဲဒါမျိုးဆို မေမေတို့က အရမ်းချီးကျူးတာ"

သူ့ကိုယ်သူ"မေမေ"ဟု နာမ်စားသုံးလိုက်သူ အမျိုးသမီးကြီးအား မျက်လွှာပင့်၍ကြည့်ချင်စိတ်ကို မျိုသိပ်လိုက်သည်။

"ဒေါ်ရွှေအိမ်စံမျိုးဆက်၊ စံမျိုးစံနွယ်တွေထဲမှာ လက်ရှိတွေထဲမှာပါလေ၊ ဒေါ်တင်တင်စံက အချမ်းသာဆုံး၊ အလှူအတန်း အရက်ရောဆုံးနဲ့ အထက်မြက်ဆုံးလို့ အားလုံးက လက်ခံထားကြရတယ်၊ လောလောဆယ် စံဆွေမျိုးတွေထဲမှာ ဒေါ်တင်တင်စံက အရေးပါ အရာရောက်ဆုံးပုဂ္ဂိုလ်"တဲ့။



သံလွင် ပြောပြထား၏။ ဤမျှသတင်းကြီးသည့် အမျိုးသမီးကြီးကို စင်စစ် မြင်ဖူးပြီးသားပါ။

"လူလူချင်း စားနဲ့ခုတ် တုတ်နဲ့ရိုက်ရဲတာ မိုက်ရူးရဲခေါ်တယ်"

ဒေါ်တင်တင်စံ၏ အသံက စီးစီးပိုင်ပိုင် ရှိလှ၏။ အောအောလုံးလုံးနှင့် ချို၏။ သို့ပေမဲ့ မာသည်။ မော့ကြည့်ပစ်လိုက်ချင်လှပါပြီ။

"လောကမှာ ကြုံရာဖြစ်ရာကို ကြံကြံနိုင်နိုင်တာမှသတ္တိလို့ခေါ်တယ်၊ သမီးလေး သံလွင်ကို မေမေ ချီးကျူးလိုက်တာ"

"ကျေးဇူးတင်ပါတယ် မေမေ၊ တကယ်ပါ"

သံလွင်က "မေမေ"ပြန်ခေါ်ပေမယ့် ဤကိစ္စက ထူးခြားဆန်းပြားလှသည် မဟုတ်ပါ။ သူတို့အမျိုးအဆွေအုပ်စုတွေထဲမှာ အမေအရွယ်ဆို"အန်တီ"ခေါ်ဖို့ထက် "မေမေ"ခေါ်ဖို့သာ အားသန်ကြတာများသည်။ သံလွင့်မှာဆို "မေမေ"ခေါ်တာချည်း ရှစ်ယောက်လောက် ရှိမည်ထင်သည်။ "ဖေဖေ"တို့၊ "ဒက်ဒီ"တို့၊ "ပါပါ"တို့ ခေါ်နေတာတွေလည်း ရှိသည်။

"တို့အမျိုးက ကိုးဆယ့်ရှစ်ဝမ်းလောက်ကွဲရင် အရင်းခေါ်တယ်၊ သူတို့ပေးစားချင်ပြီဆိုတဲ့ အခါကျတော့ သွေးကဝေးပါပြီ၊ သွေးရင်းတယ် သွေးဝေးတယ်ဆိုတာကို လိုသလို ဆုံးဖြတ်တဲ့အမျိုးကွ"ဟု သံလွင် ရယ်၍ပြောခဲ့ဖူး၏။

"သံလွင်လေးက တကယ်သတ္တိကောင်းတယ်"

"တကယ့်သတ္တိက ဒီမှာ မေမေတင်ရဲ့"

သံလွင်က "တိ"လက်တစ်ဖက်ကို လှမ်းဆွဲ၏။ တိက ခုချိန်ထိ လှည်းနောက်မှာပဲရပ်ကာ မျက်လွှာချ မျက်နှာပင့်

ပုံစံနှင့် ထိမထင် အနေအထားလေးမှာ ရှိနေ၏။ ဒေါ်တင်တင်စံ ပစ္စည်းမဲ့ခေါ်သဟု ပြောလောက်သည့် မျက်နှာပေးမျိုးပါ။

"သံလွင်လေးရဲ့ သူနာပြုဆရာမလေးက ချစ်ရာလေးပါ လား၊ သန့်သန့်ပြန့်ပြန့် ရှိပါဘိသနဲ့"

"အဲဒါ သူနာပြုဆရာမ မဟုတ်ဘူး မေမေတင်ရဲ့၊ သံလွင့် သူငယ်ချင်း၊ သံလွင် အားငယ်မှာစိုးလို့ လာနေပေးတာ၊ နာမည်က မမသတ္တိတဲ့"

"ဟဲ့ ... နာမည်က ထိပ်ဆုံးတည်းကပါလား"

"တီ ... ဒါ ငါ့ရဲ့မေမေတင်"

တီလက်ကို တုံ့ဆွဲ၍ ခါလိုက်သည်မို့ တီ ကိုယ်က လေး ဘေးသို့ထွက်လာသည်။ ပင့်ချင် ဝင့်ချင်လွန်းသည်မို့ အသည်းထဲကတောင် ယားလာရသည့် မျက်လွှာကို ခုမှပဲ စိတ် တိုင်းကျ ဖွင့်မော့ပစ်လိုက်၏။

"ဟင်"

ရင်ထဲမှာ ဟိုက်ခနဲ နင့်ကျသွားရသည်။ လေးလံ သလောက် ထုထည်ကြီးမားသည့် ထိပ်တုံးပစ္စည်းတစ်ခုသည် ရင်ညွန့်တည့်တည့်ဆီသို့ အရှိန်ပြင်းစွာ ဝင်ဆောင့်ခြင်း ခံလိုက်ရ သည်ဟု ထင်သည်။ အသက်ရှူမှားကာ ရင်ထဲဆို့သွားသည်။ အမြင့်ဆုံးသော တောင်ပေါ်မှ ခြေနှစ်ချောင်း ကိုင်လွှဲ၍ လွှင့်ပစ် ခြင်း ခံလိုက်ရသလို ရင်ထဲ လှပ်ခနဲ အေးစက်လစ်ဟာသွားရ သည်။

အရှိက်တည့်တည့်မှာ အောင့်ကျိန်းကျိန်း၊ မျက်နှာပြင် က ပူထူ ရောင်အန်းပြီးမှ ခြေဖဝါးတွေ ထုံကျဉ်သွားသည်အထိကို ခံစားလိုက်ရပါ၏။



ဘာကြောင့် အဲဒီဝေဒနာမျိုးစုံ ပြွမ်းစုကျရောက် ...ရှသွားရတာလဲ။

သံလွင်က မိတ်ဆက်ပေးနေပြီမို့ မော့လို့မှမကြည့် ...သိအမှတ်ပြု ပြုံးကလေးမှမပြ၊ ခေါင်းကလေးတစ်ချက်မှ လေး ...းစွာ ညိတ်မပြလျှင် ရိုင်းရာကျတော့မည်။ မော့ကြည့်ပစ်လိုက် ...င်တာကလည်း အသည်းထဲကတောင် ယားနေရပြီမို့ သံလွင့် ... ကျအဆုံးမှာ မျက်လွှာကို ပင့်လိုက်တာပါ။ နှုတ်ခမ်းနှစ်လွှာက ... အလိုအလျောက် စည်းချက်ကျစွာ ပြုံးလိုက်ပြီးသား ဖြစ်သွား ...ာပါ။ မျက်ဝန်းတွေကသာ ဒေါ်တင်တင်စံဆီမှာ မတန့်နားကြ ...ဘဲ ဝေ့ခနဲ ဝဲသွားရသည်မို့ ဒေါ်တင်တင်စံနှင့် ယှဉ်တွဲထိုင်နေသည့် "သူ့"ကို ဖျတ်ခနဲမြင်၊ လှိုက်ခနဲဆို့၊ ရင်ထဲက ထူခနဲကျဉ်ပြီးမှ ...ဒေနာမျိုးစုံကို ခံစားလိုက်ရတာပါ။

ဘာဖြစ်လို့လဲ ဆိုတော့ သူ့ ဣန္ဒြေစံ ကိုယ်တော်လေး ... ...ဟုတ်သည်။ သူ့ကို အဲသည်လိုပဲ တင်စားလိုက်ချင်၏။ အဲသည် သူက သတ္တိကို တီကို စူးငေးနေလိုက်တာမှ နှစ်ပေါင်းများစွာ ကတည်းက စူးဖောက်ထိုးစိုက် ခိုင်မြဲပြီးသားလောက်ကို ဖြစ်နေ သည့် အကြည့်မျက်ဝန်းနှင့် တန်းခနဲ ဆုံလိုက်ရလို့ပါပဲ။

သူ ဘယ်တုန်းကတည်းက ကြည့်နေခဲ့တာလဲ၊ အဲသည်လိုကြည့်ဖို့ သူ့ကို ဘယ်သူက ခွင့်ပေးလို့လဲ။ အကြည့် တစ်ခုကို ပို့လွှတ်ပြီး တစ်ဖက်သားမိန်းကလေးရဲ့ ရင်ခွင်ကိုစူးရှ စိုက်ခွင်းလိုက်ဖို့ အခွင့်အရေးကို သူ ဘာဖြစ်လို့ ပိုင်ဆိုင်ရမှာတဲ့ လဲ။

တီ့ဘက်က ဘယ်လိုပဲ ခံစားလိုက်ရပါစေ သူက တော့ ကျူးကျော်သူ၊ အခွင့်မဲ့ ချဉ်းနင်းသူ မုချစင်စစ်ကြီးဖြစ်

သည်မို့ သူ့ကို တိ အပြစ်ပေးလိုက်ချင်စိတ်နှင့် မုန်းတီးသွားမိတော့တာပါပဲလေ။

ဏွန္ဒိစံ ... တဲ့။

သည်ကတော့ သိတဲ့အတိုင်း ... ;

"မဓသတ္တိ"တဲ့။

❋ ○ ❋

"တော်တော်ကောင်းတဲ့ နာမည်ပဲ"

"လူကလည်း သတ္တိကောင်းတယ် မမတင်တင်ရဲ့၊ ကျောင်းမှာဆိုလည်း သမီး သံလွင်က အဲဒီသမီး တိကိုပဲ အားကိုးရတာ၊ သံလွင်က လူကောင်ကြီးသာ ထွားထွားကျိုင်းကျိုင်းရယ်၊ ချူကချူချာပါဘိသနဲ့"

"အဲဒီ သမီးလေးလည်း ဂျီစီအီးတက်နေလား"

"သူက လုပ်နေ်းရှင် မေမေတင်ရဲ့ ဂျီစီအီးလောက်တော့ မတက်တော့ဘူး"

သံလွင်တို့၊ တိတို့ သူငယ်ချင်းတွေ ဆယ်တန်းအောင်ကြပြီး တက္ကသိုလ်ဝင်ဖို့စောင့်ရင်း တချို့ကျတော့ ဂျီစီအီးအိုလယ်ဗယ် တက်ကြသည်။ တချို့က ဂျပန်ဘာသာ၊ တချို့က တရုတ်ဘာသာ၊ ကွန်ပျူတာတက်သူလည်းရှိ၏။ တိုဖယ်တက်သူတက်၊ အင်္ဂလိပ်စာသီးသန့် အဖတ်နှင့်အပြော တက်သူတက်၊ သင်တန်းပေါင်းစုံ လျှောက်တက်ကြသည့်အထဲမှာ တိကတော့ မည်သည့်သင်တန်းကိုမျှ မတက်တော့ပါ။

အပ်ချုပ်စက်တစ်လုံးဝယ်၍ အကျီချုပ်ဆိုင် ထဖွင့်သည်။ ကံရယ်၊ ဉာဏ်ရယ်၊ ဝီရိယရယ် ပေါင်းဆုံကျရောက်ချိန်



င် ကိုက်လေရျောသလားမသိ "မဓသတ္တိ အဝတ်တန်ဆာများ" ည့်ဆိုင်က ချက်ချင်း နာမည်ကြီးလာသည်။

"ဆိုင်ရှင်မလေးက ရုပ်ချောသလောက် နာမည်ဆန်းတာနဲ့ တင် သူ့ဆိုင်မှာ လူကျတာ၊ လက်ရာကတော့ သူလိုငါလိုလောက် ရှိမှာပါပဲ"

သံလွင်က သူ့ဝသီအတိုင်း တခစ်ခစ်ရယ်၍ ပြောည်။ ငြိမ်သက်မှုကို ကြိုးစားရယူလိုက်ပြီးဖြစ်သည့် တိက ပြုံးလေး တိတ်နေ၏။

"သူများ ငါးဆယ်ယူရင် သူက ခုနစ်ဆယ်ယူတယ်လေ၊ ချုပ်ခများတာ ပုံပဲပိုကောင်းသလိုလို၊ ပိုက်ဆံများများပေးရမှ ကောင်းတယ်ထင်တဲ့လူတွေရဲ့ အိတ်ထဲက ပိုက်ဆံတွေ၊ သူပဲ နှိုက်ယူနေတာပဲ၊ ခုဆို စက်လေးလုံး၊ စက်ချုပ်သမားလေးယောက်၊ လက်ချုပ်သမားသုံးယောက်၊ ပန်းကြယ်သီးတစ်ယောက် အလုပ်လက်မဲ့ မိန်ကလေး ရှစ်ယောက်နဲ့ ...

"အဲဒီမိသားစုရှစ်စုကို ဝမ်းဝခါးလှစေနိုင်ပြီတဲ့၊ သူကြွားတဲ့စကားအတိုင်း ပြန်ပြောရတာ"

"ဒါ ဟုတ်တာပေါ့၊ မေမေတင်တို့က ဒါမျိုး အားပေးတယ်"

"ထင်တယ်၊ မမတင်တင် ကြားရင်တော့ ချီးကျူးမှာပဲလို့ သိတာတို့တောင် ပြောဖြစ်ကြသေးတယ်"

"ထိုင်လေ ... တိ၊ ကိုဏ္ဍိကလည်း စကားပြောလိုက်တာနားကိုငြီးရော"

ခုချိန်ထိ စကားသံတစ်လုံးမျှ မထွက်သေးသည့် ဏ္ဍိစံဘက်သို့ သံလွင်က လှည့်ရယ်ပြသည်။ တိ လက်များကိုဆွဲချ၍ ဘေးနားမှာရှိသည့် ကုလားထိုင်ပေါ်သို့ ထိုင်ဖြစ်အောင်တွန်း၏။

"ဩော် ... ခဏာ၊ မတီ ..."

သားရေပြာနေ ဆိုဖာဆက်တီပေါ်သို့ တီ ထိုင်ချလု ဆဲဆဲမှာပင် ဒေါ်တင်တင်စံ၏ ခေါ်သံကြောင့် ကိုယ်ကိုပြန်မတ် ဖြစ်လိုက်သည်။

"အားတော့မှာတယ် မိန်းကလေးရယ်၊ အန်တီတင် ရေဆာ လို့ သောက်ရေအေးအေးတစ်ခွက်ရနိုင်ရင် သောက်ချင်တယ်"

"ရတာပေါ့ မမတင်တင်ရဲ့"

ဒေါ်ခင်သီတာက ထိုင်နေရာမှ ကျုံးထ၏။ သို့ပေမဲ့ ဒေါ်တင်တင်စံက ဆွဲချထိုင်ခိုင်းလိုက်သည်။ စကားတစ်ခွန်းမျှ တော့ မပြောချေ။

"သံလွင် သွားယူပေးမယ်၊ အကျိုးဆော့ အကန်းမော့ဆို တာ သိပ်မုန်တာ မေမေတင်ရဲ့၊ ပြေးရလွှားရဖို့ သံလွင်က အရမ်းစိတ်သန်တာ"

သံလွင်က သူ့ဗိုးရဲ့ဘီးကို လှည့်လိုက်၏။

ထိုင်ခါနီးဆဲဆဲမှာ မထိုင့်ဖြစ်စေဖို့ ရည်ရွယ်သည်။ တန်းတူရည်တူ ထိုင်စကားမပြောနိုင်ကြောင်း ပေါ်လွင်၏။ မေမေ တင် အစား အန်တီတင်ဟု သုံး၏။ ရေသောက်ချင်တာထက် ခိုင်းချင်တာက ပိုမည်။

သုံးသပ်ချက်တွေ၊ ကောက်ချက်တွေ ချက်ချင်းဆွဲ၍ တီ ဗိုးရဲလက်ကိုင်ကို ကိုင်လိုက်၏။ သံလွင်က ဘီးတွေကိုလှည့် နေပေမယ့် တီကပဲ တွန်းပေးလိုက်သည်။ ထမင်းစားခန်းသို့ ရောက်သည်။ ရေခဲသေတ္တာကို ဖွင့်ခြင်း၊ ရေဖန်ခွက်ထဲ ရေငှဲ့ခြင်း ဆိုသည့် အလုပ်တွေကျတော့ သံလွင်လို ခြေမထောက်နိုင်သူနှင့် စာလျှင် တီကပဲ ဆောင်ရွက်ဖို့ ပိုလွယ်ကူနေသည်မို့ လုပ်စရာ



ိတာ လုပ်ပေးလိုက်သည်။ ငွေလင်ပန်းလေးထဲ ရှာဒလေအကောင်း ား ဗုံတောင်ရှည် ဖန်ခွက်ကလေးနှင့် ဖန်ခွက်အောက်ခံလေးနှင့် ရေခဲတစ်တုံးထည့်ပြီးမှ ရေခဲရေဖြည့်၊ လက်သုတ်ပဝါလေးပါထည့် အားလုံးပြီးမှ သံလွင်လက်ထဲ ဇန်းလိုက် ထည့်ပေးလိုက်၏။

"ငါ တောင်းပန်ဖို့ လိုသလား တီ"

"နင် မလိုပါဘူး၊ နင့်မေမေတင်တော့ လိုတယ်"

"ဘယ်တောင်းပန်လိမ့်မလဲ"

"သိပါတယ်၊ တစ်နေ့နေ့ပေါ့၊ ခုတော့ ဘယ်ဟုတ်ပါ့မလဲ"

"ခွင့်လွှတ်လိုက်လေကွာ"

"သူ့ဆီက ရစရာကြွေး နှစ်ခုဖြစ်သွားပြီ"

"ဟ ... ဟ ... ဘယ်တုန်းက တစ်ခုလဲကွာ"

တီပခုံးတွန့်၍ ခနိုးခနဲ့ ပြုံးလေ၏။

"နင်က အဲဒီလိုပြုံးလည်း လှတယ်၊ မနော်ရေ ..."

နောက်ဖေးမှ မနော် ထွက်လာသည်နှင့် တီက ယ်ပေးလိုက်၏။ သံလွင်တို့က အဲသည်လို အလိုက်သိသည်။ သူကိုယ်တိုင် သောက်ရေပေးဖို့ ကိုင်ထားရသည်မို့ လက်မအား တော့ပါ။ တီက သူ့လှည်းကို တွန်းပေးချင်တော့မည် မဟုတ်တာ ကို သူ နားလည်၍ မနော်ကိုပဲ ခေါ်တွန်းခိုင်းလိုက်တော့သည်။

"ငါတွန်းပေးမှာပေါ့လို့ မပြောနိုင်တဲ့အတွက် ငါ တောင်း ပန်ရမလား"

"အေး ... တောင်းပန်"

တီက ခြေစုံရပ်၍ ခါးတစ်ဝက်တိတိ ကိုင်းချပြီး အလေးပြုသည့်ပုံစံကို လုပ်၏။ သူငယ်ချင်းနှစ်ယောက် ရယ်ဖြစ် ကြသည်။ တီအသံက ကြောင်နေ၏။

"သံလွင်လေးနဲ့ကတော့ သူငယ်ချင်းချင်းလေ၊ ဘာအရေးလဲ၊ မမတင်တင်ကိုတော့ ပေါက်ပန်းဈေးတွေနဲ့ လက်ရည်တစ်ပြင်တည်း မဆက်ဆံပါနဲ့၊ သန့်သန့်လေး နေချင်တယ်"

"ဟုတ်ကဲ့ပါ မမတင်တင်၊ သိတာ သတိထားပါ့မယ်"

"တောက်"

ဒေါ်သသံက အကျယ်ကြီး ထွက်သွားသည်။ သို့သော်မဲ့ကံကောင်းချင်တော့ အဲသည်အချိန်မှာ အိမ်ရှေ့ဧည့်ခန်းမှာ ထိုင်နေကြသူတွေထဲက တစ်ဦးဦး မတ်တတ်ထ၏သလားမသိ။ စားကောင်းသောက်ဖွယ်များ ပြည့်နှက်အောင် တင်ထားသည့် ဒေါ်ခုံပုလေးတစ်ခုခုကို တွန်းရွှေ့သံ ကျီးခနဲ ထွက်လာသည်မို့ ဒေါ်သသံနှင့် တစ်ထပ်တည်းကျကာ အနီးကပ်ဆုံးရှိနေသူ သံလွင်နှင့်မနော်တို့ပဲ ကြားရတော့သည်။

စင်စစ် ခုံတွန်းသံသာ ထွက်မလာလျှင် အိမ်ရှေ့ဧည့်ခန်းမှာ အဆင့်အတန်းမြင့်စွာ ညက်ညက်သာသာပြောသည့် စကားကိုတောင် တိ ကြားရလျှင် ဒေါ်သနှင့် တစ်လုံးတစ်ခဲကြီး ခေါက်ပစ်လိုက်သည့် "တောက်"သံကို ဧည့်ခန်းက ပိုတောင်ကြားရပါလိမ့်ဦးမည်။ သံလွင်က တိကို မော့ကြည့်၏။

"တိ ... ဆောရီး"

သူတို့ သူငယ်ချင်းချင်း ဝါကျရှည်သုံးရန် မလိုဘဲ ကြေညက်မြဲဖြစ်၏။ သံလွင်က တိကို တောင်းပန်ပြုံးနှင့်သွားကလေး ဖြီပြသည်။

"အကြွေးသုံးခု ဖြစ်သွားပြီ"

"စိတ်ကို နိုင်နိုင်ထားလေ၊ ဒေါ်သဆိုတာ သူများအပေါ် ထွက်တာပေမဲ့ ကိုယ့်ကိုယ်ကိုယ် အရင်လောင်မြိုက်တာဆို"



"အကြွေးစုစုပေါင်း သုံးခုဖြစ်သွားမှတော့ ငါ ဖြစ်တဲ့နည်းနဲ့ ပြန်ဆပ်နိုင်းတော့မယ်"

"ဆုံးဖြတ်ချက်လား"

"အင်း"

"ငါ စောင့်ကြည့်ဖို့ ပျော်လိုက်တာ"

ဒေါ်တင်တင်စံ မာနကြီးလွန်းတာ သံလွင်သိသည်။ ဘိမှာကလည်း သူ့မာနနှင့်သူ၊ ပြောလျှင်ဖြစ်အောင်လုပ်မှာသေချာ၏။ ပွဲကြီးပွဲကောင်းမို့ သံလွင် ကြားထဲမှဝင်ပျော်နေသေးတော့သည်။

"နင့်ယောက္ခမဖြစ်မှာ သေချာလား"

"ငါကတော့ လုံးဝစိတ်မပါဘူး၊ မေမေ့ကိုတော့ နင် နားလည်ပေးကွာ၊ မေမေတင်ကတော့ ငါးဆယ်ရာခိုင်နှုန်းလောက် စိတ်ကူးရှိလို့ လာကြည့်တာ နေမှာပေါ့၊ ကိုဇာနည်ဘက်ကလည်း ပျက်မယ့်ပုံပေါ်တယ်၊ ဘာလုပ်မလို့လဲ"

"ငါ ကြွေးတောင်းရင် နင်က မဆီမဆိုင် ပြဿနာရဲ့အလယ်ကောင် ရောက်နေမှာစိုးလို့"

"မရောက်နိုင်ဖို့ ကိုးဆယ်ရာခိုင်နှုန်း"

"အေး ... ဒီနေ့ကစပြီး ကြွေးတောင်းစစ်ဆင်ရေး စပြီ"

"ငါ လောင်းချင်လိုက်တာ"

"ဘာကြေးလဲ၊ ဘယ်ဘက်ကလဲ"

"နင့်ဘက်က"

"ငါလည်း ငါ့ဘက်ကပဲ"

"တစ်ဖက်တည်းဆိုတော့ လောင်းလို့မရဘူး၊ ဒီတော့ နင် အောင်မြင်တဲ့နေ့မှာ ငါ ဂုဏ်ပြုချီးမြှင့်မယ်၊ တစ်ခုခုပေါ့ကွာ၊ နင် ကြိုက်တာတောင်း"

"ငါ မတောင်းဘဲ နင်လှူလိုက်ရမှာပဲ ငါ စိုးရိမ်တယ်၊ အဲဒီအခါကျရင် ငါ့ကိုခွင့်လွှတ်တော့ သံလွင်"ဟု ကျိတ်ပြောပစ်လိုက်သည်။ အံအံချင်း ကြိတ်သည်မို့ မေးကြောတွေ တင်းလာသည်။ မျက်ဝန်းတွေက ပူလောင်မှုဖြင့် လင်းတောက်လာ၏။

"လောကကြီးမှာ အေးဆေးနေချင်တဲ့ လူတွေအတွက် နေရာအရမ်းကျဉ်းတယ်"ဟု ညည်းချင်၏။ သို့ပေမဲ့ ညည်းညူခြင်းသည် ဆုတ်နစ်သည့်သဘောကို ဆောင်၏။ မမသတ္တိတဲ့လေ၊ နာမည်ကိုက ရဲရင့်ပြီးသား။ မေမေကိုယ်တိုင် မှည့်ပေးထားသည့် နာမည်ပဲ။

"မမံသတ္တိ ဆိုတာ ပေါက်ပန်းဈေးလား၊ ပေါက်လွှတ်ပဲစား ကလေကချေလား၊ 'စံ'မျိုးဆက်နွယ်တွေနဲ့ လက်ရည်တစ်ပြည်တည်း ဆက်ဆံခွင့် မရှိဘူးတဲ့လား၊ အဆင့်အတန်းချင်း ကွာခြားရအောင် အောက်တန်းစား၊ အထက်တန်းစား ဆိုတာကို ဘယ်ပေတံနှင့် တိုင်းတာကြတာလဲ"

မေးလိုက်ချင်တာ၊ ပြောပစ်ချင်တာတွေကတော့ ရင်ဘတ်ကြီးနှင့်ကို တစ်လုံးအပြည့်ပါပဲလေ။

❋ ○ ❋

"ဟာ ... ဟ ... ရယ်ရတယ်၊ မျက်လုံးက နင့်ဆီမှာချည်းပဲ"

"ဟုတ်မယ် မထင်ပါဘူး"

ငြင်းရင်း ဖိန်းခနဲ ရှက်သွားမိတာ ကိုယ့်ဘာသာ သိလိုက်သည်။

"ပိုင်တယ်နော် ... ငါ့အကြံ"

"သံ ... နင် တမင်လုပ်တာလား"



"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ နင့်ကို လွယ်လွယ်ဆွဲပြီး အသုံးချလိုက်တာတော့လည်း မဟုတ်ပါဘူးကွာ၊ ငါရှင်းပြမယ်၊ အဲဒီလူတစ်ယောက်ဟာ ငါနဲ့လက်ထပ်ရမယ်တဲ့၊ ငါတို့ သူတို့မျိုးရိုးစဉ်ဆက် တစ်လျှောက်လုံး အိမ်ထောင်ရေးမှာ လူကြီးမိဘစီမံရာ နာခံရတာ၊ နာခံခဲ့တာချည်းပဲ၊ တချို့ အိမ်ထောင်ရေးကျတော့ အဆင်ပြေတယ်၊ တချို့ကျ အဆင်မပြေဘူးကွာ"

"မပြေတော့ ဘယ်လိုဖြစ်ကြလဲ"

"ဘယ်လိုမှ ဖြစ်ခွင့်မရဘဲ တစ်သက်လုံး စိတ်ဆင်းရဲကိုယ်ဆင်းရဲနဲ့ သက်တမ်းတိုရတာပဲ၊ တို့အမျိုးအုပ်စုနှစ်စုက ပညတ်တော် အပါးတစ်ရာတောင် မကဘူး၊ ဟိုဟာ မလုပ်ရ ဒီဟာ မလုပ်ရ၊ ဟိုဟာ မလွဲမသွေလုပ် ဆိုတာတွေ ...

"လင်ကွဲမယားကွဲ မရှိရဘူးတဲ့၊ မုဆိုးဖို မုဆိုးမပဲ ရှိရမယ်၊ တစ်ခုလပ်တွေ ဘာတွေ မရှိရတဲ့၊ အဲဒီတော့ အောင့်အည်းကြိတ်မှိတ် သည်းခံရင်း ကိုယ့်အိမ်ထောင်ဖက်ကိုပဲ သေပါစေ ဆုတောင်းရမလား ...

"ကိုယ့်ကိုယ်ကိုယ်ပဲ သတ်သေရမလား စဉ်းစားရင်း တွေးတောရင်း ရောဂါဖိစီးကုန်ကြတာပါပဲဟာ"

"အဆင်ပြေတဲ့ အိမ်ထောင်ရေးတွေလည်း ရှိမှာပေါ့"

"ရှိတာပေါ့၊ အများကြီး၊ ပြောတာထက်တောင် ပိုပြေသေး၊ အဲဒီတော့လည်း ဤမဟာဘဒ္ဒကမ္ဘာကြီးဟာ နေပျော်စရာကြီးပေါ့ကွာ"

တီက မျက်မှောင်ကလေး ကုတ်လိုက်မိသည်။

မေးမည့်သာမေးရ သံလွင်တို့ ခွေမျိုးအုပ်စုကြီး နှစ်စုအကြောင်းကို တိ ကောင်းကောင်းသိပါ၏။

"ငါမချစ်ဘဲနဲ့ လက်မထပ်ချင်ဘူး တိရာ၊ ငါ့ကိုတကယ်ချစ်တဲ့သူပဲ ရချင်တယ်၊ ငြင်းပါတော့လားလို့ နင်ကမေးချင်လိမ့်မယ်၊ တို့မျိုးရိုးမှာ မိဘအံမိန့်ဆိုရင် ငြင်းခွင့်မရှိဘူး၊ ငါ့ကို စိတ်ပျက်မယ်ဆိုရင် သူ့ဘက်က စောစောစီးစီး ပျက်ပြီး နောက်ဆုတ်သွားရင်လည်း ကောင်းတယ်"

မျက်ခုံးမည်းမည်း အပြားကြီးအောက်မှ မကော့မရှင်းပေမယ့် ရှေ့သို့ စင်းစင်းကြီး ထွက်နေသည့် မျက်တောင်ရှည်ကြီးများကို တိ ဖျတ်ခနဲ မြင်ယောင်၏။

"သူ့ဘက်မှာကော ငြင်းခွင့်ရှိလို့လား"

"ရှိတော့ မရှိဘူး၊ ဒါပေမဲ့ သူက ယောကျ်ားလေးဆိုတော့ ငါ့ထက်တော့ အခွင့်အရေးသာမှာပဲ၊ သူ့အမေနဲ့ ငါ့အမေ သဘောချင်း ညှိမရရင် တို့ကိစ္စ မဖြစ်မြောက်ဘူး"

"နင့်အမေက ..."

"စိတ်နည်းနည်း ပျက်သွားပုံရတယ်၊ သိပ်မတိုက်တွန်းတော့ဘူး"

"ဘာဖြစ်လို့လဲ"

"သူ့သမက်လောင်းက သူ့သမီးထက် သူ့သမီးရဲ့သူငယ်ချင်းကိုပဲ မျက်စိကျွတ်ထွက်မတတ်၊ ဟာ ... ဟ"

"ငါ ... ငါ့ကြောင့် နင်တို့ ..."

"ဘာမှမဆိုင်ဘူး၊ နင့်ကို တမင်ထုတ်ပြတာတော့လည်း မဟုတ်ဘူး၊ နင့်ကိုက ငါ့လှည်းကို တွန်းပေးမယ်ဆိုတော့ အံဝင်ခွင်ကျ ဖြစ်သွားတာ"



"ငါက နင့်ကို ကူညီချင်တာ၊ နင့်သတို့သားလောင်းကို မြင်ဖူးချင်တာလည်း ပါတာပေါ့"

"အေးပါ၊ ခုပုံကြည့်ရတာတော့ မဖြစ်ထွန်းဖို့များတယ်"

"နင် တစ်ခုခု မခံစားရဘူးလား"

"မတွေ့ခင်တော့ နည်းနည်းရင်ခုန်တယ်၊ တွေ့လည်းတွေ့လိုက်ရော ငါ လုံးဝစိတ်ပျက်သွားတယ်"

"ဘာဖြစ်လို့လဲ"

"သူ သိပ်ချောတယ်"

"အဲဒါ အပြစ်လား"

"အပြစ်မဟုတ်ရင်တောင် ငါမမက်မောတဲ့ အရည်အချင်းပဲ၊ ငါ ယောကျ်ားဆိုရင် အသားညိုပြီး ရုပ်ရည်သန့်ပြန့်ရုံတော်ပြီ၊ ငါကမှ သိပ်မလှတာ၊ ငါ့ထက်ပိုလှတဲ့ ယောကျ်ားဆို မလိုချင်ဘူး၊ တစ်သက်လုံး ရင်ပူမနေချင်ဘူး ...

"ပြီးတော့ နင် သူ့အကြောင်း မကြားဖူးဘူးလား၊ သိပ်နာမည်ကြီးတယ်"

"ဘယ်လိုကြီးတာလဲ"

"ရုပ်ချောတယ်၊ မိဘချမ်းသာတယ်၊ စာတော်တယ်၊ တရားဝင်ရည်းစားလက်ကိုင် တစ်ယောက်မှ မရှိဘူး၊ ဒီတော့ ကောင်မလေးတွေကိုက သူ့ကိုလိုက်တာ၊ သူလည်း မာနကိုခေါက်ခိုက်သွားတော့တာပဲ၊ အဲဒါ သူ အင်္ဂလန်မသွားခင်က ငါ ကြားထားရတာတွေ ...

"ခုလို ပြန်လာမှဆိုရင် ဘဝင်လေးကလည်း စွဲကပ်လာဦးမှာ၊ မိန်းကလေးတွေကလည်း ပိုကြိုက်ကြဦးမယ်"

"သူက မာနရှင်လား"

"လမ်းတွေ့ရင်တောင် သူစိမ်းမိန်းကလေးဆို ရယ်မပြဘူးတဲ့"

"ဒါတော့ ဘယ်ရယ်လို့ ဖြစ်မလဲ"

"မိန်းကလေးက စရယ်ပြရင်တော့ ပြန်ရယ်ပေါ့ကွ၊ ယောကျ်ားလေးပဲ"

"ယောကျ်ားလေးတွေ လာရယ်ပြတဲ့အခါ တို့မိန်းကလေးတွေက ပြန်ရယ်မပေးတဲ့အပြင် ဆောင့်အောင့်တောင် လွှတ်သေးတာပဲ၊ ကိုယ်ချင်းစာလေ"

"စာလို့ရမလား၊ ယောကျ်ားနဲ့မိန်းမ မတူဘူး၊ မိန်းမသားဆိုတော့ ဣန္ဒြေရှင်"

"ဣန္ဒြေရှင်ဆို ဘာလို့ သွားရယ်ပြမလဲ"

"အလိုတော် ... ရှင်ငတိ၊ ရှင်က သူ့ဘက်သားလား"

"ငါက နည်းနည်းပါးပါး ခွကျတာ နင်သိသားနဲ့"ဟု လျှောချလိုက်ရသည်။ တိ အမြင်မှာတော့ သူ့မှာ အပြစ်မရှိဘူးလေ။

"မာနခပ်ကြီးကြီးလို့ လူတိုင်းပြောတယ်၊ သူ့အမေကလည်း နင်ကြားတဲ့အတိုင်းပဲ၊ ဒီအမေရဲ့သားကွာ"

တိ ခေါင်းလေး ညိတ်ဖြစ်၏၊

"နင် ဒီညနေ ပြန်မှာလား"

သံလွင့်အတွက် သတို့သားလောင်း ဆိုက်ရောက်မည့်နေ့မို့ တိက သံလွင့်ကို အလှလာပြင်ပေးခြင်း၊ အဖော်အဖြစ်နေပေးခြင်း စသည်ဖြင့် ကူညီရန် သည်တစ်ရက်လောက်လာခြင်းဖြစ်ပါ၏။ \

"ပြန်ရမယ်၊ အပ်ထည်တွေ ခုတလော ကျနေတယ်၊ ညှပ်စရာတွေ အများကြီး"



"ဝိုင်းညှပ်ကူမယ့်သူ မရှိဘူးလား"

"မရှိဘူး"

"နင်က သင်ပေးမထားတာလည်း ပါမှာပါ"

"ဆရာစားလေ"

"လူလိုရင် ငါလည်းခေါ်"

"ဒေါ်တင်တင်စံက ချွေးမလောင်းကို စက်ချုပ်သမဆိုပြီး ပယ်ချနေပါဦးမယ်"

"အဲဒါမှ အေးရော"

"နင် တကယ် ဘယ်လိုမှ မခံစားရဘူးလား"

"ဒီလောက် အမေးထူးတာ နင် ခံစားလိုက်ရပြီ မဟုတ်လား"

"သံ ... နော်၊ ငါလား ဒီလောက်ပျော့ညံ့မှာ"

"အချစ်ဆိုတာ ပျော့တာ မာတာနဲ့ မဆိုင်ဘူး၊ ဆင်းရဲချမ်းသာလည်း မရှိဘူး၊ အချစ်ဆိုတာ ရုတ်တရက်ကြီးလည်း ထ,ပေါက်ကွဲတတ်တယ်၊ တဖြည်းဖြည်း တစိမ့်စိမ့်နဲ့လည်း ချဉ်းနင်းဝင်ရောက်တတ်တယ်၊ ပုံသေနည်းမရှိဘူးမှတ်"

"အေးပါ၊ မှတ်ထားလိုက်ပါ့မယ်"

"ငါလည်း မှတ်ထားတယ်၊ နင် ကြွေးတွေရတဲ့နေ့။ ငါ့ကို ဆက်ဆက်ပြော"

ဟုတ်သားပဲ။

ယာယီတောင် မေ့သွားမိလေရဲ့။ ဦးဣန္ဒြိစ် ဆိုတဲ့ ပုဂ္ဂိုလ်ရှင့်၊ ရှင့်ဆီက ရစရာ အကြွေးသုံးခုတောင် ဖြစ်သွားပြီ၊ ရအောင်တောင်းတော့မှ ကိုယ်ပေးဆပ်ရတဲ့ အလှည့်ကျမှာ ကြောက်ပြီးမအော်စတမ်း။

"နင် ဘာနဲ့ဂုဏ်ပြုမှာလဲ"

"လူတစ်ယောက်ကို ချစ်မိနေပြီလို့ထား၊ နင်က အဲဒီလူကို မှ ရှုဆိုရင်တောင် ငါ့ရင်ကိုခွဲပြီး အသည်းပေးလိုက်မယ်"

"ဘာဖြစ်လို့ ဒီလောက် ရက်ရောရတာလဲ"

"နင့်ကို ချစ်လို့ပေါ့ တီရယ်"

နင့်ကို ချစ်လို့ပေါ့ တီရယ်၊ ပြီးတော့ ဟိုပုဂ္ဂိုလ်ကို လည်း မခံချင်လို့ပေါ့၊ သူ့ကို ငါ မချစ်ပါဘူး၊ မြင်မြင်ချင်းချစ် သွားပါဘူး၊ ဒါပေမဲ့ တီရယ်၊ ငါလည်း မိန်းမသား။

သူ လက်ထပ်ရမယ့် ငါ့ဆီ မျက်လွှာလေးတစ်ဝင့် ရောက်မလာဘဲ နင့်ကိုပဲ စူးစူးခွဲထိုးဖောက်မလောက် ကြည့်နေတာ၊ နင့်အပေါ် မနာလိုမရှိပေမယ့် သူ့ကိုတော့ ဘယ်ကျေနပ်နိုင်ပါ့မလဲ။

ငါ သိတယ်၊ တီနဲ့ဆိုရင် သူ ခံရတော့မယ်။

နင့်အကြွေးကို တောင်းဖြစ်အောင် တောင်းပါလို့ ဖွင့်မပြောပေမယ့် ကျိတ်ပြောလိုက်တယ် တီရေ။

❋ ○ ❋

## ၂

နာမည်ကိုက "မမသတ္တိ"တဲ့။ သူ့မိဘကိုယ်တိုင် မှည့်ပေးတာ ဆိုလျှင်တော့ ထိုမိဘခေတ်ရှေ့ပြေးလှပုံကို အံ့မခန်း ချီးကျူးချင်၏။ သူ့ဘာသာ မှည့်ထားတာလည်း ဖြစ်နိုင်သည်။ သူ့မျက်ဝန်းမှာ နာမည်နှင့်လိုက်ဖက်သည့် "သတ္တိ"တွေလည်း လက်ဖြာတောက်ပနေ၏။ စိတ်ထင်လို့ပဲလားတော့ မသိ။ အငြိုး အတေးနှင့် အာဃာတ တစ်ခုကိုလည်း မြင်မိသယောင်ရှိသည်။

တစ်ခါတစ်ရံ ပစ္စည်းမဲ့ဒေါသဟု မေမေ သုံးနှုန်းလေ့ ရှိသည့် "တစ်လောကလုံးကို မကျေနပ်စိတ်"က လူတချို့မှာနေရင်း ထိုင်ရင်း ရှိနေတတ်သည်။ "ကိုယ့်ထက်သာ မနာလို" ဟု နှိုင်းခိုင်း



 လျှင်တော့ ရိုင်းရာကျလိမ့်မည်။ မနာလိုတာမျိုး မဟုတ်ပေမယ့် ဘစ်နည်းနည်းဖြင့် (အထူးသဖြင့် ငွေကြေး)အောင်မြင်နေသူများ ကို ကြည့်မရတတ်သည့် ဝါသနာက ရောဂါတစ်ခုလို စွဲကပ်ကျ ရောက်နေသူများပင် ရှိတတ်၏။

မမသတ္တိ ရင်ထဲမှ ရောဂါနာမည်ကို သိချင်သည်။

"ဟော့ကောင် ... ဘာငေါင်နေတာလဲ၊ ငါ့ဖို့ ဘာပါလဲလို့ မေးနေတယ်"

သိုက်ထွန်းဦးက ဣန္ဒြေ ပခုံးကို လက်သီးနှင့်လှမ်း ထိုးသည်။

"ဘီလပ်ပြန်ဆိုပြီး ဖင်ကြီးခေါင်းကျယ်ဖို့ ရည်ရွယ်ချက် ရှိသလား"

"ဟာကွာ ... ဘာလို့ရှိရမှာလဲ"

"ရှိရင်လည်း အဲဒီရောဂါကို လည်ပင်းညှစ်သတ်တဲ့နည်းနဲ့ ကုမလို့"

သော်လွင်က လည်ပင်းကို တကယ်ထ,ညှစ်တော့မည့် လုပ်ပြသည်။ ဣန္ဒြေက မကြောက်ဘဲ ပြုံးတောင်ပြလိုက်သေးသည်။

"ဘာပြုံးတာလဲ၊ မပြုံးနဲ့"

"မပြုံးရဘူးလား"

"ယောကျ်ားချင်း စကားပြောနေတာ၊ ရယ်လား ပြုံးလား မလုပ်နဲ့၊ ရယ်တာ၊ ပြုံးတာ၊ ဣန္ဒြေမဲ့တာ မိန်းကလေးတွေ အလုပ်"

"ကောင်မလေးတွေကြားမှ မင်း သေမယ်"

"မှန်တာပြောတာ၊ ငါတို့ယောကျ်ားလေးတွေ မရယ်ရဘူး ဘာညာ ကန့်သတ်ချက် ရှိသလား၊ ကောင်မလေးတွေဆို

ရင် လူရှေ့မရယ်နဲ့လေ၊ အသံအကျယ်ကြီး မရယ်နဲ့လေနဲ့ သူတို့လူကြီးသူမတွေက မထိန်းဘူးလား"

"ထိန်းတယ်လေ၊ အဲဒါ ဘာဖြစ်လဲ"

"သူတို့မှာ အဲဒီလိုရယ်တဲ့အကျင့်ရှိလို့ တကူးတက လိုက်ထိန်းနေရတာ၊ တို့ယောကျ်ားလေးတွေမှာ အဲဒီလိုဣန္ဒြေမဲ့ကျင့်မရှိတော့ ထိန်းစရာကို မလိုတာ၊ ဘယ်အဖေက သူ့သားကို လူရှေ့သူရှေ့ မရယ်နဲ့လေလို့ လိုက်ထိန်းတာကြားဖူးလဲ"

"ဒီကောင် ကိုယ်လိုရာ ကိုယ်ဆွဲပြောပြန်ပြီ"

"အဲဒါ လူဆန်တာ၊ လူဆိုတဲ့ သတ္တဝါလောက် ကိုယ့်ဘက်ကိုယ်ယက်တာ မရှိဘူး"

"ငါ ကြားဖူးတော့ လိပ်ဆို"

"လိပ်က အသိဉာဏ်မရှိတော့ လက်တိုလေး ယက်ကန်ယက်ကန်နဲ့ ဗိုက်အောက်ကဟာတောင် အပြင်ပြန်ထွက်သွားဦးမယ်၊ လူမှတကယ့်ကို အတ္တသတ္တဝါ"

"မင်းရဲ့ အတွေးအခေါ်တွေက ဆင်ချေးပုံလောက်ကြီးပြီး ဆင့်ဖင်လောက် ကျယ်နေပြီ"

"တော်ကြပါတော့၊ ငါတို့ဖို့ ဘာဝါလဲ ဆိုတာ ရအောင်မေး"

"ပါတယ်၊ တစ်ထည်ရှစ်ဘတ်တန် စွပ်ကျယ်တွေ"

"မင်းမိန်းမရမှ တို့ပတ်လုပ်ဖို့ သိမ်းထား၊ ဒေါ်လာနှစ်ဆယ်အောက် လျှော့တဲ့ပစ္စည်း မယူဘူး"

သူငယ်ချင်းတွေ ဆယ်တန်းကို တူတူအောင်ခဲ့ကြသည်။ တက္ကသိုလ်တက်ဖို့စောင့်ရင်း ရန်ကုန်မှာပဲ ဂျီစီအီးဖြေသူ



ချဲ၊ သင်တန်းပေါင်းစုံတက်သူ တက်ကြသူတွေထဲမှာ ဣန္ဒြိကတော့ သူ့ဦးလေးရှိရာ အင်္ဂလန်နိုင်ငံသို့ သွားလည်ခဲ့သည်။ ဂျီစီအီးအိုလယ်ဗယ်ကို အင်္ဂလန်မှာပဲ အောင်ခဲ့၏။

"ဒေါ်လာနှစ်ဆယ်နဲ့ သုံးဆယ်ကြားတန်တဲ့ ပစ္စည်းတွေပါရင်ထုတ်၊ အဲဒါတွေထဲက တို့ကြိုက်တာ ရွေးယူမယ်"

"ငါ့မှာ ဒီလောက်နိပ်စက်တတ်တဲ့ သူငယ်ချင်းတွေရှိမှန်းသိရင် အင်္ဂလန်တောင် မသွားဘူး"

ညည်းညူရင်း ဝယ်ခြမ်းလာသည့် ယောကျ်ားအသုံးအဆောင်ပစ္စည်းလေးတွေကို သေတ္တာထဲမှ ဆွဲထုတ်ကာ သူငယ်ချင်းတွေရှေ့ မှုံချပြရ၏။

"ဟို အိတ်ဘေးမှာ ကပ်ထားတဲ့ဟာတွေက ဘာတွေလဲ"

"မိန်းမပစ္စည်းတွေကွ"

"အောင်မယ် ... မင်းက ဘာလုပ်ဖို့ ..."

"မယ်တော်ဘုရားအမိန့်နဲ့ အလှပြင်ပစ္စည်းမျိုးစုံ ဝယ်လာခဲ့ရတာ"

"ဒါတွေ မင်းအမေ သုံးမယ်"

သော်လွင်က စပ်စပ်စုစု ဆွဲထုတ်ကြည့်တော့ နှုတ်ခမ်းနီ၊ ပါးနီ၊ မိတ်ကပ်ဘူး၊ ပေါင်ဒါ၊ ရေမွှေး၊ မျက်တောင်ကော့ကိရိယာ၊ ကိုယ်ဖျန်းစပရေး၊ ကလစ်လှလှလေးများ စသည့် စသည့် စုံစေ့နေတာကိုတွေ့၏။

"ပြည့်စုံလှချည်လား၊ ဝယ်တတ်လှချည်လား"

"ငါ့ဦးလေးသမီး ငါ့အစ်မဝမ်းကွဲတွေ ဝယ်ပေးလိုက်တာပါ၊ မေမေ့ဖို့ မဟုတ်ဘူး"

"ဒါဆို ဘယ်သူယောင်မယ် အတွက်လည်း၊ ပြော ..."

"သော်လွင် ... မင်းကလည်း တုံးစရာမရှိ တုံးတဲ့ကောင် မနေ့က လေယာဉ်ပျံက ဆင်းဆင်းချင်း သွားဖူးရပါပကော။ အဖူးမြော်ခံ မကြွနိုင်ပါဘူးတဲ့၊ လာဖူးတဲ့၊ သွားရောက်မော်ဖူးခဲ့တဲ့အချိန်မှာ ကျက်သရေမင်္ဂလာအပေါင်း တော်တော်လေး ခညောင်းတော်မူရဲ့လား"

"အဟီး"

ဤသို့ ရယ်ချ၏။

"အောက်သွားလည်း မရှိပါလား ငမိရေ"

"တစ်ကြိမ်မြင်ရုံနဲ့ ဗိုင်းဗိုင်းလဲလာရင် တို့သူငယ်ချင်း အသိုင်းအဝိုင်းတစ်ခုလုံးက ရှုတ်ချမှာနော်"

"ငါ ရယ်ချင်လို့ပါဟ"

"ဒါပေါ့၊ အဟီးဆိုတာ ရယ်ချင်လို့ပေါ့၊ နှာချေတာတော့ ဘယ်ဟုတ်ပါ့မလဲ"

"ကောင်မလေးက ရေမချိုးဘဲ ထုံးချိုးထားတယ်"

"ဘာလုပ်ထားတယ်"

"ထုံး ... ထုံးချိုးထားတယ်"

သူငယ်ချင်းတွေ ဝေါခနဲ ရယ်ကြသည်။

"ခရုသင်းများလား မောင်တို့ရေ"

"ချောကလက်ကို အသားချောသနပ်ခါး လူးထားတာလည်း ဖြစ်နိုင်တာပဲ"

"ပင်ကိုရောင် အောက်ခံအသားလေး တစ်ဆိတ်"

သူတို့ သူငယ်ချင်းတွေ ဆုံမိလျှင် ဘယ်တော့မှ စကားကောင်း ပြောလေ့မရှိချေ။ နောက်ပြောင်ရယ်မောနေကြသည်သာဖြစ်၏။



"မဖြူမညိုထဲကပဲ"

"သိပြီ၊ အဲဒါကို ဖွတ်ကြီးဖြူအောင်လုပ်တော့ ထုံးချိုးသလို ဖြစ်သွားတာပေါ့၊ ဒါမှန်တယ်"

"မှားတာက သိပ်လှတဲ့ ကောင်မလေးကို သူ့လှည်းတွန်းနိုင်းလာတာပဲ"

"ဟာ ... မင်း ဖူးခဲ့ရတဲ့ ဒေဝီလောင်းက အောက်ပိုင်းသေကြီးလား"

"ခြေတစ်ချောင်းကျိုးလို့ ပီအိုပီ(ကျောက်ပတ်တီး)ကိုင်ထားတာကွာ၊ ချိုင်းထောက်နဲ့လျှောက်လည်း ရတယ်၊ သူက မလျှောက်ဘူး"

"ဒါ မှန်တာပေါ့ ချိုင်းထောက်ကြီးနဲ့ဆို ပွဲထဲမှာ ဝေါစီးရသလို ဂျာတွေနိုင်းလို့၊ ချိုင်းတွေနာ"

သိုက်ထွန်းဦးက အသံနေ အသံထားနှင့် အော်ဆိုသည်မို့ ရယ်ကြရပြန်သည်။

"လှည်းတွန်းတဲ့ ကောင်မလေး အကြောင်းပြောဦး"

"အသားက ရေခဲမုန့်ရောင်"

"ဖန်ခွက်ကြီးပါ မျိုချမှုထင်တယ်"

"မျက်နှာကျက ကြက်ဥပုံ"

"အခွံမာသားပါ ဝါးစားလိုက်"

"မျက်ခုံးနဲ့ မျက်တောင်က ကော့ရှန်းစိုလက် နက်မှောင်ဝင်းမှည့်"

"ရွှမ်းပြည့်အိတွဲ၊ ရွဲပျော့ပိုးထိုးလောက်ကိုက်"

"ဟော့ကောင် ... တကယ်လှတာ"

"သေချာပါပြီ၊ မျက်လုံးက တစ်နှစ်ပြည့်သော သမင်မ

"မင်း မြင်ဖူးလို့လား၊ တစ်နှစ်သမီး သမင်မကို"

"စာတတ်ပေတတ် ပုဂ္ဂိုလ်လို့မှတ်"

"အရမ်းလှတယ်ကွာ၊ ငေးကြည့်နေရတာ"

"သောက်ရက်ကြီးများတောင် မဆည်နိုင်ခဲ့ဆိုပါတော့"

"အေး"

"ကြိုက်ခဲ့ပလား"

"ငါ့လစ်ဗာ(Liver)ရယ်၊ ဟာ့တ်(Heart)ရယ်"

"မြန်မာလိုပြော"

"မြန်မာလိုကျတော့ အသည်းနှလုံးလို့ တွဲပြောရတော့ သိပ်မလေးနက်မှာ စိုးလို့ကွာ၊ ငါ့ရဲ့အသည်းရယ်၊ နှလုံး သားရယ် ငါ့ရင်ဘတ်ထဲက ကြွေကျပြီး မဒီလေးရင်ခွင်ထဲ ခုန်ဝင်ကျန်ရစ်ခဲ့တာ ခုဆို ငါ့မှာ ..."

"ဟောင်းလောင်းကြီးပေါ့၊ မင်းရင်ဘတ်"

"အေး"

"နာမည်လေးတစ်ဆိတ်"

"မမသတ္တိ ... တဲ့"

"ဟိုက် ... သေရော"

သိုက်ထွန်းဦးက သူ့နဖူး သူရိုက်ကာ မျက်လုံးကြီး ပြူး လျှာကြီးထုတ်လျက် ဘိုင်းခနဲ လဲသေပြ၏။

"ဘာရောဂါလဲ"

"ငါ ကြိုက်လိုက်တာမှ တစ်ပိုင်းမက တစ်ကိုယ်လုံးသေနေ တာပါ ငမိရာ၊ ငါ့တစ်ယောက်တည်းတောင် မစွဲနိုင်ရတဲ့ ကြားထဲ မင်းပါ လာပြီး မင်းနဲ့ယှဉ်အရွေးခံရမယ်ဆိုရင်



သွားပါပြီကွာ၊ ငါ ရှုံးဝါပြီ၊ စောစောစီးစီး ရေစက်ချလှူ လိုက်တာပဲ အေးတယ်"

"မင်းနဲ့ သိလို့လား"

"သိဆို ငါ့အိမ်က အစ်မတွေ အင်္ကျီချုပ်တာ လိုက်ပို့ရင်း ချုပ်ညရီတွင် ဖြုတ်ချည်းမြင်ခဲ့ရုံနဲ့ သေရပါ အမာရွတ်စွဲ ခဲ့ရတာ ဟော့ဒီနှလုံးသားမှာ"

"သိုက်ထွန်း ... ဘိလပ်ပြန်ကို ချုပ်ညရီတွင် ဖြုတ်ချည်း မြင်သည် သွားပြောလို့ ဟိုက နားလည်မလား"

"မြန်မာပြည်မှာမွေးပြီး ဆယ့်ခုနစ်နှစ်ကျော်ကျော် နေခဲ့တာ ပါကွာ၊ ဟိုမှာ နှစ်နှစ်လောက် နေဖူးရုံနဲ့ ငါ ဒီလောက် မလွတ်ပါဘူး"

"ဒါဖြင့် သိလို့လား မင်း"

"ဖြုတ်ချေး ဘာလို့မသိရမှာလဲ၊ ဖြုတ်တစ်ကောင်လုံးတောင် သိသေးတယ်၊ အကိုက်လည်း ခံဖူးတယ်၊ ခြင်နဲ့ မတိမ်း မယိမ်းဘဲ"

"သေကွာ ... သေပါတော့"

"ဖြုတ်ကသေးသေးလေး၊ သူ့ချေးဆိုတော့ အရမ်းသေးမှာ၊ မင်း နည်းနည်းလေး၊ မစိုမပို့လေး တွေ့ခဲ့ရတာ၊ ခဏလေး မြင်ခဲ့ရတာ မဟုတ်လား"

"မင်းလိုသာ အဓိပ္ပာယ်ကောက်ရရင် ချုပ်ညရီတွင် ဖြုတ် သေးကွက်ကို မြင်သည်လို့ ရေးလည်းရတာပေါ့၊ ချေးနဲ့ သေး ဘာထူးလဲ"

"ဟာ ... ဟုတ်တာပေါ့၊ ဖြုတ်ချည်း ... ဖြုတ်ချည်း"

"စားချင်လို့လား"

ဣန္ဒြိက ရေရွတ်ရင်း အော်ရယ်၏။ သော်လွင်က ခြေထောက်နှင့် လှမ်းကန်ရင်း မေးသည်။

"ရုတ်တရက်"

ဣန္ဒြိက ခုမှ အဓိပ္ပာယ်ကို သိသွားရပြီး တဟားဟား ရယ်တော့သည်။

"ဖြုတ်ချည်းဆိုတာ ရုတ်တရက်၊ လျှပ်တစ်ပြက်၊ ဖြုတ်ခနဲ ဖျတ်ခနဲ"

"မင်းကို ဆယ်တန်းတုန်းက မြန်မာစာသင်ပေးခဲ့ရတဲ့ ဆရာ ရင်ကျိုးပါပြီကွာ၊ လာစမ်းဟဲ့ ငါ့သား၊ အမယ်မင်း ထွားလိုက်တာ၊ နှစ်နှစ်အတွင်းမှာ ချက်ချင်းပဲပြောင်းရော"

"အေးပါ၊ မင်းက မြန်မာစာဂုဏ်ထူး ထွက်ထားတော့ မှတ်မိသရွေ့ အကုန်ရွတ်ပစ်ပါ"

သိုက်ထွန်းဦးတို့၊ သော်လွင်တို့လို စကားသိပ်မများ စကားဝိုင်းထဲ သိပ်မပါသည့် အေးကျော်အောင်က သူ့ရှေ့မှာ ခါးပတ်တွေ၊ မှတ်ဆိတ်ရိတ်ကိရိယာတွေ၊ မျက်မှန်တွေ၊ ဘောလ်ပင်တွေ စုပြုံချထားသည်။ တီရှပ်တွေလည်း ပါ၏။ ဘောင်းဘီ တွေကတော့ ကြည့်လိုက်ရုံနှင့် ဈေးတော်တော်ကြီးမှာ သိသာသည် မို့ ချန်ထားခဲ့သည်။ သားရေဂျာကင်ကြီးကိုတော့ ယူဖို့မဟုတ်ဘဲ မယ့် ကြည့်ရတာ ကြိုက်လွန်းသည်မို့ မြှောက်မြှောက်ကိုင်နေသည်။

"အောင်မယ် ... လျှင်လိုက်တဲ့ ခါးပိုက်နှိုက်လက်"

သိုက်ထွန်းဦးနှင့် သော်လွင်က ခုမှ သူတို့ကြိုက်တာ ရွေးဖို့သတိရပြီး အေးကျော်အောင် ရှေ့မှာ ပုံထားတာတွေထဲက ဆွဲ ယူ၏။ ဣန္ဒြိက သူ့လက်ဆွဲသေတ္တာကြီး ဘေးအိတ်ထဲကိုနှိုက်သည်။ နာရီလေးတစ်လုံး ပါလာ၏။ မိန်းမပတ် သေးသေးလှလှလေး



"ဒါ ... ဘာလုပ်ဖို့လဲ"

"မမသဇ္ဇာ့ဖို့"

အပိုင်ကြီး ပြောချလိုက်ရတာ ရင်ထဲကျေနပ်သွားမိသည်။ မျက်စိကို မှိတ်လိုက်တော့ မမသဇ္ဇာ့ပုံရိပ်က ထင်ဖွဲ့လာ၏။

အဲသည်နေ့က ...

လေဆိပ်မှရောက်ရောက်ချင်း သေတ္တာတွေ ချပြီးတာနှင့် အဲသည်အိမ်ကို သွားခဲ့ရတာပါ။

"သဲလွင်လေးက လာမှမကြိုနိုင်တာကွယ်"တဲ့။

လန်ဒန်မှာနေတုန်း မေမေ့ထံမှ လာသည့်စာတွေထဲမှာ "မေသဲလွင်"ဆိုတာ ပါလာခဲ့သည်။

"သား လက်ထပ်ရမယ့် မိန်းကလေး"တဲ့။

အမိန့်ချသံနှင့် ပြတ်ပြတ်သားသား ပြောထားသည်။ ခပ်ငယ်ငယ်တုန်းက သူ့အိမ်ကို အိမ်သွားလည်ကြရင်း လူကြီးတွေနှင့်အတူ ကလေးတွေပါပါရင်း ရောက်ဖူး တွေ့ဖူးရှိထားမှာပေမယ့် မမှတ်မိပါ။ လူလားလေးတွေ မြောက်လာတော့ လူကြီးတွေသွားတိုင်း လိုက်တော့တာမှ မဟုတ်တာ၊ မေသဲလွင် ဆိုတာကို မျက်စိထဲမှန်းရင်း ပုံစံဖော်ကြည့်ပေမယ့် မရ။

မေမေ့အမိန့်နှင့် ချက်ချင်းကြီး သွားရတော့ လက်ဆောင်ပစ္စည်းတစ် တစ်ခုမှ ယူမသွားနိုင်ခဲ့ပါ။

"သေတ္တာချပြီး ချက်ချင်း ကောက်ထွက်လာကာ လက်ဆောင်ပေးရင်း တစ်ခေါက်လာဦးမယ်၊ နောက်တော့လည်း တစ်ခေါက်ပြီးတစ်ခေါက် ချောင်းပေါက်ရမယ့် လူတွေပဲ လေ"

“မေသံလွင်”အတွက် ဘာလက်ဆောင်မှ ယူမသွားဖြစ်သေးသည့်အထဲမှ ဤနာရီလေးကိုတော့ မမသတ္တိအတွက် ဖယ်ထားလိုက်တော့မည်။

မေမေ့အမိန့်ကြောင့်သာ ချက်ချင်းကြီး ထသွားခဲ့ရတာ၊ ကိုယ့်အရွယ်က မိန်းမယူရမယ့်အရွယ်လည်း မဟုတ်၊ ရည်းစားထားချင်စိတ်လည်း မရှိသေး၊ မေသံလွင် ဆိုသည့် နာမည် လှလှလေး ကြားရပေမယ့် ရင်ခုန်လှုပ်ရှားခြင်းလည်း ကင်းသည်မို့ အဲသည်အိမ်သို့ စိတ်မပါဘဲ ရောက်သွားခဲ့ရတာ၊ လှည်းတွန်းသံ စတင်ကြားရချိန်မှာတောင် အားနာတာရယ်၊ ငမ်းငမ်းတက်ရာကျမှာရယ်၊ ယောကျ်ားမာနလေးနှင့် ဘဝင်ကိုင်ချင်တာရယ် ပေါင်းပြီး လှည့်မကြည့်ဖြစ်သေးပါ။

လုံးဝမကြည့်ဘဲနေပြန်လျှင် အထာကိုင်လွန်းရာရောက်မှာလည်း စိုးရသေးသည်။ ဘာရယ်မဟုတ် မျက်ဝန်းကို အဲသည်ဘက်ဆီ တာဝန်ဆန်ဆန်စွာ ပို့လွှတ်လိုက်မိတော့မှ အမြင်အာရုံအဝန်းအဝိုင်းထဲ လင်းခနဲ ထိန်သွားရသည့် မျက်နှာလေးကို မြင်လိုက်ရတာပါ။ လှည်းပေါ်မှာ ထိုင်နေသူက မေသံလွင် သေချာသည်မို့ တွန်းလှည်းကလေး ကိုင်ထားသူသည် အိမ်ဖော်မလေးလည်း ဖြစ်နိုင်၏။ သူနာပြုဆရာမလည်း ဖြစ်နိုင်၏။

မေသံလွင်မှာ ညီမ၊ အစ်မ အရင်းမရှိတာ သိထားပြီးမို့ သူတို့ချင်း သူတို့ချင်း သွေးသားတော်စပ်မည်ဆိုလျှင်တောင် တစ်ဝမ်း နှစ်ဝမ်းလောက် ကွဲပါလိမ့်မည်။

ရှိုင်းချင်ရှိုင်း၊ ကြမ်းချင်ကြမ်းပါစေတော့။ မေသံလွင်ကိုလည်း မကြည့်နိုင်။ ဘယ်သူတွေ ဘာပြောတာမျှလဲ မကြား၊ သူ့မျက်နှာရပ်ဝန်းမှ ကိုယ့်အကြည့်ကို ဘယ်နည်းနှင့်မျှ မလွှဲမ



ယ်နိုင်။ တမ်းတမ်းစွဲသွားရတာကို ခု ပြန်တွေးချိန်မှာတောင် ရှက်နိုင်ချေ။ အနှစ်နှစ်ဆယ်နီးပါး ငြိမ်သက်တိတ်ဆိတ်ခဲ့သည့် င်ခွင်တစ်ခုလုံးက လှိုင်းထန်လှုပ်ရှားအောင် ထခုန်၏။

လှိုက်မောခြင်းဖြင့် အသက်ရှူဖို့တောင် မေ့နေသည်။ ည့်ခဏချင်းမှာပင် လေကြမ်းမှာ သီးမှည့်တွေကြွေသည့်နှယ် ဆုံးဖြတ်ချက်များစွာ တဖြုတ်ဖြုတ် ကြွေကျ၏။

“မေမေ့စကားကို နားမထောင်နိုင်တော့ပါ”

“မေသံလွင်ကို လက်ထပ်ဖို့ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်တော့ပါ”

“မမသတ္တိဆိုသည့် မာနရှင်ကလေး၏ အချစ်ကိုမှမရလျှင် ဤကမ္ဘာတွင် အသက်ရှည်ရပ်တည်ဖို့တောင် ခက်ခဲသွားရပါပြီ”

အချစ်သည် လျှပ်တစ်ပြက် ပေါက်ကွဲတတ်၏။ ထည်ကြီးမားသည်နှင့်အမျှ အရှိန်အဟုန် ပြင်းထန်၏။ စူးနစ်နိုင်မြဲ၏။ ယင်းခံစားမှုများ၏ တည်တံ့မှုအချိန်ကာလသည် တစ်သက်တာပင် ဖြစ်လေသတည်း။

“ဟေ့ကောင်၊ ဒီမှာကြည့်ဦး၊ ဒါတွေယူမယ်၊ ဖြစ်လား”

“ဖြစ်တယ်”

“သေချာတောင်မကြည့်ဘဲ ရမ်းဖြစ်မနေနဲ့၊ မင်း ဝမ်းကွဲအစ်ကိုတွေ၊ ညီတွေဖို့ ဖြစ်နေရင် ပြန်သိမ်း၊ ငါတို့ကရတယ်”

“ရောဂါတက်နေတာကွာ၊ တဝေါင်ဝေါင်နဲ့”

“တက်လောက်တယ်”

“ရန်ကုန်မြို့မှာ သူ့ထက်လှတဲ့သူ မရှိတော့ဘူးလား”

"ရှိနိုင်တယ်၊ ရှိကိုရှိမှာပါ၊ ဒါပေမဲ့ မမသတ္တိရဲ့မျက်လုံးတွေက ညှို့ယူတယ်၊ ဆွဲငင်တယ်၊ သိမ်းပိုက်တယ်၊ ဘယ်တော့မှ ရုန်းမထွက်နိုင်အောင် စေးထန်းကပ်ငြိနေတဲ့ စုပါဂလူးတစ်မျိုးကို ထုတ်လုပ်တယ်"

"စကားကောင်းကောင်းပြောရင် ဖောက်ပြီ"

သူငယ်ချင်းများကို ဣန္ဒြေ ငေးကြည့်နေလိုက်သည်။ ထိုအုပ်စုထဲမှာ မမသတ္တိကို မြင်ဖူးသူတစ်ယောက်တည်း ပါလို့သာပဲ။ ထိုတစ်ယောက်ကလည်း စောစီးစွာ ရေစက်ချ စွန့်လွှတော့မည် ဆိုလို့သာပဲ။

မမသတ္တိနှင့် ပတ်သက်လာလျှင် စစ်ပွဲကြီးကိုသာ ခင်းလိုက်ချင်တော့သည်။

အဲသည်လောက်ထိ၊ သည်လောက်ထိ တွယ်ငြိသွားမိတယ် ကလေးရယ်။

*○*



## အခန်း(၂)

"အသည်းလည်း နာပါရဲ့၊ စိတ်လည်းဆိုးပါရဲ့၊ သည်းလှိုက်ရင်ဖိုနဲ့ ပျော်လည်းပျော်ပါရဲ့"ဟုသာ ပြောလိုက်ချင်တော့သည်။

"သတ္တိ"ရင်မှာ ခံစားမှုမျိုးစုံ ပေါင်းဆုံစုစည်းနေ၏။

"ဒီပါချမ်းမြစံ"ဆိုသည့် ခြံကြီးနှင့် ခြံတွင်းနေ မိသားစု အိမ်သူအိမ်သားများအကြောင်းကို သွယ်ဝိုက်၍သော်လည်းကောင်း၊ တဲ့တိုးစောင်းသော်လည်းကောင်း၊ မသိမသာလေးသော်လည်းကောင်း (မိမိက ဤသို့မှတ်ယူပေမယ့် လက်တွေ့မှာ ပေါ်လွင်သိသာလို့လည်း နေနိုင်၏)စုံစမ်းစုံစမ်းစပ်စုလိုက်ရတာ မပြောပါနှင့်တော့။

"ဣန္ဒြေစံက စံမျိုးတွေသာ ထီးနန်းဆက် ဆိုရင် သူက ကရောင်းပရင့်စ် အိမ်ရှေ့စံကိုယ်တော်လေးပဲ ...

"ဆယ်တန်းအောင်ထားပြီး တက္ကသိုလ်မတက်ခင် အင်္ဂလန်သွားပြီး ဂျီစီအီးဖြေသတဲ့၊ သူများတွေ ဂျီစီအီးကို ရန်ကုန်မှာပဲ ဖြေနေကြတာ ...

"ဆယ်တန်းအောင်တုန်းက ခြောက်ဘာသာဂုဏ်ထူးထွက်ထားတာ ...

"မြန်မာပြည်တစ်ပြည်လုံးမှာ အဆင့်ကိုးတဲ့၊ အဲဒါတစ်မဟုတ်လို့ သူ့အမေ ဒေါ်တင်တင်စံ ဆိုတာ မျက်ဖြူလန်မတတ် ငိုဆိုပဲ"

ကြားရသည့် သတင်းတွေက "နားကလော"လောက်ပါပေရဲ့။ အားလည်းကျလောက်ပါပေရဲ့။ မုဒိတာပွားနိုင်လျှင်တော့ ပီတိဖြစ်ချင်စရာကြီးပါပဲ။

"ဒေါ်တင်တင်စံက ဒေါ်ရွှေအိမ်စံလောက်ကို ထက်တာ၊ ဒေါ်ရွှေအိမ်စံရဲ့အမွေတွေကို ခွဲဝေယူကြစဉ်ကတော့ သူနည်းနည်း ငါနည်းနည်း မျှမျှတတပဲ ...

"တချို့ အမွေရပြီး ဘာမှမလုပ်တတ်၊ စီးပွားရေးမပြေလည်ဆိုတော့ အမွေရထားတာတွေ ပြန်ရောင်းမယ်လုပ်တိုင်း၊ သူတို့မိဘတွေက လိုက်ပြန်ဝယ်ထားတယ်တဲ့ ...

"သူတို့အားလုံးထဲမှာ အချမ်းသာဆုံး၊ တော်လည်းတော်တယ်၊ ထက်လည်းထက်တယ်၊ ကံကလည်းလိုက်၊ ကြိုးကလည်းကြိုးစား ဆိုတော့ အောင်မြင်လိုက်တာ ကမ်းကုန်တဲ့ ...

"ဒေါ်တင်တင်စံ လက်ထက်လည်း ရောက်ရော ဒေါ်ရွှေအိမ်စံရဲ့ ပြန့်ကျဲခဲ့တဲ့ အမွေအနှစ်တွေ သူ အကုန်လိုက်ပြန်ကောက်စုတာ အားလုံးနီးပါး သူ့ဆီပြန်ရောက်နေပြီတဲ့ ...

"ဘဝင်ကလည်း ဘာမြင့်သလဲ မမေးနဲ့၊ မာနဆိုလည်း ဘာကြီးသလဲ မမေးနဲ့၊ မြေတစ်ခြ၊ တိုက်တစ်လုံး၊ ကားတစ်စီးလောက်ပိုင်တဲ့သူ ဆိုရင်တောင် တူတာယ်တန်တယ် ထင်ချင်တာ မဟုတ်ဘူးတဲ့ ...



"မြေတွေဆိုလည်း လေးငါးခြံ၊ စိန်တွေဆိုလည်း ပွတ်ခဲမှ၊ သူ့လိုတော့ ဘယ်သူ ပြည်တောင်းနဲ့ ခြင်နိုင်မလဲ၊ သူ့သားပေါ့ အဲဒီ ဣန္ဒြီစံက"

"ဣန္ဒြီစံ"တဲ့။

နာမည်ကရှားပါးသလောက် အလိုလိုနေရင်း လျှမ်းလျှမ်းတောက်နေသည်။ သည်ကလည်း "မမသတ္တိ"ပါပဲ။ ဆယ်တန်းအောင်ထားတာပါပဲ၊ ခက်တာက ဂုဏ်ထူးက လေးလုံးတည်းဖြစ်နေပြီး မြန်မာပြည်တစ်ပြည်လုံးအဆင့်နှင့်ဆိုလျှင် နှစ်ရာကျော်မှာ ရှိနေမည်။

ညံ့ပါကွာ၊ ခြောက်လုံးထွက်ပြီး ဘာဖြစ်လို့ ပထမ မဖြစ်ခဲ့ရတာလဲ၊ ပထမ မဖြစ်ရင်တောင်နေပါ၊ အဆင့်နှစ်လောက်ရရင် တော်ပါပြီ။ အဲသည် ဣန္ဒြီစံဆိုတဲ့ ပုဂ္ဂိုလ်လေးကို နာတစ်ဖျားလေး ကျောချင်လို့။

သည်မှာတော့ ဂျီစီအီးလည်း ဖြေမထားဘူး၊ နိုင်ငံခြားဝေးလို့ ရန်ကုန်မြစ်ရဲ့ တစ်ဖက်ကမ်းကိုတောင် သင်္ဘောစီးပြီး မသွားဖူးဘူး၊ ဒါပေမဲ့ ပြိုင်ချင်တယ် ကိုရွှေပုဂ္ဂိုလ်လေးရေ ... ရှင့်မှာ ကိုယ်ပိုင်ဝင်ငွေရှိသလား။ မိဘစည်းစိမ်နဲ့ တစ်ကိုယ်လုံးစိန်စီနိုင်တယ်ပဲထား၊ ရှင့်အစွမ်းအစနဲ့ တစ်ကျပ်ဝင်အောင် ရှာနိုင်သလား၊ ငါးပြားရှာနိုင်သလားလို့ မပြောတော့ဘူးလေ၊ ငါးပြားဆိုတာဘယ်နေရာမှာမှ ဘယ်သူမှ သုံးတော့တာမှ မဟုတ်တာ။

ကျွန်မမှာ ကိုယ်ပိုင်ဝင်ငွေ ရှိနေပါတယ်။

အဲဒီဝင်ငွေနဲ့ မိဘကို လုပ်ကျွေးပြုစုရင်း ကုသိုလ်ယူနေပါတယ်၊ ကျွန်မ တည်ထောင်ထားတဲ့ "ယမင်းကြော့ရှင်း" ဆိုတဲ့ အမျိုးသမီး●တ် အင်္ကျီချုပ်ဆိုင်ဟာ ဘယ်လောက် နာမည်

ကြီးနေမလဲ၊ ဝင်ငွေ ဘယ်လောက်ကောင်းနေမလဲ ဆိုတာ ရှင် သိအောင် စုံစမ်းစေချင်လိုက်တာ။

ဒါပေမဲ့ ရှင်က နေရင်းထိုင်ရင်း အလုပ်ရှုပ်ခံပြီး ဘယ်စုံစမ်းမှာလဲ၊ သိနေပါတယ်။

ရှင်ပြန်လာတဲ့နေ့က မေသံလွင်သာ သွားနိုင်လာနိုင်ရင် ကျွန်မ ရှင်နဲ့တွေ့ဖို့ ဘယ်လိုစီစဉ်ရမှန်း မသိဘူး။ ခုတော့ ရှင် လာနှုတ်ဆက်မယ့် သတို့သမီးလောင်း "သံ"ကို အလှပြင်ပေးဖို့၊ လှည်းကလေးတွန်းပြီး ထုတ်လာနိုင်တဲ့ အခွင့်အရေးကိုရဖို့ ကျွန်မ တမင်ဖန်တီးခဲ့တာ။

တမင်ကြိုတင်ကြံစည်ချက်နဲ့ ရှင့်မျက်နှာတော်ကို ဖူးမြော်လိုက်ရတာ နာမည်ကြီးလောက်ပါပေရဲ့။ ရှင်ဟာ လူချော။

❋ ○ ❋

"ဟ ... ဟိုကောင်မလေး"

ကောင်းကောင်းမှတ်မိ သိရှိနေသည့် မျက်နှာလေးပါ။ မပြုံးမရယ် ထီမထင်မျက်နှာပေးနှင့် ခပ်မော့မော့နေတတ်သည့် ကောင်မလေး။ အလှမာန်တော်တော်ယစ်ပုံနှင့် တော်ရုံတန်ရုံလည်း အဖက်လုပ်မည့်ပုံမပေါ်။ မာနခပ်ကြီးကြီးထဲကဆိုတာ သူ့မျက်နှာကြောတင်းတင်းကို မြင်လိုက်ရုံနှင့် သိသာနေသည်။

မေသံလွင်တို့အိမ်မှာ တွေ့ခဲ့ရစဉ်ကတောင် မျက်မှောင်သည်လောက်မကုတ်၊ မျက်ခုံးတွန့် သည်လောက်မကျုံးပါ။ လူကြီးတွေရှေ့မို့လည်း ဖြစ်နိုင်၏။

"လုံးဖို့ တွေးဖို့။ ရောနှောဖို့ စိတ်ကူးရှိရင် လျှော့လိုက်တော့၊ မျက်နှာကြောက တင်းသလား မမေးနဲ့"



သိုက်ထွန်းဦးက ပခုံးကိုတွန့်၍ လက်ဖျားခါ၏။

"ကြိုးစားပြီးပလား"

"ဘယ်နေလိမ့်မလဲ၊ ဒါမျိုးဆို ဘယ်တုန်းက နောက်ကျဖူးလို့လဲ"

"ဘာပဲဖြစ်ဖြစ် နှုတ်ဆက်ကွာ၊ ကျောင်းဖွင့်တာ နှစ်ပတ်ရှိပြီ၊ ငါ ရယ်ပြဖို့ ကြိုးစားတာ ဘယ်လိုမှ မရသေးတာ အဲဒီတစ်ယောက်ပဲ ကျန်တယ်"

"ကျန်တာတွေ အကုန်ရယ်ပြပြီးပလား"

"လှရာဝင်အလှကလေး တစ်ကွက်တလေ ရှိရင်ပေါ့"

ကောင်မလေးအုပ်စုက ဖြတ်လျှောက်သွားသည်။

"ဟော့ကောင်"

သော်လွင်က ဒူးချင်း မသိမသာတိုက်၏။ ဤန္ဒီငြိမ်သက်ငေးမောနေဆဲမှာပဲ မိန်းကလေးအုပ်စုက ကျော်သွားသည်။ နောက်မှ လိုက်ငေးချင်စိတ်ကို ထိန်းရင်း အတန်းတက်ချင်စိတ်တောင် ကုန်၏။

"အတန်းထဲဝင်မယ်"

"သွားကြတော့၊ ငါ မတက်ဘူး"

"ဘယ်လိုဖြစ်တာလဲ"

အေးကျော်အောင်က စာဆိုမှစာ၊ စကားလည်းနည်း၏။

"တီ နောက်တစ်ခေါက် ပြန်လာမလားလို့ စောင့်ချင်သေးတယ်"

"ဘယ်သူ"

"တီလေ၊ သူ့သူငယ်ချင်းတွေက သူ့ကို တီလို့ခေါ်တယ်"

"ဘယ်က တိလဲ"

"မမသတ္တိ"

"ဟာ ... ဒီကောင် တော်တော် ပေါက်မြောက်ထားပြီးပြီ ထင်တယ်၊ ဒီတိုင်းဆို ငါတို့ မျှော်လင့်ချက် ဘယ်ရှိတော့မှာလဲ"

"အလကား၊ အထင်ကြီး ခံရမလားလို့ ထွင်နေတာပါ သိုက်ထွန်းရာ၊ ဟိုကဖြင့် သူ့ကို သိရှိမှတ်မိပုံ တစ်စက်ကလေးမှ မရပါဘူး၊ ယောကျ်ားလေးတိုင်းဟာ မမသတ္တိကို ပိုင်ဆိုင်ခွင့် ကြိုးစားဖို့ တန်းတူအခွင့်အရေးတွေရှိတယ်"

"ကြိုးစားမယ့်ထဲမှာ မင်းလည်းပါလား သော်လွင်"

"အေး"

"မင်းကိုတော့ အေးဆေးပဲ၊ တစ်နံတစ်လျား ဖြတ်နိုင်တယ်"

"ခွေးကောင်"

"အေးကျော်အောင် ပါမလား"

"အတန်းတက်မလို့"

အေးကျော်အောင်က လွယ်အိတ်ကို ကောက်လွယ်၍ ထရပ်၏။ အဲသည်အချိန်မှာပဲ မိန်းကလေးအုပ်စုတစ်စု သူတို့ထိုင်နေသည့်ရှေ့မှ ဖြတ်သွားပြန်၏။ ကြည့်လိုက်တော့ မမသတ္တိပါနေပြန်၏။ သို့ပေမဲ့ သူ့ကိစ္စရှိ၍ သူဖြတ်တာမျိုးသာ ဖြစ်နေသည်။

မျက်နှာပြင်က လုံးဝတည်ငြိမ်သည်။ တည်ငြိမ်ရုံမက တင်းသည့်ဘက်တောင် ရောက်၏။ အချိုအသာက လုံးဝကင်းသည်။ လမ်းလျှောက်ပုံက ညက်ညောပြေပြစ်သည်။ ဟန်လုပ်ဘောက်ဆတ်တာမျိုးမရှိ။ ဘယ်သူ့ရှေ့မှာမှ ဘာကြောင့်မှ



ဟန်ပြဖြတ်လျှောက်နေမည့်ပုံမျိုး မဟုတ်သလို ကိုယ့်ကိစ္စရှိလျှင် ဘယ်သူ့ရှေ့ ဘယ်နှခါဖြတ်ရလို့လည်း ဂရုစိုက်မည့်ပုံ မပေါ်ချေ။

"မျက်စိရှေ့မှာ နှစ်ခါရှိပြီ"

သိုက်ထွန်းဦးက ခြေလှမ်းပြင်နေသည့် အေးကျော်အောင်၏ လွယ်အိတ်ကို ဖမ်းဆွဲရင်း ပြောသည်။

"အခါတစ်ရာပြည့်အောင် မင်းစောင့်၊ ငါတော့ သွားပြီ"

အေးကျော်အောင်က လွတ်အိတ်ကိုင်းကို ဆောင့်ရုန်းထွက်၏။ "အဓိပ္ပာယ်မရှိဘဲ အတန်းပျက်မခံနိုင်ဘူး"ဟုဆိုကာ သော်လွင်ကလည်း အေးကျော်အောင်နှင့် လိုက်၏။ တကယ်တမ်းကျတော့ သိုက်ထွန်းဦးလည်း ကျန်မနေဖြစ်ခဲ့တော့ပါ။ အဓိပ္ပာယ်မဲ့မှာ အတန်းဖျက်ရမှာကျတော့ သူတို့အားလုံး မည်သူမျှ မဖျက်ချင်ကြပေ။ ဆယ်တန်းအထိ ပညာရေးကို စည်းနှင့်ကမ်းနှင့် ကြိုးစားခဲ့ကြသူတွေချည်း။

"ဟေ့ကောင်"

သိုက်ထွန်းဦးက ဣန္ဒီကို ဆွဲခေါ်၏။ ဣန္ဒီ မုတ်ဘတ်ပစ်ခဲ့သည်။ သိုက်ထွန်းဦးကို လုံးဝလှည့်မကြည့်ဘဲ လှမ်းထွက်ခဲ့လေ၏။

"ဟိုက် ... ရောဂါစစ် ရောဂါမှန်ပေပဲ"

သိုက်ထွန်းဦးက သံယောဇဉ် မဖြတ်နိုင်အောင် ဖြစ်နေ၏။ အေးကျော်အောင်က ဆောင့်ဆွဲသည့်တိုင် သမင်လည်ပြန်နှင့် ပါသွားရသည်။ ဣန္ဒီကတော့ မပျက်စဖူး အတန်းပျက်တော့မည် ထင်ရဲ့။

❋ ○ ❋

"မှတ်မိလား"

တစ်သက်နှင့်တစ်ကိုယ်မှာ အကြောင်ဆုံး၊ မျက်နှာအပူဆုံး၊ အရှက်စွန့်ရဆုံး လုပ်ရပ်ဖြစ်ချေ၏။ ဣန္ဒိဆိုတာ ဘယ်တုန်းကမျှ ဒါမျိုးလုပ်ဖူးသူ မဟုတ်ချေ။ ဘာကြောင့် လုပ်ဖြစ်သွားရမှန်းလဲ ကိုယ့်ကိုယ်ကိုယ် မသိ။

"အဲဒီကောင်မလေး ဟိုရှေ့က မိန်းကလေးအုပ်စုထဲမှာရှိနေတယ်၊ မျက်နှာပူပူ အရှက်နည်းနည်းနဲ့ သွားနှုတ်ဆက်၊ အဲဒီလိုလုပ်ရင် တစ်သိန်းရမယ်"ဟု တစ်ယောက်ယောက်က နိုင်းကြည့်ပါ၊ မလုပ်ဖြစ်ဖို့များသည်။ ခုတော့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို ဘယ်သူဝင်ချမှတ်သွားမှန်း မသိ၊ ကိုယ်စောင့်နတ်လား၊ ကိုယ်စောင့်နတ်ဆိုတာ တကယ်ရှိလျှင် စိတ်ဆိုးချင်၏။

နားရွက်နှစ်ဖက်မှာ ချိတ်မတတ် ပြန့်ကားသွားသည့် နှုတ်ခမ်းကျယ် အပြုံးကြီးကို မည်သူသည် စီရင်ဖန်တီးလေသနည်း။ ဣန္ဒိ ဘယ်တုန်းကမျှ အဲသည်လို မပြုံးဘူးခဲ့တာပါ။

"ဟာ ... ကိုဣန္ဒိ၊ မှတ်မိတာပေါ့၊ သံ့လု"

အပြုံးလေးက ပွင့်သည်။ စကားသံလေးက ချို၏။ သွက်လက်ဖျတ်လတ်ကာ မြူးမြူးကြွကြွလည်းရှိ၏။ "သံ့လု"ဆိုတာကြီးကပဲ ဆိုးသည်။

"ဒါ ပြေးလွှားဖြေရှင်းသင့်တဲ့ ကိစ္စလား၊ ဖြေရှင်းလိုက်ရမလား၊ ခင်မင်ရင်းနှီးတော့မှ ဖြည်းဖြည်းပြောရမလား" တွေးရင်းတောရင်း ဆုံးဖြတ်ချက်မကျ၊ ကြားဝင်ဆုံးဖြတ်ပေးမည့် ကိုယ်စောင့်နတ်က ဒါမျိုးကျတော့ အပျင်းထူနေပြန်ရော၊ ခက်ပါ



"မှတ်မိလား"တစ်ခွန်း မေးစဉ်က ကိုယ့်ရင်ထဲမှ ရှန်းကန်တွန်း ...ထွက်သွားရသည့် စကားမို့ လေးလေးပင်ပင် ရှိလှ၏။ သူ ...န်နှုတ်ဆက်ပုံက ပေါ့ပါးသွက်လက်နေသည်။ အချစ်ဆုံးသူငယ် ...ချင်း၏ ချစ်သူအဖြစ် ချက်ချင်းကြီး ရင်းနှီးနေ၏။

နောက်ထပ်ဝါကျတစ်ကြောင်း ထုတ်လွှတ်ဖို့ တည် ...ဆောက်ရာတွင် အကြောင်းအရာ ရှာမရဖြစ်နေ၏။

"ကိုသိဒ္ဒိ ဒီမှာဆိုတော့ သံတော့ ဆွေးပြီ၊ အရမ်းသနားဖို့ကောင်းတယ် သိလား၊ သံ့ခမျာ နှစ်မှတ်နဲ့ ကပ်ကျန်တာ"

"သံ ... သံ"နှင့် တစ်သံတည်း သံ၏။

"မိတ်ဆက်ပေးရဦးမယ်"

"နေပါစေ"ဟု ပြောချင်၏။ ရိုင်းရာကျချင်လည်း ...ကျတော့ နှုတ်ဖျားမှသာ ထွက်မည်ဆိုလျှင် ပြောလိုက်ချင်သည်။ ...သည်တစ်အုပ်စုလုံးထဲက ဘယ်သူနှင့်မျှ ထပ်မံမိတ်ဆက်စရာမလို ...ပါ။

ဘယ်သူ့ကိုမှ မသိချင်ပါ။ စကားပြောချင်တာက "တိ"ကလေး တစ်ယောက်တည်းကိုပါပဲ။

သို့ပေမဲ့ ...

မှတ်မိလား တစ်ခွန်းပြောပြီးကတည်းက ဘာမျှထပ်ထွက်မလာတော့သည့် "သစ္စာဖောက် လည်ချောင်း"ကို ကျောတစ်ရာ ရင်တစ်ရာ ကြိမ်ဒဏ်ခတ်၍ မြိုင်ရပ်သို့ ပို့ချင်၏။

"သူက ကြွေဥ၊ သူက သဇင်၊ သူက ရွှေဝါ၊ သူက ငြိမ်းငြိမ်း၊ သူက ပေါက်ပေါက်၊ သူက မီးမီး"

ပြုံးသွက်စွာပြောရင်း လက်ညှိုးလေးတစ်ချောင်းနှင့် လျှောက်ထိုးပြသည်။ ဣန္ဒိ နာမည်တစ်ခုမျှ မမှတ်မိပါ။ မျက်နှာ

တွေကိုလည်း မကြည့်ဖြစ်၊ ဘာကိုမှလဲ သိပ်မမြင်။ မျက်စိတွေက ဝေဝါးမှိုင်းမှုန်ကာ မှိန်မှိန်မှောင်မှောင်ကြီး ဖြစ်နေ၏။

"ဒါ သံ့လူလေ၊ သံ့ချစ်ချစ် ဆိုတော့ ငါတို့တစ်တွေနဲ့ အစ်ကိုပဲ ထားပါတော့၊ ငြိမ်းငြိမ်းရယ်၊ ပေါက်ပေါက်ရယ်၊ မီးမီးရယ်က သံ့သူငယ်ချင်းတွေပဲ ကိုဏှဒ္ဒီရဲ့၊ ဒီသုံးယောက်ကသာ အခု ဆေးရောက်မှ ခင်တာ"

"တို့အစ်ကို ကောင်းကောင်းနေနော်၊ သံနဲ့ ပြန်တိုင်မှာ"

ကောင်မလေးသုံးယောက် အသံက ရေဒီယိုမှ ဆိုတေးသံပြိုင် သီကြမြိုင်မြိုင်အခန်း ဖွင့်သလား ထင်ရ၏။

"သံ့ဆီ ဘာမှာမလဲ"

"တိတ်စမ်း"အော်ပစ်ချင်၏။ သံ … သံနှင့် တစ်သံတည်းသံ၏။ သံဝေးလို့ တီကောင်လည်း မကြားချင်။ ဘာမှာစရာမှလဲ မရှိ။

"မမက ညတိုင်း သံနဲ့ဖုန်းဆက် စကားပြောဖြစ်တာ၊ မမကလည်း ဆေးတက္ကသိုလ် အတွေ့အကြုံ၊ သံကလည်း စက်မှုတက္ကသိုလ် အတွေ့အကြုံတွေ ပြောကြ၊ ဖလှယ်ကြ၊ သိပ်ရယ်ရတာပဲ"

တကယ်ရယ်ပြလိုက်သေး၏။ သွက်လှချည်လား။

"မှာစရာမရှိရင်လည်း ကိုဏှဒ္ဒီနဲ့ တွေ့ခဲ့တဲ့အကြောင်း၊ မှတ်မိလား လာနှုတ်ဆက်ပြီး နောက်ထပ် စကားတစ်ခွန်းမှ ထပ်မပြောတော့တဲ့အကြောင်းတွေ ပြောပြီး ရယ်လိုက်ဦးမယ်၊ အတန်းရှိသေးလို့ ခွင့်ပြုနော်၊ သွားဦးမယ်"

ဝါကျဆုံးတော့ လေးငါးပေလောက်တောင် ရောက်နှင့်နေပြီ။ ပြောလည်းပြော ထွက်လည်းထွက် ပြောထွက်ကြီးလုပ်



သွားလိုက်တာ တစ်ဖက်လူမှာ ဘာလုပ်ဖို့၊ ဘာပြောဖို့မှ အခွင့်အရေး မရလိုက်ပါ။ ကြောင်၍၊ ငေါင်၍၊ အရှက်မွှန်၍ ကျန်ရစ်သည့်အဖြစ်ကို သည်းနိုက်စွာ စိတ်ဆိုးသည်။

"ဒါ သက်သက်မဲ့ကျော့ …"

ရင်ထဲ အစစ်အမှန် ခံစားချက်မှာ ဒေါသခိုးတွေမွှန်နေသည်။ ရှက်စိတ်နာကြီးဖြစ်လျက် ယောကျ်ားချင်းသာဆိုလျှင် နုသေသေ ကိုယ်သေသေ အလဲအကွဲကို ဆော်ပစ်လိုက်ချင်သည်။ "ဒေါသအမျက် ခြောင်းခြောင်းထွက်"ဆိုတာမျိုးပဲဖြစ်မှာ၊ သည်ခံစားချက်မျိုးကို ပြောတာဟု သဘောပေါက်မိသည်။ သရက်ပင်ခြေမှာ ရပ်ထားသည့် ကားဆီသို့ ချာခနဲ လှည့်ထွက်ခဲ့သည်။

တံခါးဖွင့် သော့ဖွင့်ပြီး ခပ်ကြမ်းကြမ်းပဲ ကွေ့ထွက်ခဲ့လိုက်သည်။ တက်တစ်ချက် ပြင်းထန်စွာ ခေါ်ဖြစ်၏။ ရင်ထဲခေါ်မဆုံ ခံစားနေမိသည့် မိမိဒေါသတွေကို စိတ်ပြန်ဆိုးသည်။ ဘာကယ်ဆို ဥပေက္ခာပြု လျစ်လျူရှုနိုင်ဖို့ မကောင်းဘူးလား။

မာနပေါ် မီးပုံရှို့ခဲ့ရသလားကွာ။

❋ ◯ ❋

"ဟား … ဟား … မသိပါဘူး၊ အတန်းထဲ ရောက်မလာလို့ စိုးပြည်နေပြီမှတ်တာ၊ ခဏကြာတော့ မဒီက ဝင်လာတယ်၊ မင်းသာ နစ်နာဆုံးရှုံးလိုက်တာပါလားကွာ"

သိုက်ထွန်းဦးက အော်အော်ရယ်၏။

"ရယ်သင့်တယ်၊ ဒီထက် အသံကျယ်လို့ရရင် ကျယ်ဦး"

ဏှဒ္ဒီ မျက်စိမျက်နှာပျက်နှင့်ပြောတော့ ပိုရယ်ချင်ကြပြန်သည်။

"တိုးတိုး ... ဌာနမှူးအခန်းက ကြားတော့မှာပဲ"

စာကြမ်းပိုး အေးကျော်အောင်က ဆရာသမားများကို အရမ်းလေးစားသည်။ ဆရာ,ဆရာမ အဆူခံရမှာကို ကြောက်သည်။

"မအူမလည် သွားလုပ်တာကိုး၊ ခံရတာနည်းတယ်"

"နည်းတယ်၊ ငါ့ကို အသုံးမကျတာ၊ အလကားကောင်ပါ ကွာ၊ ဝိုင်းရွတ်ချကြဦး၊ မင်းတို့ဟားတာ နည်းနေလို့"

"ဝပါပြီကွာ၊ ဟားရတာတောင် သနားလာပြီ၊ တယ်လည်း အဖြစ်ဆိုးပါလား မောင်ဒုက္ခရဲ့"

မိန်းကလေးတစ်ယောက်ကို သွားနှုတ်ဆက်သည် ဆိုရာ၌ မိန်းမသားကသာ ရှက်အဲ့ဩနှင့် မပြောရဲမဆိုရဲ ဖြစ်သွားဖို့ရှိ၏။ "ခုတော့ ဟိုက သွက်လက်ဖြူးကြွစွာ ပြောဆိုပြီး ထွက်သွားသည်" ငေါင်ကျန်ရစ်ရသည့် ယောကျ်ားသားအဖြစ်က ဆိုးလှသည်။

"တမင်နိပ်ကွပ်သွားတာ ဖြစ်ရမယ်"

သော်လွင်က မမသဲတွိကို တော်တော်ချဉ်သွားရပုံနှင့် မကျေမနပ် ဖြစ်နေ၏။

"သေချာတာပေါ့"

"အဲဒီလို လုပ်ရအောင် သူ့ကို ငါ ဘယ်တုန်းက ရန်စထားဖူးလို့လဲ"

"ရန်ငြိုးမရှိဘဲ တမင်အနိုင်ယူတာမျိုး ဖြစ်ချင်လို့ နေမှာပေါ့၊ တချို့ ဒီလိုပဲ စိတ်ပုပ်တတ်တယ်၊ အထူးသဖြင့် သူတို့ မိန်းကလေးတွေ၊ သူတို့အုပ်စုတောင့်ရင် မလွယ်ဘူး"

"ငါကွာ ကျောင်းတောင် ပြန်မတက်နိုင်ဘူး၊ အသည်းထဲ ကလည်း ယားလိုက်တာ ကျလိ ကျလိနဲ့၊ အိမ်ပြန်ပြီး ရေ



ကန်ထဲခုန်ချ၊ မောတဲ့အထိ တစ်ဝကြီး ကူးပစ်လိုက်ရတယ်၊ ခြေကုန်လက်ပန်းကျတော့မှပဲ ဒေါသပြေတယ်"

"ဟော့ကောင် သိုက်ထွန်း၊ ဒီဟာမလေး အချိုးမပြေဘူး၊ ရှေ့ဆက်ဖို့ စိတ်ကူးမရှိနဲ့"

"ငါ့အပေါ်ကျတော့ ကောင်းရှာတယ်"

"အောင်မယ် ... ဘယ်တုန်းကလဲ"

"ငါ့လောက် သူ့နောက် တကောက်ကောက်လိုက်တဲ့ကောင် ရှိဦးမလား၊ ဒီကောင်ကို ချွတ်သလို ဘယ်တုန်းက ချွတ်ဖူးလို့လဲ"

"မင်းက အငွေ့အသက်ကလေး လေထဲလွင့်မျောလာတာ ရှူရှိုက်ရရင်ပဲ လူဖြစ်ကျိုးနပ်လုပြီ ထင်နေတဲ့ကောင်၊ မင်းကလည်း ခပ်လှမ်းလှမ်းကဆိုတော့ ဟိုက ပညာပေးဖို့ အနေဝေးနေလို့ဖြစ်မှာ"

"ဘယ်တုန်းကမှ ဖုတ်လေတဲ့ငါးပိ ရှိဖို့ဝေးလို့ နံတယ်တောင် မထင်ခဲ့တာပါကွာ၊ လုပ်မနေနဲ့၊ မင်း ဘယ်နှခါ စကားပြောခွင့်ရလဲ၊ မိတ်ဆက်ဖူးပြီလား"

"ဂုဒ္ဒိ ... မင်း ဘာလုပ်လဲ၊ ခရီးစလား"

"မပြောတတ်ဘူး"

"ပြောတတ်ရမယ်၊ အဲဒီဟာမလေးကို သည်းခံခွင့်လွှတ်ပြီး ဝေးဝေးရှောင်လိုက်တာက တစ်နည်း"

သေချာတယ်။ အဲဒီနည်းကို သုံးဖြစ်မှာ မဟုတ်ဘူး ဆိုသည့် ဆုံးဖြတ်ချက်ကို သော်လွင့်စကား နားထောင်ဆဲ နားထဲ ၁ပင် ချဖြစ်သွားသည်။

"နောက်တစ်နည်းကတော့ ..."

"နောက်တစ်နည်း မရှိပါဘူးကွာ၊ ကိုယ်က ယောကျ်ားပဲ။ သူလုပ်ပုံကို မကျေညက်ရင် သူ့လှည့်မကြည့်နဲ့တော့ပေါ့။ ခွင့်လွှတ်နိုင်သည် ဖြစ်စေ၊ ခွင့်မလွှတ်နိုင်သည် ဖြစ်စေ ယောကျ်ားကြီးဖြစ်ပြီး ကလဲ့စားသွားချေနေရင် မိန်းမဆန်သွားမှာပေါ့၊ ထားလိုက်စမ်းပါ ... အေးဆေး"

အေးကျော်အောင်က ရွှေပြည်အေးတရား ဟော၏။ သူက "အေးဆေး"ဆိုပေမယ့် "မအေးဆေး"နိုင်တာ ကိုယ်ပဲသိသည်။ ခံပြင်းဒေါသနှင့် စိတ်လည်းဆိုး၏။ အေးကျော်အောင်ပြောသလို"အေးဆေး"နေနိုင်မှာလည်း မဟုတ်။ ဘာပဲဖြစ်ဖြစ် "သုံ့လူ"ဆိုတာကိုတော့ ချေဖျက်ရပါဦးမည်။

❋ ○ ❋

"မမသက္ကိနဲ့ စကားပြောချင်လို့ပါ"

သူ့နာမည်ကို ခေါ်ရတာကစပြီး အောက်ကျနောက်ကျနိုင်လှ၏။

"မမသက္ကိ"ဆိုတာ သူ့နာမည်ရင်းပေမယ့် "သက္ကိ" ဆိုသည့် နာမည်ပိုင်ရှင် အမျိုးသမီးကို ရိုသေလေးစားစွာ "မမ" တပ်၍ ခေါ်ရသည့် အသုံးအနှုန်းမျိုး ဖြစ်နေသည်။

သြော် ... မှည့်တတ်ပါဘိခြင်း။

မြင့်မြတ်မှုအပေါင်း သရဖူဆောင်းလိုသည့် မေမေတို့မျိုးရိုးက "စံ"ထည့်မှည့်လျှင်ပဲ အထွတ်အထိပ်ကြီး ရောက်ပြီလို့ ထင်နေခဲ့ကြတာ။ "မမသက္ကိ"ဆိုသည့် နာမည်နှင့် ယှဉ်လိုက်မှ "ဣန္ဒြီစံ"ဆိုသည့် နာမည်ကတောင် နောက်တစ်လှမ်းဆုတ် မှေးမှိန်သွားခဲ့ရ၏။ အစတုန်းကတော့ "ဣန္ဒြီ"ဆိုသည့် ကိုယ့်နာမည်



ကိုယ် သေလုမြောပါး ကြိုက်လွန်းခဲ့ရတာ၊ ကမ္ဘာမှာ သည့်ထက်ကောင်းသည့်နာမည် မရှိနိုင်တော့ဟု ဂုဏ်ယူဝင့်ကြွားခဲ့ရတာ "မမသက္ကိ"နှင့်ကျခါမှပဲ အရှုံးပေးရတော့မည်ထင်၏။

"မမသက္ကိ"ဆိုသည့် နာမည်က "ဣန္ဒြီစံ"ထက် ဘာကယ်ပဲ ပိုကောင်းတာလား၊ ဣန္ဒြီ ကိုယ်တိုင်က သူ့ကိုမှ ဦးစားပေး ရှေ့တန်းတင်လိုက်မိတာလား ဆိုတာကို မတွေးဖြစ်တော့ပါ။

ဤမိန်းကလေးနှင့် ပတ်သက်လာလျှင် ဣန္ဒြီ အရှက်မွှန်ဒေါသလည်း ထွက်ဖူးပြီ။ မငံ့မရဲ ခံစားမှုနှင့် ယိမ်ငယ်ခြင်းကိုလည်း ခံစားဖူးလိုက်ပြီ။ သူမမှာ ပြုစားတတ်သည့် စွမ်းအားတစ်မျိုး တည်ရှိပိုင်ဆိုင်ထားလေသလား။

"သူ ဘုရားရှိခိုးနေပါတယ်၊ ဘယ်သူပါလဲ"

"သြော် ... ကျောင်းက သူငယ်ချင်းပါ"

"မှာစရာရှိရင် မှာခဲ့ပါ"

"မမှာတော့ပါဘူး ခင်ဗျာ၊ ဘုရားရှိခိုးပြီးချိန်လောက်မှာ တစ်ခါထပ်ပြီး ဆက်ပါရစေ"

"ကောင်းပါပြီ"

တစ်ဖက်မှအသံသည် လူကြီးသူမတစ်ဦး၏ အသံဖြစ်၏။ အသံမှာ ဩဇာမြောက်နေပုံထောက်တော့ မမသက္ကိမိခင်ပေပဲလားဟု တွေးမိသည်။ အဲသည်လို အသံမျိုးကို မေမေလည်း ပိုင်ဆိုင်၏။ မေမေ စကားပြောလျှင် အသံသည် လေးနက်တည်ငြိမ်၏။ ထုထည်ကြီး ပစ္စည်းတစ်ခုကို သယ်ဆောင်၍ အမြင့်မှ ဖြည်းဖြည်းချင်း ကျသလို ခံစားရသည်။ ထိုအသံရှင်၏ စကားလုံးများသည် နူတ်မိန့်တစ်ခုနှယ် တစ်ဖက်သားအပေါ်ကျ

ရောက် တည်တံ့နိုင်လောက်အောင်ကို စွမ်းအားပြည့်သည်။ အသံကြားရုံနှင့် နေရာထား လေးစားရမည့်သူဟု မှတ်ယူလိုက်ရပါ၏။

❋ ○ ❋

"တီ"ပြုံးလိုက်၏။

မြတ်စွာဘုရားနှင့် ပတ်သက်ပြီး မညာချင်သည်မို့ ဘုရားခန်းသို့ အပြေးကလေးပင် ဝင်ခဲ့သည်။ စင်စစ် အညာစစ်စစ်ကြီးတော့လည်း မဟုတ်ပါ။ ဤအချိန်မှာ "တီ"ဘုရားရှိခိုးလေ့ရှိသည်။ ယခုလည်း ဘုရားရှိခိုးမည့်ဆဲဆဲမှာ ဖုန်းလာ၍ ပြေးကိုင်မိခြင်း ဖြစ်ပါ၏။

"မမသတ္တိနဲ့ စကားပြောချင်လို့ပါ"တဲ့။

တီမှာ ယောကျ်ားလေးသူငယ်ချင်းတွေ ရှိပါသည်။ အချို့ဆို အိမ်သို့ ဝင်ထွက်သွားလာဖူးကြသည်။ အိမ်သို့ လာလည်ဖူးသူရော၊ လာမလည်ဖူးသေးသည့် သူငယ်ချင်းတွေရော အားလုံးကို အိမ်သားအားလုံးက သိသည်။ ခင်ခင်မင်မင် ရှိကြသည်။ တစ်ဖက်မှ "ဟယ်လို"သံကြားလျှင် ...

"ကျွန်တော်"ဘယ်သူဘယ်ဝါပါ၊ သတ္တိနှင့်ပြောချင်လို့ပါ"ဟု ပြောကြသည်ချည်း။ မိန်းကလေး သူငယ်ချင်းတွေကချစ်စနိုးနှင့် "တီ"ဟု ခေါ်ကြသလို ယောကျ်ားလေးသူငယ်ချင်းတွေက "သတ္တိ"ဟုခေါ်၏။ မည်သူကမျှ "မမသတ္တိ"ဟု နာမည်အပြည့်အစုံ မခေါ်ကြပါ။

"နင့်နာမည် ခေါ်ရတာ မော်ဖူးစေးရသလိုပဲ"ဟု ပြောလေ့ရှိကြသည်။ အခုပြောသူက မမသတ္တိဟု နာမည်ကိုပြည့်စုံစွာခေါ်သည်မို့ ပြောနေကျ သူငယ်ချင်းတွေ မဟုတ်မှန်း



သေချာသည်။ အဲသည်ထက် ပိုသေချာတာက "သူ့အသံ"ပါပဲ။ ဒီ မှတ်မိနေသည့် သူ့အသံလေ။

သူ့အသံက သူများတွေအဖို့တော့ မပြောတတ်ပါ။ "တီ"အတွက်တော့ ထူးခြားမှတ်မိနေရသည့် အသံမျိုးပါ။ အော၍ချို၏။ ရှတတ်လေးလည်း ပါသည်။ အဲသည်အသံနှင့် စကားတစ်ခွန်းကိုပဲ ပြောကြည့်၊ ကြားရသူတိုင်းက အဲဒီစကားကို ယုံသွားကြမှာ သေချာ၏။ အဲသည်လောက်ထိ ဆွဲဆောင်မှုရှိသည်။ တစ်ဖက်သားအပေါ် လွှမ်းမိုးနိုင်သည့် အသံဩဇာနှင့်လည်း ပြည့်စုံ၏။ သို့ပေမဲ့ ကြီးရင့်ခန့်ညားခြင်းထက် စွဲမက်နားဝင်ချိုစေခြင်းက ပို၏။ နာရီပေါင်း ဘယ်လောက်ကြာအောင်ပဲ ကြားနေရပါစေ၊ မရိုးနိုင်အောင် နားထောင်ကောင်းနေစေမည့် အသံမျိုးပါ။

အဲသည်အသံကို "ဏုဒ္ဒိစံ"ဆိုသည့် မာနမင်းသားပိုင်ဆိုင်၏။

သူမှန်းသိလို့ကို တီ အသံကို ဖျစ်မစ်လိုက်သည်။ ဘိက ဝါသနာရှင် အဆိုသမားပါ။ စီးရီးမထုတ်၊ စတေ့ချ်ရှိုးမတက်ပေမယ့် တီနှုတ်ခမ်းနှင့် သီချင်းသံ ကင်းကွာပြတ်စဲသည်ဟူ၍ မရှိသလောက် စွဲမြဲသည်။ ပြီးတော့ အသံကို လိုသလို ဖန်တီးနိုင်စွမ်းသည်။ အဲဒါ ဆိုင်မဆိုင်တော့ မသေချာပါ။ ခေတ်ဟောင်းသီချင်းတွေဆိုလိုက်၊ အနှစ်နှစ်ဆယ်တေးတွေ ညည်းလိုက်၊ သီချင်းကြီးတွေဆိုလိုက်၊ စတီရီယိုတွေဟစ်လိုက် အမျိုးစုံဆိုလွှန်း၍ရသည့် အလေ့အကျင့်ဟု ပြောချင်၏။

"သူ ဘုရားရှိခိုးနေပါတယ်"ဟု ပြောလိုက်ပြီးပြီးချင်း ဘုရားပြေးရှိခိုးရသည်။ သည်တစ်ခါ ဘုရားရှိခိုးတာ ခါတိုင်းညတွေထက် ပိုကြာ၏။ ဘာကြောင့်မှန်းမသိ ဏုဒ္ဒိစံ ဆိုသည့်

မာနမင်းသား တိအတွက်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရလျှင် တိ ပျော်သည်လေ။

✻ ○ ✻

"ဟုတ်ပါတယ် ... မမသတ္တိပါ"

"ဣန္ဒီစံပါ"

"သြော် ... သုံ့လူ၊ ပြောပါ"

"အဲဒီ သုံ့လူ ဆိုတာကြီးကိုပဲ ပြောမလို့ပါ"

"ဟုတ်ကဲ့ ... ပြောပါ"

"ကျွန်တော် သုံ့လူ မဟုတ်ဘူး"

"ရှင် ... မေသံလွင်နဲ့ စေ့စပ်ထားတာ မဟုတ်ဘူးလား"

"မေသံလွင်က အဲဒီလို ပြောထားလို့လား"

"သံက မပြောပါဘူး၊ ဒါပေမဲ့ အဲဒီကိစ္စက ပြောစရာမလိုဘဲ လူအများ နားလည်နေကြတာပဲ"

"အဲဒါဆို မှားနေပြီ"

"ကိုဣန္ဒီစံရဲ့ မယ်ဖုရားက၊ အဲဒါ ငေါ့တော့တော့ပြောတာ မဟုတ်ဘူးနော်၊ ကိုဣန္ဒီစံတို့လည်း အဲဒီလိုခေါ်မယ်ထင်လို့ သုံးလိုက်တာပါ၊ အဲဒီ မယ်ဖုရားက သုံ့ကို တော်တော်လေး လိုလားတာ၊ မမ နား၊ မျက်စိနဲ့ ကိုယ်တိုင်ကြားနာ မြင်တွေ့ခဲ့တာပဲ"

"ကျွန်တော် မေမေလို့ပဲ ခေါ်ပါတယ်"

"သြော် ... ဟုတ်လား၊ မယ်ဖုရား ခေါ်မယ်ထင်ထားတာ"

"ကျွန်တော်တို့ မင်းမျိုးမဟုတ်ပါဘူး"

"ဟုတ်ကဲ့"



"မေမေက မေသံလွင်ကို လိုလားတာ မှန်ပါတယ်၊ ကျွန်တော်က အဲဒီနေ့ကမှ မြင်ဖူးတာပါ"

"ကိုဣန္ဒီစံက နိုင်ငံခြားမှာ ဘယ်နနှစ် ကြာခဲ့လို့လဲ"

"ကြာလို့ မဟုတ်ပါဘူး၊ မသွားခင်က ခင်မင်ရင်းနှီးတဲ့ သူငယ်ချင်းတွေ မဟုတ်ခဲ့လို့ မြင်ဖူးမသွားတာပါ"

"အဲဒါဆိုရင်တော့ ဒုက္ခပဲ၊ မမ မှားသွားပြီထင်တယ်"

"ဟုတ်ကဲ့၊ စေ့စပ်ထားတယ်လို့ ထင်တာ လုံးဝမှားပါတယ်"

"အဲဒါကို ပြောတာ မဟုတ်ဘူး၊ သုံ့လူမှတ်လို့ ရင်းနှီးလိုက်မိတာ၊ သုံ့လူမဟုတ်တဲ့ သူစိမ်းယောကျ်ားတစ်ယောက်ကို ဒီလောက်ရင်းနှီးလို့ ဘယ်ဖြစ်မလဲ၊ မှားတာပေါ့၊ ဘွာတေးနော်"

ဣန္ဒီရင်ထဲ အောင့်ခနဲဖြစ်ပြီးမှ လှစ်ခနဲ ပြုံးမိရပြန်၏။ မေသံလွင်နှင့် စေ့စပ်မထားလျှင် မရင်းနှီးချင်ဘူးဟု အပြောခံရတာကျတော့ မာနကို ထိမိုက်သည်။ "ဘွာတေးနော်" ဆိုတာလေးကကျတော့ ကလေးဆန်ပြီး ချစ်ဖို့ကောင်းနေ၏။

"ကျွန်တော်လည်း မိန်းကလေးတစ်ယောက်ဆီကို ဖုန်းဆက်ခွင့်ရဖို့ နှစ်ခါပြန် ကြိုးစားမိတာ ပထမဆုံးအကြိမ်ပါပဲ"

"ဟုတ်ကဲ့ ... ဒါပဲနော်"

"ကောင်းပါပြီ"

သူမက စကားလုံးဝမဆက်ချင်တော့၊ တိခနဲ ဖြတ်ချလိုက်ပုံက သူ့နာမည် "တိ" နှင့် လိုက်ဖက်ပါပေ့၊ ရိုင်းပျမှာလားတောင် မတွေး၊ သည်ဘက်က စကားမှ သေသေချာချာမဆုံးသေးခင် စကားစကိုဖြတ်၏။ "ကောင်းပါပြီ" ဆိုသည့် စကားမှာ ဒေါသ

သံနှင့် မာသွားသည်။ သူ သိမှာပါပဲ၊ ထပ်မျှား စိတ်ဆိုးဦးမှာလား၊ နည်းနည်းတော့ စိုးရိမ်၏။ စိုးလည်း မစိုးရိမ်ချင်တော့ပါ။

သူ့နာမည်နှင့်အညီ "တိ" ခနဲ ပြတ်သွားလည်းအေး ရော။

တကယ်မှ အေးနိုင်ရဲ့လား ဆိုတာကို ထပ်မတွေး ချင်တော့ပါ။ တိဆိုသည့် မိန်းမသားသည် ယောကျ်ားမာနကို ထိ ခိုက်ရန်စဖို့ တော်တော် ဝါသနာပါပုံရလေ၏။

❋ ○ ❋

စားပြီးသား ထမင်းဘူးကို ကားထဲသို့ သွားပြန်ထည့် စဉ်မှာ ကားဘေးနားမှ ဖြတ်လျှောက်သွားသည့် သူတို့အုပ်စုကို တွေ့သည်။ နှုတ်ဆက်ချင်၏။ သူ ပြန်မှ နှုတ်ဆက်ပါ့မလားဟု စိုးရိမ်သည်။

သူ့သူငယ်ချင်း မေသံလွင်နှင့် စေ့စပ်မထားလျှင် မရင်းနှီးချင်ပါဘူးဟု သူ ဘွာခတ်ထားသည်။ တကယ်ဆို အထင် လွဲပြီးတော့ပဲဖြစ်ဖြစ်၊ မတော်တဆပဲဖြစ်ဖြစ် ရင်းနှီးသွားပြီပဲ။ သူပဲ သူ့သူငယ်ချင်း ကောင်မလေးတွေနှင့်တောင် မိတ်ဆက်ပေး လိုက်သေးသည်။ အဲဒါကို ဘွာတေးခတ်ထားသည့် "ထိုသူငယ်မ" ကို ဤနို ဘယ်ပုံစံနှင့် ဆက်ဆံရမှာလဲ။

မတွေ့ချင်လို့လည်း မရ။

ကျောင်းဝင်းက ဘယ်လောက်ကျယ်တာမှတ်လို့၊ မုန့်ဆိုင်ကလည်း ဘယ်နှဆိုင် ရှိတာမှတ်လို့။ ထမင်းစားပြီးလျှင် လူတိုင်းလိုလို အအေးတစ်ခွက်လောက် သောက်ကြတာ၊ အအေး ဆိုင်မှာ လူချင်းက နေ့တိုင်းလိုဆုံ၏။ တိ မျက်နှာကို ကွက်ခနဲ



ဘစ်ချက်လှမ်းကြည့်တော့ မျက်နှာကို တကူးတက လွှဲထားသည် ။ နှုတ်ဆက်ဖို့ မကြိုးစားတော့ဘဲ နေပစ်လိုက်သည်။ ယောကျ်ား ာလည်း ယောကျ်ားမာနနှင့်ပဲလေ။

"ဟော့ ... သတ္တိ၊ ငါတို့လာတယ်ဟေ့"

အအေးဆိုင်ထဲသို့ ကောင်လေးတစ်သိုက် အော်ဟစ် ရောက်ရှိလာသည်။ ဤကျောင်းမှ ဟုတ်ပုံမရချေ။ နှုတ်ဆက်သံ ကျယ်ကျယ်ကို ကြားပေမယ့် ဤနို မော့ကြည့်စပ်စုဖို့ စိတ်မကူးဘဲ ဲယ့်အအေးခွက်ကိုယ် ဖြည်းဖြည်းမော့သောက်၏။ သိုက်ထွန်းဦး ို့ ပြုံးပြုံးကြည့်နေမှာပဲဆိုတာ စိတ်ထဲမှာ သိနေ၏။

"ဘာကျွေးမှာလဲပြော"

"ကျွေးတဲ့နေ့ကမှ လာမစားဘဲ"

"ကျူရှင်ရှိလို့ဟ၊ ခုကျွေးလေ"

"ကျုပ်တို့က သူဌေးမဟုတ်ဘူး၊ အိမ်မှာပဲ ချက်ကျွေးနိုင် တယ်၊ ဆိုင်မှာဝယ်ကျွေးလောက်အောင် မပေါများဘူး"

"အောင်မာ ... ဒီနေ့ကမှ နင့်မွေးနေ့အစစ်ပဲဟာ၊ မရဘူး၊ စားမယ်"

ဩော် ... ဒီနေ့ တိ မွေးနေ့ဆိုပဲ၊ ဘယ်နနှစ်ပြည့် ဘာပါလိမ့်၊ မိမိနှင့် အတန်းတူ၊ စာမေးပွဲ တစ်ခါမှ မကျခဲ့ဖူးတာ ါ တူလျှင်တော့ နှစ်ဆယ်ပြည့်တာ ဖြစ်ရမည်။ ကျွေးတုန်းကမှ ာမစားဘဲ ဆိုသည့် စကားအရ သူ့အိမ်မှာ သူ ကျွေးပြီးပြီပေါ့၊ အဲသည်ယောကျ်ားလေး သူငယ်ချင်းအုပ်စုက ရောက်သာမလာ ဘာ၊ သူ ဖိတ်တော့ဖိတ်ခဲ့သည်ပေါ့၊ အဲသည်ကောင်တွေကျတော့ "သုံ့လူ"မို့ သူ ရင်းနှီးသတဲ့လား၊ သည်ကောင်တွေ အုပ်စုတစ်ဖွဲ့ ုံးက မေသံလွင်နှင့် စေ့စပ်ထားကြလေသလားဟု မေးချင်၏။

ဣန္ဒီ လိမ္မော်ရည်ခွက်ကို အပြီးတိုင် မော့ချ၏။ ဆိုင်မှထွက်သည်။

"တယ် ... ဒီကောင် အအေးဖိုးလည်း မရှင်းဘူး"

သော်လွင်က ထအော်လျက် ကမန်းကတန်း ငွေရှင်းသည်။

"ဟော့ ... ဣန္ဒီ၊ အောင်မယ် ... ဘာပုံလဲ ဒါက၊ ဘာကြီးလဲ"

လက်တစ်ဖက် ပခုံးပေါ်ရောက်လာသည်မို့ လှည့်ကြည့်ဖြစ်၏။

"မြင့်သိန်း"

"အေး ... စည်သူလည်း ပါတယ်"

"ငါ ... ဒီမှာ"

သူငယ်ချင်းတော့ သူငယ်ချင်းတွေပါပဲ၊ ခြောက်တန်း၊ ခုနစ်တန်းလောက်တုန်းက သူငယ်ချင်းတွေဖြစ်၏။ ဣန္ဒီက ရှစ်တန်းနှစ်မှာ ကျောင်းပြောင်းပြီးကတည်းက အတွေ့အမြင်ကျဲပါးသွားသလို တရင်းတနှီးလည်း မရှိကြတော့ပါ။ ခုတော့ တက္ကသိုလ်ကျောင်းသားတွေအဖြစ် ပြန်ဆုံသည်မို့ ငယ်ပုံစံပြန်ဝင်သည်။ သူတို့က စတင်၍ နောက်လား ပြောင်လားနှင့် ရင်းနှီးပြ၏။

"မင်း ဘယ်တုန်းက ပြန်ရောက်လဲ"

အတွေ့အမြင် နည်းပေမယ့် သတင်းတော့ ကြားမိရသည်။

"ကျောင်းဖွင့်လို့ ပြန်လာတာ"

"ဟိုမှာ ဘာဖြစ်လို့ ဆက်မတက်တာလဲ"

"ငါ ဆရာဝန်ဖြစ်ချင်လို့"



"ဟုတ်တယ်၊ ဒီကောင်က ငယ်ငယ်ကတည်းက ဆေးလိပ်အစီခံမှာ အုန်းတံမြက်စည်းအတံတပ်ပြီး ဆေးထိုးတမ်းကစားတဲ့ကောင်"

"ဒါ ငါတို့ဘော်ဒါတွေ၊ အားလုံး စက်မှု"

မြင့်သိန်းက သူနှင့်အတူပါလာသည့် သူငယ်ချင်းတွေနှင့် မိတ်ဆက်ပေးသည်။

"သူတို့က ငါ ကျောင်းပြောင်းပြီး ရှစ်တန်းနှစ်ကတည်းက စတွဲလာတဲ့ ကောင်တွေ"

သိုက်ထွန်းဦးတို့အဖွဲ့နှင့်လည်း ပြန်မိတ်ဆက်ပေးလိုက်သည်။

"ဒီမှာလည်း မိတ်ဆက်ပေးရဦးမယ်၊ သတ္တိ ... နင် သိပြီးပြီလားတောင် မသိဘူး၊ ဒီကောင် ဣန္ဒီစီ"

"ဟင့်အင်း"

သော်လွင့်မျက်နှာ ရှုံ့တွမဲ့ချိတ်သွားလေ၏။

"တစ်ကျောင်းတည်း တက်နေပြီး မသိဘူးဆိုတော့ အံ့တာပဲ၊ ကျောင်းတုန်းကဆိုရင် နင် မသိတာ တစ်ယောက်မှ မရှိဘူး၊ ကျောင်းဝင်းထဲမှာ ခွေးချေးကျုံးတဲ့ အလုပ်သမားက အစ"

မြင့်သိန်းက ရယ်၍ပြော၏။

"မသိသေးရင် သိလိုက်တော့၊ ဣန္ဒီစီတဲ့၊ ဒေါ်ရွှေအိမ်စံရဲ့ မြေးလား၊ မြစ်လား၊ တီလား၊ တွတ်လား မသိဘူး၊ စံမျိုး"

သတ္တိ မျက်နှာလေး တစ်ချက်မဲ့ကျသွားတာ ပါးပါးလှစ်လှစ်ကလေးမို့ မည်သူမျှ သတိထားမိလိုက်ဟန် မတူပါ။ သို့ပေမဲ့ ဣန္ဒီကတော့ မြင်ဖြစ်အောင်မြင်၏။

"သူ့ကိုကော မင်း သိလား"

"မြင်ဖူး တွေ့ဖူး ရှိနေပါတယ်"

သူ့လောက် "မသိဘူး"ဟု တုံးတိ ပြောမထွက်ပါ "သိပါတယ်"ဟုလည်း မပြောချင်။ သူကိုယ်တိုင်ကမှ မသိချင် မခင်ချင်တာလေ။

"မမသတ္တိတဲ့၊ နာမည်ရော လှရော အပျံစား"

"ငါ ဘယ်တုန်းက ပျံလို့လဲ၊ မြင့်သိန်းနော်"

"မိုးယံသို့ တူရူ တလူလူ လွင့်တက်ခြင်းကို ဆိုလိုခြင်း ဖြစ်ပါသည်"

မြင့်သိန်းက တွသံပေသံနှင့် ပြောသည်မို့ တစ်ဖွဲ့လုံး ရယ်ကြ၏။ မိန်းကလေးတွေလည်း အော်မရယ်သည့်တိုင် ပြုံးတော့ ပြုံးကြသည်။ ပြုံးရုံမျှပင် မပြုံးသူက နှစ်ဦးတည်း။

ဏ္ဍဒီနှင့် သတ္တိ။

"ရုပ်ချောတယ်၊ သဘောကောင်းတယ်ကွာ၊ နေရာတကာ ပါတယ်၊ စပ်စုတယ်၊ တစ်ကျောင်းလုံး သူမသိတဲ့သူ မရှိဘူး၊ စကားများတယ်၊ အာကျယ်တယ်"

"ငါ့ဘွဲ့ထူး၊ ဂုဏ်ထူးတွေက များလှချည်လား"

"ကျန်သေးတယ် နောက်တစ်ခု"

ဏ္ဍဒီ ရင်ထဲ တော်တော်ကလေးမျက်သည်။ ကိုယ်တိုင်က ယောကျ်ားလေး၊ ယောကျ်ားလေး သူငယ်ချင်းတွေနှင့် ပြောမနာ ဆိုမနာ၊ ဆဲမနာ တရင်းတနှီး ရိုက်ပုတ်ထိုးကြိတ် မနာကြေးဆိုသည်အထိ ပေါင်းပါသည်။ သို့ပေမဲ့ မိန်းမသားတွေနှင့်ကျတော့ သူငယ်ချင်း ဆိုတာတောင် သည့်လောက် တရင်းတနှီး မရှိပါ။



မိန်းမသားတွေကို အားနာတာလည်းပါသည်။ ကိုယ့် [illegible] မိန်းမဝါသနာပါသူ၊ မိန်းမတွေနှင့် ဒွေးရောယှက်တင် နေချင်သူဟု အထင်သေး အမြင်သေး မခံနိုင်တာလည်း ပါသည်။ ကိုယ့်မာနနှင့်ကိုယ်ဟု စွပ်စွဲလျှင်လည်း ခံယူရုံသာရှိ၏။ ခပ်ကင်းကင်းလေး နေလိုက်သည်ချည်း။ ယခု မမသတ္တိဆိုသည့် မာနမင်းသမီး မြင့်သိန်းတို့နှင့်ကျတော့ ရောလှချည်လား။

မျက်စိတောင်နောက်သည်။

"ငါတို့က ငယ်ငယ်ကတည်းက အိမ်နီးပါးချင်းတွေလေ၊ သူ့အကြောင်းတော့ ကောင်းကောင်းသိတယ်"

ဏ္ဍဒီ မျက်နှာမှာ မကြိုက်သလိုပုံစံက ဖုံးဖိမရပေါ်လွင်၏။ မြင့်သိန်း သတိထားလိုက်မိသည်။ ဏ္ဍဒီတို့မျိုးရိုးက အကြောင်းမသိလျှင် မိုးထိအောင် မာနထောင်ကြသူတွေအဖြစ် သူတကာ မျက်မုန်းကျိုးချင်စရာ။ သို့ပေမဲ့ စည်းနှင့် ကမ်းနှင့် ကလနားနှင့် ဆိုတာလို ဒူးနေရာဒူး၊ တော်နေရာတော် ဆိုတာတွေလည်း ရှိသည်။ ပညတ်ချက်တွေလည်း များ၏။ ဏ္ဍဒီတို့စံမျိုးထဲမှာ မည်သည့် မိန်းကလေးမျှ သတ္တိတို့လို ပွင့်လင်းရဲတင်းစွာ နေခွင့်မရှိတာ မြင့်သိန်း သိသည်။

သည်ကောင် မျက်စိနောက်လောက်ပြီ။

"နှုတ်ကလည်းသွက်၊ အချွဲကလည်း ကောင်းလို့ သူ့ကို အာသွက်ခရာလို့ ခေါ်တယ်"

သတ္တိက မြင့်သိန်းကို လွယ်အိတ်နှင့် လှမ်းရိုက်သည်။ မြင့်သိန်း ကျောကော့၍ရယ်၏။ ဏ္ဍဒီ မျက်နှာက ပြင်မရအောင် ပျက်တော့သည်။

ငယ်တုန်းကဆို အဲသည် မြင့်သိန်းနှင့် ထွေးခင်းကြ၊ အရုပ်လေးတွေထောင်၍ ဂေါ်လီပစ်ကြ၊ သတ္တိတို့က ဂျင်ဆိုလည်းပေါက်၊ စွန်ဆိုလည်းလွှတ်၊ မြင့်သိန်းလည်း ထုပ်ဆီးတိုးအဖွဲ့ထဲပါ၊ ကုလားမစည်း တူတူခုန် အဲသည်လို ကြီးပြင်းခဲ့ကြသည်။ အရွယ်လေးတွေ ရလာသည့်တိုင် မြင့်သိန်းက ရည်းစားသာနှစ်ယောက်ပြောင်းရော သတ္တိကိုဆို နည်းနည်းကလေးမှတောင် သရိုးသရီမရှိ။

"ငါ့မျက်စိထဲ နင့်နှပ်ချေးတွေ တွဲလောင်းကျလာလိုက်၊ ပြန်ရှုံ့သွင်းလိုက်၊ ဆင်းလိုက် တက်လိုက် ဖြစ်နေတာ ဖျောက်လို့မရတာနဲ့ကို မကြိုက်တာ"

အဲသည်လိုကြီး ဘွင်းဘွင်းကြီး ပြောပြီးသား။

ကလေးဘဝမှာ တစ်ယောက်ကျောကုန်းကို တစ်ယောက် ခွစီးခဲ့သည်။ ရန်ဖြစ်လျှင် လုံးထွေးသတ်ပုတ်ခဲ့သည်။ အပျိုလူပျိုလေးတွေ ဖြစ်လာတော့ မြင့်သိန်းက အားနာစွာ ရန်ဖြစ်လျှင် လက်မပါတော့ဘဲ စကားနှင့်သာ နိုင်အောင်စစ်ထိုး၏။ သတ္တိက လက်နှင့်မဟုတ်သည့်တိုင် အနားရှိတာနှင့် ကောက်ထုတတ်ကျင့်ကို မဖျောက်နိုင်သေး၊ အဲသည်လို ရင်းနှီးပြီးသားဆိုတာကို မသိသေးသူအဖို့ တော့ သတ္တိ နေပုံထိုင်ပုံက မျက်စိနောက်စရာလို ဖြစ်နေတော့သည်။

"အခုရော တစ်ကျောင်းလုံး တော်တော်လေးမှ နားငြီးကြရဲ့လား"

သူငယ်ချင်း အုပ်စုကြီးက ကြီးမားသွားတော့သည်။ မြင့်သိန်းတို့အဖွဲ့၊ ဣန္ဒိတို့အဖွဲ့၊ သတ္တိတို့အဖွဲ့ သုံးဖွဲ့ပေါင်းကာ ထိုင်စရာမရှိ မိုးတိုးမတ်တတ်တွေဖြစ်။ သူ့ကျောင်းအကြောင်း၊



ကိုယ့်ကျောင်းအကြောင်းတွေ ပြောကြ၊ စကားနိုင်လုကြ၊ ရယ်မောကြနှင့် အသံတွေ ရှုပ်နေသည့်အထဲမှာ ဣန္ဒိ အသံက ပျောက်နေသည်။ သတ္တိအသံက အကျယ်ဆုံးလို ဖြစ်နေသည်။ ဣန္ဒိ နေရင်းထိုင်ရင်း စိတ်ညစ် စိတ်ရှုပ် စိတ်ကုန် ဖြစ်လာသည်မို့ ထရပ်သည်။

"ငါ သွားတော့မယ်"

ဣန္ဒိ ထွက်သွားလျှင် ကျန်အဖွဲ့သားတွေနှင့် မရင်းနှီးသည့် သိုက်ထွန်းဦး၊ သော်လွင်နှင့် အေးကျော်အောင်တို့ကပါ ကျန်နေလို့ မဖြစ်သည်မို့ သူတို့ပါ လွယ်အိတ်လွယ်၍ ထရပ်ကြသည်။

"ဆန်းဒေး လာခဲ့ကြမလား၊ မုန့်ကျွေးမယ်"

"အထိမ်းအမှတ်က ..."

"ငါ့မွေးနေ့"

"စားကြောဆိုရင် ဘယ်ငြင်းမလဲ"

ဣန္ဒိ မွေးနေ့က လွန်ခဲ့တဲ့ သုံးလကျော် လေးလကတည်းက ပြီးမြောက်ခဲ့တာ၊ ရန်ကုန်ကိုတောင် ပြန်မရောက်သေး၊ နိုင်ငံခြားမှာတင် နှစ်ဆယ်ပြည့်သွားတာကို ဆယ်တန်းတူတူအောင်ခဲ့ကြသူတွေမို့ သိုက်ထွန်းဦးတို့ သိသည်။

အခု မွေးနေ့ဖြစ်ပြန်ပြီတဲ့၊ ဘယ်လိုပါလိမ့်။

"ဘာစားချင်ကြလဲ၊ ကြိုက်တာပြော၊ တရုတ်စာ၊ ကုလားစာ၊ ဘိုစာ၊ မြန်မာစာ"

"အစုံစားလို့ မရဘူးလား"

"ရတယ်"

"ဒါဖြင့် မြန်မာထမင်းဖြူနဲ့ အုန်းထမင်းပေါ့၊ တရုတ်ဟင်း သုံးခွက်၊ ကုလားဟင်းသုံးခွက်၊ ဘိုဟင်းသုံးခွက်၊ ဘာလချောင်ကြော်ဆိုရင် တော်ပြီ၊ ငါးပိ တို့စရာ မလိုဘူး"

"ဖြစ်တယ်"

"မွေးနေ့လက်ဆောင် ပေးဖို့လိုလား"

"လိုတယ်၊ ငါးကျပ်တန်အောက် ကြိုက်တာဝယ်ခဲ့၊ ငါးကျပ်ကကျော်ရင် မယူဘူး"

"ကောင်းလိုက်တဲ့ မွေးနေ့ပွဲကြီးပါလားကွာ၊ ဒါမျိုး နေ့တိုင်း တွေ့ချင်ပါဘိ"

"မင်းတို့ဆီက အမှတ်တရလေးတွေတော့ လိုချင်တယ်၊ ဒါက ခင်မင်မှု အထိမ်းအမှတ်ပေါ့၊ တန်ဖိုးကြီးတော့လည်း မင်းတို့မုန့်ဖိုး ထိခိုက်မှာစိုးတယ်"

"အေးပါ၊ မင်း သုံးတာမျိုးလည်း တို့က ဝယ်မပေးနိုင်ပါဘူး၊ နိုင်ငံခြားပြန် ကိုယ်တော်မြတ်ရဲ့"

"ဟော့ကောင် … ငါတို့ကောလား"

အေးကျော်အောင်က ဝင်မေး၏။

"တူတူပေါ့၊ ဒီဝိုင်းထဲမှာ ရှိသမျှ သတ္တဝါအားလုံး"

"ကြားကြလား၊ စားပွဲခုံအောက်က ပုရွက်ဆိတ်တွေရေ၊ မင်းတို့လည်း ပါတယ်၊ ငါးကျပ်တန်အောက် မွေးနေ့လက်ဆောင်တွေနဲ့ လာခဲ့ကြ"

"ခင်ဗျားတို့နာမည်နဲ့ လူနဲ့တွဲမသိတာ ကျွန်တော့်ကို ခွင့်လွှတ်ပါ ခင်ဗျ၊ မချွေဝါတို့လည်း ဖိတ်ပါတယ်၊ တစ်ဖွဲ့လုံး"

"အဲဒါ ပေါက်ပေါက်၊ ချွေဝါ မဟုတ်ဘူး"

သဇင်က ဝင်ပြော၍ရယ်၏။

"ကျွန်တော်က မချွေဝါ နာမည်တစ်ခုပဲ မှတ်မိထားလို့ပါ"

"ဖြစ်မယ်၊ ကိုကြူခွိ အိမ်မှာ ကြောင်အဝါတစ်ကောင်ရှိတယ် မဟုတ်လား"



"မချွေဝါ ဘယ်လိုသိလဲ"

"ပညာရှိ အမျိုးသမီးပဲ၊ ကြောင်နာမည်နဲ့ တွဲပြီးမှတ်ထားလိုက်မယ်ဆိုတာ သိတာပေါ့"

"ဟုတ်ကဲ့ … အားတော့နာတယ်၊ ကျွန်တော်က စကားမချောဘူးခင်ဗျ၊ အာသွက်ရော မဟုတ်လို့"

ရယ်ကြပြန်၏။ သတ္တိမျက်နှာက တင်းနေသည်။

"ဘယ်အချိန်လဲ"

"ဒီဆန်းဒေး မနက်လင်းတဲ့အချိန်ကစပြီး ညမိုးချုပ် နေဝင်ထိ ကြိုက်တဲ့အချိန် လာလို့ရတယ်၊ ပျော်ချင်ပါးချင်ရင် သူငယ်ချင်းတွေဆုံပြီး စကားပြောချင်ရင်တော့ အချိန်ကို အချင်းချင်း ညှိကြပေါ့၊ မြင့်သိန်းနဲ့ စည်သူက ဒီအဖွဲ့ကို အကုန်ပါအောင် တာဝန်ယူပေးပါကွာ"

စက်မှုအုပ်စုကို ဖြည့်၍ပြောတော့ စည်သူက ဖြစ်စေရမယ်ဟု တာဝန်ယူ၏။

"ငါတို့ ပရက်တီကယ်ရှိလို့ကွာ၊ ခွင့်လွှတ်နော် စည်သူ၊ မြင့်သိန်းနဲ့ တစ်ဖွဲ့လုံး"

"ဆန်းဒေးမျက်နှာနဲ့ ခွင့်လွှတ်ပြီးသားပါကွာ"

"ဪ … မသတ္တိ"

"ကျွန်မနာမည် မမသတ္တိ"

"ဟုတ်ကဲ့ မ မမသတ္တိ၊ ကျွန်တော် မွေးနေ့ဖိတ်ကြားသူတွေမှာ မ မမသတ္တိ မပါပါဘူး ခင်ဗျ၊ မ မမသိတ္တိကို ကျွန်တော် မဖိတ်ပါဘူး"

"ဘာ"

ဣန္ဒိက ကိုယ်ကိုယ်ပို့၍ အထူးလေးစားစွာ ပြောသည်။ သတ္တိ မျက်လုံးတွေက မီးထတောက်သလား ထင်ရသည်။

"လာပါရစေလို့များ ဒူးထောက်မိသလား"

"မဟုတ်ပါဘူး၊ ခင်ဗျားက ကျွန်တော့်ကို မရင်းနှီး မခင်မင်ချင်သူဆိုတာ သိထားရလို့ ခင်ဗျား မလာချင်တာမလာဘဲ စိတ်လွတ်လက်လွတ် နေနိုင်အောင် မဖိတ်တဲ့အကြောင်း အသိပေးတာပါ၊ ခင်ဗျား အတွက်ပါ"

"ရှင့်မွေးနေ့ကို မတက်ရောက်သူတိုင်း သေဒဏ်ဆိုရင်တောင် ကျွန်မ ကြိုးစင်ကို ရင်ကော့ပြီး တက်သွားမယ်"

"အဲဒီလို ခံစားရမှာစိုးလို့ မဖိတ်တဲ့အကြောင်းကို အလိုက်သိစွာ ပြောတာပါ"

သတ္တိ ... ဣန္ဒိကို ပေါက်ထွက်တော့မတတ် စိုက်ကြည့်သည်။ ဣန္ဒိ ပါးပြင် ဖြူဖြူစင်စင်ကို သွေးခြင်းခြင်းရဲသွားအောင် လက်သည်းရှည်များဖြင့် ကုတ်ခြစ်ဆွဲချပစ်လိုက်ချင်၏။ ခုနေ မြေကြီးဟက်တက်ကွဲပြီး အဲသည်ယောက်ျား ချော်လဲပြိုကျ နစ်မြုပ်သွားပါစေဟု ဆုတောင်းပစ်လိုက်ချင်၏။

အသည်းတဆတ်ဆတ်ခါအောင် နာ၏။

တူးခါးနေအောင် မုန်းသည်။ ချဉ်စုတ်နေအောင် ရွံရှာသည်။ စက်ဆုပ်သည်။ သည်ထက်ဆိုးရွားသော စကားလုံးတွေရှိလျှင် သုံးချင်သေးသည်။ လူတစ်ယောက်အပေါ် မုန်းတီးရွံရှာ၊ စက်ဆုပ်အထင်သေး၊ စိတ်ပျက်စိတ်ကုန်၊ မျက်နှာမကြည့်ချင်ဆိုသည့် စကားလုံးတွေက တကယ့်ခံစားမှုနှင့်ယှဉ်တော့ အများကြီး သေးဖွဲ့သိမ်ငယ်၍ကျန်၏။



ရာဇဝတ်မှုသာ မသင့်ဘူးဆိုလျှင် အဲသည်ယောက်ျား၏ ရင်ညွန့်တည့်တည့်ကို ဓားချွန်ချွန်နှင့် ထိုးစိုက်ပြီး ဝမ်းဗိုက်ပေါက်သည်အထိ ခွဲချလိုးဖြတ်ပစ်ချင်လိုက်တာလေ။ အဲသည်လူကို သတ်ရပြီးရော၊ ငရဲကြီးလျှင်တောင် ခါးစည်းခံလိုက်ချင်သည်။

"တီ"

နာမည်နှင့် လိုက်ဖက်စွာ အဲသည်အုပ်စုထဲမှာ အငြိမ်းချမ်းဆုံးဖြစ်သည့် ငြိမ်းငြိမ်းက သတ္တိလက်မောင်းကို ဖမ်းဆုပ်သည်။ သူ့သူငယ်ချင်း အဆုံးစွန် ပေါက်ကွဲသွားတော့မှာ သိလိုက်သည်။ အချိန်မီ မထိန်းသိမ်းနိုင်လျှင် လူလယ်ကောင် ရှန်းရှန်းဝုန်းဝုန်းဖြစ်တော့ ရှက်ရမှာ မိန်းမသားလေ။

"လာလေ တီ"

ကြွေဥက တစ်ဖက်လက်မောင်းကို ဝင်တွဲသည်။ နှစ်ယောက်သားညှပ်၍ ကိုယ်ကိုဆွဲလှည့်ကာ ကျောခိုင်းပုံစံဖြစ်အောင် အရင်လုပ်ပြီးမှ ဆွဲခေါ်ရသည်။ သတ္တိ လိုက်လျောစွာပါလာ၏။ ကိုယ့်စိတ်ကိုယ် သိသလို မိန်းမသားဗီဇကိုလည်း ကိုယ့်ဘာသာသိသည်။ မိန်းမဆိုတာ စိတ်ဆိုး၊ ဝမ်းနည်း၊ ဒေါသဖြစ် မည်သည့်ခံစားချက်မျိုးကိုပဲဖြစ်ဖြစ် လွန်ကဲစွာ ခံစားရပြီဆိုလျှင် မျက်ရည်ကျတတ်သည်။

မျက်ရည်ဆိုတာ အရှုံးပစ္စည်း။

သည်လူတစ်ယောက်အတွက် သတ္တိ မျက်ရည်အကျမခံနိုင်ဘူးလေ။

❋ ○ ❋

## အခန်း(၃)

"ဣန္ဒိစံပါ"

"ကျောင်းက သူငယ်ချင်းလေ"

"ဘယ်သူပါလဲခင်ဗျ"

"မပြောချင်ဘူး၊ ရှက်လို့"

"ဩော်"

"တို့က မိန်းမသားလေ၊ ဣန္ဒိကို ဖုန်းစဆက်ရတယ်ဆိုတော့ နည်းနည်းပါးပါး အရှက်တရား နည်းသွားသလိုဖြစ်နေတယ် မဟုတ်လား၊ ခင်ချင်တာကို တားမရလို့"

ဣန္ဒိစံ မျက်ခုံးရှုံ့လေ၏။ ဒါမျိုးက သိပ်အံ့ဆန်းတော့ မဟုတ်ပါ။ ဣန္ဒိ နိုင်ငံခြား ထွက်မသွားခင်ကဆို အရွယ်ကလည်း ငယ်သေး၊ ပညာကျတော့ ဆယ်တန်း။ "စံ"မျိုးမို့ ဆွေမျိုးတော်ချင်သူ လူကြီးသူမတွေကသာ စိတ်ဝင်စားလျက် ရွယ်တူတန်းတူတွေထဲ သိပ်မျက်နှာမပွင့်သေးပါ။ ပြန်လာတော့ အခြေအနေက တစ်ဟုန်ထိုးကြီးကို ပြောင်းသွားခဲ့သည်။

ဣန္ဒိစံ ...။ လူပုံက ခပ်မိုက်မိုက်၊ နိုင်ငံခြားပြန်မို့ သုံးလိုက်စွဲလိုက်လျှင် "အစင်းပစ်"တွေချည်း။ တက်တော့ ဆေးတက္ကသိုလ်။ "အ"နှစ်ထောင်ကျော် နစ်ဆန်း"လော်ရဲ"ကားကြီးက



သည့်ထက် သစ်စရာမရှိတော့လောက်အောင် ဖိတ်ဖိတ်လက်လျက်၊ ကျောင်းသို့ နေ့တိုင်း ကိုယ်တိုင်မောင်းယူလာသည်။ သူငယ်ချင်းတွေ ဝိုင်းစီးကြ၊ ဘယ်ပို့ပေးရမလဲ၊ ဓာတ်ဆီတစ်ဂါလန်ဘယ်ဈေးဖြစ်ဖြစ် သုံးနိုင်၏။

ဆိုတော့ ...

ဣန္ဒိ နာမည်မကြီးလျှင် ဘယ်သူကြီးတော့မလဲ၊ သတင်းက တောမီးထက်တောင် အပျံ့မြန်ကာ သိချင်ခင်ချင်သူတွေ မိုးတွင်းမို့ ဖက်ဆွတ်မှိုတွေ ထပွင့်သလို အပြန့်ကားကားနှင့် များလှပါဘိခြင်း။

"အိမ်ကတယ်လီဖုန်းလည်း ကိစ္စရှိလို့ ဆက်မယ်ကြံရင်တောင် တစ်ဖက်ခေါ်သံကြားလို့ မဆက်ရဘူး၊ သားလေးဆီ မိတ်ဆက်ကြတာများ၊ မင်းသားမဟုတ်၊ အဆိုတော်မဟုတ် လူကြိုက်များလိုက်ကြပုံများနှယ်"

ဒေါ်တင်တင်စံ မျက်ကြောစင်း၊ မေးပင့်၍ ဂုဏ်ယူမဆုံး ရှိလှပါဘိခြင်း။

မျက်နှာမော့မည်ဆိုလျှင် မော့လောက်၏။ ဣန္ဒိကဆီ တယ်လီဖုန်းထဲမှာ "ဣန္ဒိရှိပါသလား"ဆိုသည့် မိန်းကလေးသံကြားလျှင်တောင် စိတ်ညစ် စိတ်ရှုပ်နေရပြီ။ ယဉ်ကျေးမှုအရအကြားပြန်ပြောရသည့်တိုင် ရိုးအီကာ လုံးဝစိတ်မဝင်စားတော့သည့်အဆင့်သို့တောင် ရောက်နေပြီဟုသော ...

အဲသည်အမှန်စကားကို လူပုံအလယ်ချပြောလျှင် အများဝိုင်းအမြင်ကတ်ခံရရုံမျှမက မျက်မုန်းကျိုးသူများ၏ ချောင်းရိုက်ခြင်းကိုတောင် ခံရနိုင်စရာရှိသည်။

"ဘာလဲ ... မပြောချင်ဘူးလား၊ ဘာပုံကြီးလဲ"

ရော် ... ခက်ပါဘိ။ ဘယ်လိုမိန်းကလေးလဲ၊ သူကပဲ စဆက်၊ သူကပဲကော၊ ဣန္ဒိ မျက်ခုံးနှစ်ခုလုံး ထောင့်ကျိုးအောင် ချိုးပစ်လိုက်သည်။

"မပြောချင်ဘူး ဆိုရင်လည်း ပြောပါလို့ တောင်းပန်မယ့်သူပါ"

"ကျွန်တော် အဲဒီသဘော မဟုတ်ပါဘူး"

လျင်မြန်စွာ တောင်းပန်ဖြစ်လိုက်တာကတော့ မြန်မာရော အင်္ဂလိပ်ရော အရှေ့အနောက် ယဉ်ကျေးမှုနှစ်ခုပေါင်းနှင့်ပါ။ မြန်မာလူမျိုးဆိုတာက အားနာကတ်သည်။ တစ်ဖက်သားအပေါ် မနှစ်လိုမှုကို ပေါ်လွင်သွားမှာ အားနာစိတ်မကောင်းစွာ ဖုံးဖိတတ်သည်။ အင်္ဂလိပ်ယဉ်ကျေးမှု ဆိုတာကတော့ မိန်းမသား ဦးစားပေးလေ။

"တို့နာမည် သမီးငယ်ပါ၊ အဲဒါ နာမည်ရင်းပဲ"

"ဟုတ်ကဲ့"

"ခင်ချင်တယ်"

"ခင်ပါ"

"တို့ကျောင်းကို လာလည်မလား"

"ကျွန်တော် ကျောင်းပျက်ခံလေ့ မရှိလို့ပါ"

"ဒါဖြင့် တို့လာလည်မယ်၊ မုန့်စားဆင်းချိန်၊ အတန်းမပျက်အောင်လို့"

"ရပါတယ်"

"မုန့်ကျွေးမလား"

"ရပါတယ်"



"တို့က ဣန္ဒိကို သိတယ်၊ သမီးငယ်ပါလို့ လာပြီးနှုတ်ဆက်မယ်လေ၊ မနက်ဖြန် မုန့်ဆိုင်တစ်ဆိုင်မှာသာ ကျောင်းဆင်းဆင်းချင်း ထိုင်နေပါနော်၊ တောင်းဆိုတာပါ၊ အကူအညီတောင်းတာပါ၊ အမိန့်ပေးတာ မဟုတ်ပါဘူး၊ တို့က ဣန္ဒိရဲ့မာနကို ကြောက်ပါတယ်"

"ရပါတယ်"

ယောက်ျားဆိုသည်မှာ ထက်မြက်မျိုး၊ မိန်းမသား များထက် လက်ရုံးရည်ရော နှလုံးရည်ပါ သာသည်ဟု ယေဘုယျ အားဖြင့် အများစု လက်ခံကြသည်။ စိတ်ထားရော ခွန်အားပါ နွမ်းအားပို၏။ သို့ပေမဲ့ ယောက်ျားအများစု၏ အားနည်းချက်မှာ "အားနာခြင်း"ပင် ဖြစ်လေ၏။ မိမိထက် အားနည်းသူ အားနွဲ့မျိုး မိန်းမသားတွေနှင့် ပတ်သက်လာလျှင် ခွန်အားသတ္တိတွေ ထုတ် ရမှာ၊ ခက်မာထန်တင်းရမှာ အားနာတတ်ကြသည်။

"ဂေါ်ဇီလာနဲ့ နပန်းလုံးပြီး ဒိုင်နောဆောနဲ့ လက် ချင်း ထိုးချင်တယ်ကွာ၊ မိန်းမဆိုတဲ့ ပုဂ္ဂိုလ်တွေ အိညက် ညက် လာချွဲရင် ခံနိုင်ရည်ကို မရှိဘူး၊ တကယ်"တဲ့။

ဣန္ဒိ အစ်ကိုဝမ်းကွဲတစ်ယောက် ရည်းစားနည်းနည်း သည်။ အမျိုးဂုဏ်မှာ အသရေနွမ်းပါပြီဆိုပြီး ဒေါ်တင်တင်စံက ဆုတော့ လိုမ့်ပိမ့်ခံလာခဲ့ရပြီးမှ ဣန္ဒိထံမှာလာ၍ ရင်ဖွင့်ရှာ၏။

"ငါ့ကို လာရောတယ်ကွာ၊ ငါက ခြေဆောင့်မရလား၊ က်စောင်းထိုးရမလားပြော"တဲ့။

ဣန္ဒိ အော်ရယ်ပေးခဲ့၏။

"ငါ့နောက်က တကောက်ကောက် မလိုက်နဲ့နော်၊ ပါးရိုက်လွှတ်မှာလို့ ပြောရမလား"

"ပြောချင် ပြောပေါ့"

"အစ်ကိုတွေနဲ့ တစ်ကျောင်းတည်း တက်နေတာ၊ တွေ့သွားရင် အမေ့ကို ပြန်တိုင်လိမ့်မယ်၊ အမေက ငယ်သေးတယ်တဲ့ခင်ဗျာလို့ ပြောရမလား"

"ပြောချင် ပြောပါဆို"

"မပြောချင်လို့ ခက်နေတာပေါ့ဟ၊ သေပါလား ပြောလို့ဖြစ်မလားကွ"

ညီအစ်ကိုနှစ်ယောက် တွန်းထိုးရယ်မောရင်း ဒေါ်တင်တင်စံ ဆူတာကို ဟာသလုပ်ခဲ့ဖူးသည်။

"ကျွန်တော် အဲဒါတွေ မစဉ်းစားသေးလို့၊ ကျောင်းပြီးဘွဲ့ရမှပဲ ပြောကြပါခင်ဗျာလို့ တောင်းပန်လို့လည်း မဖြစ်ဘူး"

"တောင်းပန်ရအောင် ကောင်မလေးတွေက အစ်ကို့ကိုချစ်ပါရစေ လာပြောနေကြလို့လား"

"မယုံမရှိနဲ့၊ တချို့ တော်တော်ကဲတဲ့ ကောင်မလေးတွေပါးစပ်က ကွမ်းစားပြီး နှုတ်ခမ်းနီ ဆိုးတာထက် ရဲသေး"

"ဟုတ်လို့လား"

အဲသည်တုန်းက ဤသို့ ကိုးတန်းကျောင်းသားပဲ ရှိသေးသည်။ လူပျိုပေါက်မို့ စကောစက အချိုးမကျ၊ ဆံပင်ပုံစံကအစ တစ်ခါညှပ် တစ်ပုံစံဆိုသလို နဂိုရှိသလောက် နဂိုင်းမထွက်သေးချိန်မို့ ဒေါ်တင်တင်စံ သားပေမယ့် လူကြီးပိုင်းလောက်ထဲသာ မျက်စိကျချင်သည်။ လူငယ်မိန်းကလေးတွေ အသိုင်းအဝိုင်းမှာ "ခပ်မိုက်မိုက်"ပုံစံ မဖြစ်သေးချေ။



အစ်ကို့အဖြစ်ကို ဝိုင်းရယ်ပေးနေရင်း အပြစ်တင်ရမှာလား၊ အားကျရမှာလား ဆိုတာ မဝေခွဲနိုင်ဘဲ မယုံမရဲ ဖြစ်ခဲ့ရသည်။

"အချို့ကျတော့လည်း ပေါက်တူးကြီး တကိုင်ကိုင်ပေါ့ကွာ"

"ဘာလုပ်ဖို့လဲ၊ အစ်ကိုဖြိုးပြို၊ မိန်းမက ပေါက်တူးကိုင်ပြီး ဘာပေါက်မှာလဲ"

"မြောင်းပေါက်မလို့ ရေလာအောင်"

"ရေလာတယ်ဆိုတာ ပိုက်ဆံရတာကို ပြောတာမဟုတ်ဘူးလား"

"အဲဒါ ... အဲဒါက ရေလျှံတာ"

"ဟုတ်သားပဲ"

"မင်းလည်း ဒေါ်တင်တင်စံသားဆိုတဲ့ ဘွဲ့ထူးကြီးပိုက်ပြီး တုံးချင်တိုင်း တုံးမနေနဲ့၊ မိန်းကလေးတွေတောင် ဟော့တ်နေတဲ့ခေတ်မှာ ယောကျ်ားလေးဆိုတာ ဟော့တား ဟော့တက်စ် ဖြစ်ရမယ်"

"အဲဒီစကား ရှိလည်းမရှိဘဲနဲ့"

"ဟာကွာ ... မရှိဘဲ ပြောနေတာတွေ အများကြီး၊ မဖြစ်ပါဘူး၊ မင်းကိုတော့ လက်ထပ်သင်ကြားပေးရတော့မယ်၊ လူဆိုတာ နေရင်းထိုင်ရင်း ဘယ်သူ့နာမည်ပျက်ရချင်မလဲ၊ လူကြိုက်များတော့ ငြင်းရမှာ အားနာပြီး နည်းနည်းပါးပါး ပြန်ရောရတာ၊ မင်းအမေ မျက်စိထဲမှာ ငါ့ကို သူကြီးသေနတ် မှတ်နေတယ်"

"ဘာလဲ၊ သူကြီးသေနတ်ဆိုတာ"

"ဟိုအရင်ခေတ်ကကွာ၊ တောတွေမှာ သူကြီးတွေကို သေနတ်ကိုင်ခွင့် ပေးထားတာ၊ မရစဖူးရတော့ လက်တည့်စမ်းပြီး သိပ်ပစ်ချင်နေတာနဲ့ ဟိုချိန်ဒီချိန်၊ ဟား ... ဟား"

အဲသည်နေ့ကစ၍ အဲသည်အစ်ကို့ကို ဣန္ဒိက "သူကြီး"ဟု ခေါ်တော့သည်။ အစ်ကိုသူကြီးကို ဣန္ဒိ လူပျိုကြီးဖားဖားဖြစ်မှ ကိုယ်ချင်းစာနိုင်တော့သည်။

သမီးငယ်တဲ့၊ လာပြန်ပြီ တစ်ယောက်။

ကိုယ့်ကိုခင်လို့ ဖုန်းနှင့် စာနှင့် စတင်မိတ်ဆက်သူတွေ၊ သူငယ်ချင်းတော်ခွင့်ရပြီးသည့်နောက်မှာ ရေလာအောင်မြောင်းဖောက်ဖို့ ပေါက်တူးတကိုင်ကိုင် ဖြစ်နေကြသူတွေ၊ မသိမသာရော သိသိသာသာရော ဆွတ်လျှင်ညွတ်မည်ဖြစ်ကြောင်း သိခွင့်ပေးထားကြသူတွေ၊ အဲဒီလို များပြားလှစွာသော မိန်းမသားတွေ ဒုနဲ့ဒေးကြားမှာ မမသတ္တိဆိုသည့် ပုဂ္ဂိုလ်မလေး မပါဝင်ပါလား။

မမသတ္တိလို မိန်းမသားတွေလည်း ဒုနဲ့ဒေးမကဒေးနဲ့ဒုကို ရှိနေမှာပါဟု တွေးမိရင်း ထိုမိန်းမသား အမျိုးအစားထုထည်ကြီး တစ်ရပ်လုံးကို လေးစားချီးကျူးလိုက်မိတော့သည်။

❋ ○ ❋

"သမီးငယ်ပါ"

"ဪ ... ကျွန်တော် ဣန္ဒိပါ"

"သိပြီးသားပါ"

ဣန္ဒိ ဘေးမှခုံကို သူ့ဘာသာဆွဲ၍ ဝင်ထိုင်သည်။

"ထမင်းစားနေတာလား"



"ဟုတ်ကဲ့"

ဣန္ဒိ အိမ်မှ ထမင်းဘူးယူလေ့ ရှိသည်မို့ မုန့်စားဆင်းချိန်ဆို အအေးဆိုင်မှာပဲ ထိုင်ဖြစ်သည်။ ကျောင်းမှာဝယ်စားဖို့ မုန့်ဖိုးမတတ်နိုင်၍ မဟုတ်ပါ။ ဣန္ဒိ ထမင်းဘူးက ကျောင်းမှာရှိသမျှ မုန့်ဆိုင်အားလုံး ရှိသမျှမုန့်တွေထက် အများကြီး ပိုကောင်းနေတတ်၏။ တစ်ခါတစ်ရံ မုန့်တွေ ပေါက်သောက် လျှောက်စားချင်စိတ် ရှိသည့်အခါမျိုး၊ သူငယ်ချင်းတွေကို ကျွေးဖို့ အစီအစဉ်ရှိသည့်အခါမျိုးသာ ဣန္ဒိ ထမင်းဘူးမယူဘဲ ချန်ခဲ့လေ့ရှိသည်။

"သမီးငယ်မှာပါ၊ စားချင်တာမှာပါ၊ ကျွန်တော် ကျွေးပါ့မယ်၊ ကျွန်တော့်သူငယ်ချင်းတွေနဲ့လည်း မိတ်ဆက်ပေးရဦးမယ်"

သူ့ခများ မိန်းကလေး တစ်ယောက်တည်း။

ပြီးတော့ ဆေးတက္ကသိုလ်ဆိုသည့် အရှိန်အဝါကလည်း အဟန့်ထည့်လှသည်။ ဆေးတက္ကသိုလ်မှ မဟုတ်ပါ။ မည်သည့်တက္ကသိုလ်မဆို ကိုယ်တက်နေကျ ကျောင်းမဟုတ်ဘဲ တခြားကျောင်းသို့သွားရလျှင် ရှိန်တတ်ကြမြဲဖြစ်၏။ သိုက်ထွန်းဦးတို့အုပ်စုက ပျော်တတ်ပါးတတ်သူများပေမယ့် မိန်းကလေးမြင်တိုင်း အငမ်းထူကြသူတွေ မဟုတ်ချေ။ ယဉ်ကျေးကြသူတွေပဲမို့ တစ်ယောက်တည်း ရောက်လာသည့် သမီးငယ်အတွက် အဆင်ပြေအောင် ကူညီပေးကြ၏။

"ခင်ဗျားတို့အုပ်စု အရမ်းသဘောကောင်းတာပဲ၊ သမီးငယ် အရမ်းခင်သွားပြီ"

သမီးငယ်က သွက်၏။

မျက်နှာပေါ်မှာ ဆေးဆိုးပန်းရိုက် အကွက်ဖော်အဆင်ထည့်ထားပုံက ရိုက်ကွင်းသွားမည့် ရုပါမင်းသမီးက အရှုံး

ပေးရမည်။ အပြောအဆို အနေအထိုင်နှင့် ဝတ်စားဆင်ယင် အားလုံး ပွင့်လင်းရဲတင်း လွတ်လပ်နေ၏။

"ဣန္ဒြီ ထမင်းဘူးထဲက ဘာဟင်းလဲဟင်"

"မမေးနဲ့ သမီးငယ်၊ အဲဒီဘူး ဖြက်ပြဲထဲမှာ အသားဟင်းချည်း သုံးမျိုးလောက်ပါတယ်၊ အသီးအရွက်တွေ ကြက်ကြော်တွေလည်း ပါသေးတယ်၊ သူ့အမေက သူ့သားစား ထည့်ပေး၊ ကျွန်တော်တို့က ဗိုင်းအုပ်၊ အလုပ်ကိုဖြစ်လို့"

"ကြက်အသည်းအမြစ်ဟင်း မပါဘူးလား"

"ပါတယ်၊ သမီးငယ်ကြိုက်ရင် စားပါ"

ဣန္ဒြီက သူ့ထမင်းဘူးကို ထိုးပေး၏။

"ဟင့်အင်း … အသည်းတစ်ခြမ်းလောက် စားရရင် တော်ပါပြီ"

"စားပါ၊ ကြိုက်သလောက်စား၊ အဲ … ကျွန်တော်စားလက်စကြီးမို့ ရွံများရွံမလားမသိဘူး"

"လူဆိုတာ ချစ်ရင်ခင်ရင် ဘယ်တော့မှ မရွံဘူး … သိလား"

သမီးငယ်က ဣန္ဒြီထမင်းဘူးကို ဆွဲယူသည်။ ကြက်အသည်းပတ်ကို ဖဲ့စားပြီး ထမင်းပါ တစ်လုတ်ခတ်စားလိုက်သေးသည်။

"အရမ်းစားလို့ ကောင်းတာပဲ၊ နေ့တိုင်း ချက်ကျွေးမလား"

"ပြောင်းပြန်တွေ ဖြစ်ကုန်ပြီ"

"ဘာပြောင်းပြန်တွေလဲ၊ သိုက်ထွန်းဦးနော်၊ သမီးငယ်ခေါ်တာ နာမည်မှန်တယ် မဟုတ်လား"

သိုက်ထွန်းဦးက ပြုံး၍ ခေါင်းညိတ်ပြသည်။



"ထမင်းဟင်းချက်တာ မိန်းကလေးအလုပ် မဟုတ်ဘူးလား"

"ဥပဒေရှိလား"

"အများစု လက်ခံသတ်မှတ်ရင် ဥပဒေလို့ပဲ ခိုင်မြဲတာပေါ့"

"သမီးငယ်က အနည်းစုထဲက"

"ကြားရတာ ကြည်ညိုလိုက်တာ"

ညနေပိုင်း ပရက်တီကယ်အတွက် စာပြေးကျက်ချင်နေသည့် အေးကျော်အောင်က မကြည့်နိုင်တော့ပုံနှင့် အမြင်ကတ်စွာ ဝင်ပြော၏။

"ဣန္ဒြီ စားနိုင်ရင်တော့ ချက်မှာပါ၊ လက်ရာတော့ ညံ့မယ်"

"သမီးငယ် စိုက်ပျိုးရေး ဝါသနာပါလား"

"မပါပေါင်၊ ဒီလက်သည်းတွေကို ကြည့်ပါဦး၊ ရွံ့နှိုက်သဲနှိုက်လုပ်လို့ ရမှာလား"

သူ့လက်သည်းရှည် ကော့ကော့ရဲရဲလေးတွေကို အေးကျော်အောင် မျက်စိနားလာကပ်၍ အေးကျော်အောင်၏ မျက်နှာက နောက်သို့ ဆုတ်ရှောင်ရသေးသည်။

"ပေါက်တူး ပေါက်တတ်လား"

"ပေါက်တူး"

တစ်ခါမှ မကြားဖူးသည့် စကားလုံး အဆန်းတစ်ခုခုမှကြားဖူးရသလို သံတူလိုက်ရွတ်ကြည့်သည်။ မျက်နက်လေး တောင့်ကပ်၊ လက်ညှိုးသွယ်လေးကို နားထင်ထောက်၊ နှုတ်ဖျားမှလည်း ရေရွတ်နေ၏။

"ပေါက်တူး … ပေါက်တူး၊ ပူးတောက်၊ တောက်ပူး … တူးပေါက် … ဟာ … ဘာမှန်းလဲ မသိဘူး"

တစ်ခုခုကို စကားလိမ်နှင့် ဝှက်သည်ထင်၍ အဖြေ ရှာကြည့်လည်း မရချေ။

"ပေါက်တူးတောင် မကြာဖူးဘူးဆိုတော့ မြေကြီးနှင့် တော်တော် နီးစပ်တာပဲ၊ ခင်ဗျားနာမည် အာကာနဘဲလား"

"သမီးငယ်၊ အဲဒါ နာမည်ရင်း"

ရွှဲ့လို့လည်း ရွှဲ့မှန်းမသိ၊ ပကတိ ရိုးစင်းလေး ပုံစံ တောင်ဝင်၏။ သူ မသိနားမလည်တာတွေက ကမ်းကုန်တော့ သည်။

"ရုပ်ရှင် ရိုက်ပါလား"

"မင်းသမီး တင်မလို့လား၊ သွားစို့လေ၊ ခုရိုက်မယ်"

သူ့ပေါင်ပေါ်တင်ထားသည့် လွယ်အိတ်လေးကို ကောက်လွယ်၍ ချက်ချင်း ထရပ်သည်။

"ဣန္ဒိက မင်းသားနော်၊ သူများနဲ့ မတွဲချင်ဘူး"

သမီးငယ်ကိုကြည့်ကာ ဣန္ဒိ တော်တော်လေးသနား သွားမိသည်။

သူမ လှပါသည်။ မြင်သူတကာ ငေးရလောက်သည့် ရှားပါးအလှမျိုး မဟုတ်ပေမယ့် သာမန်အဆင့်ထက်တော့ သာ၏။ အခြယ်အသ၊ အမွမ်းအထုံတွေနှင့်မို့ ပို၍ ကြည့်ကောင်းသေးသည်။ ပြီးတော့ ဘယ်တက္ကသိုလ်၊ ဘယ်အတန်းဆိုတာ အတိအကျမသိ ရပေမယ့် တက္ကသိုလ်ကျောင်းသူဟူ၍တော့ ယူဆရသည်။ ဝတ် ထား၊ ခြယ်သထားနိုင်ပုံကလည်း လူလတ်တန်းစားထက်သာ ကြောင်း သိနိုင်သည်။

အဲသည်အဆင့်လောက်က မိန်းမသား ဣန္ဒြေသိက္ခာ လေးနှင့် နေပါတော့လားဟု ဆုံးမချင်စိတ်ဖြစ်မိ၏။ နှင်းဆီမို့



ကြိုက်၊ စံပယ်မို့ မကြိုက် ဆိုတာတွေ ရှိမှမရှိတာ၊ နှင်းဆီဖြစ် စေ၊ စံပယ်ဖြစ်စေ ပန်းကလေးတိုင်းသည် သူ့အဆင်းနှင့်အရှိန်း နှင့်မို့ ပျားပိတုန်းတို့ ရစ်ဝဲကြသည်သာ။ ညှာတံယိမ်းနွဲ့လွန်းလျှင် အပွင့်အနိုင် ကျိုးတတ်သည်ဆိုတာ မသိလေရော့သလား။

ကိုယ့်ညီမလေးသာဆို ချော့ပြော၊ ငေါက်ပြော၊ ရလျှင် ရိုက်ပစ်မိမှာ သေချာ၏။ အသိအလိမ္မာ နည်းလွန်းလို့ကို သနားယူရတော့သည်။

"ကျောင်းတက်တောမယ်၊ ငါ သွားမယ်"

အေးကျော်အောင်တို့ကတော့ ဘယ်အကြောင်း ကြောင့်မျှ ကျောင်းမဖျက်နိုင်သူဖြစ်၏။

"မင်း လိုက်မှာလား ဣန္ဒိ"

စကားပြောလျှင် မျက်ခုံးပင့်၊ မျက်လုံးက ပြုံးချည် ဘတ်ချည်လုပ်၊ နှုတ်ခမ်းရဲရဲကပွင့်၍တစ်ဖုံ စေ့၍တစ်မျိုး၊ လက်ပါ ခြေပါ၊ ခြေပုတ်လက်ပုတ်နှင့် နားဆွဲရှည်ကြီးပါ ခါယမ်းလျက် တစ်ကိုယ်လုံး လှုပ်ယမ်းနေသည့် မိန်းကလေးကို အချဉ်ပေါက်ပုံ သည်းရသည်။

"စဉ်းစားမနေနဲ့၊ ပရက်တီကယ်ဆိုတာ လွတ်လို့ရတဲ့ဟာ လား၊ ဘာအတန်းမှ မတက်ဘဲ ထိုင်ပျင်းနေတဲ့ကောင်တွေ တောင် ပရက်တီကယ်တော့ လုပ်ရတယ်၊ သွားမယ်"

အေးကျော်အောင်က ဆွဲမတတ် ခေါ်၏။ ဣန္ဒိလည်း သွားချင်ပြီ၊ ခက်တာက ညှိသည်မိန်းကလေးကို ဘယ်လိုနှင် မလဲ။

"အားတော့နာတယ်၊ သမီးငယ် ဘယ်လိုပြန်မလဲ၊ ကျွန် တော် ပရယ်တီကယ် လုပ်ရဦးမယ်"

"ရတယ်လေ၊ ကားသော့ပေးခဲ့၊ ကားထဲဝင်ထိုင်နေမယ်၊ ဝတ္တုဖတ်ရင်း စောင့်မယ်၊ ဣန္ဒိ ကျောင်းဆင်းမှပဲ သမီးငယ်ကို အိမ်ပြန်ပို့"

သိုက်ထွန်းဦးက ပခုံးတွန့်၏။

"ရော့ ... ယူထား၊ ပျင်းလို့ ပြန်သွားချင်ရင်လည်း ကားမှာ သော့တန်းလန်းပဲထားခဲ့၊ တံခါးသော့မချနဲ့ပေါ့၊ ကျောင်းမှာ အပျောက်အရှ မရှိဘူး"

"ဘယ်တော့မှ မပျင်းဘူး စိတ်ချ၊ လွယ်အိတ်ထဲမှာ ကျောင်းစာသာမပါတာ၊ မဂ္ဂဇင်းနှစ်အုပ်နဲ့ လုံးချင်းတစ်အုပ်တော့ အမြဲပါတယ်"

သမီးငယ်က ကားသော့ကို လှမ်းယူသည်။ သူပဲ ဦးဆောင်ထွက်သွား၏။ ကားကို တံခါးသွားဖွင့်နေပုံက မွေးကတည်းက ပိုင်လာသည့် သူ့ကားကို သူသုံးနေတာထက်တောင် အချိုးတကျ ဖြစ်နေရတော့သည်။

"နမချင်းမစာဘဲ ပြောလိုက်ရရင် ..."

"မပြောနဲ့ကွာ"

သော်လွင်က ဘရစ်လီပုံစံနှင့် သူ့နှာခေါင်းကို လက်ညှိုးနှင့် တစ်ချက်ပွတ်ဆွဲသည်။

"ဆယ်အိမ်ခေါင်းလေးခွလား မသိဘူး"

"ဘာဆိုင်လို့လဲ"

"ကိုယ့်ရပ်ကွက်ထဲ ဘယ်အိမ်ကကြက် အဆူဆုံးလဲ၊ ဘယ်အိမ်ကဘူးသီး အနုဆုံးလဲဆိုတာ သူကြီးထက် ဆယ်အိမ်ခေါင်းက ပိုသိတယ်"

"သိတော့ ဘာဖြစ်လဲ"



"ဘာဖြစ်ရမလဲကွ၊ မင်းအစ်ကိုတစ်ယောက်ကို မင်းအမေက သူကြီးသေနတ်လို့ ခေါ်တယ်ဆို"

"အေး"

"သေနတ်ဆိုတာ ဟန်ပြရယ်။ ချိန်ရုံပဲ၊ တကယ်ပစ်ရင် တကယ်သေမှာ ဆိုတော့ အရမ်းမသုံးရဲဘူး၊ လေးခွကတော့ စိတ်တိုင်းကျပဲ၊ ပစ်ပြီးထွက်ပြေး၊ ပုန်းနေလို့လည်း ရတယ် ...

"အပစ်ခံရတဲ့သူလည်း မသကာ အာလူးဘူးသီးထွက်ရုံပေါ့၊ ထိပ်ပေါက် ခေါင်းပြဲတောင် မဖြစ်ဘူး၊ ဘယ်သူ့လက်ချက်လဲလို့လဲ တရားခံရှာရ မလွယ်ဘူး ...

"သူကြီးသေနတ်က ချိန်ရုံချိန်ရရှာတာ၊ ဆယ်အိမ်ခေါင်းလေးခွက တကယ်ပစ်တာ၊ ကြက်ပစ်တယ်၊ ဘူးသီးပစ်တယ်"

"ဘူးသီးတော့ မပစ်ပါဘူးကွာ"

"မပစ်ချင်လို့ နေမှာပေါ့၊ ပစ်ချင်စိတ် ပေါက်လာပြီး ပစ်လိုက်တော့ရော၊ ပစ်ပြီး ထွက်ပြေး၊ သူများဘူးသီးလည်းပုံ၊ ကိုယ်လည်းပျော်၊ တရားခံလည်း ရှာမတွေ့ ...

"လက်တွေ့ပစ်တာ ဆယ်အိမ်ခေါင်းလေးခွ၊ မင်းဟာမလေးက ဆယ်အိမ်ခေါင်းလေးခွ၊ တကယ်ပစ်မှာ၊ ပြီးတော့ နုတဲ့ဘူးသီး၊ အသားဆူတဲ့ ကြက်ကိုလည်း ရွေးနိုင်တယ်"

"ကားမောင်းပြေးရင် ဘယ့်နှယ်လုပ်မလဲကွာ၊ ဣန္ဒိကလည်း ကားသော့ကြီးတစ်ခုလုံး အပ်နှံလိုက်ရလား"

“အေးကျော်အောင် ... မင်း စာကျက်ဖို့ကလွဲပြီး ဘာမှမသိဘူး၊ ဣန္ဒြိ တစ်ယောက်လုံးကို လွယ်အိတ်ထဲ ကောက်ထည့်နိုင်ရင် အဲဒီကားကို ခိုးမောင်းပြေးဖို့ လိုမလား”

“ဣန္ဒြိက ဒီလောက် မွန်ပါ့မလား”

“ဘာလို့ မွန်ရမှာလဲကွာ၊ မင်းတို့ကလည်း နေရင်းထိုင်ရင်း”

“အေးပါ၊ ချော်မလဲဖို့ဘဲ အရေးကြီးတယ်၊ ခြေထောက်ခိုင်ခိုင်လျှောက်”

ပြောရင်း သီယေတာဝမ်းရှေ့သို့ ရောက်လာသည်။ မျက်ဝန်းတစ်စုနှင့် တန်းခနဲ ဆုံသွားသည်။ ဣန္ဒြိ ရယ်ပြနိုင်ခွင့်ရဖို့ မျက်ဝန်းချင်း လိုက်ဆုံကြည့်ပေမယ့် တင်းတင်းမာမာ မျက်နှာလေးက မျက်ဝန်းကို ဘေးသို့ပို့ထား၏။

“သတ္တိ ... ဒစ်ဆက်တင်းဆက်(ခွဲစိတ်ကိရိယာ)မဲပေါက်လား”

သိုက်ထွန်းဦးက လှမ်းနှုတ်ဆက်တော့ မမသတ္တိ လှည့်ကြည့်ပြုံးပြကာ ခေါင်းခါ၏။

“တို့မှာ ပိုတယ်၊ ယူမလား”

“နေပါစေ၊ ဈေးသစ်ကပဲ ဝယ်လိုက်မယ်”

“တို့ဆီကပဲ ယူလေ၊ ပိုနေတာပဲ၊ တို့ဦးလေးပေါက်စဆီကလည်း ရတယ်၊ တို့က မဲလည်းပေါက်တယ်၊ အသစ်ယူချင့်ယူ၊ ဦးလေးပေါက်စဟာကတော့ မျိုးပိုကောင်းတယ်”

“မယူပါဘူး၊ ပိုနေရင် ကြက်အသည်းတွေ ဘာတွေလှီးဖို့ အသုံးလိုတဲ့လူတွေဆီ မျှလိုက်ပေါ့”

စကားဆုံးသည်နှင့် မမသတ္တိ ချာခနဲ လှည့်ထွက်၏။

“ငါ့ကိုတွယ်သွားတာ၊ သူ ဘယ်နားက မြင်တယ်မသိဘူး”



“မြင်ခြင်းဟာ ကြည့်လို့၊ ကြည့်ခြင်းဟာ စိတ်ဝင်စားလို့၊ စိတ်ဝင်စားခြင်းဆိုတာ ချစ်ခြင်းရဲ့အစတဲ့”

“ဘယ်သူပြောတာလဲ၊ ဝတ္ထုထဲက ကျက်ထားတာမှ ဟုတ်ရဲ့လား”

“ငါ့ဘာသာလည်း ဒီလောက်တော့ ပြောတတ်ပါတယ်ကွာ၊ မမသတ္တိ မင်းကို ကြွေနေပြီ”

“သော်လွင် ပြောရင် မှန်တတ်တယ်၊ ကလေးစကား၊ သဘင်သည်စကား၊ သော်လွင့်စကား”

“အရူးစကားပါကွာ”

သူ အထင်လွဲလေသလားဆိုသည့် အတွေးက ရင်ကို ပူစေ၏။ သူစကားပြောလျှင် ဘယ်လောက်ကောင်းမလဲ၊ ဖြေရှင်းခွင့်ရနိုင်၏။ ခုတော့ ဣန္ဒြိ ဆိုတာ ဘယ်လိုကောင်းစားလို့ သူထင်သွားလေမလဲ။

“အေးလေ ... အရူးစကား၊ သော်လွင့်စကား၊ တူတူပေါ့”

“အေးပါ ထားလိုက်၊ ငါ အရူးပဲ၊ ဟုတ်တယ် ... နှမတရူး”

“မကြားဖူးပေါင်၊ မယားတရူးပဲ ကြားဖူးပါတယ်”

“သူများမယား သွားတ,ပြီးရူးတော့ လောကီမှာ ခေါင်းပြဲထိပ်ပေါက်၊ အခန့်မသင့်ရင် ဈေးစံနိုင်သေးတယ်၊ လောကုတ္တရာမှာ အပါယ် ...”

“တန်ရာ တန်ရာပြော”

“မပြောတတ်ဘူးကွ၊ ငါက မယားတရူးမှ မဟုတ်တာ၊ နှမတရူးပဲ၊ နှမတောင်မှ သိုက်ထွန်းဦးနှမ တစ်ယောက်တည်းကို တ,ပြီးရူးတဲ့အရူး”

ထိုးကြိတ်ရိုက်ပုတ် ရယ်မောသံတွေ ထွက်လာသည်။ ဣန္ဒြီ ကျန်ခဲ့၏။ လိုက်မရယ်ဖြစ်ချေ။ ပရက်တီကယ်မှာတောင် ခါတိုင်းလောက် အမှတ်မကောင်းနိုင်တော့ဘူး ထင်ပါရဲ့။

❋ ○ ❋

"နေမထိ ထိုင်မသာ" ဆိုသည့် စကားနှင့် ကွက်တိ ဖြစ်နေသည်။ ဘယ်လိုနေလို့မှ အချိုးမပြေ။ ရင်ထဲမှာ ဖြောင်းဆန် ၍ ခေါင်းကြီးတစ်ခုလုံးလည်း အုံနေ၏။

နေ့လယ်က မမသတ္တိ သိပ္ပံမေဟာဝမ်းရှေ့မှာ ရွယ်တူ အမျိုးသားတစ်ယောက်နှင့် စကားပြောနေသည်။ "ဆေး" ကမဟုတ် တာ သေချာ၏။ ဆေးက လူနည်းနည်းမို့ မရင်းနှီးလှလျှင်တောင် မြင်ဖူးတွေ့ဖူး ရှိကြသည်။ သွားဘက်ဆိုင်ရာကလည်း မဟုတ်ပါ။ တခြားတက္ကသိုလ်တွေကလား၊ ဆယ်တန်းမှ အောင်သေးရဲ့လား၊ မီးမီးတို့ ပေါက်ပေါက်တို့ကလည်း တရင်းတနှီး၊ သတ္တိကဆို ထိ ပုတ်ရိုက်ခတ်၍တောင် ပြောသည်။ သူစိမ်းယောက်ျားတစ်ယောက် ကို စကားပြောသည့်အခါမှာ လက်ပါဖို့လိုသလား။ မပါသင့်ဘူး ဆိုတာမှ မာနဘုရင်မက မသိလေရော့သလား။

ဣန္ဒြီကိုကျတော့ "သုံ့လူ" မဟုတ်တာနှင့် မရင်းနှီး တော့ဘူးတဲ့။ မသိတော့ဘူးတဲ့။ ပြီးတော့ သိုက်ထွန်းဦးက လှိမ့် ပိမ့်ဆူထားတာလည်း ရှိသေးသည်။

"သေကွာ သေပါတော့၊ မမသတ္တိလို မိန်းကလေးကိုများ မင်းမို့ မွေးနေ့ဖိတ်တဲ့အထဲ မပါဘူးလို့ သွားပြောတယ် ...

"သူ့မာနအညွန့်ကို တက်ချိုးပစ်လိုက်တာနဲ့တူတူပဲ၊ စော်ကားသလို ဖြစ်သွားတာပေါ့ကွ၊ အတိအကျ၊ ပြီး ...



"မင်းခွကျတာမှ ဟုတ်ရဲ့လား၊ ကြုံတုန်း နှိပ်ကွပ် လိုက်တာများလား၊ ငါတောင် ဒီလိုထင်ရင် ဟိုက ဘယ်လို ထင်မလဲ" ... တဲ့။

အဲသည်ကိစ္စကိုလည်းဖြေရှင်းချင်သေးသည်။ တောင်း ပန်ရဦးမည်ဆိုလျှင် ပိုမှန်၏။

လူက ဂနာမငြိမ်တိုင်း စိတ်လေ၏။ ထိုင်လိုက် ထ လိုက်၊ တွေးရင်း တောရင်း ဆုံးဖြတ်ချက်တစ်ခု ကျတာလားတော့ မသိ။ စိတ်က အရမ်းသွားနေပြီမို့ ကိုယ်ပါမှ ဖြစ်တော့မည်။

ရင်ထဲမှာ သဘော်ခုတ်သလား၊ ရထားတစ်စင်း ခေါင်းဝင်သလား မသိ။ ဂျုတ်ဂျုတ်ဂျက်ဂျက်သံလည်း ကြားသည်။ ဒုတ်ဒုတ် ဒုတ်ဒုတ်လည်း မြည်၏။ နှလုံးသားက လှိုင်းထအောင် ဘုန်၏။

အရေးထဲ သားရေ ထမင်းစားစို့ ဟူသည့် မေမေ့ အသံကို ကြားလိုက်သေးသည်။ "ဟုတ်ကဲ့" ဟု ပြန်ပြောဖြစ်လိုက် ၏။ တယ်လီဖုန်းမှ ဂဏန်းလုံးပါ ခလုတ်ကလေးငါးခုကိုနှိပ်တော့ လက်တွေ တုန်နေသည်။

"ဟယ်လို ... မမသတ္တိနဲ့ စကားပြောပါရစေ"

"ကျွန်မပါ"

"တီ ... ကျွန်တော် အရေးကြီးတဲ့စကားတွေ ပြောချင်လို့၊ ဖုန်းမချပစ်ပါနဲ့"

"မမသတ္တိပါ"

"ကျွန်တော် ဣန္ဒြီပါ၊ ဟိုနေ့က မွေးနေ့မဖိတ်တာ စော်ကား ရာ ရောက်သွားရင် အရမ်းတောင်းပန်ပါတယ်"

"မလိုပါဘူး၊ ဖိတ်လည်း လာမှာမှ မဟုတ်တာ"

"ကျွန်တော် စကားပြောမတတ်လို့ပါ"

"ထားပါတော့"

"ခွင့်လွှတ်ပါ"

"ရပါတယ်"

"ကျွန်တော် ..."

ဘာဆက်ပြောရမှန်း မသိဘဲ နှုတ်ဆွံ့သွားရပြန်၏။ အစကတည်းက နှုတ်သွက်သူ မဖြစ်ခဲ့ခြင်း၏ဒဏ်ကို ရေရေလည်လည် ခံနေရပြီလေ။

"ဒါပဲနော်"

"မဟုတ် ... ဟို ... နေ့ခင်းက ဘယ်သူလဲ"

"ဒါ ကျွန်မကိစ္စပါ"

"ကျွန်တော် တစ်ခုပြောပါရစေ၊ ခွင့်လွှတ်ပါ၊ ရိုင်းတယ်ထင်ရင်လည်း အပြစ်ပေးပါ၊ ကျွန်တော် တိကို ... မမသဏ္ဍာန်ကို ချစ်တယ်"

"ဟုတ်ကဲ့၊ အဲဒီကိစ္စ တစ်ထိုင်တည်း ငြင်းပါတယ်"

"နည်းနည်းပါးပါး စဉ်းစားပါဦး"

သူ နည်းနည်းလေးမှ အံ့သြသွားပုံမရတာကို ဣန္ဒြိက ပြန်အံ့သြလိုက်ရသည်။ စိတ်ဆိုးလှပုံလည်း မရ။ တည်ငြိမ်လှချေ၏။ သူ့အကြောင်း မဟုတ်ဘဲ သူများအကြောင်း ပြောပေးနေရတာနှင့်တူ၏။ တကယ်ဆို ပြန်ချစ်တာ မချစ်တာ အပထား။ နည်းနည်းပါးပါးတော့ ထူးဆန်းအံ့သြဖို့ကောင်းသည်။ ကြိုသိနှင့်ပြီး ကြိုဆုံးဖြတ်ထားလို့လား၊ ဣန္ဒြိ အမူအရာတွေက သည်လောက်ပဲ ပျက်ခဲ့သလား၊ မမသဏ္ဍာန်ကပဲ မျက်ဝန်းတစ်ချက်ဝင့်ရုံနှင့် တစ်ဖက်သားရင်ထဲထိ ထိုးဖောက်စူးရှစွာ မြင်တတ်သူ ပညာသည်လား။



"ကျွန်တော် လက်ထပ်ပြီး တစ်သက်လုံး အတူနေချင်တာပါ၊ အလေးအနက် ပြောနေတာပါ၊ ဒီလောက် ပေါ့ပေါ့ကလေး မငြင်းပါနဲ့ ...

"ကျွန်တော့်ကို ယောကျ်ားမပီသဘူး စွပ်စွဲချင်စွပ်စွဲ၊ ကျွန်တော် သဝန်ကြောင်တတ်ပါတယ်"

ပြောရင်း နှုတ်သွက်လာသည်။ ရှောရှူပြေပြစ်လာဘာ ကိုယ့်ကိုယ်ကိုယ် သတိထားမိစွာ ကျေနပ်လိုက်၏။ အချစ်သွန်ကြောင့်ကြမှုရယ်၊ ဒါမျိုးပြောဖူးဆိုဖူး အတွေ့အကြုံမရှိတာရယ်ကြောင့် တုန်ယင်လှုပ်ရှားမှုတွေ ပြောရင်းမှ တည်ငြိမ်မှုရလာ၏။ ယောကျ်ားပဲလေ။

"တိ ... နေ့ခင်းက လူတစ်ယောက်နဲ့ ရပ်စကားပြောနေတာကို ကျွန်တော် နည်းနည်းလေးမှ မကြည့်နိုင်ခဲ့ဘူး၊ သဘောနုတယ် အပြစ်တင်ရင်လည်း ခံရမှာပါ၊ ကျွန်တော် တိကို သိပ်ချစ်လို့ပါ၊ ဒီစကားကို လူချင်းဆုံပြီး ပြောခွင့်ရချင်ပါတယ်၊ တိ ကျွန်တော့်ကို အခွင့်အရေးပေးပါ ...

"အခုလောလောဆယ်က မမျိုသိပ်နိုင်လွန်းလို့ ရင်ပွင့်ထွက်လာတဲ့အဖြစ်ပါ၊ ကျွန်တော့်ကို ယုံပါ၊ ကျွန်တော် တိကို တစ်သက်လုံး ချစ်သွားမှာ"

ရှေ့ဆက်ပြောဖို့ ကြံရွယ်ဆဲမှာပဲ တစ်ဖက်မှ ဖုန်းချသွားသံကို ကြားလိုက်ရသည်။ သို့ပေမဲ့ ချစ်သော တိကလေး နားချင် နားပါစေတော့ဟူသည့် စေတနာက ဝင်လာ၏။ ယောကျ်ားလေးတစ်ယောက်၏ "ချစ်တယ်" အပြောခံရသူ မိန်းကလေးတစ်ယောက်မှာ ဘယ်လောက်ပဲ သဏ္ဍာန်ကောင်းပါတယ်ဆိုဆို ရင်ခုန်လှုပ်ရှားမှုလေးတော့ ခံစားရရှာမှာပါ။

သူကလေး နားရှာပါစေတော့။ ချစ်တယ် တိရယ်။ ယုံစေချင်ပါဘိ။

❋ ○ ❋

ကြည့်စမ်း ...

ဒါသက်သက်စော်ကားတာ။

ဒေါသဖြစ်လိုက်တာ၊ စိတ်ဆိုးလိုက်တာ။ အတိုင်းအဆမျှားလွန်းသည်မို့ ပြောတောင်မပြတတ်တော့ချေ။

ပထမတော့ သူ့အသံကို မမှတ်မိပါ။ သူနှင့် ဖုန်းတစ်ခါ စကားပြောဖူးပေမယ့်၊ ဒီတစ်ကြိမ် အသံပြောင်းသလား၊ သူ ... သူထင်မထားမိသည်မို့ မမှတ်မိတာလားမသိ။ အရေးကြီးတဲ့စကား ပြောမလို့ ဖုန်းချမပစ်လိုက်ပါနှင့်ဆိုတော့ သူပြောမည့်စကားသည် တိ ဖုန်းချပစ်နိုင်လောက်သည့် အကြောင်းအရာတွေမို့ပဲပေါ့။

အဲသည်အချိန်မှာ ရင်ထဲ နည်းနည်းပါးပါး ရိပ်မိသွားသလိုမို့ ပါးပြင်ပေါ်မှာတောင် နှင်းဆီသွေး ရှိန်းခနဲ ဖြတ်ပြေးသွားသေးသည်။ တယ်လီဖုန်းနှင့် မလှမ်းမကမ်းမှာ ရှိနေသည့် ဖေဖေ့ကို တစ်ချက်လှမ်းကြည့်ဖြစ်သည်။

ကိုယ်က ရိုးသားပေမယ့် အရွယ်ရောက် မိန်းမလှကလေးအဖြစ် ချစ်ရေးဆိုခံရတာ အဆန်းမဟုတ်ပေမယ့် အဖေ့ရှေ့မှာ အဖေသိမှာဆိုလျှင်တော့ ရှိန်းတတ် ရက်တတ်မြဲဖြစ်၏။

"ကျွန်တော် ဣန္ဒြီပါ"တဲ့။

အဲသည်တော့မှ ပိုရှက်သွားသည်။ ရင်ထဲ ဝုန်းခနဲဆောင့်ခုန်သွားချက်နှင့်အတူ အပူလှိုင်းတစ်ခု ရှိန်းခနဲ ဖြတ်ပြေး



လေ၏။ ဣန္ဒြီစံ ဆက်မှတော့ စောစောက ကြိုတင်မျက်နှာပူထားမိတာမျိုး ဘယ်ဟုတ်တော့မှာလဲ၊ ကြိုရှက်မိတာကို ပြန်ရှက်ပြီး တော်တော်ကဲလေး အရှက်သည်းသွားမိသည်။

စိတ်ခံစားမှုတွေချည်းမို့ တစ်စက္ကန့်၏ အပုံခြောက်ဆယ်မှာ တစ်ပုံစာလောက်ပဲကြာမည့် ကာလလေးအတွင်း အတွေးပေါင်းများစွာ ဖျိုးဖျိုးဖျတ်ဖျတ် ဖြစ်ထွန်းကုန်၏။

"ကျွန်တော် တိကို မမသတ္တိကို ချစ်တယ်"တဲ့။

"အဲဒီကိစ္စ တစ်ထိုင်တည်း ငြင်းပါတယ်"ဟု ယောင်ယမ်းပြောပစ်လိုက်မိတာ အဆင်ပြေသွားသည်ဟု ထင်၏။

နားတွေ အူသွားသည်။ အသံတွေ ဝေဝါးမှုန်သီသွားသည်။ နားရွက်ဖျားတွေ ပူထူကာ ရင်ဘတ်ကြီးတစ်ခုလုံး မားထက်ထက်နှင့် ခွဲချခံလိုက်ရသလိုလို၊ ရင်ကွဲကွဲချင်း ကျောက်စက်ရေနှင့် ဖြန်းခနဲ လှမ်းပက်ခြင်း ခံလိုက်ရသလိုလို၊ ပွက်ပွက်ထပန်းထွက်လာသည့် သွေးခြင်းခြင်းရဲတို့က လှိုင်းလုံးကြီးတွေအဖြစ်ပြောင်းလဲပြီး ဖြောင်းဆန်ခတ် ရန်းကန်ထကြွကြသလိုလို ထိမိုက်မျက်ရှ နာကျင်ခြင်းကြီးစွာသော ခံစားမှုအသစ်အဆန်းများ တစ်ခုပြီးတစ်ခု ဖျတ်ခနဲ ဖျတ်ခနဲ ခံစားလိုက်ရပြီးချိန်မှာ ရင်ဘတ်တစ်ခုလုံး နာကျင်၍ ကျန်ရစ်၏။

စိတ်ခံစားမှု ဘယ်လောက်ပြင်းထန်သွားသလဲဆိုသည့် သက်သေအဖြစ် ကလီစာတစ်ခွေလုံး အရိုက်ခံလိုက်ရသလို နာကျင်၍ကျန်၏။ စိတ်ဆိုးဒေါသထွက်ဖို့ သတိရသည့် အချိန်မှာ လူက ပျော့ခွေနွမ်းဖတ်၍ ကျန်ရစ်၏။ တယ်လီဖုန်းစင်လေးနားမှ ဖြည်းဖြည်းထသည်။ ဘေးနားမှာ ယှဉ်တွဲ၍ ချထားသည့် ကြိုးမဲ့ဖုန်းလေးကို ဖြုတ်၏။ ဖေဖေ့ကို တစ်ချက်လှမ်းကြည့်တော့

နှလုံးခုံဝိခ် အဖတ်မပျက်။ သတ္တိ အိပ်ခန်းထဲသို့ လှမ်းရာမှာ မပြို လဲအောင်တောင် မနည်းကြီး သတိထားနေရတော့သည်။

ဟိုတစ်ခါကဖြင့် မွေးနေ့ဖိတ်သည့်အထဲမှာတောင် မပါဟု သူ ပြောရက်ခဲ့ပေ၏။

❋ ○ ❋

"တီလား၊ သံလွင်ပါ"

"သံ ... သုံ့ကို တို့ ပြောစရာရှိတယ်"

ဝမ်းသာတက်ကြွစွာ ပြောကြ၊ ငြင်းကြ ဆိုသည့်အခါ တွေမှာ နှင်၊ ငါ ဆိုတာမျိုး သုံးတတ်သည်။ ရှင်နှင့် ကျုပ်သုံး သည့်အခါလည်းရှိ၏။

လူက နှမ်းလျအားလျော့ချိန်မျိုးမှာ နာမည်လေးတွေ ကို တယုတယ ခေါ်ဖြစ်ကြသည်။

"ငါလည်း ပြောမလို့၊ ထူးဆန်းလွန်းလို့ဟာ"

သံလွင့်အသံက တက်ကြွနေ၏။

တီက အခန်းထဲသို့ဝင်၊ ခုတင်ပေါ် ဖြည်းဖြည်းလှဲ၊ ကြီးမဲ့တယ်လီဖုန်းကို ရင်မှာကပ်ပြီး သံလွင့်ဆီ ဖုန်းခေါ်ဖို့ ဂဏန်း ပါသည့် ခလုတ်ကလေးတွေကိုနှိပ်ဖို့ ပျောက်ဆုံးပြေးထွက်သွား သည့် ခွန်အားလေးတွေကို တစ်စချင်း တစ်ခုချင်း လိုက်ကောက် စုစည်းနေရဆဲမှာ သံလွင့်ဆီက ဖုန်းဝင်လာခြင်းဖြစ်သည်။

"ဣန္ဒြီရယ်လေ ငါ့ဆီဖုန်းဆက်ပြီး နှင်ဖုန်းနံပါတ်ကို အရေး တကြီးတောင်းတယ်၊ သူနဲ့ ငါနဲ့က ဖုန်းသိပ်ပြောဖူးတာ မဟုတ်ဘူး၊ သူ့အမေက ငါ့အမေဆီ ဆက်ချင်တဲ့အခါ သူကအရင်ခေါ်ပေးရတယ်ကွာ ...



"သူ့အမေက ကြီးကြီးမှကျယ်ကျယ်လေ နင် သိသား ပဲ၊ အဲဒီအခါတွေမှာ ငါ သွားကိုင်မိလို့ ခဏတစ်ဖြုတ် နှုတ်ဆက်တာလောက်ပဲရှိတာ ...

"နင့်ဖုန်းတောင်းပြီး ချက်ချင်းချသွားတယ်၊ တစ်ခုခု ထူးပြီထင်တယ်"

ထူးပါသော်ကော သံရယ် ... ဟု ကျိတ်ပြောဖြစ်ပါ ၏။ သူဟာ ... ဖုန်းတစ်ခါ ဆက်ဖူးပြီးပါပြီ။ ဖုန်းနံပါတ်ကိုသိ ပြီးဖြစ်ပါလျက်၊ သံ့ဆီဆက်ပြီး နံပါတ်တောင်းခြင်းဟာ ... သူ၊ ကိုယ့်ဆီဖုန်းဆက်မည့်အကြောင်း၊ ကိုယ့်သူငယ်ချင်းထံ၊ အသိပေး တိုင်တည်လိုက်ခြင်း မဟုတ်ပေဘူးလား။

"ဣန္ဒြီက ဖုန်းနံပါတ်တော့ တောင်းပြီ၊ နင့်ဆီ ဘာကိစ္စနဲ့ ဆက်မလို့လဲ မသိဘူး၊ ဘာပဲဖြစ်ဖြစ် တစ်ခုခုဆို ကြိုတင် ပြင်ဆင်ထားနိုင်အောင်"

"သံက ဘယ်လိုထင်လို့လဲ၊ တစ်ခုခုဆိုတာ ဘာကို ရည်ရွယ်တာလဲ သံ၊ တီက ဘာကို ကြိုတင်ပြင်ဆင်ထားရမှာတဲ့ လဲ"ဟု မေးချင်စိတ်တော့ ဖြစ်သား။ သို့ပေမယ့် မမသတ္တိမှာ "မမ"သာကျန်လျက် "သတ္တိ"တွေ ပြေးထွက်သွားပြီ ထင်ပါရဲ့။

"ငါ ချက်ချင်း ဖုန်းလှည့်တာပဲ၊ ဒါပေမဲ့ လိုင်းမအားဘူး ဖြစ်နေလို့ ခုမှရတယ်၊ အဲဒါ နင့်ဆီ ဣန္ဒြီ ဖုန်းဆက်လိမ့် မယ်ထင်တယ်"

သတင်းပေး နောက်ကျသွားခဲ့ပြီကော သံရယ်။

"ဟဲ့ ... တီ၊ အသံတိတ်လှချည်လား"

တီ သက်ပြင်းမောကိုချ၏။

"ဟာ ... သက်ပြင်းချသံလား၊ ပြင်းလှချည်လား၊ နင် ဘာဖြစ်နေလဲ၊ ငါ စိတ်ပူလာပြီနော်၊ ထလိုက်လာရမလား"

"သူ ... ဆက်ပြီးသွားပြီ"

"ဟုတ်လား၊ ငါ လှည့်နေတုန်း ဖုန်းမအားတာ ဣန္ဒိစံ ကိုယ်တော်ကြီး ဆက်နေလို့ပေါ့နော်၊ ဘာတဲ့လဲ၊ ဘာတွေပြောသွားလဲ၊ နင် သည်းမခံလိုက်ဘူး မဟုတ်လား၊ ခံပက်ထည့်လိုက်တယ် မဟုတ်လား"

"တစ်ခွန်းပဲ ပြန်ပြောပစ်လိုက်တယ်"

"နင့်ကို ရန်ဖြစ်ဖို့ သူ့မှာ ဘာအကြောင်းရှိလို့လဲ၊ မိန်းမတစ်ယောက်ကို တကူးတက ဖုန်းဆက်ပြီး ရန်ဖြစ်လောက်အောင် အောက်တန်းကျတဲ့ ယောက်ျားဆိုရင် ပီစီလေးလောက်မှ အထင်မကြီးဘူး၊ ငါ သူ့အမေနဲ့တိုင်မယ်၊ ဘာတွေပြောသွားလဲ၊ ငါ့ကိုပြော"

"ချစ်တယ် ... တဲ့"

"ဟင် ..."

"လက်ထပ်ပြီး တစ်သက်လုံး အတူနေချင်တယ်တဲ့၊ တစ်သက်လုံး ချစ်သွားမှာတဲ့"

"ဪ ..."

အထင်နှင့် လက်တွေ့က ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်မို့ သံလွင် ဘာဆက်ပြောရမှန်း မသိအောင် နှုတ်ပိတ်သွားတော့သည်။

ဣန္ဒိက တိကို ချစ်သည်ဆိုပဲ။

ဣန္ဒိ ချစ်တယ်လို့ ဖွင့်ပြောလျှင် တကယ်ချစ်လို့ပဲ၊ ဣန္ဒိဆိုတာ နှုတ်မြိန်ရုံလေး လျှာဆော့တတ်သူ မဟုတ်ပါ။ ခုချိန်



ထိ ဣန္ဒိ ချစ်တယ်ဟုပြောသည့် မိန်းကလေး တစ်ဦးတစ်ယောက်မျှလည်း မကြားဖူးခဲ့ချေ။ သံလွင့်ကိုတောင်မှ ဒေါ်တင်တင်စံ သေသအောင် သဘောတူထားပါလျက် ဘယ်တုန်းကမျှ တရင်းတနီးမရှိခဲ့ပါ။ သံလွင့်မှာသာ ကိုယ်ရည်မှန်း စိတ်ဝင်စားနေသူမရှိလျှင် ဣန္ဒိကိုပဲ မျှော်လင့်စောင့်စားရမည့်သူ ဖြစ်နေလျှင် တော်တော်မခံချင်စရာ ကောင်းလောက်အောင် ဣန္ဒိပုံစံက အေးတိအေးစက်နိုင်၏။

တိကိုကျမှ လက်ထပ်ပြီး တစ်သက်လုံး အတူနေဖို့တောင် ဆုံးဖြတ်ပြီးပြီဆိုပဲ။ သူ ဆုံးဖြတ်ပြီးလျှင် မဖြစ်ဖြစ်အောင် အကောင်အထည်ဖော်တော့မှာ သေချာ၏။ သူ့အမေ ဒေါ်တင်တင်စံ၏ ဆန္ဒက ဘယ်လိုရှိမှာလဲ။ တိကလေး စိတ်ဆင်းရဲစရာ ပြဿနာတွေများ ပေါ်ပေါက်လို့လာမှာလား။ တိ သဘောထားကကော။

"တိ"

"ငါ နားထောင်နေပါတယ်"

"နင့်သဘောကို သိချင်လို့"

"ငါလေ ဘာဖြစ်တာမှန်း မသိဘူး သံရယ်၊ ဒူးဆစ်ကဖြတ်ရိုက်ခံလိုက်ရသလို ရုပ်သေးကြိုးပြတ်ပဲ၊ အခု အိပ်ရာပေါ်မှာ ခွေနေတယ်၊ စိတ်ဆိုးမုန်းတီးမှု ကမ်းကုန်သွားတာလား မသိဘူး၊ အခု ခံစားမှုထက် နည်းနည်းလေး လျှော့မုန်းမိရင်တောင် ငါ့မှာ ရန်တွေ့နိုင်ဖို့ ခွန်အားကျန်ဦးမယ်၊ အခု မုန်းလွန်းလို့ မုန်းမိတဲ့အဖြစ်ကိုတောင် မုန်းတီးနေမိတယ် ထင်တာပဲ"

"တိ"

နင် တုန်လှုပ်သွားတာလား။

တိဟု ခေါ်မိပြီးမှ ဝါကျကို တိခနဲ ရပ်ထားလိုက်ရသည်။ တိရယ်၊ နင် ကမ်းကုန်အောင် မုန်းသွားတာမှ ဟုတ်ရဲ့လား၊ တုန်လှုပ်သွားတာလား။ ဖြစ်လာမှာကို ကြိုသိမျှော်လင့်ပြီးမှ မျှော်လင့်သည့်အတိုင်း ဖြစ်သွားမှာ ကြောက်လွန်းစိတ်နှင့် ချောက်ချားသွားတာလား။

"သံ နင် ဘာပြောမလို့လဲ"

"ငါ ဘာလုပ်ပေးရမလဲ မေးမလို့ပါ၊ နင် အရမ်းစိတ်ဆိုးနေလား၊ အဲဒီလောက် ရင်ထဲထည့်ပြီး မခံစားပါနဲ့လား၊ ဒီကိစ္စ အသေးအဖွဲ မဟုတ်ဘူးလား"

"နင့်ကို အားနာတယ်"

"ဘာဆိုင်လို့လဲ"

"အန်တီသိတာနဲ့ သူ့အမေ ဒေါ်တင်တင်စံ ..."

"အဲဒါ ခေါင်းထဲမထည့်နဲ့၊ သူတို့သားအမိ ကိန်းခန်းကြီးလွန်းလို့ ကြည့်မရတာက နံပါတ်တစ်၊ ငါ့မှာ ငါ့ဘာသာအပဟီး ..."

တို ခါတိုင်းဆို ရောရယ်ဖြစ်မှာပေမယ့် သည်တစ်ခါတော့ဝါကျမဆုံးသည့်အတွက် စိတ်မရှည်ချင်သလိုတောင်ဖြစ်သည်။

"အဲဒါက နံပါတ်နှစ်၊ သူ့အမေကလည်း သူ့သားကို သိပ်နိုင်ပုံ မရပါဘူး၊ အဲဒါက နံပါတ်သုံး၊ ငါ့အမေက ငါ့အပေါ် အာဏာသုံးနိုင်ပေမယ့် ဒီကိစ္စ ငါ့အဖေက အာဏာသုံးချင်ပုံ မရဘူး၊ အမေက အဖေ့ကို မလွန်ဆန်နိုင်ဘူး၊ ငါက ငါ့အဖေကို ပိုင်တယ်၊ အဲဒါက နံပါတ်လေးကွာ၊ မဖြစ်ထွန်းဖို့များတယ်၊ မဖြစ်ထွန်းအောင်လည်း ငါကြိုးစားနေတယ်၊ ဆက်ပြော နင်က ..."



"ဟင့်အင်း"

"ဘာ ဟင့်အင်းတာလဲ"

"သံ ... တို့ တစ်ခါက ပြောဖူးတယ်၊ မှတ်မိလား"

"ကြွေးတော့င်းမလို့ဆိုတာ မဟုတ်လား"

"မြီးစားက ကြွေးလာဆပ်ပြီ သံ"

"လက်ခံလိုက်လေ၊ ကြွေးဆိုတာ ပြန်ရကောင်းတဲ့အရာပဲ၊ ငါ့ကို စာယ်ရှုထောင့်မှ အားမနာနဲ့"

"နင်တို့ အမျိုးနည်းနည်းပါးပါး တော်လားဟင်"

"မတော်ပါဘူး၊ သူတို့က စံမျိုး၊ ငါတို့က မျိုးဘက်ကတော်တာ"

"မွာချို့ စံနဲ့ မျိုးတွေက အမျိုးပြန်တော်နေတာတွေရှိလို့"

"ငါတို့က မတော်ဘူး"

"တကယ်လို့ ငါက သူ့ကို ရက်စက်လိုက်ရင် နင် ငါ့ကို မုန်းမလား"

"ငြင်းပယ်တာမျိုးကတော့ ရက်စက်တယ်လို့ မသတ်မှတ်ဘူး၊ ဒါ ကိုယ်ပိုင်ဆန္ဒပဲ၊ လက်ခံပြီးမှ သစ်စိမ်းချိုး ချိုးမလို့လား"

"အဲဒီလိုဆိုရင်"

"အဲဒီလိုဆိုရင် ငါ ကန့်ကွက်ရလိမ့်မယ်"

"တိကို သံ စိတ်ဆိုးမှာပဲ ကြောက်တယ်၊ သံနဲ့ အရမ်းခင်ချင်တယ်၊ တစ်သက်လုံးလည်း ခင်သွားချင်တယ်၊ မုန်းတီးပြတ်တောက်သွားရမယ့် အဖြစ်မျိုး မရချင်ဘူး"

"သံလည်း တိကိုချစ်တာပဲ၊ ဒါပေမဲ့ တစ်ခုမေးမယ်၊ တိက ဣန္ဒြေအပေါ်မှာ စိတ်ဆိုး စိတ်နာစရာ တစ်ခုခုရှိနေလား"

"ရှိနေတယ်"

"သူကိုယ်တိုင်လား"

"သူတို့မျိုးရိုးစဉ်ဆက်တစ်လျှောက် ဆိုပါတော့"

"မျိုးရိုးစဉ်ဆက်တစ်လျှောက် တင်ရှိလာတဲ့ အခကြေးကို တိ လက်ထက်ကျမှ ဝန်းဒိုင်းကြပြီး ထတောင်းတာ နည်း သိပ်မမှန်ဘူး ထင်တယ်၊ ထားပါတော့"

"ဒါပေမဲ့ ..."

"နေဦး ... တိ၊ ကြွေးတောင်းတဲ့ကိစ္စ၊ ကိုယ့်နစ်နာမှုကို အလျော်အစား ပြန်ယူတဲ့ကိစ္စမှာ မိန်းကလေးတစ်ယောက် ဟာ နှလုံးသားနဲ့ ရင်းသင့်သလား"

"မရင်းသင့်ဘူး"ဟု မေသံလွင် ဆက်ပြော၏။

"ယောကျာ်းတစ်ယောက်ရဲ့အချစ်ကို လက်ခံခြင်းဟာ ကိုယ် တိုင်ချစ်လို့၊ မိဘကြည်ဖြူလို့၊ ဦးနှောက်က လက်ခံလို့ ဒါမျိုးပဲ ဖြစ်သင့်တယ် ...

"တိရဲ့ ကုန်လွန်ပြီးသား အတိတ်ကြွေးကိုတော့ တို့ မသိဘူးပေါ့လေ၊ ခွင့်လွှတ်ခြင်းသည် အကောင်းဆုံး သော ကလဲ့စားဆိုတဲ့ ဆိုရိုးစကားတော့ ရှိတယ်ပေါ့ ...

"ဒါပေမဲ့ ငါ ပြောချင်တာ တိရာ၊ ခွင့်မလွှတ်ချင် နေပါ၊ အချစ်နဲ့ နှလုံးသားကိုတော့ ကလဲ့စားချေရာမှာ စတေးခံပစ္စည်းအဖြစ် မသုံးစွဲချင်ပါနဲ့ကွာ ...

"သူ့အတွက်လည်း မကောင်းဘူး၊ ကိုယ့်အတွက် လည်း မကောင်းဘူး၊ ကိုယ်က မိန်းကလေး၊ ဖက်ပေါက် မလား၊ ဆူးကျိုးမလား စဉ်းစားလေ"

"ဆူးက ဆွေးနေပြီး ဖက်က သံပြားလို မာကျောနေရင်"



ပြောပြီး တမင်ရယ်ပစ်လိုက်သည်။ ပေါ့ပါးဝါတ် ဆတ်သွားဖို့ ကြိုးစားတာပေမယ့် အချည်းနှီးသာ ဖြစ်ရသည်။

"သံ ... ဟိုတုန်းကတော့ အကြွေးဆို တောင်းသာတောင်း တဲ့၊ အခု စကားပြောတဲ့အချိန်လေးမှာတောင် အစပိုင်း တုန်းကတော့ မြီစားကြွေး လာဆပ်ရင် ယူလိုက်တဲ့"

"အဲဒါ မြှောက်ပေးတာ"

"ဆက်မြှောက်ပါဦး သံရယ်၊ အားလိုနေလို့ မြှောက်ပေး စမ်းပါ"

"ဟင့်အင်း ... တို့တွေ တက္ကသိုလ်ကျောင်းသူတောင် ဖြစ် နေကြပြီ၊ နှစ်တစ်လီနှစ်၊ နှစ်နှစ်လီလေး ကျက်တဲ့အရွယ်မှ မဟုတ်တော့တာ၊ အလေးအနက်ကိစ္စတွေမှာ လောလော ဆယ် ရယ်ရပြီးရောဆိုပြီး မမြှောက်နိုင်တော့ဘူး"

"အဲဒါတွေ သံ့ကိုချစ်တာ၊ သံ အရမ်းစိတ်ကောင်းရှိတာပဲ၊ လူကြီးလည်း ဆန်တယ်"

"မှို့မျိုးလေ၊ စံတွေမှ ထွတ်ထွတ်မြတ်မြတ် စံနမူနာတွေ မဟုတ်ပါဘူး၊ မှို့တွေမှာလည်း စံထားလောက်တဲ့ အတွေး အခေါ်တွေနဲ့ပါပဲ"

ပြောပြီး သံလွင်က ရယ်နေပြန်၏။

"တခြားမှို့တွေမှာလည်း သံ့လို စိတ်ဓာတ်မျိုး ရှိချင်ရှိနေ မှာပါ"

"ရှိမှာပေါ့၊ မှို့တွေမှ မဟုတ်ပါဘူးကွယ်၊ ဘာမှို့မှမဟုတ် တဲ့သူတွေမှာလဲ ချီးကျူးလေးစားလောက်တဲ့ စိတ်ဓာတ်တွေ ရှိနေမှာပါ"

"လေးစားစရာ နှုတ်ခွန်းတွေကို အမိန့်ရှိနေပြန်ပြီ၊ ကြည်ညိုမိတော့မယ်နော်"

သတ္တိ ရယ်ပစ်လိုက်ပြန်၏။

"ကဲ ... ကဲ ... အရေးကြီးတာကို မေးရဦးမယ်၊ ဣန္ဒြေကို နင်က စဉ်းစားမှာလား"

"မစဉ်းစားပါဘူး"

"တိ"

"ပြော"

"ငါ့ကို စိတ်မဆိုးနဲ့"

"တိုက်တွန်းခြင်း၊ နားချခြင်း မလုပ်နဲ့"

"မလုပ်ပါဘူး"

"ဒါဆို ပြော"

"ဘာပြောလို့မှ မဆိုးရဘူးနော်"

"ဆဲရေးတိုင်းထွာခြင်းလောက် ရိုင်းပျတဲ့ စကားဆိုရင်တောင် စိတ်မဆိုးဘူး"

"ကတိ"

"အေး"

"နင် ဣန္ဒြေကို အခုမဟုတ်တောင် တစ်နေ့ ပြန်ချစ်မိလိမ့်မယ်"

"သံ"

အသံက တော်တော်ကျယ်သွားသည်။

နားရွက်အောက်နားမှာ ရှိသည့် လည်ပင်းကြောထောင်ထောင်ကို ကြိမ်လုံးနှင့် ဖြတ်ရိုက်ချခံလိုက်ရသလို နားကျင်စပ်ကျိန်းစွာ ခံစားလိုက်ရသည်။ သံလွင် ဆက်ပြောနေတာတွေ



တော့ အများကြီးပါပဲ၊ မကြားတစ်ချက် ကြားတစ်ချက်နှင့် အသံတွေက အဝေးကြီးမှ ဝဲကျလာသလားလို့လည်း ထင်ရသည်။

"ငါက လူတစ်ယောက်ကို ချစ်မိခဲ့ပြီ တိ၊ မိန်းကလေးတစ်ယောက်ရဲ့မျက်လုံး၊ ပြောတဲ့အသံ၊ သုံးစွဲတဲ့ဝါကျ၊ ပြီးတော့ အစုံပေါ့ဟယ်၊ ချစ်တတ်ပြီဆိုတဲ့ မိန်းကလေးတစ်ယောက်ဟာ ဘယ်ပုံစံဆိုတာ ငါက ကိုယ်တွေ့မို့ သိနေပြီ တိ၊ နှင့်ရင်ထဲကို အချစ်ရောက်နေပြီ ...

"ငါ တားမြစ်ကန့်ကွက်ဖို့ မရှိဘူးဆိုတာ နင် သိထားစေချင်တယ်၊ တိုက်တွန်းခြင်းလည်း မလုပ်ဘူး၊ ဒါမျိုးဆိုတာ ကာယကံရှင်ရဲ့ ကိုယ်ပိုင်ဆန္ဒနဲ့ ဆုံးဖြတ်ချက်အကောင်းဆုံးပဲ ...

"တစ်ခုတော့ ရှိတာပေါ့ဟာ၊ ဆုံးဖြတ်ချက်တစ်ခုကို မလွဲမသွေ ချတော့မယ့်ဆဲဆဲ မြှောက်ပေးမယ့်သူ မရှိမဖြစ်လိုအပ်ပြီဆိုရင်တော့ ငါ ကူညီနိုင်တယ်ဆိုတာ ကြိုပြောထားတယ် ...

"ဒါပဲလေ၊ ဒီည ဒိုင်ယာဇီပင် အကူအညီမပါဘဲ နင် အိပ်ပျော်မယ်ဆိုရင် မနက်စောစော ငါ့ဆီဖုန်းဆက်လိုက်၊ ငါ မုန့်ဟင်းခါးတစ်ချိုင့် လာပို့မယ် ...

"ဒိုင်ယာဇီပင် အကူအညီ ယူရပြီဆိုရင်တော့ မနက်နင်နိုးတဲ့အချိန်မှာ ငါ့ဆီ မြီးရှေတစ်ချိုင့်နဲ့လာခဲ့၊ နင်က မုန့်ဟင်းခါးကြိုက်တယ်၊ ငါက မြီးရှေကြိုက်တယ်၊ ဒါပဲ ... ဒါပဲ ...

"ငါက မုန့်ဟင်းခါး လာကျွေးပါရစေလို့ ဆုတောင်းပေးခဲ့သေးတယ်"

သံလွင် တယ်လီဖုန်းကို ချသွားပေမယ့် တိ ဆက်ကိုင်ထားမိဆဲဖြစ်နေ၏။ ရင်ထဲမှာ ဘာတွေမှန်းမသိ ပြည့်တက်လာသည်။ ခေါင်းထဲက မူးနောက်သီဝေ၏။ မကြည်မလင် ခံစားမှုကြီးနှင့် အနေရခက်လိုက်တာ လွန်ပါရော။

ကြေးမြီတွေ ပြန်လည်သိမ်းပိုက်ခွင့် ရချိန်မှာ ခုန်ပေါက်မြူးထူးနေသင့်တာ မဟုတ်ဘူးလား‌နော်။

*○*



## အခန်း(၄)

ဒေါ်ရွှေအိမ်စံက တစ်ဦးတည်းသော သမီးပေမယ့် သူ့ခင်ပွန်း ဦးအောင်မျိုးမှာက ညီမတစ်ယောက်ရှိခဲ့သည်။ ဒေါ်ခင်ခင်မျိုး၊ သူတို့အဖေက ဦးဘမျိုးလား ဘာလား နာမည်ထဲမှာ "မျိုး"ပါသေးလား၊ မပါဘူးလား နောင်လာနောက်သားတွေ သိပ်မမှတ်မိတော့ပါ။ မောင်နှမနှစ်ယောက်၏ နာမည်တွေမှာတော့ "မျိုး"ပါ၏။ အောင်မျိုး၊ ခင်ခင်မျိုး။

"မျိုးဆိုတာ ကျက်သရေ မင်္ဂလာရှိခြင်းလို့ အဓိပ္ပာယ်ရတယ်၊ ကျောက်စာထဲမှာ ပါလေ့ရှိတဲ့ ငြိနဲ့တူတူပေါ့"တဲ့။

ဦးအောင်မျိုးအဲသည်လိုပြောသည့်အခါ တူသားနောင်မယ်တွေက လက်ဝါးလေးကာ၍ ခေါင်းချင်းဆိုင်လေ့ ရှိကြသည်။

"ဟုတ်ကော ဟုတ်ရဲ့လား မသိဘူး"

ဦးအောင်မျိုးနှင့် ဒေါ်ရွှေအိမ်စံတို့က သားထောက်သမီးခံ မထွန်းကားပါ။ တူ့တူမတွေကိုပဲ သားသမီးလုပ်၍ ချစ်ကြရသည်။

"ရွှေအိမ်တို့ မျိုးဆက်နှစ်ခု တည်ထောင်ခဲ့ရအောင်လား၊ ကိုမျိုး ဘယ်လိုသဘောရလဲ၊ ကိုမျိုးဘက်က တစ်ဆက်၊ ရွှေအိမ့်ဘက်က တစ်ဆက်"

"ပြောပါဦး"

"ရွှေအိမ့်ဘက်နဲ့ ကိုမျိုးဘက်နဲ့ သွေးသားမတော်စပ်တဲ့သူချင်း လက်ဆက်စေရမယ်"

"အဲဒါဆို မျိုးဆက်တစ်ခုတည်း ဖြစ်သွားမှာပေါ့"

"ယောကျ်ားဘက်ကို ဦးစားပေးရမယ်လေ၊ ယောကျ်ားလေးက ကိုမျိုးဘက်ကဆိုရင် မျိုးမျိုးဆက်၊ ယောကျ်ားလေးက ရွှေအိမ့်ဘက်ကဆိုရင် စံမျိုးဆက်"

"တခြား အပြင်လူတွေနဲ့ အိမ်ထောင်မပြုစေရဘူးလား"

"ပြုချင်လည်း ပြုပေါ့၊ ဒီထိတော့ လိုက်စီစဉ်လို့ ရမယ်မထင်ဘူး၊ ဒါပေမဲ့ ..."

ဒေါ်ရွှေအိမ်စံက စိတ်ကူးယဉ်လွန်းပါဘိ။

ပိုက်ဆံချမ်းသာတိုင်း အလုပ်မရှိ အလုပ်ရှာသည်ဟုလည်း ဆိုနိုင်သည်။ ဆွေထဲမျိုးထဲမှာ ရှောအင့် ... ရှောအင့် ပေးနိုင်လွန်းသည်မို့ ဩဇာလည်းညောင်း၏။

"ရွှေအိမ်စံ မျိုးဆက်တွေဟာ ..."

အစချီလျက် ဩဝါဒများ ပို့ချသည်။

စိတ်ကောင်း နှလုံးကောင်း ထားကြ၊ ပေးကမ်းလှူဒါန်းကြ၊ ရိုးသားကြိုးစားကြ၊ မဟုတ်တာ မမှန်တာ ဘာတစ်ခုမျှ မလုပ်ရ၊ ဘိန်းဘင်းကဖော်၊ လောင်းကစား မပြုမူရ၊ ဘာသာရေးကိုင်းရှိုင်းကြ၊ လူကြီးသူမ ရိုသေကြ၊ ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနားသက်ညှာ ခွင့်လွှတ်ကြ။

မကောင်းတာ တစ်ခုမျှမပါသည်မို့ ခေါင်းညိတ်လက်ခံကြရသည်။

"စံတွေက မျိုးတွေနဲ့၊ မျိုးတွေက စံတွေနဲ့"



အဲသည်ကိစ္စကျတော့ ဦးစားပေး အဆင့်လောက်သာပညတ်၍ အခြားမျိုးကောင်း၊ ဂုဏ်သရေရှိ၊ လူကုံထံဆိုလျှင်လည်း လက်ခံသည်ဆို၏။

"စံမျိုးဆက်ဝင်တွေရဲ့ နာမည်နောက်မှာ စံပါပစေ"

အဲဒါကိုတော့ ခုချိန်ထိ "စံ"တွေက လိုက်နာကြပေမယ့် မျိုးတွေက မလိုက်နာကြတော့ပါ။ မျိုးအမျိုးသမီးတွေက စံအမျိုးသားနှင့် မဟုတ်ဘဲ တခြားမျိုးကောင်းရိုးကောင်း လူကုံထံထဲမှအမျိုးသားနှင့် အိမ်ထောင်ကျသည့်အခါ "မျိုး"နာမည် ပျောက်ပျက်သွားရတာလည်း ရှိသည်။ "စံ"တွေကတော့ အစကတည်းက မျိုးရိုးတစ်လျှောက်လုံး ချမ်းသာခဲ့သည်မို့ "စံ"နာမည်ကို ငွေအားနှင့်ဖိ၍များ ဝယ်လေသလားမသိ။

စံအမျိုးသမီးနှင့် အခြားအမျိုးသားတို့ အိမ်ထောင်ကျသည့်တိုင် စံမျိုးနွယ်ကပင် ဩဇာလွှမ်းသည်။

"ကိုယ့်အမျိုးကိုယ်ချစ်ပြီး ကိုယ့်ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရမယ်"

စံအမျိုးသမီးများ မပြေးရ၊ မခုန်ရ၊ စကားကျယ်ကျယ် မပြောရ၊ သူစိမ်းယောကျ်ားလေးကြားအောင် သီချင်းမဆိုရ၊ အင်္ကျီပါးပါး မဝတ်ရ။

ထိုပညတ်ချက်များကိုလည်း ငွေပေး၍ ဝယ်ခဲ့၏။ ဒေါ်ရွှေအိမ်စံ ဝေါခနဲ ဝေါခနဲ ထုတ်ပေးတတ်သည့် မုန့်ဖိုးတွေထဲမှာ ပညတ်ချက်တွေ မြောက်မြားစွာ ပါလာခဲ့လေ့ရှိသည်။

"မေမေစံ့ အဆုံးအမတွေက အကောင်းချည်းပဲဟာကို၊ လိုက်နာကြကွယ်"

ဆွေစဉ်မျိုးဆက် ဆက်လက်ပို့ချခဲ့သည်။ အချင်းချင်းသွေးစည်းလျက် မိခင်အရွယ်ဆို အားလုံးကို "မေမေ"ခေါ်၊ ဖခင်အရွယ်အားလုံးကို "ဖေဖေ"ခေါ်၊ တစ်စိတ်တစ်ဝမ်း ထစ်မိသားစုတည်းပုံစံနှင့် နေကြရမည်တဲ့။

"လင်ကွဲ မယားကွဲကို မေမေစံ ခွင့်မပြုဘူး၊ ကံမကောင်းအကြောင်းမလှလို့ မုဆိုးဖို မုဆိုးမ ဖြစ်တာတော့ မတတ်နိုင်ဘူး၊ တစ်ခုလပ်ဆိုတာ ယောကျ်ားထဲမှာရော မိန်းမမှာပိုဆိုးတယ်၊ လုံးဝမရှိစေရ"

အဲသည်လိုဖြစ်မှာ စိုးလွန်းသည်မို့ အိမ်ထောင်ရေးမှာ လူငယ်နှစ်ဦး စိတ်သဘောဆန္ဒကို လေးဆယ်ရာခိုင်နှုန်းသာခွင့်ပြုလျက် လူကြီးမိဘသြဇာကို ခြောက်ဆယ်ရာခိုင်နှုန်းညောင်းစေ၏။

"မုဆိုးဖို မုဆိုးမ ဖြစ်သွားရင်လည်း တစ်ပင်လဲပေမယ့်တစ်ပင်မထူရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကလေးသားငယ်ကျန်ခဲ့ရင် ပြဿနာတက်မယ်၊ စိတ်ဆင်းရဲစရာတွေနဲ့ကြုံမယ်၊ ကလေးတွေလည်း ဒုက္ခရောက်၊ လူကြီးတွေလည်းစိတ်ဆင်းရဲ၊ အဲဒါကမှ ထပ်ကွဲရင် နည်းနည်းမှ မကောင်းတော့ဘူး"

စည်းကမ်းက ကောင်းသလောက် တင်းကျပ်၏။ တချို့က စိတ်ပါလက်ပါ နာယူသည်။ စံမျိုးဆက်ဝင် ဖြစ်ရတာကိုပဲ ဂုဏ်ယူမဆုံးရှိကြ၏။ တချို့ကျတော့ ကျပ်လွန်းလို့ အသက်ရှူမဝဟု ဆိုချင်၏။ ဝေဖန်လိုသည့် နှုတ်ခမ်းတွေလည်း ဒေါ်ရွှေအိမ်စံ၏ မုန့်ဖိုးထုထည်ကြောင့် စေ့ပိတ်ကုန်ကြ၏။ စိတ်မပါလည်း လိုက်နာ၊ ပါလည်း လိုက်နာ။



နောက်ဆုံးကျတော့ စည်းကျပ် ကမ်းကျပ်ထဲမှာပင်နေသားကျသွားရတော့သည်။ အထူးတလည် ကျဉ်းကျပ်ကျတ်သည်ဟူ၍ ဖြစ်မနေတော့ပါ။

"ဒါ တို့မျိုးရိုးရဲ့ထုံးစံ"ဟုတောင် ဂုဏ်ယူဝင့်ကြွားစွာ ပြောချင်လာကြတော့သည်။ သူ့စည်းသူ့ကမ်း၊ သူ့ထုံးစံဆိုဘာတွေကလည်း စံတင်လောက်အောင် ချီးကျူးမကုန်နိုင်ဖွယ်တွေလေ။

အဲသည်မှာ မာနတရားတွေ ဝင်လာတော့သည်။

မာန်တက်လာကြသည်။ စံမျိုးဆက်မှာ ဆင်းတောင့်ဆင်းရဲမရှိ၊ စာမတတ် ပေမတတ်မရှိ၊ လူရာမဝင် အနံ့ညာတာမပါ။ ဟုတ်ဟုတ် ဟတ်ဟတ်၊ လောက်လောက်လားလား၊ မြင့်မြင့်မားမား၊ သူဌေးကြီး ရာထူးကြီး၊ ပညာရှိကြီးတွေချည်း ဖြစ်လာသည်မို့ မာနတရားက မဝင်ချင်လို့ကိုမရ။ မြှောက်သူတွေရှိသလို ပင့်သူတွေလည်းရှိသည်။ တကယ်လည်း လေးစားအထင်ကြီးအားကျကြည်ညိုခြင်းကို ခံကြရသည်။

"စံတွေလေ"

❋ ○ ❋

"မေမေရယ်၊ အဲဒီလူကြီးကို မကြိုက်ပါဘူး၊ သမီး မယူချင်ဘူး မေမေ၊ ရှိခိုးပါတယ် မေမေရယ် ... နော်"

ပိုက်ဆံရှိတာချင်း၊ ဂုဏ်ရှိတာချင်း၊ ပညာရှိတာချင်းဘူလျှင်တောင် ဆွေမျိုးအသိုင်းအဝိုင်းဆိုတာ ရှိသေးသည်။ တချို့က တစ်ဆွေမျိုးလုံး ချမ်းသာဂုဏ်သရေရှိတာမျိုး မဟုတ်ပေမယ့်တစ်မိပေါက်တစ်ယောက်တွန်း၊ နောက်ချေးပုံထဲ ကြာပွင့်ဆိုသလို

ဖြစ်နေတတ်သည်။ စံမျိုးဆက်တွေကျတော့ အအုပ်အစု အသိုင်းအဖွဲ့နှင့်ကို အောင်မြင်ကြတာဖြစ်၏။ ပြောရလျှင် မျိုးမျိုးဆက်ပင်လျှင် စံမျိုးဆက်ကို မမီခဲ့။

ခင်ခင်မျိုးကို သူ့အစ်ကို ဦးအောင်မျိုးက ဒေါ်ရွှေအိမ်စံ၏တစ်ဝမ်းကွဲအစ်ကိုနှင့် ပေးစားဖို့စီစဉ်ခဲ့၏။ သို့ရာတွင် ခင်ခင်မျိုးက အစ်ကို့ထံမှာ ခြေသလုံးဖက် ငိုကြွေး၍ တောင်းပန်ခဲ့သည်။

"ညီမလေးမှာ စုံမက်ပြီးသားလူ ရှိနေလို့ပါ ကိုကို၊ ကိုကို ရိုက်ချင်လည်းရိုက်၊ သတ်ချင်လည်းသတ်ပါ၊ မမစံရဲ့အစ်ကိုနဲ့တော့ မယူပါရစေနဲ့ ...

"သစ္စာဖျက်ရမယ့်တူတူတော့ သေရတာက ကောင်းပါတယ် ကိုကို၊ ညီမလေး ကတိလည်း ပေးထားပြီးသား ဖြစ်နေပြီ၊ ဘုရားမှာလည်း သစ္စာဆိုပြီးလို့ပါ ကိုကိုရဲ့"

"မိုက်လိုက်လေ ခင်ခင်မျိုးရယ်၊ ကိုယ့်အိမ်ထောင်သားမွေး ကိစ္စ မြတ်စွာဘုရား သွားတိုင်တည်ရအောင် ဘာဆိုင်လို့တုံး"

သို့ပေမဲ့ ဘုရားမှာ သစ္စာဆိုပြီးပြီဆိုတော့ သစ္စာဖျက်ခိုင်းရမှာ ဦးအောင်မျိုး ကိုယ်တိုင် ဝန်လေးသည်။ ရှေးလူကြီးမို့ သစ္စာစူးမှာ ပူပန်၏။

"ပြီးတော့ သူက အနုံညာတတထဲကလည်း မဟုတ်ပါဘူး ကိုကိုရယ်၊ မမစံကိုလည်း ညီမလေး ရှိခိုးပြီး တောင်းပန်ပါ့မယ်"

ခင်ခင်မျိုးက ယောက်မဖြစ်သူကို တကယ်ကန်တော့ရှာ၏။ အသက်ပင်ငယ်ငြား သမီးယောက်မချင်း ကန်တော့သည့်ဆိုတာက ရှားပါးခြင်း။



တစ်ဖက်သားက မိဘအသိုင်းအဝိုင်း မတောင့်တင်းသော်ငြား ထိုခေတ် ထိုအခါက ဘွဲ့ရပညာတတ် ရှားပါးချိန်မှာ သူက ဘီအေဘွဲ့ကြီးများ ရထားခြင်းတို့ကြောင့်ထက် ယောက်မဖြစ်သူက ထိုင်ကန်တော့တာကို ပိုမိုနှစ်မြို့ကစွာ ရွှေအိမ်စံခွင့်ပြုပေးလိုက်သည်။ မာနတရားကြီးမားသူမို့ ...

"ညည်းထက် ဆယ်ဆသာတာ ရှာပေးစားမယ်"ဟုတော့ ရင်ထဲမှာ ကျိတ်၍ဆုံးဖြတ်သည်။ ခင်ခင်မျိုး မင်္ဂလာဆောင်ပြီးလို့မှ တစ်လမပြည့်သေး၊ ရွှေအိမ်စံအစ်ကိုဝမ်းကွဲက မိုးကုတ်သူဌေးသမီးကိုရသည်။ ရွှေအိမ်စံတို့က စိတ်ကောင်းရှိတာ မျိုးရိုးဂုဏ်ထိန်းတာက သတ်သတ်၊ မာနတရားကတော့ ကြီးမားသည်။

ခင်ခင်မျိုးက မွေးလာသည့် သမီးလေးကျတော့ ခေတ်ဆန်၏။ ဖခင်က ဘာသာရေး ကိုင်းရှိုင်းသော်လည်း သမီးကို လူရာဝင်ဆံ့စေလိုသောဆန္ဒ၊ စံအုပ်စုမှ ရွယ်တူတွေထက် ပညာရေးမှာ သာလွန်လိုစိတ်တို့ ကြီးမားကာ ကျောင်းစ,အပ်ချိန်ကတည်းက ကွန်ဗင့်မှာ ထားခဲ့သည်။ သူ့နာမည်က "ပင်ဒိုရာအောင်"မို့ "စံ"မပါ၊ "မျိုး"မပါ။ သူ့ဖခင်နာမည်သာ ပါဝင်သည့် ခရစ်ယာန်နာမည်။

အင်္ဂလိပ်စကားကို အင်္ဂလိပ်အစစ်ရှုံးအောင် ပြောနိုင်သည့် ပင်ဒိုရာလေး လူလားမြောက်တော့ ဒေါ်ခင်ခင်မျိုးက သူ့ဘန်းကကြွေးကို ပြန်ဆပ်လိုက်၏။ ဒေါ်ရွှေအိမ်စံ စီစဉ်လာသူ "ခံ"တစ်ယောက်ကို အိမ်ထောင်ဖက်အဖြစ် ရွေးပေးသည်။ အမေ့သမီးက အမေ့ထက်သာ၏။ ငိုငြင်းသည်။ ဖွတ်တရွတ် ငြင်းသည်။ အကြောင်းပြချက်အမျိုးမျိုးဖြင့် ငြင်းသည်။

"အိမ်ထောင်ရေး ဆိုတာက ကာယကံရှင်နှစ်ယောက် သဘောချင်းညီပြီး မြတ်နိုးစုံမက်ကြဖို့သာ အရေးကြီးပါတယ် မေမေ"

ဦးလှမောင်က "ပင်ဒိုရာ"ဘက်တော်သားစစ်စစ်ဖြစ်နေ၏။ သူ့လက်ထက်ကတည်းက တိုက်ပွဲဝင်ခဲ့ရသည့် ထို "စံ"တွေကိုလည်း စိတ်နာချင်သည်။ အသားလွတ် ဘဝင်မြင့်ကာ အခြောက်တိုက် မာနကြီးနေကြသည့် ငါနှင့်ငါသာ နိုင်းစရာအထင်ရောက် ပုဂ္ဂိုလ်တွေ။ တစ်ဆွေလုံး တစ်မျိုးလုံးထဲမှာ ကြည့်မရသူက များသည်။ ထိုအချိန်မှာ ဦးအောင်မျိုးက ကွယ်လွန်ခဲ့ပြီး ဒေါ်ရွှေအိမ်စံ တစ်ယောက်သာ ကျန်၏။ ကျန်းမာဆဲ၊ စီမံခန့်ခွဲဆဲ၊ မာန်တက်ဆဲပင် ရှိနေသေးသည်။

"ခင်မျိုးနော် ... ညည်းတုန်းကတည်းက ..."

ဝါကျကို အဆုံးမသတ်ခြင်းက အဆုံးသတ်တာထက် ပိုကြောက်ဖို့ကောင်းသေးသည်။ ဒေါ်ရွှေအိမ်စံ၏စိတ်ကို ခင်ခင်မျိုး သိသည်။

"နားထောင်လိုက်ပါ သမီးလေးရယ်၊ မေမေ့ကို ချစ်ရင်၊ မေမေ့ကို ညှာရင် ..."

"ဘာဆိုင်လို့လဲကွာ၊ ငါ့သမီး အိမ်ထောင်ရေးကို ငါ့မိန်းမရဲ့ယောက်မက ဘာမှဝင်ခြယ်လှယ်စရာ မလိုဘူး၊ မင်းကိုယ်တိုင်တောင် တော်လှန်ခဲ့ပြီးမှ သမီးကျမှ ဘာလို့သွေးကြောင်စေရမှာလဲ"

"အဲဒီတုန်းက ကိုကို ရှိသေးတယ်"

"ခုလည်း ငါရှိတယ်"



"မဟုတ်သေးဘူး ကိုလှမောင်ရယ်၊ တစ်ခါလည်းငြင်း နှစ်ခါလည်းငြင်းဆိုတော့ ကျွန်မတို့က စံသွေးထဲက ခွဲထွက်သလို ..."

"ထွက် ဘာဖြစ်လဲ၊ မင်းကိုယ်ထဲ၊ ငါ့ကိုယ်ထဲ၊ ဟောဒီသမီးကိုယ်ထဲ စံသွေး တစ်စက်ပါသလား၊ ခွဲထွက်တော့ကော ဘာအရေးလဲ၊ စံသွေးက ဘာသွေးမို့လဲ၊ အဲဒီသွေးထဲမှာ ရွှေတွေ အရည်ဖျော်ထားသလား"

"မမစံကို အားလည်းနာတယ်၊ မျက်နှာလည်းပူတယ်"

"ကြောက်တာလည်းပါတယ် မဟုတ်လား၊ ငါမကြောက်ဘူး"

ဦးလှမောင်နှင့် ဒေါ်ရွှေအိမ်စံတို့က မျက်နှာကြောသိပ်တည့်ခဲ့ကြတာ မဟုတ်ပါ။ အပေါ်ယံ ရယ်ပြုံးပြတောင် ဘတ်နိုင်သမျှကင်းအောင် ရှောင်ခဲ့ကြသူတွေဖြစ်သည်။

"မမစံမှာကတော့ ရွှေတွေဆိုတာ ချိန်ခွင်နဲ့တောင် မဟုတ်ဘူး၊ ကတ္တားနဲ့ ချိန်ရမလား မှတ်ရတယ်၊ စိန်တို့၊ ပတ္တမြားတို့၊ နီလာတို့၊ မိုးကုတ်ရတနာတွေများလည်း တိုင်းပြည်တစ်ပြည် ဝယ်လောက်ရဲ့၊ ကိုကို့ဘက်က ပြောလောက်အောင် ပါတာမဟုတ်ဘူး"

"မင်းက ဒါတွေကို မက်သလား"

"မက်လှတယ်တော့လည်း ဘယ်ဟုတ်ပါ့မလဲ၊ ကြည်ကြည်ဖြူဖြူ ရမယ်ဆိုရင်တော့ ဘယ်သူမလိုချင်ဘဲ ရှိမလဲ"

"သူက ပေးမယ် ပြောသလား"

"သူစိစဉ်တာ နာခံရင်ပေါ့"

"အဲဒါတွေမက်ပြီး နားထောင်တယ် ဖြစ်မှာစိုးလို့ကို သူ ပေးစားတဲ့ကောင်ကို ငြင်းတော့မှာ၊ ဟော့ ... မငိုနဲ့တော့ သမီး၊ အဲဒီကောင်နဲ့ ဖေဖေ မပေးစားဘူး"

"ဘယ့်နှယ် ကလေးကို ဆုံးတော့မဆုံးမဘဲ မြှောက်ပေးနေရတာလဲရှင်"

"မင်းတို့ မမစံ ... မမစံနဲ့ တစ်စံတည်း စံနေတဲ့ ရွှေအိမ်စံ မယ်တော်ဖုရားကို ကြည့်လို့ကို မရဘူး"

"အိမ်ဖော်"ဆိုသည့် လူတွေကလည်း တစ်မှောင့်၊ ကိုယ့်မိသားစုထဲမှ ဖြစ်သမျှပြဿနာကို သူတို့သိသည်။ တစ်အိမ်တည်း တူတူနေရတာမို့ ပူတာလည်းသိ၊ အေးတာလည်းသိ၊ သူတို့မသိအောင် ကျိတ်ဖြစ်လို့ကလည်း မရ။ အိမ်ဖော်တွေသိတာနှင့် တစ်ရပ်ကွက်လုံး မပွတောင် ဆွေမျိုးထဲတော့ ပွပြီ။ သူတို့မှာကလည်း သည်အလုပ်တစ်ခုပဲ ရှိလေသလား မသိ။ တစ်နေကုန် ထမင်းချက်၊ အဝတ်လျှော် အလုပ်တွေချည်း ဖိလုပ်နေရတော့ ကိုယ်ပိုင်အချိန်မှာ ထူးထူးခြားခြား ဝါသနာပါတာရယ် ဘာရယ်လဲ ရှိမနေတော့ပါ။

ဟိုလူ့အကြောင်းပြော၊ သည်လူ့အကြောင်းပြော၊ ရပ်ရှင်ဂီတအနုပညာရှင်တွေအကြောင်း ကောင်းတာက နည်းနည်း၊ မဟုတ်တာက များများပြော၊ ကိုယ်သိ၊ ကိုယ်တတ်ကြီးတွေလုပ်၍ပြော၊ ပြောစရာကုန်တော့ ကိုယ့်အိမ်မှာ ဖြစ်သမျှစကားစစ်ထိုးပွဲတွေက ဒေါ်ရွှေအိမ်စံအိမ်သို့ လေနီကြမ်းမွှေလေသလား ထင်ရအောင် မုန်တိုင်းထန်၍ဝင်၏။

"လှမောင်က ငါ့ကို ကြည့်မရဘူးတဲ့လား"



"အဲဒီကောင် လှမောင် ရာထူးတက်တာ ဘယ်သူ့ က်နေသလဲ"ဟု ပြေးမေးလိုက်ချင်သည်။ ခင်ခင်မျိုးက ငယ်၍ ိလှမောင်နှင့် အရွယ်တူမို့ ရွှေအိမ်စံက "လှမောင်"ပဲခေါ်ချသည်။

"သူ့သမီးကို ပင်ဒိုရာလို့ မှည့်ကတည်းက ငါ အော့ကြော လန့်နေတာ၊ အင်္ဂလိပ်နာမည်မှည့်မှ လူရာဝင်သလား၊ ပြောစမ်း၊ ရွှေအိမ်စံရော လူရာမဝင်ဘူးလား"

အဲသည်စကားက ဦးလှမောင်ထံ လွင့်ပျံ့လာ၏။

"ရွှေအိမ်စံ ဆိုတာ လူရာရော နတ်ရာရော အကုန်ဝင်တယ်၊ ကျွတ်တန်းပါဝင်ပြီး နိဗ္ဗာန်ကို တိုက်ရိုက်ကူးပါတော့လား၊ ဘာဖြစ်လို့ လူ့ပြည်မှာနေပြီး လူတကာကိစ္စထဲ ဝင်စွက်ချင်နေသလဲ"

"မခေါ်ချင်သာ နေလို့ရမယ်၊ မတော်ချင်လို့မရတဲ့ ဆွေမျိုးဖြစ်နေလို့ ဆွေဂုဏ်မျိုးဂုဏ်တင့်အောင် ဓိကုတ်ပြီး နတ်ပြည်တင်နေရတာဟေ့"

ထိုအပြန်အလှန် ရန်စကားတွေကို မျက်နှာချင်းဆိုင် ၍ ပြောဖြစ်ကြသည် မဟုတ်ပါ၊ သည်ဘက်ကပြောလိုက်၊ ဟိုကို သတင်းရောက်သွားလိုက်၊ ဟိုကပြန်ပြောလိုက်၊ သည်ကို သတင်း ြန်ရောက်လိုက်နှင့် ကြားထဲမှာ နှစ်ဆင့်သုံးဆင့်ခံမို့ စကားတွေ ကားသင့်သလောက်ကား၍ ချဲ့သင့်သလောက်ချဲ့ပြီး ဖြစ်နေ သည်။ အကျယ်အကျယ် မငြိမ်းဖွယ်တွေက တစ်နေ့တခြား ကြီး ားတိုးပွားလာ၏။

"အမျိုးထဲ လှမောင် တစ်ကောင် ဝင်လာတာ ရှာ ာတယ်"ဆိုသည့်စကားကို ဦးလှမောင်က အသည်းခိုက်အောင် ာ၏။ "ဃရာဝါသတော်တော် ဝါသနာပါရှာတာပဲ၊ လူတကာ

လိုက်ပြီး လင်ပေးစား၊ မယားပေးစား”ဆိုသည့်စကားကို ဒေါ်ရွှေအိမ်စံက ရွှေ့ရွှေ့ရှုန် ဆတ်ဆတ်ခါ နာသည်။

စင်စစ် မျက်နှာချင်းဆိုင် ရန်ဖြစ်ခွင့် ရလျှင်တောင် ပြဿနာက ဤမျှကြီးထွားလာဖို့ မရှိချေ။ ကိုယ့်သိက္ခာ ကိုယ်ထောက်ပြီး ရင့်သီးသော စကားလုံးမျိုးတွေ သုံးဖြစ်မှာမဟုတ်။ ခုတော့ ကွယ်ရာမို့လည်း စကားလုံးထွား၏။ တစ်ဆင့်စကားမို့လည်း ပို၍ကား၏။ ဒေါ်ခင်ခင်မျှို့က ယောက်မအိမ်သို့ ဝင်ကာ ထွက်ကာ ပြေရာပြေကြောင်း စီစဉ်ရှာ၏။ ဒေါ်ရွှေအိမ်စံဘက်မှ လျှော့မပေးသည့်အပြင် ပို၍တောင် တင်းမာလာခဲ့တော့သည်။

“ငါစီစဉ်တာ မနာခံချင်ရင် ငါတို့အမျိုးထဲကထွက်”တဲ့။ ဦးလှမောင် ကြားတော့ “ထွက်တယ်”ဟုဆိုကာ သေစန်းရှေ ရှင်ခန်းပါပြတ်ကြောင်း သတင်းပို့သည်။ ဒေါ်ရွှေအိမ်စံကလည်း ဆယ်ဆပြတ်သတဲ့။ အဲသည်နည်းနှင့် ဦးလှမောင် ဒေါ်ခင်ခင်မျှို့တို့ မိသားစု စံမျိုး၊ မျှို့မျိုး အုပ်စုထဲမှ ပွဲထွက်ခဲ့ရသည်။

“အဲဒီအိမ်ကို ဝင်ထွက်တဲ့လူတွေ ငါ့အိမ်မလာကြနဲ့”ဟု အမိန့်ခြွေသည်မို့ ဦးလှမောင်၊ ဒေါ်ခင်ခင်မျှို့အိမ်သို့ မျှို့အုပ်စု ဆွေမျိုးတစ်ခုလုံးလောက်နီးပါး အဝင်အထွက် တန့်သွားသည်။ စံတွေကကျတော့ လုံးဝပြတ်သွားသည်။ ပင်ဒိုရာတို့မောင်နှမတွေ အဲသည်နည်းနှင့် ဆွေမျိုးစုအပယ်ခံဘဝသို့ရောက်ခဲ့၏။ ဒေါ်ရွှေအိမ်စံလို ပေးမကုန် ကျွေးမကုန်၊ တွင်းထဲမှနိုက်တိုင်း ရတာနာတွေ ထွက်နေသူများ မဟုတ်ကြသောကြောင့် ဆွေမျိုးအုပ်စုက ဒေါ်ရွှေအိမ်စံဘက်မှာသာ ပို၍ဝိုင်းရံကြသလား ထင်ရသည်။

“မမစံကျေးဇူးနဲ့ ရာထူးကြီးလာမှ နွားရာတိုင်းလို့ကွာ”ဟု ပြောသူတွေလည်းရှိသည်။ ဘွဲ့တစ်ခုသာရလျက် ကျောထောက်နောက်ခံမရှိသည့် ဝန်ထောက်ပေါက်စသည်“ဒေါ်ရွှေအိမ်စံ”မျက်နှာနှင့် ရာထူးဌာနနဲ့ ရ ကြီးခဲ့ရတာလည်း အမှန်ပါ။ ဒေါ်ရွှေအိမ်စံတို့က မင်းပေါက်စိုးပေါက် ဝင်ဆံ့၏။ ပိုက်ဆံချမ်းသာလွန်းသည့်အခါမှာ လုပ်တိုင်းတင့်၊ ပြောတိုင်းအောင်တော့၏။



မည်သို့ပင်ဖြစ်စေ ဦးလှမောင်၊ ဒေါ်ခင်ခင်မျှို့မိသားစု မျက်နှာငယ်သည်။ ဆွေပြတ်မျိုးပြတ်မို့ အမွေအနှစ် ဝေခြမ်းရေးတွင်လည်း မပါဝင်ချေ။ ဒေါ်ရွှေအိမ်စံ မရှိသည့်နောက်ပိုင်း ဆွေစဉ်မျိုးဆက်တွေ အလုပ်တောင် သိပ်လုပ်စားကြဖို့မလို။ လယ်ယာချောင်းမြောင်းတွေ၊ တိုက်တာအိမ်မြေတွေ လက်ဝတ်လက်စား ရတနာတွေ၊ ဂုန်နီအိတ်များဖြင့် ထည့်ချုပ်ထားရသည့် ငွေဒင်္ဂါးတွေ၊ စသည့် စသည့် အမွေအနှစ်တွေကို ရောင်းချခြင်း ငှားရမ်းခြင်းဖြင့်ပင် ထိုင်စားနေကြလို့ရသည်။

ရွှေဖလား၊ ရွှေပန်းကန်၊ ရွှေအစ်၊ ငွေဖလား၊ ငွေပန်းကန်၊ ငွေအုပ်၊ ငွေခွက် စသည်တို့ကို ခွဲခြမ်းဝေယူကြ၊ ခြံတွေမြေတွေ ခွဲယူကြပါ၊ ပေါချင်တိုင်းပေါ၊ လျှံချင်တိုင်းလျှံသည့် အုပ်စုထဲမှာ ပင်ဒိုရာ မပါ၊ ငွေမှုးစေ့လေး တစ်ခုမရ၊ ပြောရလျှင် ပင်ဒိုရာတို့ မောင်နှမသုံးယောက်လုံး အိမ်ထောင်ကျတော့လည်း အိမ်ထောင်ဖက်တွေက ပညာကလေး၊ ဘွဲ့ကလေးတွေ ပါသူပါ၊ မပါသူလည်း မပါ။ စည်းစိမ်ဥစ္စာကျတော့ မည်သူ့မှာမျှ ပါမလာ။

“ဆင်းရဲနွမ်းပါးခြင်း”ဆိုသည်မှာ ဗျိုးနဲ့လားဟု မေးရမည့် ဦးအောင်မျှို့ မျိုးဆက်သည် တူမ ပင်ဒိုရာတို့ မောင်နှမတစ်တွေ စ၍ ဆင်းရဲသား မျိုးဆက်ကို တည်ထောင်သလို ဖြစ်နေရတော့သည်။

❋ ○ ❋

ပင်ဒိုရာတို့ မောင်နှမသုံးယောက်မှမွေးသည့် တစ်ဝမ်းကွဲ မောင်နှမရှစ်ယောက် ရှိသည်။ ထိုအုပ်စုလက်ထက်ကျတော့ လခစားတွေ၊ ဝန်ထမ်းတွေ ဖြစ်ကုန်ကြပြီး အချို့ရာထူးကြီးပင်ကြီးပြား ကျားကြီးတော့ ခြေရာကြီးကာ ရရစားစား ဝါးဝါးမျိုးမျိုး အနေအထားမှာပဲ ရှိသည်။

“တို့လက်ထက်မှာ သူဌေးဖြစ်ဖို့ဝေးလို့ ခွေးမဖြစ်အောင်တောင် မနည်းနေနေရတယ်”

ဦးဉာဏ်ထွန်းက တစ်ဝမ်းကွဲအုပ်စုရှစ်ယောက်ထဲမှ တစ်ယောက်ဖြစ်၏။ ပင်ဒိုရာအောက် “ပါစီလှမောင်”မှမွေးခဲ့သူ ဖြစ်သည်။

“သူတို့အုပ်စုကတော့ တစ်စုလုံး တောင့်တယ်နော်၊ စည်းလည်း စည်းလုံးတယ်”

ဦးဉာဏ်ထွန်း ဇနီး ဒေါ်သစ္စာထွန်းက အားကျရှာ၏။

“သူတို့ပိုက်ဆံ၊ သူတို့စိန်ရွှေ သူတို့ပေးချင်တဲ့သူ ပေးခဲ့တာ၊ ကိုယ်တို့နဲ့မဆိုင်လို့ မရတာ ဝမ်းနည်းစရာမရှိပေါင်ကွာ”

“မချမ်းသာတာကို ဝမ်းမနည်းပါဘူး၊ မရလို့လည်း ဘယ်လိုမှမနေဘူး၊ သစ္စာတို့လည်း ဆင်းရဲမွဲတေနေတာမှ မဟုတ်ဘဲ၊ သူဌေးမဟုတ်တာ တစ်မည်ပဲ၊ သစ္စာ မက်မောတာက ဆွေမျိုးသားချင်း သွေးစည်းညီညွတ်နေတာကိုပါ”

“အေးလေ ... အဘွား ဒေါ်ရွှေအိမ်စံကတော့ ကိုယ်တို့အဘိုး ဦးလှမောင်ကို စိတ်ဆိုးလို့ ဖြတ်တာ သဘာဝကျ



တယ် ထားပါတော့၊ ကျန်တဲ့ ဆွေမျိုးတွေက ဘာဖြစ်ကြတာလဲ မသိဘူး”

စံတွေနှင့် မျိုးတွေ လက်ထပ်ကြသလို စံက တခြားအပြင်လူနှင့်၊ မျိုးကလည်း တခြားအပြင်လူနှင့် လက်ထပ်ကြတာ တချို့တလေ ရှိပါ၏။ စံထဲ မျိုးထဲမှာပင် အပြင်လူနှင့် လက်ထပ်၍ သွေးမစပ်ကြတော့သူတွေ ပြန်လက်ထပ်တာလည်း ရှိသည်။ အဲသည်ဆွေမျိုးတွေက အင်အားကြီးနှစ်ခုလို အုပ်စုတောင့်နေ၏။ တစ်ခုက “စံ”တွေ၊ နောက်တစ်ခုက“စံ”မပါသည့် မျိုးစုတွေ။

“ဘာပဲဖြစ်ဖြစ် ဆွေမျိုးတွေပဲ ကိုဉာဏ်ရယ်၊ သွေးကဝေးလှတယ်မှ မဟုတ်တာ”

“သစ္စာက ခေါ်ချင်ပြောချင် ဖြစ်ချင်လို့လား”

“ဒါပေါ့၊ သစ္စာတို့ကလည်း ဆွေနည်းမျိုးနည်း၊ ကိုဉာဏ်တို့ကျတော့ ရှစ်ယောက်တည်း၊ အဲဒီရှစ်ယောက်က ထပ်ပြီး ပေါက်ဖွားရင် နှစ်ဆယ်အစိတ်ထက် ပိုမလား၊ ဟိုမှာကျတော့ စံတွေကချည်း ရာကျော်၊ စံမပါတာတွေကလည်း ရာနဲ့ချီပြီးကို အုပ်စုတောင့်နေတာ ပျော်စရာကြီး”

ဒေါ်သစ္စာက ဆွေချင်းမျိုးချင်း စည်းစည်းလုံးလုံး ပြန်နေချင်သည်။ ကိုယ့်ဘက်က အမျိုးမဟုတ်ပေမယ့်၊ ဦးဉာဏ်ထွန်းဘက်မှ အမျိုးတွေဆိုပေမယ့် ဝင်ကြ ထွက်ကြ၊ သွားကြလာကြ၊ တစ်အိမ့်တစ်အိမ် တက်စားလိုက်ကြ၊ ရွယ်တူတွေစုပြီး ဘုရားဖူးထွက်လိုက်ကြ၊ သွားလိုက်ကြသည့် ပျော်ပွဲစားတွေ၊ အလှူမင်္ဂလာ သာရေးနာရေးရှိတိုင်း စုအိပ်ကြ၊ စည်းရုံးမှုကတကယ့်ကို အားကျစရာ ဖြစ်နေ၏။

စိတ်ဝမ်းလက်ညီ ရှိကြပုံက ဦးလှမောင် သားသမီး သုံးယောက်၊ ချွေးမ၊ သမက် သုံးယောက် စုစုပေါင်း ခြောက်ယောက်နှင့် အဲသည်ခြောက်ယောက်မှမွေးသည့် ရှစ်ယောက်၊ အိမ်ထောင်ဖက်တွေပါ ပေါင်းတော့ ဆယ့်ခြောက်ယောက်၊ အားလုံးပေါင်း နှစ်ဆယ့်နှစ်ယောက် ပြည့်စုံအောင်တောင် မရှိတော့။ သေသူသေမို့ စုစုပေါင်းမှ ဆယ့်လေးယောက်လား ကျန်သည့်အုပ်စုကို လုံးဝမခေါ်မပြော အဆက်ဖြတ်ထားရာမှာပါ ညီညွတ်လွန်းကြသည်။

"သူတို့ထဲမှာ တချို့က ပြန်လည်စည်းရုံးချင်စိတ် ရှိပုံရပါတယ်၊ ဆွေမျိုးထဲ ချတိုင်ပင်ဖို့လည်း မရဲ၊ ကိုယ့်ဘာသာလည်း တိတ်တိတ်မဆက်ဆံရဲ ဖြစ်နေလို့ပါ"

"အဲဒီလို ပြန်ဆက်ဆံချင်တာ ဘယ်သူတွေလဲဟင် ကိုဉာဏ်"

"ဘာလုပ်ချင်လို့လဲ သစ္စာရယ်"

"အဆက်အစပ်ကလေး စမ်းကြည့်မလားလို့ပါ"

"အေးအေးနေပါ၊ ဟိုက လှည့်မကြည့်မှ စိတ်ဆင်းရဲနေဦးမယ်"

"မရတော့လည်း အရင်းပေါ့၊ ဖြစ်မြောက်သွားရင် ဘယ်လောက် ပျော်စရာ ကောင်းလိုက်မလဲ"

ဦးဉာဏ်ထွန်းတို့ တစ်ဝမ်းကွဲရှစ်ယောက်ထဲသို့ ဝင်လာသည့် အိမ်ထောင်ဖက် ရှစ်ယောက်ထဲမှာ ဒေါ်သစ္စာက တော်တော်လေးကို သဘောကောင်းသည်။ ဟိုဘက် သည်ဘက် ခဲအို၊ ယောက်မ၊ မတ်၊ ယောက္ခမ အားလုံးနှင့် အဆင်ပြေသည်။ မပြေပြေအောင်လည်း ပေါင်း၏။ ဆွေမျိုးချင်းချင်း ဆက်ဆံရာတွင် သူက အနစ်နာခံလိုက်သေးသည်။

ခင်ပွန်းက ရာထူးကြီးပေမယ့် မာန်မာနမရှိ။



"ရာထူး ဘယ်လောက်ကြီးကြီး၊ လခဘယ်လောက်ရရ၊ လခစားဆိုတာ လလည်းကုန်၊ ပိုက်ဆံလည်းကုန်ပဲ၊ မာနကြီးစရာ ဘာရှိတာမှတ်လို့"

တစ်လအတွင်းမှာတော့ လူနေမှုအဆင့်အတန်း မြင့်မြင့်ကလေး နေလိုက်နိုင်အံ့သည်။ လကုန်တော့ ငွေကုန်ပြီ။ လခမထုတ်မီ နောက်ဆုံးရက်ထိတိုင် လက်ကျန်လေး မပြတ်စေဖို့ မနည်းခြစ်ကုတ်ချန်ရ၏။

"သူတို့က တို့ကို ငမွဲတွေဆိုပြီး အဆက်အဆံလုပ်ချင်မယ် မထင်ပါဘူးကွာ"

"ဒီလောက် လူအများကြီးထဲမှာ အားလုံးကတော့ အဲဒီစိတ်ရှိမယ် မထင်ပါဘူး"

"အလုပ်မရှိရာ အလုပ်ရှာ နားပူစရာ မဟုတ်တာကို ပူဆာရလား မိန်းမရာ"

"သစ္စာတော့ ဆွေမျိုးတွေထဲဝင်ပြီး စည်းလုံးချင်တာပါပဲ၊ ဘာကိုမှလဲ မမျှော်ကိုးပါဘူး၊ ဖြစ်နိုင်ရင် သစ္စာကတောင် တတ်နိုင်တဲ့ အကူအညီကို ပေးဦးမှာပါ"

"မင်း သားတွေ သမီးတွေက ဘာတဲ့လဲ"

"သူတို့လည်း ရွယ်တူဝမ်းကွဲတွေနဲ့ ခင်ချင်မှာပေါ့၊ သစ္စာလောက်တော့ စိတ်မထက်သန်ဘူး"

"ပစ်ထားလိုက်စမ်းပါကွာ၊ မင်းနဲ့ ပေါင်းလို့သင်းလို့ ဖြစ်တဲ့ မိတ်ဆွေတွေအားလုံးဟာ ဆွေမျိုးတွေပဲပေါ့။ မြိန်ရာဟင်းကောင်း မဟုတ်ဘူးလား"

"ပြောပဲပြောစမ်းပါဦးတော့ ကိုဉာဏ်ရယ်၊ သစ္စာက သစ္စာအမျိုးမဟုတ်လို့ ဘယ်သူတွေမှန်း မသိတာ"

"ကိုယ်တောင် သိပ်သိတာမဟုတ်ဘူး၊ အမျိုးထဲမှာ တောက်လျှောက် စပ်စုလာတာဆိုလို့ မမစုစု တစ်ယောက်ပဲရှိတာ၊ သူ့ပဲ မေးရမယ်"

ဒေါ်ပင်ဒိုရာလက်ထက်မှစ၍ "စံ"တွေ "မှို့"တွေကို စိတ်နာခဲ့တာ။ သည်ဘက်ကကျတော့ စိတ်နာလို့၊ ဟိုဘက်ကကျတော့ ဒေါ်ရွှေအိမ်စံ မျက်မာန်ရှမှာစိုးလို့ ဤနည်းအားဖြင့် အဆက်အဆံပြတ်ကြသည်မို့ နောင်လာနောက်သားတွေချင်း သိပ်တောင်မသိကြတော့ပါ။ လုံးဝမသိကြတော့သလောက်ကို ကင်းစိမ်းသွားကြတော့သည်။

"ဆွေမျိုးတော်သူလည်း နည်းနေပါပြီအေ"

"နောက်ပိုင်းတွေကျတော့ သွေးမစပ်တော့ဘူးပေါ့၊ ပြောရရင် တို့က မျိုးဆက်တစ်ခု သတ်သတ်ဖြစ်သွားတာ၊ ဦးလှမောင် မျိုးဆက်လေ"

ဒေါ်စုစုတင်က မိဘဘိုးဘွားထံမှ တစ်ဆင့်ပြီးတစ်ဆင့် ကြားခဲ့ရသည့် ပုံပြင်လို မှတ်သားထားပြီး ဘယ်သူနှင့်ဘယ်ဝါ အိမ်ထောင်ကျ၊ ဘယ်သူတွေကိုမွေး၊ အဲဒါတွေက ဘယ်ဝါတွေနှင့် လက်ထပ်ကြ ဆိုတာကို စာအုပ်တစ်အုပ်နှင့် ဆွေမျိုးစာရင်း ပြုစုထားသည်။

"စံနာမည် ထည့်မှည့်တဲ့ ဆွေမျိုးစုစုပေါင်းက တစ်ရာလေးဆယ့်ရှစ်ယောက်ရှိတယ်၊ ထားပါတော့ အဲဒါက တစ်အုပ်စု၊ စံသွေးများတာတွေ၊ စံဘက်လိုက်တာတွေ၊ စံတွေဆိုပါတော့ ...

"စံဘက်မလိုက်တော့ဘဲ စံ နာမည်မယူကြတာတွေ စုစုပေါင်းက နှစ်ရာသုံးဆယ့်နှစ်ယောက်ရှိတယ်"



"များလှချည်လား မမစုစု၊ အဲဒါတွေ အားလုံး အမျိုးချည်းပဲလား"

"ဘယ်ဟုတ်မလဲ၊ အင်လော(ဇနီးခင်ပွန်းဘက်မှ တော်စပ်သောဆွေမျိုး)တွေလည်းပါလို့ ဒီလောက်များတာပေါ့၊ တချို့ဆို အချင်းချင်းသွေးမတော်စပ်ကြတော့ဘူး၊ ဒါပေမဲ့ ဆွေမျိုးအုပ်စုထဲတော့ ပါတယ်"

"ဒါဆို နှစ်စုခေါ်မှာပေါ့နော်"

"အေး ... နှစ်စု၊ အဲဒီနှစ်စုက တစ်စုတည်းလို့ ပြန်ပြောရင်လည်းရတယ်"

"သစ္စာတို့က တစ်အုပ်စု သတ်သတ်ပေါ့နော်၊ သစ္စာတို့ကျတော့ နည်းလိုက်တာ"

"နည်းဆို တို့တွေက သားမွေး၊ သမီးမွေးလည်း နည်းကြတယ်၊ အန်တီပင်ဒိုရာတို့၊ အန်ကယ်ပါစီတို့ လက်ထက်ကျမှ စ,တွက်တာကိုး၊ သူတို့ကျတော့ ဒေါ်ရွှေအိမ်စံ လက်ထက်ကစပြီး ဦးအောင်မှို့ အမျိုးတွေရော အဲဒါတွေနဲ့ပတ်သက်သမျှ ဇနီးခင်ပွန်းဘက်က အမျိုးတွေပါ အုပ်စုကြီးလိုဖြစ်တော့ များတာပေါ့"

"သစ္စာတို့နဲ့ဆိုရင် အမျိုးမတော်ကြတော့ဘူးလား"

"ဦးအောင်မှို့ဘက်က ဆင်းသက်သူ တချို့တလေနဲ့တော့ တော်နိုင်တယ်၊ စံတွေနဲ့တော့ ဘယ်တော်မလဲ၊ ဒေါ်ခင်ခင်မှို့ ကိုယ်တိုင်က ဒေါ်ရွှေအိမ်စံနဲ့ သမီးယောက်မပဲဟာ"

"ဘိုးဘိုးဦးလှမောင်ကိုသာ ဒေါ်ရွှေအိမ်စံက စိတ်ဆိုးပြီး အဆက်မဖြတ်ခဲ့ရင် သစ္စာတို့က ဘယ်အုပ်စုထဲ ပါမလဲဟင်"

"စံတွေနဲ့ လက်ထပ်ဖြစ်ပြီး စံထဲပါချင်လည်း ပါသွားမယ်၊ စံမပါတဲ့ အုပ်စုထဲ ရောက်ချင်လည်း ရောက်မယ်၊ မှုပြီးဝင်သွားမှာပေါ့"

"ခုတော့ စံနဲ့မျိုး အုပ်စုကြီးနှစ်ခုက ပွဲထွက်လာတဲ့ ဆွေမျိုးစုအဖွဲ့အစည်း သေးသေးလေးတစ်ခုပေါ့နော်"

"သစ္စာတစ်ယောက်လည်း သမိုင်းဦးဘုံမြေခေတ်ကို ပြန်သွားချင်နေပုံရတယ်"

"မဟုတ်ပါဘူး မမစုစု၊ သစ္စာက ဒေါ်ရွှေအိမ်စံ ဝင်စားတာ"

ဦးညဏ်ထွန်းက ဝင်နောက်သည်။

"ကိုညဏ့် စကားက အမှန်ဖြစ်ချင် ဖြစ်နေမှာ၊ ဒေါ်ရွှေအိမ်စံ ဝင်စားလို့သာ ဒီအုပ်စုတွေထဲ ပြန်ဝင်ချင်စိတ် ဒီလောက်ထက်သန်နေတာ ဖြစ်နိုင်တယ်"

"အမယ်လေး ... ဒေါ်ရွှေအိမ်စံ ဝင်စားမယ်ဆိုရင် ဝင်စားစရာ ဗိုက်တွေမှ ပြည့်လို့ပါကွာ"

"သစ္စာတို့ကို ဘိုးဘိုးဦးလှမောင်ရဲ့ မျိုးဆက်တွေမှန်း သူတို့ သိနိုင်မလားဟင်"

"သိမယ်မထင်ဘူး၊ ဆွေဆက် မျိုးဆက် စ,ပြတ်ကတည်းက နားမှမစွင့်ကြတာ၊ သာရေးနာရေးလည်း အဝင်အထွက်မရှိဘူး၊ ဟောဒီ မမစုစု တစ်ယောက်ပဲ အလုပ်မရှိ အလုပ်ရှာပြီး စာရင်းကောက် ဇယားဆွဲ လုပ်ထားတာ"

"အဲဒါ သစ္စာလို ယောက်မမျိုးရလာတော့ ကျုပ်စာရင်းဇယားက အသုံးဝင်မနေပေဘူးလား မောင်ညဏ့်ရဲ့"

"ဪ ... ပြောရဦးမယ်၊ မမစုစုဆီမှာရှိတဲ့ ဇယားကြီးကို မမနွဲ့ရီက လိုချင်လို့တဲ့"



"ဘာလုပ်ဖို့လဲ"

"သူက ခုမှထပြီး အသည်းနာရောဂါ ပြန်လည်ဆန်းသစ်နေတယ်၊ သူ့သားသမီးတွေ မသိဘဲနဲ့ သွားကြိုက်နေမှာစိုးလို့ ကြိုတားထားချင်လို့တဲ့"

"ဒါတော့ မှန်တယ်၊ မမနွဲ့ရီ သားသမီးတွေက ထိတ်ထိတ်ကြဲတွေ ထဖြစ်ကုန်ပြီ၊ အဲဒါ ဟိုအုပ်စုတွေအတွက် အလုပ်အကျွေး ပြန်မဖြစ်စေရဘူး၊ မှန်တယ်"

ဒေါ်နွဲ့နွဲ့ရီက ဦးညဏ်ထွန်းတို့နှင့် တစ်ဝမ်းကွဲ သူ့သားသမီးတွေက ဆရာဝန်ဖြစ်သူဖြစ်၊ နိုင်ငံခြားသွား ဥစ္စာရှာသူကရှာ၊ ပညာနှင့်သော်လည်းကောင်း၊ ဥစ္စာနှင့်သော်လည်းကောင်း အောင်မြင်ကြသည်။ နောက်ဆုံးမျိုးဆက်အုပ်စုထဲမှာတော့ ဒေါ်နွဲ့နွဲ့ရီ သားသမီးတွေ ထွန်းပေါက်ကြ၏။

"ကျွန်တော်တော့ မမနွဲ့ရီတို့၊ မမစုစုတို့ကို ကိုယ့်ဘက်က ဖြစ်ထွန်းနေလို့ စံတွေနဲ့ မပတ်သက်စေရဆိုတဲ့ စိတ်မျိုးလည်း မရှိဘူး၊ သစ္စာလို အလုပ်မရှိ အလုပ်ရှာပြီး သွားချော့ပေါင်းချင်စိတ်လည်း မရှိဘူး ...

"အေးဆေးပဲ၊ ကိုယ်လုပ်မှ ကိုယ်စားရတယ်၊ သူများက တစ်ပဲဖိုးလာကျွေးတာ မဟုတ်ဘူး၊ အလကားလာကျွေးလည်း မစားချင်ဘူး၊ အဲဒီအုပ်စုတွေကို တခြားသူစိမ်းတွေနဲ့တန်းတူ ...

"ဪ ... လူသားတွေပဲ၊ လူထဲက လူတွေလို့ပဲ သဘောထားတယ်"

"ငါကတော့ သုံးဆယ့်လေးသိန်း ထီပေါက်ရင် ငါ့သမီးကို အဲဒီအုပ်စုထဲကဟာတွေနဲ့ မပေးစားဘူး"

ဦးညာဏ်ထွန်းနှင့် ဒေါ်သစ္စာတို့ရယ်၏။

"ဟိုဘက်က ပေါက်တယ် သတင်းကြားရင်ကော"

"အရေးမလုပ်ပေါင်"

"မမစုစု သမီးကို ဟိုအုပ်စုထဲက တစ်ယောက်ယောက်က ကြိုက်ပြီး လာတောင်းရင်ကော"

"ကျုပ်က သမီးရှင်လေ၊ သမီးရှင်ရှေ့ ဒူးလာထောက်ပေါ့၊ ကျုပ်က ခေါင်းခေါက်ခွေးမယ်၊ ထောက်တဲ့ဒူးနဲ့ အခေါက်ခံနဖူးကို ကြည့်မယ်၊ နဖူးရေ ဒူးရေကို ပြောတာ"

"ပေးစားမှာလား"

"သူတို့ဘက်က မရရင် သေရပါတော့မယ်ဆိုမှ တစ်သက်လုံး ကျိုးနွံပျပ်ဝပ်သွားပါ့မယ်ဆိုတဲ့ ကတိကို တောင်းပြီး လူ့အသက်တစ်ချောင်းမို့ ကယ်သင့်ရင် ကယ်မယ်"

ဦးညာဏ်ထွန်းက ဝေါခနဲ ရယ်ချတော့သည်။

"လိုက်တယ်၊ မမစုစုနဲ့ သစ္စာ"

"နေနဲ့လ ရွှေနဲ့မြနော်၊ ဘုန်းကြီးရှူးနဲ့ လှေလူးမဟုတ်ဘူး"

ဒေါ်သစ္စာပါ ရောရယ်နေတာကို သမီးငယ်က မျက်စိနှင့်လည်းမြင်၊ နားနှင့်လည်း ကြားခဲ့ရသည်လေ။

❋ ○ ❋

"ဒါက ညွန်ကြားရေးမှူး ဦးညာဏ်ထွန်းရဲ့ဇနီး ဒေါ်သစ္စာထွန်းပါ မမတင်တင်၊ သစ္စာ ... ဒါ ဒေါ်တင်တင်စံလေ၊ သိတယ် မဟုတ်လား၊ ဒေါ်ရွှေအိမ်စံတို့ မျိုးဆက်အုပ်စုက"

"ဪ ... ဟုတ်ကဲ့၊ သိရကျွမ်းရတာ ဝမ်းသာလှပါတယ် မမ"



"အဲ ... အေးကွယ်၊ မမတင်တင်ကလည်းဝမ်းသာပါတယ်"

ဒေါ်သစ္စာ၏ သူငယ်ချင်း ဒေါ်နီလာရွှေ၏ညီမ ...လာဆောင်က ဒေါ်နီလာရွှေတို့ ခြံထဲမှာပဲကျင်းပသည်။ ကိုယ် ...င်ခြံပွဲမို့ ပရိသတ်တွေ အေးအေးဆေးဆေးနှင့် တရင်းတနှီးရှိသည်။ ...က်သောင့်သက်သာ ရှိသည်။ တွေ့ကြ၊ နှုတ်ဆက်ကြ၊ မိတ် ...က်ကြ၊ ရယ်မောကြနှင့် တော်တော်လေး ပျော်စရာကောင်းသည်။

"ဦးညာဏ်ထွန်းက ဒီအချိန်ဆို ရုံးမဆင်းရသေးဘူး မမတင်တင်ရဲ့၊ ဒါကြောင့် သူ့ဇနီးက သမီးလေးနဲ့ လာခဲ့တာ၊ ရုံးအဆင်းနဲ့ ပွဲသိမ်းချိန်လောက်နဲ့မှန်းပြီး အပြန်မှ ဝင်ကြိုမယ်တဲ့"

"ကောင်းတာပေါ့၊ ကြိုးစားပါစေ၊ ဒီကညီမကြီးတို့က တားမြစ်ပိတ်ပင်မယ် စိတ်မကူးလေနဲ့နော်၊ လူဆိုတာ ကြိုးစားနိုင်မှ အမြင့်ရောက်တယ်"

လက်ကျန် "စံ"တွေထဲမှာ ဒေါ်တင်တင်စံက မာန်...တက်ဆုံး၊ အချမ်းသာဆုံးနှင့် အထောင်လွှားဆုံး ဖြစ်လေ၏။ ...ွန်ကြားရေးမှူးကတော်ကိုတောင် အခွင့်ကြုံခိုက် ဆုံးမပစ်လိုက်သည်။ ငါသိ၊ ငါတတ်၊ ငါတော်၊ ငါကောင်း၊ ငါနှင့်ငါသာနိုင်း...ရာ၊ ငါလိုလူ ဇမ္ဗူမှာမရှိ။ လူတွေဆိုတာ အသိညာဏ်အရာမှာ ...နည်းတတ်ကြပါဘိခြင်း၊ ကိုယ့်အတွက်ကိုယ် ဘာမှမသိ၊ မတတ်၊ ...းမလည်ကြတာများသည်။ ထို့ကြောင့် ကြုံတုန်း ဆုံးမလိုက်မည်။ ...ယ်က ကြီးသူမို့ ပိုမိုများပြားလှစွာသော အတွေ့အကြုံတွေထဲမှ ...တ်နုတ်သွန်သင်ပစ်လိုက်ခြင်းလည်း ဖြစ်သည်ဟူ၍ လေသံက ...ဆက်စီးမှ ဆင်းသက်တော်မူ၏။

"ဟုတ်ကဲ့ပါ မမတင်တင်"

သူ့ကိုယ်သူ "မမတင်တင်" ဆိုသည်မို့ ဒေါ်သစ္စာ ထွန်းကပါလိုက်ကာ "မမတင်တင်"ဟု လုပ်လိုက်၏။ မျက်နှာကို အချိုဆုံးထား၍ ကြိုတောင့်ကြိုခဲ ဆုံပွဲမှာ ရင်းနှီးခွင့်ရအောင် ကြိုးစားလိုက်ဖို့ စိတ်ကူး၏။ ဒေါ်တင်တင်စံကကျတော့ "စံ"ဆိုတာနှင့် လူတကာ ဖျပ်ဖျပ်လူးကြတာပဲဟု မာန်ဝင့်စွာတွေးလျက် ထည်သည်ထက် ထည်ပစ်လိုက်၏။

ဒေါ်ရွှေအိမ်စံသည် လွန်ခဲ့သည့် မျိုးဆက်သုံးဆက်ကျော်မှ အမျိုးသမီးကြီး ဖြစ်ပေမယ့် ယခုထက်တိုင် မသိသူရှား၏။ ဘုရား၊ ကျောင်း၊ သိမ်၊ ဇရပ်တို့တွင် ဦးအောင်မျိုးနှင့် ဒေါ်ရွှေအိမ်စံ ကောင်းမှု ဆိုတာတွေက လက်ညှိုးထိုးမလွဲ။ ဘုန်းကြီးကျောင်းတွေ၊ မဟာရံတံတိုင်းတွေမှာလည်း ထိုနာမည်၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံတိုင်းမှာ ဒေါ်ရွှေအိမ်စံ၏ အလှူဒါန အငွေ့အသက်နှင့် ကင်းနိုင်သည်ဟူ၍ မရှိသလောက်ပင်ဖြစ်၏။ ထို့ကြောင့် လူကုံထံလောကသာမက လူတန်းစားပေါင်းစုံ ကြားဖူးနားဝနှင့်ပင် အားကျလေးစားနေရသည့် သူဌေးမကြီးဖြစ်တော့သည်။

"သစ္စာက မမတင်တင်တို့ကို ကြားဖူးနားဝနဲ့တင် ရင်းနှီးလေးစားနေရတာပါ"

"ဒါပေါ့ ... ဒါကြောင့်လည်း မျိုးထဲဆွေထဲမှာ ဆုံးမရတယ်လေ၊ ကိုယ့်ဆွေကိုယ့်မျိုးဂုဏ်ကို ထိန်းကြလို့၊ မမတင်တင်တို့မျိုးရိုးဆိုရင် လက်ညှိုးထိုးစရာ မရှိဘူး၊ မဟုတ်တာမမှန်တာ ဘာတစ်ခုမှ မလုပ်ဘူး ...

"မင်းပြစ်မင်းဒဏ် ခံဖူးတဲ့သူ မရှိဘူး၊ လင်ကွဲမယားကွဲ မရှိဘူး၊ မုဆိုးဖို၊ မုဆိုးမတွေကိုတောင် တစ်ပင်လဲမေ



မယ့် တစ်ပင်ထူခွင့်ပြုခဲ့တာ မဟုတ်ဘူး၊ အဲဒါ မယ်မယ်ကြီးဖုရား ဒေါ်ရွှေအိမ်စံ လက်ထက်တော်ကတည်းက"

"သြော် ... မမတင်တင်တို့က အနွယ်တော်ထဲကပေါ့နော်"

"ရှင်လောင်းဘဝက ရွှေထီးဆောင်းခဲ့တာမျိုးလို ဖြစ်နေပါပြီ ညီမရေ၊ ခုချိန်ထိ မယ်မယ်ကြီးဖုရား အဆိုအမိန့်အတိုင်း နေကြရတာပဲ ...

"ပြောရရင် မိန်းမခိုးတို့ ခိုးရာလိုက်တို့လည်း ခွင့်မပြုဘူး၊ မယ်မယ်ကြီးဖုရားက မျိုးထဲဆွေထဲ သူခိုးကြမ်းပိုးတောလေတွေ မရှိစေရတဲ့"

"သြော် ... ကြားရတာနဲ့တင် ကျက်သရေရှိလိုက်တာ မမတင်တင်ရယ်"

"မမတင်တင်က ဆွေမျိုးထဲမှာ ဝါအကြီးဆုံးလိုဖြစ်ပြီး မယ်မယ်ကြီးဖုရား မိန့်မှာချက်အတိုင်း ဆုံးမပြောဆိုနေရတော့တာပဲ၊ ကိုယ့်ထက် အသက်ကြီးသူတချို့ရှိပါရဲ့၊ အိုမင်းမစွမ်းလွန်းတော့လည်း ပြောနိုင်ဆိုနိုင် မရှိတော့ဘူးလေ"

"မမတင်တင် ဆုံးမရင်လည်း နာခံကြတာပဲလား"

"နာခံကြတာပဲ၊ အဲဒါတစ်ခု ကျေးဇူးလည်းတင်ရ၊ ချီးလည်းချီးကျူးပါရဲ့၊ နာခံသူကို နာခံတဲ့အလျောက်လည်း ချီးမြှင့်မြှောက်စားပေးရတာပေါ့လေ ...

"မယ်မယ်ကြီးဖုရား လက်ထက်ကတည်းက ကျန်ရစ်ခဲ့တဲ့ ရွှေအိုးရွှေခွက်၊ ရွှေဖလား၊ ငွေအိုးငွေခွက်၊ ငွေဖလားတွေဆိုတာ ခုချိန်ထိ မမတင်တင်ဆီမှာ အစွယ်စုံလေ ...

"ချီးမြှင့်ပေးကမ်းရင်းနဲ့ သိမ်းသွင်း ဆုံးမရတာပဲကွယ်"

"သစ္စာက မမတင်တင်တို့ ဆွေမျိုးစုအကြောင်း ကြားဖူးတော့ အဲဒီဆွေမျိုးစုထဲမှာ အပါအဝင် သိပ်ဖြစ်ချင်တာ၊ တွေ့ဖူးမြင်ဖူးချင်နေတာတောင် ကြာလှပြီ မမတင်တင်ရဲ့"

"ဒီလိုပါပဲ ... ဒီလိုပါပဲ၊ စံမျိုးဆက်ကတော့ ဝင်ချင်တဲ့သူ ချည်းပဲ၊ ဥစ္စာ၊ ပညာ၊ စာရိတ္တပိုင်းဆိုင်ရာ လူကြီးလူငယ် မရွေး လူပြောလွတ်တယ်၊ ဘာတစ်ခုမှ ပြောစရာမရှိအောင် ပြည့်စုံတယ်၊ စံမျိုးဆက်ထဲ ဝင်ချင်လို့ လာကြပါရဲ့၊ စပ်ကြဟပ်ကြဆိုတာ တစ်နေ့တစ်နေ့ မမတင်တင်ဆီပဲရောက်တာ ..."

"အဆုံးအဖြတ် ပေးနိုင်သူက မမတင်ပဲကိုး ညီမရဲ့"

"သစ္စာက အဲဒီလိုမျိုး သဘောတော့ မဟုတ်ပါဘူးရှင်၊ ဆွေမျိုးရင်းချာလို ရင်းနှီးချင်တာပါပဲ"

"သားပေးသမီးယူ မရှိတော့လည်း မသကာခင်လှ မိတ်ဆွေပေါင်းပေါ့၊ ဆွေရာမျိုးရာ မရောက်တော့ဘူးပေါ့"

တစ်ကိုယ်လုံး စိန်တွေသီးလျက် ကိန်းကြီး ခန်းကြီးလုပေမယ့် ဒေါ်သစ္စာက ထည်ဝါရန်ကောဟူ၍ အပြစ်တင်လိုစိတ်မရှိပါ။ ငယ်ကကြွဲသည့် အစ်မရင်းနှင့် ခုမှ ပြန်တွေ့ရသလို စိတ်ထဲမှာ ကျေနပ်နေ၏။

လူချင်းရင်းနှီးအောင် အရင်ပေါင်း၊ လိုအပ်လျှင် သားပေး သမီးယူ ဆိုတာ လုပ်သင့်လည်း လုပ်ရမည်။ သွေးမှ မစပ်ကြတော့တာ၊ သည်ဆွေမျိုးထဲ သည်နည်းနှင့် ပြန်ဝင်မှ ဝင်ခွင့်ရမည်ဆိုလျှင် အဲသည်နည်းကိုတောင် သုံးဖို့ဝန်မလေးပါ၊ အဲသည်လောက်ထိ စိတ်သန်သည်။



မင်္ဂလာဆောင်က ညနေစာ ဒံပေါက်ထမင်းကျွေးသည်မို့ သစ္စားချဉ်လေးတွေ၊ ငါးပိကြော်လေးတွေ၊ ကန်တော့နော် ဟုဆို၍ ဒေါ်တင်တင်စံ ပန်းကန်ထဲသို့ ဦးချ၏။ ဒေါ်တင်တင်စံက ထည်မည်ဆိုလည်း ထည်လောက်၏။ အသားရောင်နှင့် မျက်နှာကျကိုက ရှေးမြန်မာပုံစံစစ်စစ် ဝင်းဝင်းပပကြီး ကျက်သရေရှိနေပြီး ထောင်ထောင်မောင်းမောင်းနှင့် ကြည့်ကောင်းလှသည်။

မျက်နှာပေါ်မှာ သူ့အရည်အချင်းတွေကို နံပါတ်ထိုး၍ စာတန်းချိတ်ထားသလား ထင်ရအောင် ပေါ်လွင်၏။ ထက်မြက်သလောက် မာန်ဝင့်လှသည့် အမျိုးသမီးကြီးကို ဒေါ်သစ္စာ ရင်ထဲမှာ ချစ်ကြည်ညိုစွာ အားကျနေမိတော့သည်။

"ပြောရမယ်ဆိုရင် ဆွေမျိုးစုက နှစ်စုဆိုပါတော့"

"ဟုတ်ကဲ့"

ဒေါ်တင်တင်စံက သူ့ဆွေစဉ်မျိုးဆက် အကြောင်းကို ပြောရမည်ဆိုလျှင် အလွန်စိတ်သန်သည်။ ပြောချင်၏။

"စံမျိုးနဲ့ မှိုမျိုး"

"ဟုတ်ကဲ့"

"မယ်မယ်ကြီးဖုရားက တကယ်ဆို သားသမီးမရခဲ့ဘူး၊ သားဒုက္ခ၊ သမီးဒုက္ခ မခံခဲ့ရဘူး၊ အဲဒီလောက် ကုသိုလ်ကလည်း ထူးသေးတာ"

"သူတို့အမျိုး ကလေးမရတော့ ကုသိုလ်ထူးသတဲ့၊ သူများတွေ ကလေးမရတော့ အမြုံတဲ့၊ အဲဒီလောက် မတရားပြောတတ်တဲ့ လူတွေပါဟာ၊ ပါးစပ်က ဘုရား ... ဘုရား၊ လက်က ကားရားကားရားသမားတွေ၊ အမျိုးထဲ ကြမ်းပိုးတောလေ မပါဘူးလေး ဘာလေးနဲ့ မိုက်တဲ့သူ မထွက်ခင် ပြောအားရှိနေတာ၊ ငါ

တော့ တစ်စက်ကလေးမှ ခင်မင်ချင်စိတ် မရှိပါဘူး"ဟု ခဲအိုကြီး ပြောဖူးတာကို ဒေါ်သစ္စာက သတိရလိုက်သည်မို့ ပြုံးဖြစ်သွား၏။

"တူသားနှောင်မယ်တွေပေါ့လေ"

"စံ ... စံ"နှင့် တစ်စံတည်း စံနေကြသူတွေ ဒေါ်ရွှေအိမ်စံ ချမ်းသာလွန်း၊ နာမည်ကြီးလွန်းလို့သာ ဖွတ်စံနေကြတာ ဖြစ်နိုင်၏။ သွေးရင်းသားရင်းမှ မရှိတာ၊ ဝမ်းတွေတစ်ဝမ်းပြီးတစ်ဝမ်း ကွဲခြင်းဖြင့် စံသွေးက ဆံချည်မျှင်ခန့်တောင် ကျန်ပါသေးရဲ့လား မသိချေ။

"စံတွေနဲ့ မှိုတွေနဲ့ လက်ထပ်ကြရတယ်လေ"

"ဒီတော့ ဆွေမျိုးစုက တစ်စုတည်း ဖြစ်သွားရောပေါ့နော်"

"တချို့ စံတွေက မှိုနဲ့ မဟုတ်သလို တချို့မှိုတွေကလည်း စံနဲ့မဖြစ်ထွန်းကြဘူးကွယ်၊ ဒါပေမဲ့ စံသွေး မဟုတ်ပေမယ့် မဲယ်မယ်ကြီးဖုရား ချမှတ်ထားတဲ့ စည်းထောင်ထဲက အရည်အသွေးမီ ပုဂ္ဂိုလ်ကတော့ ဖြစ်ရတယ် ..."

"အဲဒီတော့ တကယ် ဆွေမျိုးတော်တဲ့သူတွေရယ်၊ သွေးသားမတော်စပ်တော့ဘဲ ဆွေမျိုးစုထဲ ပါဝင်ပတ်သက်နေတဲ့ သူတွေရယ်၊ ညီမ သဘောပေါက်လား"

"ဟုတ်ကဲ့"

"အုပ်စုကြီးနှစ်စုလိုဖြစ်ပြီး ခုတော့လည်း အဲဒီအုပ်စုနှစ်စု ထဲကပဲ တစ်စုနဲ့တစ်စု ပြန်ပြီး စီစဉ်သင့်မြတ်ပေးရပြန်တယ်၊ အဲဒီတော့ နှစ်စုလို့ပြောရင်လည်း ရတယ်၊ တကယ်တမ်းကျတော့ တစ်စုတည်းကို နှစ်စုခွဲထားတာလို့ ပြောရင်လည်း မှန်တယ်၊ နှစ်စုကို တစ်စုတည်း ပေါင်းထားတာလို့ ပြောရင်လည်း မှန်တယ်"



စကားကို မခမ်းနား ခမ်းနားအောင် လှည့်ပတ်ပြော နေမှန်း သိပေမယ့် စိတ်ထဲ နည်းနည်းကလေးမျှ အချဉ်မပေါက်ဘဲ ဘိုးလို့သာ အားကျကျေနပ်နေသူက ဒေါ်သစ္စာပါ။ ဒေါ်သစ္စာ၏ ဘယုတာယ တည်ခင်းမှုလေးတွေကို ဒေါ်တင်တင်စံက အမှတ်ထင် သင်ကို သဘောတကျ ဖြစ်နေ၏။ ဒေါ်တင်တင်စံ ပန်းကန်ထဲ သို့ ဦးချ၏။

"ဝပါပြီလား မမတင်တင်၊ တစ်ပန်းကန်တောင် မကုန် ချင်ပါလား"

"တော်လောက်မှ၊ အသက်ကလေးက ရလာပြီ၊ အဆီအဆိမ့် တွေ နှုတ်မြိန်တိုင်း ဝမ်းဗိုက်ထဲသွင်းလို့ မတော်ဘူး"

ဒေါ်သစ္စာက ဒံပေါက်ထမင်းပန်းကန်ကို ဘေးသို့ရွှေ့၍ ရေခဲမုန့်ပန်းကန်ကို ရှေ့တိုးပေးသည်။ ထိုအချိန်မှာပင် အသက် ခြောက်ဆယ်ကျော် ခုနစ်ဆယ်နား နီးလာပေမယ့် သွက်လက်ဖျတ် လတ်ဆဲ အမျိုးသမီးကြီးတစ်ဦးက ဒေါ်တင်တင်စံနှင့် ဒေါ်သစ္စာ ဘို့ဘေးသို့ ရောက်လာ၏။ စားသောက်ပြီးစီးပြီမို့ မိတ်ဆွေတွေ ရှိရာ စု၍စကားပြောဖို့ဖြစ်ဟန်တူ၏။ ဒေါ်တင်တင်စံနှင့် ဒေါ်သစ္စာ ဘို့ဘက် လှည့်ကြည့်သွားပေမယ့် စံတွေမှန်း သိပုံမရချေ။

"သစ္စာရေ ... ဟောဒီမှာ မောင်တော်ဘုရား ရောက်လာပြီ၊ ဖျားချင်သလိုလို ဖြစ်နေလို့တဲ့ကွာ၊ မစားတော့ဘူးတဲ့"

ဒေါ်နီလာဆွေက ဦးဉာဏ်ထွန်းကို ခေါ်လာ၏။

"ပြန်ရအောင်၊ ကိုယ် သိပ်နေလို့မကောင်းဘူး"

"ပြန်တာပေါ့၊ ဒီမှာ မိတ်ဆက်ပေးရဦးမယ်၊ မမတင်တင်၊ ဒါ သစ္စာရဲ့ခင်ပွန်း ဦးဉာဏ်ထွန်းပါ"

"သြော် ... ညွန့်ကြားရေးမှူးဆိုတာ ထင်ပါရဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်"

ဦးဉာဏ်ထွန်းက ပြုံးပြလိုက်သည်။

"ကိုဉာဏ် ... ဒါက ဒေါ်တင်တင်စံပါ"

ဦးဉာဏ်ထွန်း၏ အပြုံးက လှစ်ခနဲ ပျောက်သွားသည်။ ပြီးတော့ ချက်ချင်း ပြန်လည်တည်ဆောက်၏။ ဒေါ်တင်တင်စံ ဆိုပဲ။

ထိုအချိန်မှာပဲ ဘေးနားစားပွဲမှ အမျိုးသမီးကြီးက လှည့်ကြည့်သည်၊ ဒေါ်တင်တင်စံကို မဟုတ်ပါ၊ ဦးဉာဏ်ထွန်း ဆိုသူကိုပါ။

"ဟော ... အန်တီ့ကို မမှတ်မိဘူးလား၊ ဦးဉာဏ်ထွန်း ဆိုတုန်းက ဒီနားမည်ကြားဖူးတယ်မှတ်တာ၊ ကိုဉာဏ် တစ်ခါ ထပ်ခေါ်သံကြားမှ မှတ်မိတော့တယ်၊ အန်တီ ဒေါ်လီလေ"

ဦးဉာဏ်ထွန်းက လှည့်ကြည့်၍ ပြုံးပြသည်။ ကောင်းကောင်း မမှတ်မိပါ။ သူကတော့ တရင်းတနှီး နှုတ်ဆက်ရရှာပြီး ကိုယ်က မမှတ်မိသလို ဖြစ်နေတော့ အားနာပါးနာနှင့် ပြုံးပဲပြုံးရသည်။

"မောင်ဉာဏ် မဟုတ်လား၊ ပါစီလှမောင်သား မဟုတ်လား"

"သွားပြီ"ဟု ဒေါ်သစ္စာ တွေးလိုက်သည်။ သည်ကိစ္စ အေးအေးဆေးဆေးကျမှ ကိုယ့်ဘာသာပြောပြဖို့ ရည်ရွယ်ထားပါလျက် ကိုယ်မပြောခင် သူ့ဘာသာသိရသည့် အခြေအနေဆိုတော့ ကိုယ်ကပဲ ကောက်ကျေ့သည့် အကြံဉာဏ်နှင့် ဝင်လုံးသလိုလို အရာရောက်တော့မည်။



"ပင်ဒိုရာလှမောင်ရဲ့တူ မဟုတ်လား၊ အန်တီက သူတို့နဲ့ သိပ်ခင်တာ၊ တစ်ခါ မောင်ဉာဏ်တို့အိမ်ကို အန်တီရောက်ဖူးတယ်၊ ပင်ဒိုရာနဲ့ တူတူပေါ့"

ဦးဉာဏ်ထွန်းက "ဘာတွေဖြစ်ကုန်မလဲ"ဟု တွေးရင်း အန်တီဒေါ်လီကို ခေါင်းညိတ်ပြသည်။

"ကျွန်တော် မှတ်မိပါပြီ၊ အန်တီ နေကောင်းတယ်နော်"

တကယ်တော့ မမှတ်မိပါ။ ဝတ္တရားကျေစကားကို ဆိုရခြင်းသာဖြစ်လျက် ဤနေရာမှ အမြန်ဆုံးခွာနိုင်ဖို့ပဲ စိတ်စော၏။ သစ္စာက ဒေါ်တင်တင်စံကို လှည့်ကြည့်သည်။

ပျက်ယွင်းသွားလိုက်သည့် မျက်နှာ။

ဖွေးဆွတ်ကြည်စင်သည့် အသားက သွေးညစ်ရောင် လျှမ်းသွားသည်။ မျက်ခုံးနှစ်ခု စုကျုံ့ကုပ်ကွေးကာ မျက်ဝန်းတွေက မှိန်ဖျော့သွားသည်။ စိတ်ဆိုးဒေါသထွက်တာထက် ဖြစ်ရလေခြင်းဟု ယူကျုံးမရဖြစ်ရတာက ပိုပုံနှင့် မချိတင်ကဲပုံစံကြီးကြောင့် နှမ်းဖတ်ရုပ်သွင်သည် လူကိုတောင် အရုပ်ဆိုးသွားစေ၏။

ဦးဉာဏ်ထွန်းကို တစ်ချက်ကလေးမျှ လှည့်မကြည့်၊ ဒေါ်သစ္စာကိုပဲ ကြည့်၏။ တစ်ချက်ဆိုမှ တစ်ချက်တည်း၊ အချိန်အားဖြင့် တစ်မိနစ်၏ လေးပုံတစ်ပုံခန့်၊ ဆယ့်ငါးစက္ကန့်လောက်ပဲကြာမည်ထင်၏။ ထိုခေတ္တကြည့်ကလေး တစ်ခုတည်းဖြင့် သူ့ရင်ထဲမှ ခံစားမှုကို ပေါ်လွင်အောင် ပြောပြသွားနိုင်ခဲ့သည်။

ဒေါ်တင်တင်စံတို့က အဲသည်လောက်ထိ တော်၏။

ကုလားထိုင်ကိုရွှေ့၍ ထွက်သွားချိန်မှာ ဒေါ်သစ္စာ ရင်ကွဲမတတ် နာကျင်ကျန်ရစ်၏။ ဦးဉာဏ်ထွန်းက လက်မောင်းကို လာဆွဲ၍ ပြန်စို့ဟု ပြောသည်မို့ မတ်တတ်ထရပ်လိုက်ရချိန်မှာ

ကြေကွဲစိတ်ဖြင့် ဒူးများပင် ညွတ်ချင်၏။ ခေါင်းကိုငုံ့၍အထွက် ပေါက်ခနဲကျသည့် မျက်ရည်စက်ကို ဘေးလူမမြင်အောင် မျက်တောင်ခတ်၍ သိမ်းလိုက်ရသည်။ စားပွဲတွေနှင့်လွတ်ရာ လူသွားမြေနီလမ်းပေါ်ရောက်တော့ ဦးဉာဏ်ထွန်းက လွှတ်ပေး၍ သမီးဖြစ်သူက ဝင်တွဲ၏။

ထိုသမီးကလေးသည် မိခင်ဘေးနားမှာ တစ်ချိန်လုံး ရှိနေခဲ့သည်။

မေမေပြောသမျှ ကြားသည်။ မေမေလုပ်သမျှ မြင်သည်။ မေမေ့ရင်ထဲသို့လည်း ဝင်ကြည့်လိုက်သည်။ မေမေ့မျက်နှာပြင် ခံစားမှုကိုလည်း စာတန်းလုပ်၍ ဖတ်ပစ်လိုက်သည်။ ဘေးနားမှာ နားလည်စွာ ငြိမ်သက်တည်ရှိခဲ့၏။

"မေမေ"

မိခင်၏လက်မောင်းကိုညှစ်၍ ခေါ်လိုက်၏။

"ငိုစရာမဟုတ်ပါဘူး မေမေ"

သမီးက အမေကို ကျိတ်ဆုသလို ပြောလိုက်၏။

"သူကြည့်သွားပုံကို သမီး မြင်လိုက်တယ်"

"မေမေ့ရင်ညွှန့်ကနေ ဓားချွန်နဲ့စိုက်ပြီး ခွဲချလိုက်သလို နာနာကျင်ကျင်ကြီး ဖြစ်သွားလို့ပါ သမီးရယ်၊ သူကြည့်သွားတဲ့ အကြည့်ကို သမီး နားလည်လိုက်လား"

"သိပ်လည်တာပေါ့ မေမေ ...

"ဒါဟာ ကြိုတင်ကြံစည်ချက်နဲ့ တမင်လာကပ်တာ မဟုတ်လား၊ အနူလက်နဲ့ ရွှေခွက်တက်နှိုက်ရသလား၊ လုပ်ရက်တယ်လို့ အသည်းတနာနာနဲ့ မချိတင်ကဲ ဖြစ်သွားတဲ့ပုံစံ ...



"မတူမတန် ဆက်ဆံမိလေခြင်းလို့ နောင်တရခံပြင်းပြီး ဖြစ်နိုင်ရင် နွားနို့နဲ့တောင် ပေါင်းတင်ချင်တဲ့ပုံစံ"

သမီးက အံကြိတ်ပြောပြီး တောက်တစ်ချက် ခတ်သည်။ ဦးဉာဏ်ထွန်းက လှည့်ကြည့်၏။

"သစ္စာ ... ကျေနပ်သွားပလား"

ဒေါသနှင့် မေးသည်။

"အသည်းကိုနာပြီး ကျိန်ရစ်တာပဲ၊ ရန်တွေ့သွားရင်တောင် ဒီ့ထက်ခံနိုင် ဖြေသာပါတယ်"

"အဲဒါ သူတို့ရဲ့ အကျင့်စရိုက်ပဲ၊ တစ်ဖက်သားကို တစ်ထိုင်တည်း ထိုင်ရှိခိုးလာချင်အောင်လည်း ပြောတတ် လုပ်တတ်တယ်၊ အန်တီပင်ဒိုရာ ပြောခဲ့တာတွေမှ သစ္စာက နားမဝင်ဘဲ"

"မုန်းလိုက်တာ"

သမီးက ငယ်ရွယ်သူမို့ ရင်ထဲရှိသမျှ ပြောချ၏။

"သံသရာလည်သရွေ့ ဘဝဆက်တိုင်း မုန်းချင်လိုက်တာ မေမေရာ"

"အဲဒီလောက်ကြီးတော့ မပြောနဲ့လေ သမီးရယ်"

ဦးဉာဏ်ထွန်းက ဇနီးနှင့် သမီးကို ကားပေါ်တက်စေ၏။ မိမိမောင်းနှင်သည့်ကားသည် "ရုံးကားပါလား"ဟု တစ်ချက်တွေးဖြစ်သည်။ ဒေါ်တင်တင်စံ ဆိုလျှင် ကားဘော်ဒီကို ရွှေသားနှင့်များလုပ်၍ စီးနေရှာသလားဟုလည်း တွေးမိ၏။

မှေပစ်လိုက်တာ စိတ်ရောကိုယ်ပါ သက်သာပါတယ်လေ။

❋ ○ ❋

ဖေဖေက "မေ့လိုက်ပါ"ဆိုပေမယ့် ငယ်ရွယ်သူ သမီးလေးက သည်းခံခြင်းတရားနှင့် မေ့နိုင်ပါ့မလား။

"တစ်နည်းနည်းနဲ့ပေါ့လေ၊ ဒေါ်တင်တင်စံကိုပဲ ဖြစ်ဖြစ်၊ သူ့သား၊ သူ့သမီး၊ သူ့မျိုးဆက်သွေး အပေါ်မှာပဲဖြစ်ဖြစ် တစ်နည်းနည်းနဲ့ ပြန်လည် အနိုင်ရတဲ့အဖြစ်နဲ့ ကြုံရပါစေသား"ဟု ဆုတောင်းခဲ့တာတွေ။

"ငါ့ကို သတို့သမီးလောင်းအဖြစ် လာကြည့်မယ့် သတိုးသားလောင်းက ဦးအောင်ဖံ ဒေါ်တင်တင်စံသားလေ"ဆိုတဲ့ သတင်းစကားကို သူငယ်ချင်း မေသံလွင်ဆီက ကြားကတည်းက မေသံလွင်ရဲ့လှည်းကလေးကို တွန်းပေးခွင့်ရဖို့ ကြိုးစားခဲ့တာတွေ။

ဣန္ဒြေဆိုတဲ့သူရယ်၊ ရှင့်ကို အငြိုးအတေးကြီးစွာနဲ့ ချဉ်းကပ်ခဲ့ပါတယ်။ မြွေဟောက်ကြီးများလို တင်းချည်၊ လျှော့ချည်၊ ဆုတ်ချည် တက်ချည်နှင့်လည်း ပြုစားစီရင်ခဲ့ပါတယ်။ ပင့်ကူမျှင်လို စေးထန်းတွယ်ငြိစေတဲ့ မာယာကွန်ယက်မှာ ရှင် စင်းစင်းအမိ ခံပြီတဲ့လား။ မမသတ္တိဆိုတဲ့ ကျွန်မဟာ ပြုစားစီရင်တတ်သူပညာ သည်တစ်ဦးလို့ပဲ မှတ်ယူလိုက်ပါတော့ရှင်။

❋ ○ ❋



## အခန်း(၅)

တိ လှမ်းကြည့်နေသည်။ မျက်နှာထားက တော်တော်ကြီးကို တင်းသည်။ မျက်ဝန်းတွေက တောက်ပလက်ဖြာနေ၏။ အဲသည်မျက်ဝန်းများကို အမိဖွာယ်ဖော်ရာ၌ မေမေ့လို ဣန္ဒြေ မကျွမ်းပါ။ မေမေတို့ကတော့ ငါးဆယ်ကျော်ဆိုသည့် အသက်အရွယ် အတွေ့အကြုံမှာ တကူးတက လေ့လာထားတာလည်းပါချင်ပါမည်။ မေမေက လူကဲခတ် အလွန်တော်၏။

ဣန္ဒြေကတော့ အဲသည်လို မကျွမ်းပါ။

"တိ"

ဣန္ဒြေ တိရှိရာသို့ တည့်မတ်စွာပဲ လျှောက်လာခဲ့သည်။ တိဘေးမှာ သမီးငယ်က ထိုင်နေ၏။ သူ့ကျောင်းသူပဲ ဘက်သည်မရှိ။ လှိုင်နယ်မြေမှာ ပထမနှစ်ပါဆိုသည့် သမီးငယ်က ဆေး(၁)မှာချည်း စက်ကျသည်။ ဣန္ဒြေ တက်ရသည့် သီယေတာရှေ့နားမှာ လွယ်အိတ်လေးပိုက်၍ လာရပ်နေတတ်၏။

ဘယ်လောက်ကြောင်လိုက်ရှာမလဲ၊ ကြာတော့ သနားတောင် သနားချင်လာရသည်။ သိုက်ထွန်းဦးကတောင် ...

"ငါ့ဆီလာနေတာသာဆိုရင် ဖွဲဆုပေးလိုက်ပြီကွာ၊ သနားလာပြီ ... အဟုတ်"တဲ့။

ခုတော့ တိနှင့် တူတူထိုင်နေ၏။

"တိ ... အတန်းမတက်ဘူးလား"

ယောက်ျားမဟုတ်လား၊ ကြုံလာသည့် ပြဿနာကို ရင်ဆိုင်ဖြေရှင်းရတော့မည်။ တိကို ပေါက်ကွဲစွာ ဖွင့်ပြောပြီးမှတော့ တိ သိက္ခာကို လေးစားရမည်။ တိကို ညှာတာရမည်။

"ရှင်နဲ့ ပြောစရာတွေ သိပ်များနေပြီ"

နောက်ထပ် နှစ်မိနစ်လောက်ကြာလျှင် ကျောင်းတက်တော့မည်။ တိ အတန်းဖျက်လေ့ရှိသူ မဟုတ်၊ နှစ်မိနစ်အတွင်း သိပ်များနေသည့် ပြောစရာတွေကို တိ ဘယ်လိုပြောရမှာပါလိမ့်၊ အတန်းဖျက်ပြီးတော့ ပြောမှာလား။ ဥက္ကဒ္ဓိ နာရီကို ကြည့်သည်။

"အဲဒီနာရီ သောင်းချီတန်မှန်း သိပါတယ်၊ လူလယ်ကောင် ကြည့်ပြမနေပါနဲ့"

"ဟာကွာ ... တိ၊ တို့ ဒီလောက် အောက်တန်းမကျဘူး၊ တော်ရုံတန်ရုံ အထင်သေးရင် ကောင်းမယ်"

ဥက္ကဒ္ဓိ တကယ်ပဲ ဒေါသထွက်သွားသည်။ သောင်းမကလို့ သိန်းချီ သန်းချီ တန်တော့ရော ကိုယ်တတ်နိုင်လျှင် ဝတ်မည်၊ မတတ်နိုင်လျှင် မဝတ်ဘူးပေါ့၊ ဝတ်ထားပြီးမှ ကိုယ်တတ်နိုင်ကြောင်း လူသိအောင် ကြွားပြရမှာ ဘယ်လောက်ရက်စရာကောင်းမလဲ၊ ဘယ်လောက် အောက်တန်းကျသည့် အပြုအမူလဲ။

တိ ရက်စက်စွာ ဗလာချီ ဇော်ကားရက်လေခြင်း။

"ပြောစရာတွေ များနေတယ်ဆိုလို့၊ နာရီကြည့်တာ နှစ်မိနစ်ပဲ လိုတော့တယ်၊ ကျောင်းတက်တော့မယ်"



"အတန်းပျက်ခံနိုင်တဲ့အထိ စိတ်မဝင်စား အချိန်မပေးနိုင်တဲ့မိန်းကလေးတစ်ယောက်အပေါ်မှာ ငါယောက်ျားပဲဆိုပြီး ပါးစပ်အရသာ နှုတ်ဆော့သင့်သလား"

"လုပ်ပြန်ပြီ၊ တိအတွက် ပြောတာ၊ တိက အတန်းပျက်ခံလေ့မှ မရှိတာ၊ တို့အတွက် အချိန်ကုန်ခံပြီး ရန်ဖြစ်ပေးတယ်ဆိုရင်တောင် သူများထက် အခွင့်အရေး ပိုရတဲ့သူလို့ ပျော်လိုက်မယ် ပြော၊ တိ ပြောချင်တာတွေ ပြောတော့"

"ရှင် ကားပေါ်ပြန်တက်ပြီး မောင်းထွက်သွားတော့၊ စီးပွားရေးတက္ကသိုလ်အနောက် ပန်းခြံထဲက အာပူလျှာပူဆိုင်တစ်ဆိုင်ဆိုင်က စောင့်နေပါ၊ ကျွန်မရယ်၊ ပေါက်ပေါက်ရယ်၊ ကြွေဥရယ်၊ သမီးငယ်ရယ် နောက်ကားတစ်စီးနဲ့ လိုက်ခဲ့မယ်"

"အခုလား"

"ရှင်ကတော့ အခု၊ ကျွန်မတို့က အတန်းတစ်ချိန်တက်ပြီးမှ လိုက်ခဲ့မယ်"

"တို့က ဟိုမှာ တစ်နာရီလောက် ငုတ်တုတ်လား"

"ဒါပေါ့၊ ကားနှစ်စီး ပြိုင်တူချိန်းထွက်တာမျိုးမှ အဖြစ်မခံနိုင်တာ"

"တို့က အဲဒီကိစ္စကို လက်မခံဘူး၊ တို့လည်း အတန်းတစ်ချိန်တက်ပြီးမှ သွားမယ်ဆိုရင်ကော"

"ရပါတယ်၊ ကျွန်မ မသွားတော့ဘူး"

"ပြောစရာရှိတယ်ဆို"

"မပြောတော့ဘူး"

သက်ပြင်းမောကို ချဖြစ်၏။ ဒါ သက်သက်ဖိုလ်ကျ တာ၊ အနိုင်ယူတာ၊ ကျော်တာကလွဲလို့ "နွဲ့ဆိုး"ဆိုးတာတောင် မဖြစ်နိုင်မှန်း သိလျက်နှင့် ဆိုက်လျှော့ရပါတော့မည်။

ပထမဆုံးချပေးမိလိုက်သည့် ယောက်ျားတို့မာနလေ။

⁂ ○ ⁂

ရခိုင်မုန့်တီအရည်နှင့်နှစ်ပွဲ၊ အသုပ်နှစ်ပွဲ၊ စုစုပေါင်း လေးပွဲ၊ ဘူးသီးကြော်ကတစ်ပွဲ၊ မုန့်ငါးပွဲကုန်၍ ဆိုင်ရှင်တွေ မျက်လုံးပြူးချင်သလိုလို၊ ရယ်ချင်သလိုလို ကမ္ဘာ့အစားပုပ် လူထူး ဆန်းကြီးအဖြစ် ရှုံသွင်းပြတော့မလောက် ဖြစ်တော့မှ တိတို့ကား ဆိုက်ရောက်လာသည်။

ဣန္ဒ စိတ်ပေါက်ပေါက်နှင့် ထမင်းလွတ် ကျိတ်ပစ် လိုက်သည်မို့ ဒီနေ့အဖို့ရာမှာ မေမေ ထည့်ပေးလိုက်သည့် ထမင်း ဘူး အိမ်ပြန်ပါတော့မည်။

ကားတံခါးဖွင့်ခြင်း၊ မြေကြီးပေါ်ခြေချခြင်း၊ ကား တံခါးပြန်ပိတ်ခြင်း၊ သော့ခတ်ခြင်း စသည် စသည်တို့ကို ဣန္ဒြေ ရရှိရှာ ပြုမူဆောင်ရွက်နေကြဆဲ အချိန်မှာ အပြေးတစ်ပိုင်းနှင့် အရင်ဆုံးရောက်ရှိလာသူက သမီးငယ်ပါ။

"ဣန္ဒိရယ် ... ကြားကြားချင်းလေ တို့ ငိုတောင်ငိုမိတယ်"

"ဘယ်သူသေလို့လဲ"

"ပြောရက်တယ်"

တကယ် သဘောမပေါက်ဘဲ ထင်ရာစွတ်မေးချလိုက် ခြင်းကို သမီးငယ်က ရက်စက်ကြောင်း စွဲချက်တင်မှ နားလည် သွားရသည်။



"ဆောရီး"

စိတ်က တိုညစ်နေသည်မို့ စကားများများပြောလျှင် အမှားများဖို့ပဲရှိ၏။

"တိကို ... တကယ်ချစ်လားဟင်"

"သူ့ မေးပါစေ"

"ဣန္ဒိရယ် ... တို့ကတော့ ခင်လိုက်ရတာ"

သူ့သဘောကို သိပေမယ့် ကိုယ်မှမချစ်နိုင်သည့် ဒိုသမီးငယ်ကို အားနာပါးနာ ချစ်ရေးဆိုမိတာမျိုး မဖြစ်ချင်ပါ။ မတတ်နိုင်ပါ။ မသိကျိုးကျွန်ပဲ ပြုရသည်။ အဲသည်လို မသိချင် ယောင်ဆောင်နေလိုက်ရတာ တကယ်ပဲ အားနာမိသည်။ မိန်းက လေးတွေ ယခုလို အဖြစ်မျိုးနှင့် အမြဲလိုလို ကြုံနေရမှာဟု ကိုယ် ချင်းစာရင်း ယာယီ အေးငြိမ်းသွားသည့်စိတ်က "တိ"ဆီသို့ပဲ ရောက်၏။

တိ လျှောက်လာနေပုံက မြေပြိုမှာ စိုးနေသည့် အတိုင်း စိတ်မပါလက်ပါ နိုင်လှပါဘိ။ စိတ်သွားတိုင်း ကိုယ်ပါကြေး ဆိုလျှင်တော့ တိလက်ကို ပြေးဆွဲခေါ်လိုက်ချင်၏။

"တိ ... ဘာစားမလဲ"

ကြိုရောက်နေသည့် သမီးငယ်ကို လောကဝတ် မကျေမိသေးတာ ချက်ချင်းသတိရလိုက်သည်။

"သမီးငယ် ... အသုပ်လား၊ အရည်လား"

"တိနဲ့ ဆန့်ကျင်ဘက် စားမယ်"

"တိက ဘူးသီးကြော်"

တိ ရယ်၍ ပြောသည်။

"သမီးငယ်က ကြိုရည်"

"ကြံရည်နဲ့ဘူးသီးကြော် ဆန့်ကျင်ဘက်လား"

ပေါက်ပေါက်က ဝင်မေးပြီး ရခိုင်မုန့်တီ ဘယ်နှပွဲ၊ အသုပ်ဘယ်နှပွဲ၊ ဘူးသီးကြော်ဘယ်နှပွဲ မှာနေ၏။ သူတို့မိန်းကလေးအုပ်စုကလည်း အထင်သေးလို့မရ၊ လေးယောက်စာကို ဆယ့်နှစ်ပွဲလောက် မှာထားတော့ တစ်ယောက်သုံးပွဲနှုန်း ထိန်းကြမည်ပေါ့။

"တိ … တို့ ကြားချင်လှပြီ"

ချက်ချင်းလို ရောက်လာသည့် ဘူးသီးကြော်မှုမှုကို မှုတ်လိုက်၊ ရှူရှူလေးကိုက်လိုက်နှင့် အချိန်ဖြုန်းနေသူကို ဣန္ဒိစိတ်မရှည်နိုင်စွာ စောင့်ရ၏။ ဒီနေရာမှာ တိမဟုတ်ဘဲ တခြားမိန်းကလေးဆိုလျှင် ထားပစ်ခဲ့တာ ကြာပြီ။

အတွေးကိုင်းမှာ တိအပေါ် အဘယ်မျှ နက်ရှိုင်းကြောင်း သိသာနေရတော့သည်။

"ပြောမှာပါ၊ ပထမဆုံး မေးချင်တာက မနေ့ညက ရှင်အရက်မူးသလား"

"ဘာဆိုင်လို့လဲ"

"မူးမူးနဲ့ ထင်ရာထွက်သလားလို့"

"တိ … တို့ အရက်ပြင်း တစ်ခါမှ မသောက်ဘူး၊ ဘီယာပဲသောက်ဖူးတယ်၊ အဲဒါလည်း သူငယ်ချင်းတွေနဲ့ တစ်ခါခါလေ၊ တစ်ခါသောက်ရင် အလွန်ဆုံးမှ နှစ်ဘူး၊ အမျော်သောက်တာ၊ မူးအောင်သောက်တာ မဟုတ်ဘူး၊ တစ်ခါမှ မမူးဖူးဘူး"

"ဒါဆိုရင် ဆိုင်းမပါ ဗုံမဆင့် ဖြုန်းဒိုင်း မိုးရွာချသလို ဘယ်လိုဖြစ်တာလဲ"



"တိ … သူငယ်ချင်းတွေရှေ့မှာ သက်သက် သိက္ခာချနေတာလား၊ ဒါမျိုးဟာ လူလယ်ကောင် ဆွေးနွေးရတဲ့ကိစ္စလား"

"နှစ်ကိုယ်ကြား ဆွေးနွေးရအောင် ရှင်နဲ့ ကျွန်မနဲ့ ရည်းစားတွေမှ မဟုတ်တာ"

တိ ပြောတာ မှန်ပြန်ရောဟု ဝန်ခံရပါမည်။ တိသည် မိန်းမသားသိက္ခာကို လုံခြုံစွာထိန်းနိုင်ဖို့ အဖော်တစ်သင်းနှင့် လာခဲ့သူပဲလေ။

ပေါက်ပေါက်နှင့် ကြွေဥက တစ်ဝိုင်းတည်းမှာပင် ရှိနေပေမယ့် ပြောသမျှစကားတွေ နားလျှံနေသလို မုန့်ကိုပဲ သဲကြီးမဲကြီး ငုံ့ကြည့်စားနေ၏။ အားနာကြပုံရသည်။ သမီးငယ်က တို့ကနန်းဆိတ်ကနန်း။

"ယောကျ်ားတစ်ယောက်မှာလည်း အရှက်တရားတို့၊ မာနတို့၊ သိက္ခာတို့ဆိုတာ ရှိတာပါပဲ၊ ဒါပေမဲ့ ကိုယ်ချစ်တဲ့မိန်းကလေးရှေ့မှာ မာနနဲ့သိက္ခာကို မချရင် မရဘူးဆိုတာတို့ နားလည်လိုက်ပါပြီ"

"တိ … ယောကျ်ားမာနကို ဒုတိယအကြိမ် ချရပြန်ပါပြီ၊ တို့ရဲ့မာနတွေဟာ မင်းရှေ့မှာ ကြိမ်ဖန်များစွာ လျှော့ကျရင်း လက်ကျန်မာန တစ်စွန်းတစ်စမျှ မကျန်တဲ့ အချိန်ကျမှ မင်းအချစ်ကို ရမယ်ဆိုရင် တို့ ရှိသမျှ မာနတွေ ဝေါခနဲ သွန်ချပစ်လိုက်ချင်တယ်"ဟု ပြောချင်၏။

တိမျက်နှာလေးကို ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်မိသည်။ ရင်ထဲ ကြည်စိမ့်အေးမြသွားသလား ထင်မိ၏။ အချစ်စိတ်တွေ ပြန့်ပွားကာ ရင်ထဲ လျှံတက်လာသလားတောင် ထင်ရသည်။

"တို့ တီကို ချစ်တယ်၊ ဘယ်တုန်းက စချစ်သွားတယ်ဆိုတာ တို့ကိုယ်တို့ မသေချာဘူး၊ မေသံလွင်တို့အိမ်မှာ စတွေ့ဖူးချင်းချင်းကလည်း ဖြစ်နိုင်တယ် ...

"ကျောင်းမှာ ပြန်တွေ့တော့ ဝမ်းသာသွားတယ်၊ ပျော်သွားတယ်၊ တီနဲ့ခင်ချင်တယ်၊ ရင်းနှီးချင်တယ်၊ တီကလည်း တရင်းတနှီး ဆက်ဆံတော့ တို့ တော်တော်ကျေနပ်နေမိတယ် ...

"တီက သံ့လူလို့ ပြောတာကို တို့ မခံနိုင်ဘူး၊ အဲဒါ တီကိုချစ်လို မခံချင်တာရော မေသံလွင်နဲ့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးလို့ ဆုံးဖြတ်ပြီးလို့ ...

"တီနဲ့ ကျောင်းမှာ ပြန်မတွေ့ခင်မှာပဲ မေသံလွင်မှာလူရှိနေတာ တို့သိရတယ်၊ သူများချစ်ခြင်းကို ဘာလို့ခွင်းမလဲ ...

"သံ့လူ မဟုတ်ကြောင်း တို့ ရှင်းမိခါမှ တီဆီကရင်းနှီးမှုလေး ပျောက်ဆုံးသွားရတယ်၊ အဲဒီအခြေအနေကို တို့ လက်မခံနိုင်ဘူး ...

"တို့ ဘာဖြစ်တာလဲလို့ ကိုယ့်ကိုယ်ကိုယ် ဝေဖန်တယ်၊ သုံးသပ်တယ်၊ တို့ တီကို သိပ်ချစ်နေပြီဆိုတာ သိလိုက်တယ်၊ တီက လူတစ်ယောက်ကို ချစ်ဖူးသေးမှာမဟုတ်တော့ ကိုယ်ချင်းစာနိုင်မှာ မဟုတ်ဘူး ...

"ချစ်တယ်ဆိုတာ တော်တော်ဆန်းတယ် တီ၊ ချစ်တယ် ... ချစ်တယ်နဲ့ ခံစားရင်း ပိုပိုချစ်၊ အရမ်းချစ်လာပြီး မမျိုသိပ်နိုင်တော့တဲ့ အဖြစ်မျိုး ခံစားလာရပြီး ဖြစ်နိုင်တဲ့နည်းနဲ့ ချက်ချင်း ထပြောချလိုက်မိတာပဲ ...



"တီကို မလေးစားလို့၊ တန်ဖိုးမထားလို့ လုံးဝမဟုတ်ဘူး၊ ဖုတ်ပူမီးတိုက် ပြောမိတာ တို့ တောင်းပန်ပါတယ်"

ပြောမိပြီဆိုတော့ ဆက်တိုက်ကြီးကို ပြောချပစ်လိုက်တော့သည်။ ကိုယ်ကယောက်ျားပဲ၊ တီက နာမည်ထဲမှာ "သတ္တိ" ဘည့်မှည့်ထားပေမယ့် ယောက်ျားဆိုတဲ့ အမျိုးအစားက နာမည်ထဲဘည့်မှည့်ဖို့မလိုတဲ့ ကိုယ်ပိုင်သတ္တိတွေနဲ့လေ တီရယ်ဟု ပြောချင်၏။

မျက်နှာတော့ ပူသည်။ ရှက်စနိုးလည်း ဖြစ်၏။ နေ မှန်ကြည့်ဖြစ်လျှင် နားရွက်ဖျားတွေ နီနေနိုင်သည်။ ဒါမျိုးအတွေ့အကြုံလည်း မရှိ။ မိန်းကလေးမြင်တိုင်း ချစ်တယ်ပြောဖို့တ်မြိန်ခဲ့သူလည်း မဟုတ်၊ တစ်ခါမှ ပြောဖူးသေးတာလည်းဟုတ်၊ ပထမဆုံး အတွေ့အကြုံမို့ တော်တော်ကြီး ရှိန်းဖိန်းတာအမှန်ပါ။ ပြီးတော့ သူ့သူငယ်ချင်းတွေရှေ့မှာ။

"ဘွာခတ်တာလား"

"ဘယ်တော့မှ မခတ်ဘူး၊ တီကို ချစ်တဲ့ကိစ္စကိုမှ မဟုတ်ဘူး၊ ဘယ်အလုပ်မဆို တို့ ဘွာခတ်လေ့မရှိဘူး၊ ဒါကြောင့်မို့ ဘွာမခတ်ရအောင်လည်း အများကြီး ကြိုးစားတယ်"

"ကျွန်မကို ပြောတာကျတော့ အလျင်စလို"

"အလျှင်စလို ပြောမိတာ မှန်ပေမယ့် ရင်ထဲမှာ သေချာနေတာကြာပြီ"

"ရှင့်အမေ သိလား၊ ဒီကိစ္စ"

"အဟား"

ဣန္ဒိ ရယ်ပစ်၏။

"မေမေပဲ၊ မသိဘဲ နေမလား"

ဣန္ဒြီလောက်တော့အပျော့၊ ဖေဖေ အပါအဝင် မိသားစုများအပြင် တစ်ဆွေလုံး တစ်မျိုးလုံး မေမေမသိဘဲ ဘာ တစ်ခုမျှ အလုပ်မဖြစ်၊ မြှုထားလည်း မေမေသိသည်။ မေမေ့ ထက်မြက်မှုကိုတော့ ဣန္ဒြီတို့တောင် စံထားအားကျနေရတာလေ။

"ဘာတဲ့လဲ"

"တီ ကြိုသိနေမှာပါ၊ မေမေက မေသံလွင့်ကို သွားနှုတ်ဆက်နိုင်းပြီ ဆိုကတည်းက မေမေ့မှာ အစီအစဉ်ရှိနှင့်နေတာ"

"သုံ့မှာ လူရှိနေလည်း နောက်မဆုတ်ဘူးတဲ့လား"

"အမှတ်တော့ လျှော့တယ်၊ အန်တီဒေါ်ခင်သီတာ အအုပ်အထိန်းညံ့တယ်လို့တော့ အပြစ်တင်တယ်၊ နောက်ဆုတ်မဆုတ်တော့ တို့ မသိဘူး"

"ရှင့်အမေက ကန့်ကွက်ရင် ရှင် ဘယ်လိုစီစဉ်မလဲ"

"တို့ယောက်ျားပဲ တီရယ်၊ မိန်းကလေးတစ်ယောက်ကို ချစ်တယ်လို့ ပြောပြီးပြီ၊ ဘွာမခတ်ဘူး"

"ရှင့်စကားတွေက သူ့ဌေးဝါဒ ပေါ်လွင်လိုက်တာ"

"ဘာလဲ သူ့ဌေးဝါဒ"

"တွေဝေခြင်း၊ ဇွဲလည်ကြောင်ပတ်နိုင်ခြင်း၊ မိမိအတွက် ဆုတ်သာ တက်သာရှိအောင် စီစဉ်ပြောဆိုခြင်း ဆိုတာ ရှင်တို့ဂုဏ်ရှိ၊ သရေရှိ၊ အထက်တန်းလွှာ လူ့မလိုင်သူ့ဌေးတွေရဲ့ဝါဒ၊ အမူအကျင့်"

တီလေသံက မာ၏။ စကားလုံးတွေက ရိုင်းပျသည်ဟု မဆိုနိုင်ပေမယ့် မယဉ်ကျေးတာ သေချာ၏။

"တို့ကို ပြန်မချစ်ဘူးလား တီ"



"ပြန်ချစ်နိုင် မချစ်နိုင်ဆိုတာ စဉ်းစားပြီးမှ ဖြေနိုင်မယ့်ကိစ္စလေ"

"တီ ... အခု စဉ်းစားလား"

"စဉ်းစားရရင်ကောင်းမလား၊ မစဉ်းစားဘဲ တီ့ဒဲ့ ဖြတ်ချလိုက်ရရင် ကောင်းမလား ဆိုတာတောင် အတွေးဝင်မဝင်သေးဘူး"

"ပြတ်ပါ့ တီရယ်"

"ကျွန်မ မစဉ်းစားခင် ရှင် ပြန်စဉ်းစားသင့်တာ၊ ဘွာခတ်လည်းရတယ်၊ ကျွန်မမှာ အထိအရှ မရှိဘူး"

"တို့က ဘာပြန်စဉ်းစားရမှာလဲ ..."

"ရှင့်အမေ သဘောတူမှာလား၊ ဗုဒ္ဓဘာသာ မြန်မာတို့ရဲ့ယဉ်ကျေးမှုနဲ့အညီ တောင်းရမ်းလက်ထပ်ခြင်းကို ပင့်လာရှိမှာ ဆင်ယင်ပေးနိုင်မှာလား ...

"မြန်မာ့ယဉ်ကျေးမှုထဲက သတို့သမီးလောင်းအနေနဲ့ ကျွန်မ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ၊ ပိုက်ဆံတွေ၊ စိန်ရွှေတွေ ပြောတာမဟုတ်ဘူး၊ အခွင့်အရေးဆိုတာ မိရိုးဖလာထုံးစံတွေ ပြည့်ပြည့်ဝဝ ရချင်တယ်"

"တို့လည်း ဗမာပဲတီ၊ မြန်မာ့ယဉ်ကျေးမှု မိရိုးဖလာထဲမှာ ပြည့်ပြည့်ဝဝ နစ်မြှုပ်ပျော်ဝင်နေတဲ့သူပဲ"

"ဒါပေမဲ့ လူဆိုတာ ကိုယ်က သမီးရှင်ဘဝတုန်းက မိရိုးဖလာကြီး စွဲမြဲထားပေမယ့် သားရှင်ဘဝကျတော့ အမေ ခံချင် ခံနေတာ"

"တီ ပြောတဲ့ မိရိုးဖလာထုံးစံဆိုတာ ဘာတွေလဲ"

"သားရှင်က မိန်းကလေးအိမ်ကိုလာပြီး လူကြီးစုံရာနဲ့ တောင်းရမ်းခြင်းအမှုကို ပြုရတယ်"

ပေါက်ပေါက်က ဣန္ဒြေမဆည်နိုင်တော့ဘဲ ခိခနဲ ရယ်လေ၏။

"တောင်းရမ်းခြင်းအမှုကို ပြုရတယ်လို့ပဲကွယ်၊ တိ ပြောတာ ရယ်ရတယ်"

သမီးငယ် မျက်နှာက ပြင်မရအောင် ပျက်နေသည်။ ကြွေဥက ခေါင်းငုံ့၍ ပြုံးနေလေ၏။ ဣန္ဒီက မျက်နှာအားလုံးကို သိမ်းရုံးကြည့်လိုက်သည်။ အားလုံးထဲမှာ တိ မျက်နှာက အတင်းဆုံးနှင့် အထန်ဆုံး ဖြစ်နေ၏။

"အဲဒီလို တောင်းရမ်းတဲ့အခါမှာ စိန်တစ်ဆင်စာပါမှ၊ ကားတစ်စီးပါမှလို့ ပြောတာ မဟုတ်ဘူး၊ ဘာမှပါစရာမလိုဘူး၊ မိရိုးဖလာထုံးစံကို ပြောတာ"

"တောင်းမှာပေါ့ တိရယ်၊ ရပ်ကွက်လူကြီးတွေ၊ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေ အများကြီး ခေါ်ခဲ့မယ်"

"လွယ်လွယ်မပြောနဲ့နော်၊ အဲဒီ လူကြီးလူကောင်းအုပ်စုထဲမှာ ရှင့်မိဘနှစ်ပါးလုံး ခေါင်းပေါင်းစတလူလူ၊ ပဝါတကားကားနဲ့ ပါပါ့မလား"

ဖေဖေကတော့ ပါမှာသေချာသည်။ ဖေဖေသည် လူရိုးလူအေးအဖြစ် အများက ဝိုင်းဝန်းလေးစားခြင်းခံရသော လူကောင်းတစ်ယောက် ဖြစ်သည်။ တော်လည်းတော်၏။ အတွေးအခေါ် မျှတသည်။ "စံ"စွဲလည်း မပြင်းထန်ချေ။ ဖေဖေကိုယ်တိုင် "စံ"မဟုတ် မျိုးမဟုတ်ပါဘဲ အဖိုးတန်ယောကျ်ားကောင်းအဖြစ် သမီးရှင်တွေ ဝိုင်းဝိုင်းလည်အောင် မျက်စိကျခံရသူဖြစ်သည်။



"သားဖေဖေ ဘီလပ်ပြန်ကို ဇန်ကောက်ထိ လိုက်ကြိုတဲ့သူတောင် ရှိသလေ"

မေမေ တစ်ခါတလေ သမိုင်းဟောင်းတူးဆွကာ သဝန်တိုစွာ ပြောတတ်တာကို သတိတရ ဖြစ်မိသည်။

"မေမေတို့ စံမျိုးတွေမှာ သမီးမိန်းကလေး မွေးလာရင် မိုင်းကောင်းကျောက်ဖိထား၊ ကျောင်းပညာသင်ပေး၊ မိန်းမသားတို့ တတ်အပ်တဲ့ပညာတွေ အကုန်သင်၊ လိမ်လိမ်မာမာနဲ့ ဘာသာရေးကိုင်းရှိုင်းပြီး အေးငြိမ်းချမ်းသာစွာထားတာပဲ၊ ဘယ်ယောကျ်ားလေးကိုမှ လိုက်မစပ်ဘူး၊ အောက်ကျမခံဘူး"တဲ့။

သားရှင်တွေကသာ စိတ်ကြိုက် ချွေးမလောင်းကို ပြူးတူးပြဲတဲ ရှာကြသည်။ သမီးရှင်တွေက အမြဲနို့သား အေးဆေးစွာနေရုံပဲရှိ၏။ ကိုယ့်သမီး တန်ဖိုးရှိလျှင် အဖိုးတန်သားတွေလာပြီး ခယ တောင်းရမ်းကြမှာဟု ဆို၏။

"မိန်းမသားဆိုတာ ဒီတစ်ချိန်ကလေးပဲ အခွင့်အရေးရတာ၊ အိမ်ရှင်မ ဖြစ်သွားတာနဲ့ ပါဝါတွေ လျှော့ခနဲကျရတာ၊ သားကိုသခင်၊ လင်ကိုဘုရားလေ၊ အိမ်ဦးနတ်ထံမှာ ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးမှ တော်ဝင်စံထားထိုက်တဲ့ ဇနီးမယားကောင်း ခေါ်တယ်"တဲ့။

မေမေသည် တော်တော်လေးကို ထက်မြက်၏။ မေမေ သိတာတတ်တာ၊ လုပ်နိုင်ကိုင်နိုင်တာတွေက အသေးစိတ်သာ စစ်တမ်းကောက်ရလျှင် ဖေဖေ့ထက်တောင် သာနိုင်၏။ သို့ပေမဲ့ ထိုလျှမ်းလျှမ်းတောက် မေမေသည် ဖေဖေ့ကိုများဆို ရှိသေခယလိုက်တာ မပြောပါနှင့်တော့။

"အစ်ကိုကြီး အနိုင်ခံမလား၊ ညောင်းလား"ဆိုတာ ခုချိန်ထိ နေ့တိုင်းလိုမေးတုန်း။ ဖေဖေက အေးကွာ ဆိုလျှင် တကယ် ထိုင်နှိပ်ပေးသည့် မေမေပါ၊ တစ်ခုတော့ရှိသည်။ မှန်သည်ထင်၍ ဆုံးဖြတ်ထားသော ကိစ္စတစ်ခုဆိုလျှင် မေမေ ဘယ်တော့မှ နောက်ဆုတ်ခြင်း၊ ပြင်ဆင်ခြင်း မရှိချေ။

"တင်တင် ဒီကိစ္စ လုပ်ရမှဖြစ်မယ် အစ်ကိုကြီး"

"အဲဒီကိစ္စ တင်တင် မဆောင်ရွက်နိုင်ပါဘူး အစ်ကိုကြီး"ဆိုတာမျိုးကို လေအေးအေးနှင့် ခိုင်မာစွာပြောပြီးလျှင် မည်သူဖျောင်းဖျလို့မှ မရတော့ပါ။ ဖေဖေ တစ်ဦးတည်းထံမှာသာ ပျပ်ဝပ်လေးစားမှု ပြတတ်သည့် မေမေသည် မာန်မာနတရားကလည်း တော်တော်ကြီးသည်။ ဖေဖေ့လောက် အေးဆေးသူမဟုတ်တာလည်း အမှန်ပါ။

"ဘယ်လိုလဲ၊ တစ်ချီတည်း ငိုင်သွားတာလား"

ဣန္ဒြိ တိကို မော့ကြည့်၏။ ခေါင်းငုံ့ရင်း မေမေ့အကြောင်းကို တွေးလိုက်မိတာ အတွေးထဲမှတောင် နစ်မြုပ်သွားရသည်။ ဣန္ဒြိ မေမေ့ကို အဲသည်လောက် ချစ်သည်။ အထင်ကြီးသည်။ သို့ပေမယ့် ဣန္ဒြိကလည်း မေမေ့သားပဲ။ .

"တွေးပြီးသားတဲ့တွေးကို ပြန်မျို"ဟု မေမေ ပြောခဲ့ပေမယ့် တွေးပြီးသားတဲ့တွေးမို့လည်း ယောကျ်ားမာနဖြင့် ပြန်မမျိုနိုင်ပါ။ ပြီးတော့ မာကျောဆတ်တောက်စွာ၊ ယဉ်ကျေးသိမ်မွေ့ခြင်း လျော့ပါးစွာ၊ မိမိအပေါ် နိုင်လိုမင်းထက်ရှိလှသည့် "တိ"ကလေးနှင့် ကင်းစိမ်းပြတ်တောက်စွာ ဘယ်လိုမှ မနေနိုင်တာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးအဖြစ် ဆုံးဖြတ်ချက်ချပြီးပြီလေ။



"အဲဒီမေးခွန်းကို ဆိုင်းငံ့လို့ သဘောထားလိုက်ပေါ့၊ မဖြေချင် မဖြေနဲ့ဦး၊ နောက်ထပ်တစ်ခု ပြောမယ်"

ဣန္ဒြိ အဖြေရခက်ပြီဆိုတာ တိ သိသွားကတည်းက အမှတ်လျော့ပါးပြီဟု ဣန္ဒြိ တွေးမိသည်။

"မင်္ဂလာဆောင်တာကို မူအားဖြင့် ကြိုက်တယ်၊ မတတ်နိုင်ကြရင်တော့ တစ်မျိုးပေါ့၊ မိန်းမသားဆိုတာ တစ်သက်တစ်မင်္ဂလာဆိုတော့ အိမ်ထောင်သည်ဘဝကို ပြီးလွယ်စီးလွယ် ရောက်မသွားချင်ဘူး၊ တခမ်းတနား ဖြစ်ချင်တာ"

ဣန္ဒြိ ပါးစပ်ဟရုံရှိသေး တိက လက်ကာ၏။

"စောစောက မေးခွန်းမှာတည်းက ဆိုင်းငံ့ထားခဲ့ပြီလေ၊ နောက်ကိစ္စတွေလည်း မဖြေပါနဲ့၊ သိရုံပဲ နားထောင်ပါ"

စကားကို အထက်စီးကကို ပြောတော့တာပါလား တိရယ်ဟု ပြော့ချင်၏။

"မင်္ဂလာဆောင်တဲ့အခါမှာ ညှိခံကျွေးမွေးစရိတ်နဲ့ အိပ်ရာခမ်းနားကို ယောကျ်ားလေးဘက်က တာဝန်ယူရတယ်၊ အဲဒါ မိန်းကလေးကို တန်ဖိုးထား လေးစားရာ ရောက်တယ်၊ မိန်းကလေးက မင်္ဂလာဝင်ဆောင်ပေးရရင် ...

"မိန်းမသားမှာ တန်ဖိုးလျော့တယ်၊ ဒီယောကျ်ားတစ်ယောက်ကို ငမ်းငမ်းတက် လိုချင်လွန်းလို့၊ မရမှာကြောက်လို့ ဝင်ပြီးအောက်ကျနောက်ကျခံရတဲ့ အဖြစ်ကို ရောက်တယ်"

ဣန္ဒြိ စိတ်ပျက်လာ၏။ ဒါမျိုးတွေ ဣန္ဒြိက လုံးဝစိတ်မဝင်စားပါ။ ငွေကြေးပြည့်စုံသူမို့ အကုန်ခံပါဆိုလည်း ခံရုံသာ။ မလုပ်နဲ့ဆိုလည်း မလုပ်ရုံပေါ့။ သူတို့မိန်းမတွေ ပေါက်ပေါက်

ရှာရှာ ကတ်သီးကတ်သတ်ကို နိုင်သည်ဟု တွေးရင်း မျက်နှာက ခပ်ရှုံ့ရှုံ့ ဖြစ်လာသည်။

"မိန်းကလေးဘက်က စကားပြောရင် ယောက်ျားလေးဘက်က လိုလားရင်တော့ ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါပေါ့လေ၊ မလိုလားရင် စီးပိုးသလေး ဘာလေးတွေ ဖြစ်လာရော ...

"မင်္ဂလာဆောင်ခါနီးမှ နှစ်ဖက်စကားပြောမတည့်လို့ စေ့စပ်ကြောင်းလမ်းခြင်း ပျက်ပြား၊ ချစ်သူချင်းကွဲဆိုတာတွေ အများကြီးရှိတယ် ...

"အဲဒီအခါကျတော့ မိန်းမသားမှာ ပိုနစ်နာတယ်၊ နာမည်ပျက်တယ်၊ အဲဒါတွေကြောင့် ယောက်ျားလေးတစ်ဦးဟာ မိန်းကလေးတစ်ယောက်ကို ချစ်ပြီဆိုရင် ...

"တကယ်လက်ထပ်နိုင်ရဲ့လား၊ လက်ထပ်တဲ့အခါမှာ စောစောကပြောတဲ့ ပြဿနာတွေနဲ့ ကြုံလာရင် အဆုံးစွန် လိုက်လျောနိုင်ရဲ့လား ...

"ဒီမိန်းကလေးအပေါ်ချစ်တဲ့ မေတ္တာရဲ့နက်ရှိုင်းမှုအနိုင်းအဆ ဘယ်လောက်ရှိလဲ၊ ကိုယ့်ဘာသာ အရင်စဉ်းစား ဝေဖန်ဆုံးဖြတ်ပြီးမှ ...

"မိန်းကလေးတစ်ယောက်ကို ချစ်ရေးဆိုသင့်တယ်၊ အဲဒါကြောင့် ရှင့်ဘာသာရှင် ပြန်စဉ်းစားပါဦးလို့ ကျွန်မပြောချင်တာ ...

"ရှင့်စိတ် ရှင်နိုင်တဲ့နေ့ကျမှ ဒုတိယအကြိမ်ထပ်ပြောပါ"

"အဲဒီအခါကျရင် တီက တို့ကို လက်ခံမှာလား"



"အဲဒီအခါကျမှ စဉ်းစားမှာ၊ လက်ခံရင်လည်း လက်ခံမယ်၊ ငြင်းရင်လည်း ငြင်းမယ်၊ ဘာအာမခံချက်မှ ပေးမထားနိုင်ဘူး"

"တီစကားတွေထဲမှာ တို့အပေါ်မှာ နည်းနည်းလေးမှ အကြင်နာမပါဘူး"

"ကျွန်မက ချစ်ပါရစေ ခွင့်တောင်းနေတဲ့သူမှ မဟုတ်ဘဲ"

"တီ ပြောခဲ့တာတွေဟာ တို့ တကူးတက ပြန်စဉ်းစားနေဖို့ မလိုတဲ့ ကိစ္စတွေပါ၊ မဖြစ်နိုင်စရာ ဘာမှမရှိဘူး"

"အဲဒါက ရှင့်တစ်ယောက်တည်း အပိုင်းဆိုရင် မှန်ချင်မှန်မယ်လေ၊ ရှင့်မှာ မိဘအုပ်ထိန်းခြင်း မကင်းသေးဘူး၊ မိဘဘက်က အပိုင်းကျတော့ ဖြစ်ချင်မှ ဖြစ်နိုင်တော့မယ်၊ ယောက်ျားလေးရှင် အလေးတယူ တမြတ်တနိုး တောင်းယူခြင်း မခံရတဲ့ သတို့သမီးဟာ မင်္ဂလာမရှိဘူး"

"တီက ဘာဖြစ်လို့ အဲဒီလို ပြောနိုင်တာလဲ"

"သြော် ... ရှင်တို့က စံတွေလေ၊ စံမျိုးတွေ၊ စံဟာ စံချင်းမှ၊ ဒါမှမဟုတ် မျိုးနဲ့မှ"

"တို့ဖေဖေ ဦးအောင်ဇံဟာ စံလည်းမဟုတ် မျိုးလည်းမဟုတ်ပါဘူး"

"ဒါပေမဲ့ ယောက်ျားတစ်ယောက်မှာ ရှိသင့်တဲ့ ရှားပါးအရည်အချင်းတွေအားလုံး ပြည့်စုံတယ်၊ ပညာရှိတယ်၊ ဥစ္စာရှိတယ်၊ ကိုယ်ကျင့်တရား ကောင်းမွန်တယ်၊ သမီးရှင်တွေ ဝိုင်းဝိုင်းလည်နေတယ်၊ အဲဒီကြားထဲမှာ ဦးအောင်ဇံရဲ့မိခင်ကိုယ်တိုင်က ဝိုင်းဝိုင်းလည်တွေကို ခါထုတ်ပြီး

ရှင့်ဘွားဘွားဆီမှာ သမီးတောင်းမင်္ဂလာကို တခမ်းတနား လုပ်ခဲ့တာ မဟုတ်လား"

"တိ ... ဒါတွေ စုံစမ်းထားတာလား"

"နာမည်ကြီးမိသားစုတွေရဲ့ အကြောင်းဆိုတော့ လေပြည်သွေးရင်တောင် ပျံ့မွှေးပြီး ပါလာတတ်တာပါ"

"တိ ... တို့မိသားစုနဲ့ တစ်ခုခုများ ပတ်သက်ဖူးတာရှိလားဟင်"

"ရှင်က လာပတ်သက်နေတယ်လေ၊ ပြီးတော့ ရှင့်ကို ကျွန်မသူငယ်ချင်း သံနဲ့ လူကြီးတွေက ဖြစ်စေချင်ကြတာလည်း ကျွန်မ သိထားတယ်၊ ကျွန်မနေရာမှာ ဘယ်မိန်းမသားမဆို ကျွန်မပြောတဲ့စကားပဲ ပြောကြမှာပဲ"

"အခု တိ ပြန်စဉ်းစားခိုင်းတဲ့ ပြဿနာတွေ တို့ ဘာတစ်ခုမှ ပြန်စဉ်းစားစရာ မလိုဘူး၊ ဒုတိယအကြိမ် ဆိုတာကို တို့ ခုချက်ချင်းပြောလို့ ရတယ်၊ ပြောရမလား"

"ပထမအကြိမ် ပြောစဉ်က စကားကို ရှင့်မိဘတွေ သိပြီလား"

"မေမေကိုယ်တိုင် ကြားလိုက်တယ်"

"ဘာပြောလဲ"

ဣန္ဒီ အကြည့်တို့ ရေပြင်ဆီသို့ ပို့လိုက်၏။ ရေကို မြင်ပေမယ့် အေးမသွားပါ။ တိနှင့်က ဘယ်လိုမှ မလွယ်မှန်းသိပေမယ့် နောက်မဆုတ်နိုင်။ သူနှင့် ကိုယ်နှင့် နှစ်ကိုယ်ချစ်သာဆိုလျှင် လက်တွဲပြီး ဖြေရှင်းရလျှင် ဘယ်လောက် ပျော်စရာကောင်းလိုက်မလဲ။



"မဖြေချင်ဘူးလား၊ မဖြေချင်ရင် မဖြေပါနဲ့၊ လူကြားကောင်းအောင် လှည့်ပြတ်ပြောတာလည်း မကြားချင်ဘူး၊ မဖြေရင်ရပါတယ်၊ ဖြေမယ်ဆိုရင်တော့ စကားလုံးအတိအကျ သိချင်တယ်"

"တွေးပြီးသားတဲ့တွေး ပြန်မျိုတဲ့"

လာမယ့်ဘေး အမှတ်နှင့် ပြေးတွေ့ပစ်လိုက်တော့သည်။ လှည့်ပတ်လို့လည်း မပြောတတ်၊ ပြောလည်း တိကလက်ခံမှာမဟုတ်။ မေမေ့စိတ်ကိုလည်း သိနေသည်။ တိစိတ်ကိုလည်း သိရပြီ။ နောက်ဆုတ်ဘွာခတ်ဖို့လည်း နည်းနည်းလေးမှ စိတ်ကူးလို့တောင်မရ။ ကိုယ့်အဖြစ်နှင့်ကိုယ် စိတ်ရှုပ်ခေါင်းနောက် ဘယ်လောက်ပဲ မကြည်မလင် ခံစားနေရပါစေ တိ မျက်နှာလေး မြင်လိုက်ရသည်နှင့် ညစ်ညူးမှုတွေ ထွက်ပြေးကုန်၏။ တိနှင့် မျက်နှာချင်းဆိုင် စကားပြောခွင့်အတွက် ထားမိခဲ့ဖူးသည့် မာနတွေကိုတောင် မောင်းထုတ်ပစ်လိုက်မိပြီပဲ။

ရိုးရိုးသားသား တဲ့တိုးကြီး ပြောချလိုက်ပြီးမှ တိမျက်နှာကို သေချာကြည့်ဖြစ်တော့ ပျက်ယွင်းနေလိုက်ပုံများသည်တစ်သက်မှာ ပြန်ပြင်လို့မှ ရနိုင်စရာရှိသေးရဲ့လားဟု ထင်ရသည်။ မျက်နှာပြင်အပေါ်မှ အကြောတွေ ထန်ထင်းမာကျောနေပုံက ပြတ်ထွက်တော့မလား ထင်ရသည်။ အမြင့်ဆုံးဒီဂရီနှင့် စိတ်ဆိုးသွားပြီဆိုတာ သိလိုက်၏။

သို့ပေမဲ့ မေမေ့စကားကိုတော့ အမှန်အတိုင်းပဲပြောချင်သည်။

"မျိုလိုက်တော့လေ"

"မမျိုနိုင်ပါဘူး တိရယ်"

လေအေးလေးနှင့် ပြောလိုက်ရသည်။ တိ သိပ်စိတ်ဆိုးနေမှန်း သိသည်။ ချော့ချင်၏။ မချော့တတ်ပါ။ ချော့တတ်သည့်တိုင် မိရွှေတီကလေးက အချော့ခံမှာ မဟုတ်ချေ။

"ရှင်က မမျိုးနိုင်ပေမယ့် ကျွန်မဘက်က မစဉ်းစားရဘဲ ဆုံးဖြတ်ချက် ကျသွားပြီ"

"တို့ ပျော်ပစ်လိုက်ရမလား တိ"

"ကျွန်မအချစ်ကို မရလို့ ကြေကွဲမယ်၊ သေလုအောင်ခံစားရမယ်ဆိုရင် ရင်ကွဲပက်လက် ဝမ်းနည်းလိုက်ပါတော့၊ သေချင်စိတ်ပေါက်ရင်လည်း အဲဒီအင်းလျားကန်ကြီးထဲသာ ခုန်ချလိုက်တော့၊ ကျွန်မ ပြန်ပြီ"

ပြောပြောဆိုဆို တိ မတ်တတ်ထရပ်၏။ သူ့လွယ်အိတ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်ယူဖွင့်သည်။

"နေပါစေ၊ တို့ ပေးမယ်"

"ကျွန်မနဲ့ ကျွန်မသူငယ်ချင်းတွေ စားတာကို ပေးမှာပါ"

တိ ခနဲ့တဲ့တဲ့ ပြုံး၏။ ပေါက်ပေါက်နှင့် ကြွေဥတို့လည်းမျက်နှာပျက်ကြသည်။

"သမီးငယ် ... နေခဲ့မလား"

ဘာအဓိပ္ပာယ်နှင့်မှန်းမသိ တိက သမီးငယ်ကို ငုံ့မေးသည်။

"နေခဲ့မယ်"

သမီးငယ်က ခေါင်းညိတ်၏။ ဣန္ဒိက သူလည်းပြန်ရန် ထ,ရပ်၏။

"ဣန္ဒိ ... သမီးငယ်ကို ပို့မလား"



ဣန္ဒိ တိကို လှမ်းကြည့်သည်။ တိက ထွက်သွား[illegible] ဣန္ဒိဘာလုပ်ရမှန်းမသိ၊ အဲသည် သမီးငယ်ကလည်း တစ်[illegible]ောင့်။ သူ့ကို လိုက်ပို့ရင် တိ ကြိုက်ပါ့မလား။ လိုက်ပို့ချင်စိတ်[illegible]တာလည်း အမှန်။ သို့ပေမဲ့ တိသူငယ်ချင်းကို လက်လွှတ်စပယ်[illegible]န်လွှတ်လို့ ကောင်းပါ့မလားဟုလည်း တွေးမိ၏။

"ပို့ပေးပါ"ဟု တောင်းဆိုနေသူ အားနွဲ့သမားကို [illegible]ပစ်ခါခါ ငြင်းပစ်ဖို့ကျတော့လည်း ပြောမထွက်။ ဘာလုပ်ရ[illegible]းမသိ ငူငေါင်နေဆဲမှာပဲ သမီးငယ်က ဣန္ဒိလက်ထဲမှ ကား[illegible]ာ့ကို လှမ်းဆွဲယူသည်။

"ကားခ ပေးစီးမှာ"

ပြောပြောဆိုဆို ရှေ့က အရင်သွားနှင့်၏။ ဣန္ဒိက [illegible] မရှင်းခဲ့သော၊ သူလည်း မရှင်းရသေးသော သူစားထားသည့် [illegible]ဒါးတွေ ရှင်းနေရသည်မို့ နောက်ကျကျန်ရစ်သည်။ သမီးငယ်က [illegible]ပေါ်မှာ ထိုင်နေလိုက်တာ ကြော့လို့ မော့လို့။

"လှိုင်လား"

"ဗိုလ်တထောင်"

"အရင်ကပြောတော့ လှိုင်ဆို"

"အခု ဗိုလ်တထောင်၊ တရားစွဲချင်လို့လား၊ မြန်မြန်လိုက်ပို့ချင်ပို့၊ ဗိုလ်တထောင်ရောက်ပြီးမှ ကြည့်မြင်တိုင်ပြောင်းသွားလို့ ဆက်ပို့နေရဦးမယ်"

"တို့ ကျောင်းပြန်တက်ဦးမှာ"

"ကားခပေးမယ်"

"အဲဒါဆို တက္ကစီငှားပါလား"

"ကားခက ပိုက်ဆံမှမဟုတ်တာ၊ စကားတစ်ခွန်း၊ စကား
တစ်ခွန်းကို အဖိုးအခယူပြီး လိုက်ပို့မယ့် တက္ကစီရှိလို့လား"

"ကဲ ... တို့ရှိပြီ၊ ပြောတော့"

ဏ္ဍန္ဒီ ကားကို မောင်းထွက်လိုက်သည်။

"ဏ္ဍန္ဒီမမေ ဒေါ်တင်တင်စံကို မေးကြည့်ပါ။ ဦးဉာဏ်ထွန်း
နဲ့ ဒေါ်သစ္စာထွန်းကို သိလားလို့"

"အဲဒါ ဘယ်သူတွေလဲ"

"တိ မိဘတွေလေ"

"မမေနဲ့ သိကြလို့လား"

"အဲဒါ ဏ္ဍန္ဒီက မေးကြည့်ပေါ့"

"အဲဒါလား ကားခ"

"နောက်တစ်ခွန်း ကျန်သေးတယ်"

"ပြော"

"နီလာဖြူ သိလား"

"ဘယ်ကကောင်မလေးလဲ၊ မသိဘူး"

"ကျွတ် ... ဏ္ဍန္ဒီရယ်၊ ရတနာကို ပြောတာ၊ နီလာတော့
နီလာပဲ၊ အရောင်ဖျော့လွန်းတော့ ပြာလဲ့လဲ့လေးပဲ ကျွန်
တယ်၊ အဖြူစစ်စစ်နီးပါးဖြစ်နေတဲ့ နီလာ"

"မသိဘူး"

"တွင်းထွက်ရတနာတွေထဲမှာ တန်ဖိုးကြီးကျောက်တော့
မဟုတ်လှပါဘူး"

"တို့က ရတနာအကြောင်းဆိုရင် ဘာတစ်ခုမှ မသိဘူး"

"ဏ္ဍန္ဒီမမေ သိတယ်"

"ဘာလုပ်ရမှာလဲ၊ အဲဒီ နီလာဖြူ"



"အဲဒါ ဏ္ဍန္ဒီမမေဆီမှာ ရှိနေရင် တိက သူ ပြန်ရရမှတဲ့၊
သူနဲ့ပဲ ဆိုင်တာတဲ့၊ အဲဒါ အပိုင်စီးတားတဲ့သူရဲ့သားကို
တိ ဘယ်လိုမေတ္တာထားရမလဲတဲ့"

"တိက ပြောသလား"

"ပြောတယ်"

"တိ ပိုင်ဆိုင်သင့်တဲ့ နီလာဖြူကို မမေက အပိုင်စီးထား
တယ်၊ အဲဒီလိုလား"

"ဟုတ်တယ်"

"မေမေ့မှာ စိန်ရွှေရတနာတွေဆိုတာ အမျိုးစုံ အများကြီး
ရှိတယ်၊ သူများပစ္စည်းအပေါ် လောဘထွက်စရာ မလိုဘူး၊
ပြီးတော့ မေမေဟာ ဘယ်သူ့ပစ္စည်းမှ မတော်မတရား
မလုပ်ဘူး"

"မေးကြည့်ပါဦး ဏ္ဍန္ဒီရယ်"

"မေးမယ်"

"ဒီတစ်သက် ဏ္ဍန္ဒီ တိ အချစ်ကိုရတဲ့နေ့မှာ ထိထိုးမယ်"

ဏ္ဍန္ဒီ ကားမောင်းထွက်ခဲ့သည်။ နောက်ထပ်စကား
ပြောဖြစ်တော့ပါ။ သမီးငယ်ကတော့ ဖောင်ဖောင်ကြီအောင်ပြော
နေသည်။ မကြားတစ်ချက် ကြားတစ်ချက်သာရှိ၏။ မိန်းမသားမို့
အရှက်တရားကို မတတ်သာစွာ စောင့်စည်းနေရပုံရသည်။ ရေ
လာမြောင်းပေးကတော့ လုပ်သလားမမေးနှင့်၊ တဲ့တိုးကြီးဖွင့်မ
ပြောရုံတစ်မယ် ကျန်သည်။

စင်စစ် သမီးငယ်ဆိုတာ မျက်နှာပေါ်မှာ အခြယ်
အသ ထူထပ်ပြီး ပူလောင်နေသလိုပေမယ့် ကြည့်ကောင်းရှုပျော်
သဲမှာပါသည်။ သူ့မျက်နှာကို ဆပ်ပြာတိုက်၍ ဆေးကြောပစ်လိုက်

လျှင် သည်ထက်တောင် ပွင့်လာနိုင်သေးသည်။ တိနှင့် ကွာခြားလှသည် မဟုတ်ပါ။ တကယ်တော့ အချစ်ဆိုတာ ရုပ်ရည်ရူပကာနှင့်လည်း သိပ်တော့ မဆိုင်လှပါဘူးလေ။

❋ ○ ❋

ကား၏နောက်ခန်းမှာ ဖြိန့်ဖြိန့်ကြီး ထိုင်နေပုံက ထည်ဝါလွန်းလှသည်မို့ "မြန်မာဂုဏ်သရေရှိ အမျိုးသမီးကြီး တစ်ဦး"ဟူ၍ ဆီဆေးပုံတူဆွဲပြီး နိုင်ငံခြားပို့ဖို့တောင် ကောင်းနေပြီ။ အဲသည်လောက်ထိ ခန့်ညားထည်ဝါ လှပသည်။ နှမျိုစဉ်ဆယ်ကျော်သက်ကဆိုလျှင် မှုန်နေအောင် ချောခဲ့မှာ။ သူ့အမေ ရွှေမှုန့်စား၍ မွေးခဲ့လေသလားဟု မေးရမှာ ဆိုတာတွေ အထူးမွှန်းနေဖို့ မလိုတော့ပါ။

တကယ့်ကို ကျက်သရေရှိလွန်းလှသည်မို့ သတ္တိ ကြည့်ကောင်းကောင်းနှင့် ငေးကြည့်နေလိုက်တော့သည်။

သတ္တိတို့ဖယ်ရီက လေးနာရီ ထိုးခါနီးမှ ရောက်တတ်သည်။

သတ္တိ ပရက်တီကယ်က သုံးနာရီခွဲလျှင် ပြီးပြီမို့ ကျောင်းရှေ့မှာ ဟိုနားသည်နား မိန်းကလေး သုံးလေးငါးယောက် ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ် ဆိုသလို ထိုင်၍ ဖယ်ရီစောင့်ရသည်။ ဖယ်ရီစောင့်ရင်း တစ်နေ့တာ အတွေ့အကြုံချင်း ဖလှယ်ကြ၊ ကြည့်ရသူတွေ၏ အတင်းကိုပြောကြ၊ ကိုယ်ကြောက်ရသည့် ဆရာ ဆရာမတွေအကြောင်း ပြောကြနှင့် အချိန်ဖြုန်းရမြဲ။

"ရှူး ... တိုးတိုး၊ သူက ခုမှမြင်ပြီး ပြူးပြဲကြည့်တာ၊ ငါက ဂလူးဂလဲနဲ့ သုံးမိနစ်တိတိ ငေးပြီးပြီ"



ပြောပြီး သတ္တိ ရယ်ပစ်လိုက်၏။ ကြေကွဲမှုကို အရက်ဖြင့် ဖွတ်ဖုံးဖိလိုက်ခြင်း ဖြစ်ပါ၏။ ဒေါ်တင်တင်စံကို ငေးကြည့်ရင်း ရင်ထဲမှာ လှုပ်ရှားဆွေးနင့်လာ၏။ ကြေကွဲလှိုက်ငင်လာ၏။ မျက်ရည်စတို့ စို့ချင်ဝဲချင် ဖြစ်လာသည်။ အလွန်မှန်းတီးချင်လှသည့် အမျိုးသမီးကြီး၏ ကျက်သရေမှာ မလေးစားဘဲ မနေနိုင်အောင် ဖြစ်ရသည့် အဖြစ်ကိုလည်း နာကျင်၏။ ရေမြေခြားမှ ပြန်ရောက်လာသည့် ဆွေမျိုးသားချင်းအပေါ် ချစ်ကြင်နာခွင့် မရသလို ယူကျုံးမရလည်း ခံစားရသည်။ ဝမ်းနည်းပက်လက်ခံစားမှုမှာ အဖြေမရှိပါ။

"ခန့်လိုက်တာ၊ ကျက်သရေကိုရှိနေတာပဲ၊ ဘုရင်မ ရှင်စောပုများဝင်စားတာလား မသိဘူး"

"နင်က ရှင်စောပုကို တွေ့ဖူးလို့လား"

"မှန်းပြောတာ"

ကြွေဥကပြောပြီး ခိခနဲရယ်၏။

"အဲဒါ ဣန္ဒြီအမေ"

"ဟင် ..."

သတ္တိ ပြောချဖြစ်လိုက်၏။ ဣန္ဒြီနှင့်ပတ်သက်၍ အမေထိအောင် လိုက်မြင်ဖူးနေသည့် သတ္တိကို ကြွေဥတို့အဖွဲ့က အံ့သြသွားပုံရ၏။

ဒေါ်တင်တင်စံက တစ်ခါမျှ ကျောင်းသို့လိုက်မလာဘူးပါ။ ဣန္ဒြီက နေ့တိုင်း ကျောင်းသို့ ကားမောင်းယူလာသည်။ သည်နေ့တော့ မနက်ကတည်းက အိမ်မှလာပို့ပြီး ကားပြန်ထွက်သွားသည်နှင့်တူ၏။

"တိ"

ပေါက်ပေါက်က သတ္တိပခုံးကိုပုတ်၏။

"ဣန္ဒိကို နင် ပြန်ကြိုက်လိုက်ပြီလား"

သတ္တိရင်ထဲ ဆောင့်ခုန်၏။ မောနုံးကြီးမှာ ဒေါသတွေလည်းထွက်လေ၏။ မေးခွန်းက ပေါ့တန်လွန်းသည်။ ဣန္ဒိကို နင် ပြန်ကြိုက်လိုက်ပြီလားတဲ့။ ပေါ့ရွှတ်ရွှတ်ကိစ္စလေးတစ်ခု၏သာမန်မေးခွန်းနှင့်တူနေသည်။ ဣန္ဒိနှင့် သတ္တိတို့ကိစ္စက အဲသည်လောက် မပေါ့တန်ဘူးထင်၏။

"ပြောလေဟာ"

တစ်ဖက်မှာ ကပ်ထိုင်နေသည့် ရွှေဝါကလည်း ပခုံးချင်းတိုက်၍မေး၏။ ထိုအချိန်မှာပဲ ဣန္ဒိက ကျောင်းထဲမှထွက်လာသည်။ မီးမီးက ဟိုမှာဟုမေးငေါ့ပြသည်။ ဣန္ဒိက သတ္တိဘက်သို့ တစ်ချက်ကလေးမျှ လှည့်ကြည့်မသွားပါ။ မတွေ့လို့လည်းဖြစ်နိုင်၏။

သူ့အမေပါလာလို့ တမင် မမြင်ချင်ယောင်ဆောင်သွားတာရော မဖြစ်နိုင်ဘူးလားဟု တွေးမိတော့ ရင်ထဲ စူးမျက်နာကျင်ရပြန်သည်။ ခုနေ အနားမှာ ဘယ်သူမျှမရှိဘူး ဆိုလျှင် ငိုချဖြစ်မည်ထင်၏။

အဲဒါ ဘာဖြစ်လို့ပါလိမ့်၊ ငိုစရာ ဘာအကြောင်းရှိလို့လဲနော်၊ အတွေးတွေက ညှိသက်ကုန်ပြီထင်ပါသည်။

"ဆိတ်ဆိတ်နေတာ ဝန်ခံတာလား"

ဣန္ဒိ ကားပေါ်တက်သည်။ ယာဉ်မောင်းက မောင်းထွက်၏။

"ဝေးသေး"

သတ္တိထံမှ စကားသံထွက်လာသည်။



"သူက တောင်ဝင်ရိုးစွန်းမှာ ကိုတွေးကြီးထဲ တစ်ကောင်အဖြစ်လိမ်တွန့်နေရင် ငါက မြောက်ဝင်ရိုးစွန်းမှာ သက်ဦးဆံပိုင်ဘုရင်မ ဖြစ်နေချင်တယ်"

"နင့်အတွေးက မျှတသားပဲ"

ပေါက်ပေါက်က ပခုံးတွန့်၍ ရယ်ပြော၏။

"သူရင်လည်းသေမှ၊ ငါရင်လည်း ဆယ်သိန်းဆုပေါက်မှ"

"အဲဒီစကားက ရိုးပြီကွ"

"ဒါဖြင့်လည်း ပြန်ကြိုက်လိုက်တော့မယ်"

ပြောပြီး ရယ်လိုက်ရင်း မျက်နှာကိုပါ ပင့်မော့ပစ်လိုက်၏။ သူ့ကားကိုတော့ နောက်မြီးပိုင်းလေးတောင် မတွေ့ရတော့ပါ။ သတ္တိတို့ဖယ်ရီကားသာ ကျောင်းဝင်းထဲဝင်လာသည်။ သတ္တိ အရင်ဆုံး မတ်တတ်ထရပ်လေ၏။

"ငါတို့က လောင်းနေတာ တီ"

"ဘာကိုလဲ"

"နင် ဣန္ဒိကို ပြန်ကြိုက်,မကြိုက်၊ အခုမဟုတ်တောင်နောက် တစ်နှစ် နှစ်နှစ်ကြာရင်ဖြစ်ဖြစ် ပြန်ကြိုက်,မကြိုက်"

လွယ်အိတ်ကို အဝိပွာယ်မဲ့စွာ ဘယ်ညာပြောင်းလွယ်င်း မျက်နှာပြင်ခံစားမှုကို မေ့ပစ်လိုက်သည်။

"ဆန့်ကျင်ဘက်မရှိဘဲ တစ်ဖက်ကြီးဖြစ်နေလို့ လောင်းမရဘူး ဖြစ်နေတယ်"

"ဘယ်ဘက်မှာ တစ်ဖက်တည်း သွားဖြစ်နေတာလဲ"

"ငြင်းတဲ့ဘက်မှာချည်း တစ်ပြုံလုံး"

"နင် ဣန္ဒိကို ပြန်ကြိုက်လိမ့်မယ်လို့ တို့တစ်ဖွဲ့လုံးက မထင်ဘူး၊ တားခွင့်ရှိရင်တောင် တားချင်ကြတာ"

ဖယ်ရီဆီသို့ တန်းစီး၍ လျှောက်လာကြသည်။

"ဘာဖြစ်လို့လဲ"

"အဟပ်ကွာလွန်းတယ်၊ ဆင်းရဲတာ ချမ်းသာတာကိုပြောတာမဟုတ်ဘူး၊ သူတို့က နင်နဲ့မှ မဟုတ်ဘူး၊ သူတို့စံမျိုးချင်းချင်းကလွဲရင် လူတိုင်းနဲ့ကွာနေတာပဲ၊ အတွေးအခေါ် အယူအဆ အားလုံးပဲ၊ သူတို့အတွေးအခေါ် အယူအဆ၊ လုပ်ပုံကိုင်ပုံ၊ ပြောတဲ့စကားလုံးကအစ မိုးပေါ်က ပြုကျလာသလို ခံစားရတယ် ...

"ပွင့်လင်းလွတ်လပ်မှု ဆုံးရှုံးနေသလိုပဲ၊ ခန့်အောင်၊ ထည်ဝါအောင်၊ မြင့်မြတ်အောင် အသက်ရှုတိုင်း ထွက်သက်ဝင်သက်တိုင်းမှာ ကြိုးစားကျင့်ကြံနေကြသလိုပဲ ...

"ငါတို့လည်း မနေနိုင်ဘူး၊ .နင်လည်း နေနိုင်မယ် မထင်ဘူး"

ဖယ်ရီကား နောက်ခန်းအပေါ်သို့ တဖြုတ်ဖြုတ်ခုန်တက်ကြသည်။ လူက စုံနေပြီမို့ ကားက မောင်းထွက်၏။ ပင်မတက္ကသိုလ်မှ ကျောင်းသူအချို့လည်း ကားပေါ်ပါလာသည်မို့ ဣန္ဒိအကြောင်းကို စကားမဆက်ဖြစ်တော့ပါ။

"ကြားပြီးပြီလား၊ ဟိုနေ့က မျိုးအေး ဖားခွဲတာ အကြောတွေပြတ်ပြီး အသားတွေလည်း ညှပ်မိ၊ ဖားတစ်ကောင်လုံးပွစာကြဲပြီး ဘာမှ ရှာမရလို့ တစ်ကောင်လုံး လွှင့်ပစ်လိုက်ရတယ်တဲ့"

"သုံးလေးကောင်ခွဲမှ အကြီးဆုံးအကြောတစ်ချောင်းလောက် ရှာနိုင်တော့ စာကျေတာပေါ့"



"ဟော့ ... ကြွေဥ၊ မျိုးအေးက သူများတွေ ခြောက်နှစ်ခွဲနေတဲ့အတန်းကို ဆယ့်သုံးနှစ်လောက်နေဖို့ ရည်ရွယ်ပုံရတယ်ကွ၊ အခု နင့်ညီမလေးက ဘယ်နနှစ်"

"ရှစ်နှစ် ... ဘာဆိုင်လို့လဲ"

"စိတ်ကူးမလွဲနဲ့၊ ကျိုင်ပေးထား၊ မျိုးအေး ဆရာဝန်ဖြစ်ရင် နင့်ညီမလေး နှစ်ဆယ့်တစ်ပဲ"

"နင့်အဒေါ်အပျိုကြီးနဲ့ ကျိုင်ထားပါလား၊ မျိုးအေးလည်း ဆရာဝန်ဖြစ်ရော နင့်အဒေါ်လည်းသေရော"

ပေါက်တတ်ကရစကားဝိုင်းမှာ သတ္တိအသံ ပျောက်နေတော့သည်။

❋ ○ ❋

"တီလား"

"ဟုတ်တယ်"

သူ့အသံက ဆင်တူမရှိပါ။ "တီလား"ဟု မမေးမိ "ဟယ်လို"ဆိုကတည်းက သူမှန်းသိလိုက်ပြီးပါပြီ။ အော၍ ချိုသောရှတတ သတ္တုသံလေးပါသော ပင်ကိုသံကို သီချင်းလေးတစ်ပုဒ်တောင်ဆိုခိုင်းပြီး နားထောင်လိုက်ချင်တာပါ။ အဲသည်လို ရှသော၊ အောသော အသံလေးက နားထဲချိုမြိန်စွာ စီးဝင်တိုင်း နှလုံးသားက ဝုန်းဒိုင်းသံပေး၍ ဆောင့်ခုန်ကာ ဒေါသတွေ ဘယ်ကဘယ်လို ထွက်လာမှန်းမသိတာပဲ ဆိုးနေတာလေ။

"ဆောင့်ကြီး အောင့်ကြီးနဲ့ကွာ၊ ချိုချိုလေးပြောပါလား"

"ကိစ္စရှိလို့လား"

"ကိစ္စမရှိရင် မဆက်ရဘူးလား တီရယ်၊ တို့က မနေနိုင်ဘူး၊ တို့က တီကို ချစ်နေတဲ့သူ၊ တီအသံကို ကြားချင်နေတဲ့သူ"

"သြော် ... အသံကြားချင်တဲ့ကိစ္စလား၊ ဒါဖြင့် နားထောင်လေ၊ ဦး ... ဣ ... န္ဒိ"

သူ့နာမည်မှာ "ဦး"တတ်၍ သံရှည်ဆွဲပြီး ခေါ်ပေးလိုက်သည်။

"ကြားချင်တဲ့ကိစ္စ ပြီးမြောက်သွားပြီမဟုတ်လား၊ ဒါပဲနော်"

စကားပြောခွက်ကိုချရင်း ပြုံးဖြစ်၏။ သူ့ကို အဲသည်လို စ,ချင်နောက်ချင် ဖြစ်နေတာ၊ ရင်းနှီးနေတာကို သူ မသိစေချင်ပါ။ ဒေါသထဲမှာ ကြည်နူးလိုက်မိတာ သူ မသိစေချင်ပါ။ သူ့အပေါ် အသာစီးယူလျက် အနိုင်နှင့်ချည်းပိုင်းနေမိတာ။ ကလဲ့စားချေနေမိတာ၊ ကြွေးတောင်းနေတာ တစ်ခုတည်းတော့ ဘယ်ဟုတ်ပါ့မလဲ ဦးဣန္ဒိရယ်ဟု ပြောလိုက်ချင်ပြီ၊ အဲသည်ခံစားမှုက ရင်ထဲမှာ ဖြစ်ထွန်းခိုင်မြဲခဲ့တာ ကြာပြီလေ။

"တီ"

တယ်လီဖုန်းသံ ထပ်မြည်လာပြန်သည်မို့ ကောက်ကိုင်ကာ "အမိန့်ရှိပါ"ဟု တလေးတစား ထူးဖြစ်ခိုက်မှာ သူက "တီ"ဟု အပိုင်ခေါ်လေ၏။

"တယ်လီဖုန်းနားက ထမသွားနိုင်သေးဘဲ ဆက်ပြီး ထိုင်နေ၊ စိတ်ကူးယဉ်နေတယ် မဟုတ်လား၊ မညာနဲ့"

"အောင်မယ်"

ဒေါသနှင့် အရှက်တို့ ပေါင်းစပ်ဓာတ်ပြုသွားသည့်နေရာမှာ အပြုံးတစ်ခု ဖြစ်ထွန်းသွားပြန်သည်။ သူ့ပိုင်စိုးပိုင်နင်း အပြောအဆိုကိုတော့ တကယ်ပဲ မုန်းလိုက်ချင်၏။



"ညနေကုန်းက မေမေနဲ့တွေ့တယ်ဆို"

"ကြည့်ဖြစ်ကြတာပါ"

"ကောင်မလေးက တော်တော်လှတာပဲတဲ့၊ မေမေက ပြောတယ်"

"အမျိုးသမီးကြီးက ခန့်ညားသလောက် အရမ်းကျက်သရေရှိတာပဲလို့ တီက ပြောကြောင်း သတင်းကောင်းပါးလိုက်ပါ"

"တီ"ဆိုသည့် နာမ်စားလေး ထည့်ပြောသည်မို့ ဝမ်းသာရမည့် အပျော်လေးမှာ "အမျိုးသမီးကြီး"ဆိုသည့်အသုံးအနှုန်းကြောင့် ဆူးစူးခံရလေ၏။

"တစ်နေ့မှာ အမေတော်ရမှာ၊ မေမေလို့ခေါ်လေ"

"ဝေးသေး ... ဝေးသေးဆိုတာ မခေါ်ဘူးလို့ပြောတာမဟုတ်ဘူး၊ မတော်ဖြစ်မှာ သေချာတာကို ပြောတာ"

"တို့ကို တီ ချစ်ပြီလား"

"ဣန္ဒိကို ပြန်စဉ်းစားနိုင်းထားတယ်လေ"

"စဉ်းစားဖို့မလိုဘူးဆိုတာ ပြောပြီးပြီ"

"တီရချင်တဲ့ အခြေအနေတွေကို ဣန္ဒိ မပေးနိုင်ပါဘူး"

"ပေးနိုင်အောင် ကြိုးစားမယ်"

"အဲဒီလိုပြောတဲ့ယောက်ျားကို လက်ခံစဉ်းစားရင် မိန်းမမိုက်ဖြစ်သွားမှာပေါ့"

"တို့က ရိုးလွန်းအားကြီးပြီး အမှန်အတိုင်း ပြောလွန်းလို့ခက်နေတာ"

"မရိုးမသားနဲ့ လိမ်ညာပြောတတ်တဲ့သူ ဆိုရင်လည်း တီ မစဉ်းစားပါဘူး"

"တီလို့ နာမည်လေးထည့်ပြောတာ အရမ်းချစ်တာပဲ"

"ဟင် ..."

ဘယ်တုန်းက ဘယ်နှလုံးထိ ထည့်ပြောမိသွားပြီလဲ တောင်မသိ၊ တစ်ခါတစ်ရံမှာ ရင်ထဲဆန္ဒဆိုတာ ဖိနှိမ်ချုံးနိုင်ခဲ့ သားပဲလေ။ ဖုန်းကို ယောင်ယမ်းချပစ်လိုက်ပြီး သည်တစ်ခါတော့ ဘယ်လိုပဲမြည်မြည် မကိုင်တော့ဟု ဆုံးဖြတ်ကာ အိပ်ခန်းထဲသို့ ဝင်ခဲ့တော့သည်။

မမေ စောင့်ကြည့်အကဲခတ်သလို စူးစမ်းနေတာကို မသိချင်ယောင်ဆောင်ပစ်ခဲ့တော့သည်။

❋ ○ ❋

ကျောင်းကိုရောက်လျှင် သူ့ကို ဝေ့ဝဲရှာကြည့်မိသည့် ကိုယ့်ကိုယ်ကိုယ် စိတ်ဆိုးမိပါ၏။ သူ တစ်စတစ်စ လွှမ်းမိုးလာတာကို ဝန်မခံဘဲ မရနိုင်အောင် ဖြစ်လာသည်။ သူငယ်ချင်းတွေကတော့ အထင်ကြီးတုန်းပဲရှိသေးသည်။

"မကောင်းလို့မဟုတ်ဘူး၊ ကောင်းလွန်းအားကြီးလို့၊ သူတို့ ကောင်းသလောက် ကိုယ်ကမှ လိုက်မကောင်းနိုင်တာ၊ အဲဒီဆွေမျိုးစုထဲ ဘယ်လိုဝင်မလဲ"တဲ့။

ဒေါ်တင်တင်စံ အကြောင်းကိုလည်း မကြာခဏ စကားစပ်၍ ပြောဖြစ်ကြတော့ အပြစ်ဆိုစရာ မရှိတာကပဲ အပြစ် ပြန်ဖြစ်ကာ ယောက္ခမတော်ဖို့ စိတ်ကူးထဲမထည့်ဝံ့ဟု ပြောကြ သည်။ ဒေါ်တင်တင်စံသာ ကြားလျှင်တော့ ရင်ကွဲနိုင်၏။

"အမယ်လေးလေ၊ သမီးရှင်တိုင်း မျက်ဖြူဆိုက် အောင် ဝိုင်းဝိုင်းလည်နေတဲ့ သားရှင်ပါနော်၊ အကောင်းလွန်ခြင်းဟာ အပြစ်တဲ့လား၊ ဘယ်လို ခေတ်မိန်းကလေးတွေလဲ"ဟုပြောနိုင်၏။



တဖြည်းဖြည်းနှင့် ခေတ်ကြီးက ပြောင်းလဲလာတာ တော့မှန်သည်။ မိန်းမသားတွေ စာရေးတတ်လျှင် ရည်းစားစာ ရေးဖို့ပဲဟု စာမသင်ခဲ့သည့်ခေတ်မှ တဖြည်းဖြည်းပြောင်းလဲလာခဲ့ တာလေ။ ခုဆို ဘွဲ့ရပညာတတ်ပြီး လုပ်ငန်းခွင်ဝင်နေသည့် မိန်း ကလေးဦးရေက ယောကျ်ားလေးဦးရေထက် လျော့မှမလျော့ဘဲ။ ဒေါ်တင်တင်စံကိုယ်တိုင် ဘွဲ့ရထားသည်။ ဘွဲ့နှစ်ခုရပြီး ကျောင်း ဆရာမ ဝင်လုပ်ခဲ့သည်။

ကုန်သွယ်ရေးကော်ပိုရေးရှင်းတွေ တည်ထောင်သည့် အချိန်မှာ ဒေါ်တင်တင်စံ ကုန်သွယ်ရေးသို့ ကူးခဲ့၏။ ဖောင်ကြီး သင်တန်းကျောင်းတက်ခဲ့သည်။ ဘောင်းဘီရှည်ဝတ်၍ ရိုင်ဖယ် ပစ်ခဲ့ဖူးသည်။ ကျောင်းမှဆင်းပြီး ဆယ်နှစ်လောက် အလုပ်လုပ် ပြီးမှ ထွက်ခဲ့တာ။

ခုတော့ ဒေါ်တင်တင်စံပိုင်သည့် ကုမ္ပဏီက သုံး လောက်နှင့် ဟိုရှယ်ယာ၊ သည်ရှယ်ရာဝင်ထားတာတွေက လေးငါး လောက် ရှိသည်။

အဲသည်ကြားထဲ ရတနာဝယ်စုထား၊ ဈေးကောင်း လျှင်ပြန်ရောင်း၊ တစ်ခါတစ်ရံကျ အစိုးရကျောက်မျက်ရတနာ အရောင်းဆိုင်များသို့လည်းအပ်၏။ ကျောက်မျက်ရတနာပြပွဲမှာ ဒေါ်လာဖြင့်ရောင်းသော ရတနာအချို့သည် ဒေါ်တင်တင်စံပိုင် ပစ္စည်းများဖြစ်သည်။ ဗိုလ်ချုပ်ဈေးကဆိုင်ဆိုလည်း ရတနာတွေပဲ ဘင်ရောင်းခဲ့တာလေ။

ပြောင်းလဲလာပြီဖြစ်သည့် ခေတ်နှင့်အညီ မိန်းက လေးတွေကို လိုက်လျောညီထွေမြင်တတ်ဖို့တော့ လိုပြီထင်၏။

"တီ ... နင် ကြားပြီးပလား"

"ဟင် ... သူ ဘာဖြစ်လို့လဲ"

ပေါက်ပေါက်က ပနံးလာပုတ်သည်ကို ကိုယ်ကလေး တွန့်သည်ထိ လန့်ဖျပ်သွားရသည်။

"ဘယ်သူ့ကို မေးတာလဲ"

ပေါက်ပေါက် မျက်မှောင်ကုတ်၍မေး၏။

ရင်ထဲမှာ ဏှဒ္ဒိ ရှိနေပြီဆိုတာ ဝန်မခံချင်လည်း ဝန်ခံရတော့မည်။ သူ စိုးမိုးနေပြီ။ တိ အတွေးတွေမှာ မင်းမူနေပြီဆိုတာ တိကိုယ်တိ သိလိုက်ရပြီး တစ်ခါတစ်ရံမှာ ကိုယ့်အကြောင်း ကိုယ်သိရခြင်းက ဝမ်းသာစရာ ဖြစ်မလာဘဲ ကြေကွဲဖွယ်ကောင်း နေတတ်တာ ခုတော့ ကိုယ်တွေ့ဖြစ်ရပြီလေ။

"ဘယ်သူ ဘာဖြစ်လို့လဲ မေးတာ"

"မိန်းကလေးတွေ ချစ်သူရှိရင် ညှာတတ်လာသည်" တဲ့။ ပြောသံကြားဖူး၏။ အချို့ဝတ္ထုတွေထဲမှာလည်း ဖတ်ဖူးသည်။ တိ မထိတတီလေး ညှာလိုက်ရပြီဆိုတော့ တိ ညှာတတ်ပြီဆိုတာ နိုင်မာသွားပြီလား၊ အဲသည်လိုဆိုလျှင် တိမှာ ချစ်သူရှိပြီမို့လား။

"ရွှေဝါပေါ့၊ အရမ်းဒေါကန်နေတယ်၊ သူ့အစ်မ ..."

"မမရွှေနီက ဘာဖြစ်လို့လဲ"

"မတော်ရသေးတဲ့ ယောက္ခမလောင်းကရစ်လို့၊ အံ့တယ် ဟာ၊ ဒီခေတ်ထဲမှာ ဒီလိုယောက္ခမမျိုး ရှိနေတာ"

"ရှိတော့ရှိပါတယ်ကွာ၊ ရှားတော့ရှားတာပေါ့"

မီးမီးကာ်ဝင်ပြော၏။ သည်နေ့ ရွှေဝါ ကျောင်းမတက် ပါ။ ပေါက်ပေါက်နှင့်မီးမီးက ရွှေဝါတို့အိမ်နှင့် လူကြီးတွေချင်းပါ ခင်သည်မို့ တစ်အိမ်အကြောင်း တစ်အိမ်က သိနေလေ့ရှိသည်။

"ရွှေဝါ ဒီနေ့ ဘာဖြစ်လို့ ကျောင်းမလာတာလဲ ..."



"အိမ်မှာ ကမ္ဘာပျက်နေတယ်လေ၊ မမရွှေနီကငို၊ အန်တီထား က ဒေါသဖြစ်၊ ဦးဦးက မားကြိမ်းကြိမ်း၊ ကိုကိုရွှေမောင် ကလည်း လူသတ်မယ် တကဲကဲနဲ့"

"ဟောတော့ ... ဘာတွေဖြစ်ကုန်တာလဲ"

"မမရွှေနီကို သူ့ယောက္ခမလောင်းက ထမင်းချက်တတ်ရဲ့ လား၊ ငရုတ်သီးထောင်းရင် အစေ့ကြေရဲ့လား မေးရာက စပြီး တက်တဲ့ပြဿနာတဲ့၊ သန်းမရှိလို့ သန်းတော့မရှာနိုင်း ဘူး၊ ဆံပင်ဖြူနုတ်နိုင်းကြည့်ရမှာပဲတဲ့"

ပြောရင်းက ရယ်ချင်စိတ်ဖြင့် ရယ်ဖြစ်ကြတော့ သည်။ ကိုယ့်ကိစ္စမဟုတ်တော့လည်း ပြဿနာက ရယ်စရာကြီးလို ဖြစ်နေသည်။

"ဆံပင်ဖြူနုတ်ရင် ခါးလယ်ကပြတ်မှာလား၊ အမြစ်ပါအောင် နုတ်တတ်ရဲ့လားတဲ့၊ အားလုံးထဲမှာ ရယ်ရတာက ကိုယ့် ဘော်လီကိုယ် ချုပ်ဝတ်ရမတဲ့ကွာ၊ ဘရာမဟုတ်ဘူးနော်၊ ဘောဒစ်စ်ကိုပြောတာ၊ သူတို့လူကြီးတွေ အခေါ်တော့ ဘော်လီပေါ့၊ ဇာဘော်လီပေါ့"

ဟားခနဲ ရယ်ဖြစ်ကြပြန်၏။

"ဝယ်ဝတ်လို့ မရဘူးလား"

"ဘာအဓိပ္ပာယ်လဲတော့မသိဘူး၊ ချုပ်ဝတ်မှတဲ့ကွာ၊ အဲဒါ မမရွှေနီ ပြန်ပြောတဲ့လေသံက နည်းနည်းပါးပါးတင်းဆို သလား မသိဘူး၊ ဟိုတစ်ယောက်က အမေထိလို့နာ"

ဩော် ... ဒါကြောင့်မို့လည်း သားရှင် စိုးမက်နှစ်လို ခြင်းခံရသည့် သတို့သမီး ဘှာ မင်္ဂလာတစ်ပါးပိုသည်ဟု လူကြီးသူမ တို့ ပြောကြတာထင်ပါရဲ့။

"ခက်တာက ဧစ္စပ်ကြောင်းလမ်းပြီးစီးခြင်းက သတင်းစာထဲကြော်ငြာပြီးနေပြီ"

"ဘာဖြစ်လဲ၊ ဖျက်သိမ်းတယ်ပေါ့"

"မိန်းမသားဘက်က နစ်နာတာပေါ့ဟာ၊ မမရွှေနီဆိုတာ ရှက်လွန်းလို့ တစ်ငိုတည်းငိုနေတယ်၊ လူသိနတ်ကြားလည်းဖြစ်၊ ကျောင်းမှာလည်း တတွဲတွဲလုပ်ခဲ့တော့ အာပူလျှာပူဆိုင်က အစ်မကြီးကအစ ဘယ်တော့စားရမလဲ မေးနေတာတဲ့ ...

"ရှားတယ်ဟာ၊ ကျောသလောက် စီးပိုးပြီး အရစ်ရှည်တဲ့ယောကျ်ားမ"

"ဟိုနေ့က မင်္ဂလာဆောင်နဲ့တော့ကျွာတယ်"

"ဘယ်မင်္ဂလာဆောင်လဲ"

"ဣန္ဒီက နင့်ကိုမပြောဘူးလား၊ ငါတို့လည်း ဣန္ဒီပြောလို့ သိတာတော့ မဟုတ်ပါဘူး၊ မိန်းကလေးရှင်က ငါတို့အမေနဲ့ခင်လို့"

"စံမျိုးလား"

သတ္တိမေးပြီးသည်နှင့် ရင်ထဲဒိတ်ခနဲဆောင့်ခုန်သည်။ 'စံဖိုးဘီးယား'ဆိုသည့် ရောဂါဆန်းတစ်မျိုးတော့ ဖြစ်ပြီနှင့်တူ၏။ 'စံ'သံကြားရုံနှင့် ကျောပြင်က စိမ့်ချင်သည်။

"စံမျိုး၊ ဦးမြတ်စံ၊ လက်ဝဲသုန္ဒရနာမည်နဲ့ ဆရာဝန်ကြီးရဲ့သား၊ မိန်းကလေးက ပြာလဲ့ညိုတဲ့၊ ဦးအောင်မျိုးဘက်က ဆင်းသက်လာတဲ့မျိုးမျိုး"

ပေါက်ပေါက်တို့လည်း စံမျိုး၊ မျိုးမျိုးတွေအကြောင်း ကြားဖူးထားဟန်တူ၏။ ဆွေကြီးမျိုးကြီး ဆိုတာ လောကမှာ



တကယ်ရှိနေပြီး လူသိတကယ်များတတ်တာကို အသိအမှတ်မပြုဘဲ နေလို့မရနိုင်တော့ပြီ ထင်၏။

"ဦးမြတ်စံဘက်က လိုက်လျှောလိုက်တာများကွာ၊ တစ်ဦးတည်းသောသားမို့ အိမ်ခွဲလို့တော့မရဘူး၊ ကောင်မလေးဘက်ကကျတော့ မောင်နှမများတယ်၊ ဦးမြတ်စံအိမ်ပေါ်တော့ တက်နေရမယ် ...

"ဒါပေမဲ့ကွာ စုံတွဲအသစ်စီးဖို့ ကားတစ်စီးသတ်သတ်၊ လက်တိုလက်တောင်း ကောင်မလေးတစ်ယောက်သတ်သတ်၊ မင်္ဂလာစရိတ်၊ အိပ်ရာခမ်းနား၊ တည်ခင်းဧည့်ခံစရိတ် အစုံအစုံကွာ ...

"သတို့သမီးစီးဖို့ ဖိနပ်ကအစ စင်ကာပူမှာ လှမ်းမှာပေးတယ်၊ လက်ကုန်ပဲ ...

"သတို့သမီးအမေဝတ်ဖို့ လွန်းရာချိတ်ကိုတောင် သတို့သားအမေက ဆင်တူဝတ်ဖို့ တစ်အုပ်ဝယ်ပြီး လာပေးနေလို့ ...

"သတို့သမီးအမေက တောင်းတောင်းပန်ပန်နဲ့ ငွေချေရတယ်၊ မယူဘူးငြင်းသေးတယ်၊ ချွေးမကို ကလပ်ပေါ်တင်ပြီး တဖူးဖူးမှုတ်နေတာ ...

"တဲ့တွေးစဉ်ပြီး အဆုတ်အအေးမိလို့ ယောကျ်ားမဆရာဝန်ကြီး ဦးမြတ်စံက ကုရသေးတယ်"

"သွား"

ပေါက်ပေါက်ကို ပခုံးချင်းတိုက်၍ ရောရယ်ရင်း ခေါ်တင်တင်စံ၏ ခန့်ညားကျက်သရေရှိလှသည့် မျက်နှာဝင်းဝင်းကြီးကိုမြင်မိ၏။

"ငတိ … နင့်မျက်နှာက ပုံမှန်မဟုတ်ပါလား"

"ဘာဖြစ်လို့လဲ၊ ပုံမှန်ပဲ"

"ပုံမှန်ပဲ ဆိုတာကိုက ပုံမမှန်တာကို အထောက်အကူပြုတယ်"

သူငယ်ချင်းတွေ၏ ခေါင်းများက တိမျက်နှာနားသို့ တိုးဝှေ့ရောက်ရှိလာကာ ဖြူးတူးပြဲတဲ ကြည့်ပြကြ၏။

"ရောဂါပဲ"

"သွား … ဘာရောဂါမှ မရှိဘူး"

"တို့တစ်ဖွဲ့လုံးရှုံးမယ့် ရောဂါထင်တယ်"

"အေးဆေးနေကြကွာ၊ ဘာဖြစ်လို့ ဒီလောက်ဝိုင်းကြည့်နေကြတာလဲ၊ မနေတတ်တော့ဘူး"

"ဖိုတိုဖိုဘီးယားဆိုတဲ့ရောဂါ ကြားဖူးလား"

"ငါ ကြားဖူးတယ်"

ကြွေဥက လက်မထောင်ပြသည်။

"ဓာတ်ပုံအရိုက်မခံရဲတာ ဓာတ်ပုံရိုက်ခံရမှာကို ကြောက်တာ"

"အေး … စံဆိုတဲ့နာမည်ကို မကြားရဲတာ၊ ကြားရုံနဲ့ မျက်စိမျက်နှာပျက်ပြီး အလန့်တကြားဖြစ်တဲ့ရောဂါကိုဆိုရင် ဘယ်လိုခေါ်မလဲ"

"လွယ်လွယ်လေး၊ စံဖိုးဘီးယား"

တိ ရယ်လိုက်မိတော့သည်။

အဲဒီရောဂါနာမည်ကို ကိုယ့်ဘာသာ အစောကြီးပေးပြီးသား၊ ရှာဖွေတွေ့ရှိပြီးသား၊ ဆေးပေးကုသမှုသာ မပြုရသေးတာပါ သူငယ်ချင်းတို့ရယ်ဟု ပြောပြချင်သားပါ။



"တိ … နင် တစ်နေ့တခြား ရုပ်ဖြွေပျက်တယ်"

"ငါ ဘာလုပ်လို့လဲ"

"ရုပ်ဖြွေပျက်တယ်ဆိုတာ အနေအထိုင်ကလက်လာတာကို ပြောတာမဟုတ်ဘူး၊ ရုဒ္ဒိနဲ့ တစေ့တစောင်းပတ်သက်တဲ့ စကားကိုပြောမိရင်တောင် မျက်နှာပျက်တယ်"

"စံဖိုးဘီးယား"

"နင် နောက်သလိုလိုနဲ့ အတည်ဝန်ခံနေတာ မဟုတ်လား"

"အေး …"

"ကြည့်စမ်း … ဒီလောက်တားတဲ့ကြားက"

မီးမီး ကျိတ်ဆိတ်တာ ကျောတောင်ကော့သည်။

"ခေါ်တင်တင်စံကြီး မကြောက်ဘူးလား"

"ဦးမြတ်စံနဲ့တူရင် တူမှာပေါ့"

"သံနဲ့ စေ့စပ်ထားတယ်"

"သံ့မှာ လူရှိတယ်"

"လောကကြီးမှာ ထင်မှတ်ထားတာတွေ တကယ်ဖြစ်လာတော့ …"

"မထင်မှတ်ဘဲ ဖြစ်လာတယ်သာ ကြားဖူးပါတယ်"

"ထင်မှတ်ထားတာ၊ ထင်တဲ့အတိုင်းဖြစ်လာတော့ သေချင်တာပဲ"

"နင်ကလည်းဟာ … မီးမီးရာ မတားပါနဲ့တော့၊ တိက စိတ်ပါနေပြီပဲ၊ တို့က ဖေးမဖို့ပဲရှိတော့တယ်၊ ရုဒ္ဒိ လူဆိုးမှမဟုတ်ဘဲ၊ ဒီမှာ တိ၊ ချစ်မိလို့ရှိမှ ဂိုး အဟက် … ဝင်ဖြစ်မှတော့ မစင်မကြောက်နဲ့"

"ဘာဆိုင်လဲ နင့်စကားပုံက၊ ဘယ်သူက ဝင်လဲ"

"တီလေ၊ သူက ကာယကံရှင်ပဲ"

"ကာ ... ငရဲတွေတော့ ကြီးကုန်တော့မှာပဲဟာ၊ တီက ဒ်ဆိုတော့ ဒေါ်တင်တင်စံက မစင်လား"

ဝါးခနဲ ရယ်လိုက်ကြသည့် သူငယ်ချင်းတွေထဲ တီမှုံမှုံလေးနှင့် ရောရယ်ဖြစ်၏။

"မစင်မဟုတ်ပါဘူး၊ စင်ပါတယ်၊ ငါကြားဖူးတာတော့ ဆောင်းတွင်းမှာတောင် တစ်နေ့ရေနှစ်ခါချိုးတယ်တဲ့"

သူငယ်ချင်းတွေ စုံစမ်းစုဆောင်း ရှာဖွေထားသည့် အချက်အလက်တွေကလည်း မနည်းမနောပါလား။

"လေဖြတ်ရင်တော့ ပြုစုရတာမလွယ်ဘူး၊ ငါတော့ ကြောင်ချေးအပုံနှစ်ဆယ် ကျုံးလိုက်ချင်သေးတယ်၊ လေဖြတ်လူနာ မပြုစုချင်ဘူး"

"ကြွေဥရာ ကြိုက်တတ်တာတွေ လူသိတယ်"

"ဟိုက် ... အတန်းတက်သွားပြီ၊ ဒါကြောင့် ကျောင်းရှေ့လူရှင်းသွားပါတယ် အောက်မေ့တာ"

'လွယ်အိတ်လေးတွေလွယ်ကြ၊ ထခုန်ကြနှင့် အလုပ်ရှုပ်သွားချိန်မှာ ကြွေဥက မေးခွန်းတစ်ခုကို ကမန်းကတန်းထုတ်ဖြစ်အောင် ထုတ်လိုက်သေးသည်။

"တီ နင် တကယ်လား"

"နောက်တာ"

ကြွေဥ မေးခွန်းက အရင်းမရှိ အဖျားမရှိ ဆိုပေမယ့် သတ္တိနှားလည်၏။

"တော်ပါသေးရဲ့"



ကြွေဥက ရင်ဖိပြပေမယ့် ယုံလှသည်တော့မဟုတ်ချေ။

သူတို့တွေ ဘာဖြစ်လို့ သဘောမတူကြတာပါလိမ့်။

❋ ○ ❋

သည်နေ့ ကျောင်းသို့ တော်တော်စောစောရောက်သည်။ မေမေက ရွှေတိဂုံဘုရား ရုနေထောင့်မှာ ဂုဏ်တော်တစ်သောင်း စိပ်ချင်သည်တဲ့။ တစ်ရာ့ရှစ်လုံးပါသည့်ပုတီးနှင့် အပတ်သေါင်းတစ်ရာမို့ တော်တော်လေးကြာမည်။

"သားက ကျောင်းအသွားစောထွက်ပြီး မေ့မေ့ကို ဘုရားမှာထားခဲ့၊ တော်လေးကြာမှ အဖေကြီးက သတ်သတ်လာကြိုပေးပေါ့၊ မကောင်းဘူးလား"တဲ့။

မေမေ့ကို ဘယ်တုန်းကမှ ဘယ်သူကမှ မကောင်းပါဘူးဟု မဝေဖန်ဖူးကြပါ၊ ကောင်းတာချည်း ဖြစ်နေတတ်သလိုအလိုလိုက်ချင်ကြတာလည်းပါ၏။ မေမေ့ကို သူ့လက်စွဲတော်မွေးစားသမီးနှစ်ယောက်နှင့်အတူ ဘုရားပို့ပြီး ကျောင်းတန်းလာတော့ ခါတိုင်းမရောက်သည့်အချိန် ဖြစ်နေသည်။ ကျောင်းဝင်းထဲသို့ ကားကွေ့ဝင်၊ တစ်ဆစ်ချိုး ထပ်ကွေ့ပြီး ခါတိုင်းရပ်နေကျဒိပ်ခုံးကြီးရှေ့က သရက်ပင်မှာရပ်ဖို့ပါပဲ။ သို့ပေမယ့် တစ်ဆစ်ချိုးကွေ့ခိုက် ဘာရယ်မဟုတ် မျက်စိက ခြောက်ထပ်လှေကားကြီးဆီသို့ ဝေ့ခနဲဝဲသွားသည်။

"တီ".

နှုတ်မှလွှတ်ခနဲ ထွက်သွားပေမယ့် တိုးဖွသည်မို့သူ့ဆီ မကြားနိုင်ပါ။ တစ်ယောက်တည်းထိုင်၍ ဒူးပေါ် စာအုပ်

ကလေးတင်ပြီး စာကျက်နေ၏။ ဤနေရာမှာ ကျောင်းသူတွေ ထိုင်စကားပြော၊ စာဆွေးနွေး၊ စာကျက် လုပ်တတ်သလို ကျောင်းသားတွေလည်း ရှိတတ်သည်။ တော်တော်မြင့်သည့် အထပ်တွေပေါ်မှာကျတော့ တစ်ခါတစ်ရံ အတွဲကလေးတွေ ရှိနေတတ်သည်။ ဆေးတက္ကသိုလ်စုံတွဲဆိုတာက အတွဲမဖြစ်မီသာ မရရအောင်လိုက်၊ စကားတွေပြောဖြစ်ပြီး ချစ်သူတွေဖြစ်သွားတာနှင့် ချစ်စကားကြိုက်စကားပြောဖို့ အချိန်ကိုမရှိတော့သလောက်ပါ။

သူ မသိတာ ကိုယ်ရှင်းပြ၊ ကိုယ်နားမလည်တာ သူ ရှင်းပြနှင့် မျက်နှာချင်းဆိုင်ဖြစ်ရုံသာရှိလျက် နှုတ်များမှတော့ ကျောင်းစာတွေချည်း ထွက်ကျနေကြရတာ ထုံးစံလိုလိုဖြစ်နေပါပြီ။လက်တွေ့ကျတော့လည်း မြောက်ကာချိုးကာနှင့် သင်ခန်းစာပါ အချက်တွေမှတ်၊ လေးချက် ငါးချက် ချိုးရင်း ငြင်းရင်းမို့ ချစ်သူစုံတွဲပင်ဖြစ်ငြား အမြင်လည်းတော်၏။ အကြားလည်းတော်၏။

ကားကို ခါတိုင်းရပ်နေကျ နေရာထိတောင်မသွားဖြစ်တော့ဘဲ လမ်းဘေးရပ်ရုံပစ်ခဲ့ရင်း ခြေလှမ်းတွေက တလွှားလွှားနှင့် မပြေးရုံတစ်မည် လှမ်းခဲ့သည်။

"တီ"

"ဟင် ..."

လက်ချောင်းလေးချိုး၍ စာငုံ့ကျက်ရင်းမှ မော့အကြည့် အံ့သြပုံစံပြောင်းသွားသည့် မျက်နှာလေးက ကလေးငယ်လို အပြစ်ကင်းနေ၏။

"စောလှချည်လား"

"ဖယ်ရီက ပင်မနဲ့တွဲပို့တော့ ခါတိုင်းလည်း ဒီအချိန်ပဲ"

"အဖွဲ့တွေကော"



"ဖယ်ရီတူတူစီးတာက ကြွေဥနဲ့ မီးမီးတင်ပါ၊ တခြားကောင်တွေက သတ်သတ်လာတော့ နောက်ကျတယ်"

"ကြွေဥနဲ့ မီးမီးက ဒီနေ့ပါမလာဘူးလား"

"မပြောချင်ဘူး၊ ချိန်ထားသလားမှတ်ရတယ်၊ တုပ်ကွေးဝမ်းဆက်ဖြစ်နေလို့"

နှုတ်ခမ်းလေးတစ်ချက်စူလိုက်ပုံက ဤဒွိရင်ထဲ မှန်ဘီလူးနှင့်ဆွဲ၍ ဓာတ်ပုံရိုက်သလိုဝင်၏။ သိပ်ကို ချစ်စရာကောင်းသည့် တီလေးပါပဲ။ ဤဒွိမျက်နှာ ပြုံးနေသည်။ တီနှင့် မျက်နှာချင်းဆိုင် ခပ်ကွာကွာလေးရပ်ကာ ပုံ့ပုံ့လေးထိုင်နေသည့် တီကို ခြေဆုံးခေါင်းဖျား အစုန်အဆန်ကြည့်နေမိတော့သည်။ ကြည့်လို့ကောင်းလှပါဘိ။

"သွားတော့လေ ... ဒီနားမှာ လာနေရင် ဘယ်ကောင်းမလဲ"

အနားလာရပ်ပြီး အစုန်အဆန် ကြည့်နေရသလားဟု ရန်တွေ့ပစ်လိုက်ချင်၏။ အဲဒါ ယောက်ကျားညဉ့်ပဲထင်သည်။ သူတို့လုပ်ချင်သည့် အပြုအမူတစ်ရပ်သည် တစ်ဖက်သားအတွက် ဘယ်လိုအနှောင့်အယှက်ဖြစ်မလဲ ဆိုတာ မတွေးဘူးလားမသိ။ ဘယ်လိုမိန်းကလေးက ဘယ်လိုသတ္တိမျိုးမွေး၍ ရဲရဲကြီးအကြည့်ခံဝံ့မှာတဲ့လဲ။

"တို့ နေချင်တယ်၊ နေပါရစေ"

"ဘယ်ကောင်းမလဲ"

"မကောင်းရအောင် တို့က ဘာလုပ်နေလို့လဲ"

"မကြည့်နဲ့ပေါ့"

ပြောပြီးမှ ရှက်သွေးဖြင့် တစ်မျက်နှာလုံးရဲသွားရသည်။ မှန့်ခွဲသလိုမျိုး ဖြစ်သွားသလား။ သူနှင့်တွေ့တိုင်း ရင်ထဲမှမာနတွေ ပျော်ကျသွားတတ်တာကိုတော့ သူ့ကို ဖွင့်မပြောဖြစ်သည့်တိုင် ရင်ထဲမှာတော့ ကျိတ်ဝန်ခံရမည်။

တကယ်ဆို သူ့ကို တိ သိပ်မုန်းခဲ့တာ၊ သိပ်မုန်းချင်ခဲ့တာ၊ သူ အသည်းကွဲသည့်နေ့ဟာ တိ အောင်ပွဲရသည့်နေ့ဟု မှတ်ယူခဲ့တာ၊ အသည်းကို ခွဲဖို့အတွက်သာဆိုလျှင် အချစ်တစ်ခုကို လက်ခံပြီးမှ ဘွာခတ်သည့် သစ္စာဖျက်မ,ပဲဖြစ်ရဖြစ်ရ အောင်မြင်အောင် ဆောင်ရွက်ချင်ခဲ့တာတွေ သူ မသိရှာပါလား။

သူ့အချစ်ကို ရစဉ်က တလှိုက်တလှဲ ပျော်ရမှာ၊ အသည်းခွဲစီမံကိန်းကြီး အောင်မြင်တော့မှာလေ၊ အဲဒါ ပျော်လည်း ပျော်ပါရဲ့၊ မပျော်လည်း မပျော်ပါဘူးဆိုတာ၊ အချစ်ကို လက်ခံချင်လွန်းလို့လည်း ရင်ခုန်လှုပ်ရှားရပါရဲ့၊ ငြင်းပယ်ချင်လွန်းလို့လည်း နှာကျင်ကြေကွဲရပါရဲ့ဆိုတာတွေ သူ မသိရှာပါလား။

သူ့ကျတော့ ရိုးသားဖြူစင်စွာ ချစ်နေရှာတာပါလား ဆိုသည့်အတွေးက ကရုဏာထုထည်ကြီးကို ဖြစ်ထွန်းစေ၏။

"တို့ ချစ်တယ် တိရယ်"

တိ မျက်နှာလေး ငုံ့ကျသည်။ သူ တွေ့တိုင်းကို ပြောနေတော့တာပါပဲလား။ ပြောစက သူ့မျက်နှာမှာ ယောက်ျားလေးပေမယ့် ရှက်ကိုးရှက်ကန်းဖြစ်နေသည်။ ခုတော့လည်း ရိုးသွားတာလား၊ နှုတ်ထွက်ရဲပြီလားမသိ၊ သူ ဒီစကားကို မျက်နှာမရဲဘဲ ပြောနိုင်နေပါပကော။

"တိ ... ဖြေပါလားကွာ၊ ချစ်တယ်လို့"



ခေါင်းငုံ့ဆဲက ပြုံးမိသည်။

"တိ တို့ကို ဆဲဆိုရန်တွေ့မလုပ်ကတည်းက တို့အပေါ် တိ မမုန်းဘူးလို့ သိနေတာ"

"ဪ ..."

တိ ဒေါသလေး ဖြန်းခနဲထွက်ရသည်။ ဒေါ်တဝ်တင်စံသား ပီသိပါပေရဲ့။ သူ့ဘက်ကိုဆို တစ်ပြားသားလေးတောင် လျှော့မတွက်တတ်သူလေ။

"တိုးတိုးလေး ပြောမလား"

ခုတစ်ခါလို တစ်ခါမျှ ဖွင့်မပြောခဲ့ဖူးပါဘဲ ခုကျမှ အသံကလည်း တိုးဖွသလော်ကက် ချိုရှနေသည်။

"တိတ်တိတ်နေတာ ဝန်ခံတာပဲ မဟုတ်လား"

"အမယ် ... မဟုတ်ပါဘူး"

"တို့ ထိုင်ရမလား"

"ဟင့်အင်း"

"ဒါဖြင့် ဖြေမလား"

"ပြန်စဉ်းစားဖို့ ပြောထားတယ်လေ"

"မလိုဘူးလို့ ပြောထားတယ်လေ"

"တိ ဖြစ်စေချင်တာတွေ ဖြစ်လာဖို့ မလွယ်ဘူး မဟုတ်လား"

"ခက်တာလွယ်တာ အရေးမကြီးပါဘူး၊ ဖြစ်ထွန်းဖို့ လိုရင်း မဟုတ်လား"

"တိဟာ သားရှင်စုံမက်နှစ်လိုတဲ့ သတို့သမီးဖြစ်မှာလား"

"အားလုံးကို တိ သိထားသားပဲ၊ မေမေက တို့ကို မေသံလွင်နဲ့ နှားချထားတယ်ဆိုကတည်းက တိကိုမှ မဟုတ်ဘူး၊

ဘယ်မိနစ်ကလေးကိုပဲဖြစ်ဖြစ် မေသံလွင်လို ဘယ်လိုလား မလဲ၊ တို့က မညာတတ်တာ ခက်တာပဲ ...

"ပတ်ချွဲနှပ်ချွဲ ညာတတ်ရင် တီ သိပ်ယုံမှာ၊ ရိုးရိုး သားသားပြောတော့ တီ နားဝင်မချိုဘူး"

"အိမ်က သိသွားသွားချင်း ဘာပြောလဲဟင်"

"တီကို ပြောပြီးပြီလေ၊ မေမေက တွေးပြီးသားတဲ့တွေး ပြန်မျိုတဲ့"

"မမျိုနဲ့နော်"

"ဟင် ... တီ"

"ဘာလို့မျိုမလဲ၊ ရွံစရာကြီး"

"တီရယ်"

အံကြိတ်၍ သက်ပြင်းချရင်း ဣန္ဒိ မျက်နှာကြီး ရှို့ လက်ဝင်းပသွားလိုက်ပုံက ပြောလို့တောင် မပြတတ်တော့ပါ။ တီ မော့ကြည့်ပြီးမှ မျက်လွှာချဖို့ စိတ်ကူးရှိပေမယ့် စိတ်ကူးကို အကောင်အထည်မဖော်နိုင်တော့ပါ။ ကြည့်လို့ကောင်းလိုက်တာ ဣန္ဒိရယ်ဟု ပြောချင်၏။

ဟောဒါ "မြန်မာယောက်ျားမျိုး"ဟု ဂုဏ်ယူဝံ့ကြွား စွာ ဆီဆေးပန်းချီကြီးဆွဲပြီး နိုင်ငံခြားပို့ ပြသဖို့တောင်ကောင်းနေ ပြီဟု သူ့အမေနှင့်တွေ့စဉ်က တွေးသလို တွေးမိရပြန်၏။

ချောလိုက်တာ။

ယောက်ျားလေးချောဆိုတာ ဒါပဲထင်ပါရဲ့။ ထောင် မောင်းသော အရပ်အမောင်း၊ ကျန်းမာရေးကောင်းသူ၏ လတ်ဆတ် စိုပြည်သည့်အသားရောင်က ညိုချင်ပေမယ့် စိုဝင်းနေတာ ယောက်ျား



မို့ ဖြူဖွေးဆွတ်ကြီးထက် အများကြီး ပိုကြည့်ကောင်းသည်ဟု ထင်၏။

"ဖြေပုံလေး ချစ်လိုက်တာ တီရယ်၊ ခုချိန်မှာ တီရဲ့လက် သန်းလေးကိုဆွဲပြီး ပထမဆစ်လေးတော့ ကိုက်လိုက်ချင် သား"

ဣန္ဒိ အံကြိတ်၍ပြောပုံက ရယ်စရာမို့ တီ ခစ်ခနဲ ရယ်မိပေမယ့် လက်သန်းလေးနှစ်ချောင်းကိုတော့ ကမန်းကတန်း ဝှက်ရသည်။

"မဝှက်ပါနဲ့၊ ကိုက်ချင်တာကိုသာပြောတာ၊ မကိုက်ပါဘူး၊ ပျော်လိုက်တာ တီရယ်၊ တို့ တစ်ခုခုလုပ်ပစ်လိုက်ချင်တယ် သိလား ...

"ကျွမ်းထိုးပစ်တာတို့၊ ဒီလှေကားပေါ်က ခုန်ချလိုက် တာတို့၊ ဝေး ... ဆိုပြီး ထခုန်လိုက်တာတို့ ...

"သူများကြားရင်တော့ ငပေါလို့ပြောမှာပဲ၊ ဒါပေမဲ့ ဘာမှမလုပ်ဖြစ်ဘူး၊ တီကိုပဲ ငေးကြည့်နေရတယ်၊ ရင်ထဲ မှာ ဝုန်းဒိုင်းကြဲသွားတယ်"

တီ ပြုံးပြလိုက်သည်။

ထိုခဏမှာတော့ တီ အရှမ်းကျေနပ်၏။ သူ ပျော် သွားပုံက ဖုံးဖိလို့မရ။ ဖုံးဖိဖို့လည်း မကြိုးစား။ နှုတ်ခမ်းကြီး စေ့မရအောင် ပြန့်ကားနေပုံက ရယ်ချင်စရာ။ မျက်ဝန်းများက ရွှန်းလဲ့တောက်ပနေ၏။ သူ့မျက်နှာကို ခုနေ ရေတစ်ဖလားယူ၍ လောင်းချကြည့်၊ အဲသည်ရေကို ပုစွက်ဆိတ်တက်နိုင်သည်။ အဲသည် လောက်ချို၏။

ဣန္ဒိရယ်ဟု ရင်ထဲ ကျိတ်ခေါ်ဖြစ်လိုက်သည်။

တိ ချစ်ပါသည်။ သူ့ကို သုံ့အိမ်မှာ မြင်ဖူးကတည်း ကများ သူ့ရုပ်သွင်က ရင်ထဲ တိုးဝင်ခဲ့လေသလားမသိပါ။ ဘယ်အချိန်က စချစ်နေမိမှန်း မသိပေမယ့် ချစ်မိမှန်းသိသည့်အချိန်မှာ သူက စူးနစ်စွဲမြဲစွာ ငြိတွယ်ပြီးသား ဖြစ်နေပြီ။

တကယ်ဆို သူ့ကို မချစ်မိဘဲ ချစ်မိဖို့ တိ ကြံစည်ခဲ့တာပါ။

❋ ○ ❋

ကြိုးမဲ့ဖုန်းလေးကို အိပ်ရာထဲယူပြီး သူ့ဆီဖုန်းဆက်မလို့လုပ်တုန်းမှာပဲ သူ့ဆီက ဖုန်းခေါ်သံလေးဝင်လာ၏။

"အမိန့်ရှိပါ"

ဘယ်သူ့ဆီကမှန်း မသိသည်မို့ တိက ရိုသေယဉ်ကျေးစွာထူးတော့ သူက တိအသံကို မှတ်မိစွာရယ်၏။

"ချစ်တဲ့အကြောင်း အမိန့်ရှိမလို့ပါ"

"ဩော် ..."

သတ္တိ တိတ်ဆိတ်စွာ ရယ်မိ၏။

"အူတစ်ခွေလုံး မြူးနေတယ်"

"သိပ်ပျော်မနေနဲ့လေ၊ ကလေးငိုချင်ရင် အူရွှင်တယ်တဲ့၊ မကြားဖူးဘူးလား"

"တို့က ကလေးမှမဟုတ်တာ၊ ချစ်တတ်သူ လူကြီး ... သိလား"

"တစ်ကမ္ဘာလုံး အသိအမှတ်ပြုပါသည်"



တိက အာဂျီနိုမိုတိုကြော်ငြာသံနှင့် ပြောလိုက်၏။ ဣန္ဒိဘက်မှ တဟားဟားရယ်သံ ထွက်လာသည်။

"တိတောင် ဆက်တော့မလို့"

"ဟုတ်လား၊ ကိစ္စရှိလို့လား"

"ပြောစရာတွေ အများကြီး ရှိတယ်၊ ကြိုသိထားစေချင်လို့"

"နေဦး၊ တိ တို့ကို စကားပြောရတာ နာမ်စားမပါတော့ ဝါကျမှာ ထစ်ငေါ့မှုတွေ ရှိနေတယ်"

"ဘယ်လိုခေါ်စေချင်လို့လဲ"

"ဘယ်သူနဲ့မှမတူတဲ့ အသုံးအနှုန်းတစ်ခု"

"တိခေါ်ရင် ကြိုက်မှာလား"

"ကြိုက်ဖို့များပါတယ်၊ ပြောကြည့်လေ"

သူ့ရိုးသားမှုကို တိ အမြဲတမ်း လေးစားမြတ်နိုးရပါသည်။ သူသည် လက်ခရှောင်းအောင် မုသားပြောတတ်သူ မဟုတ်ပါ။ မသေချာပါဘဲ သေချာလေဟန် ဖြီးဖြန်းတတ်သူမဟုတ်ပါ။ အရှိကို အရှိအတိုင်း မှန်ကန်စွာပြောတတ်၏။ သူ့လိုယောကျ်ားမျိုးက ဆိုခဲစေမြဲစေ စိတ်ဓာတ်မျိုးနှင့်ဆိုတာ တိ ယုံပါသည်။

"ဣန္ဒိဆိုတဲ့နာမည်က ကိုတပ်ပြီးခေါ်တော့လည်း ရိုးရိုးကြီး၊ တစ်လုံးစီခွဲခေါ်လည်းမကောင်းဘူး၊ ကိုကိုတွေ၊ မောင်မောင်တွေခေါ်တာလည်း ခေတ်မရှိတော့ဘူး မဟုတ်လား"

"ပြောပါတော့၊ ဘယ်လိုအဆန်းထွင်မလို့လဲ"

"တွေ့ခါစက သုံ့လူလေ၊ သူများလူ၊ အခု သူများလူမဟုတ်တော့ဘူး"

"ဟော့ ... ကိုယ့်လူလို့ ခေါ်မလို့လား၊ ဒါတော့မလုပ်နဲ့၊ ယောကျ်ားချင်းတောင် ခပ်ကျော့ကျော့သုံးတဲ့စကားကွ"

"ဟင့်အင်း ... တိလူလေး၊ ကြိုက်လား"

"ကြိုက်တယ်၊ ငယ်ငယ်က ပွဲကြည့်ဖူးတာသွားသတိရတယ်၊ တို့လူလေးများ ဆိုသလေ ... ဝေလေလေး ... ဝေလေလေး"

ဟုဆို ပျော်မြူးစွာရယ်၏။ သတ္တိပါ လိုက်ရယ်မိကာ မျက်ရည်လေးများတောင် စို့ဝဲ၏။ အရယ်လွန် မျက်ရည်ဝဲခြင်းမှာ ကြေကွဲဆို့နင့် နာကျင်မှုလေးလည်းပါတာ ကိုယ့်ဘာသာသိသည်။ မိန်းမသားမို့ နာမည်ကို "မမသတ္တိ" လို့ မှည့်ထားပေမယ့် ဝမ်းနည်းလွယ်တတ်တာကိုတော့ ဝန်ခံရပါမည်။

"သိပ်ချစ်တာပဲ တိရယ်၊ ယုံလား"

"ယုံပါတယ်"

"တို့သက်တမ်းကုန်တဲ့အထိ၊ အသက်ရှူခြင်းရပ်ဆိုင်းသွားတဲ့အထိ တိကို ပေးဆပ်နှင်းအပ်ခြင်းများစွာနဲ့ ချစ်နေမယ်၊ ကဗျာဆန်သွားလားတော့ မသိဘူး၊ တို့ရင်ထဲမှာ ရှိတာကို ပြောတာ"

"ဘယ်တော့မှ မမုန်းဘူးလား"

"အသက်ရှူနေသမျှကာလပတ်လုံး ဘယ်တော့မှ မမုန်းဘူး"

"ယုံလိုက်ပြီနော်"

တိကို လူတစ်ယောက်ကချစ်သည်။ ထိုသူသည် အစစပြည့်စုံ၍ အပြစ်ဆိုဖွယ်မရှိသလောက်ကင်းနေသည့် လူကောင်းတစ်ယောက်ဖြစ်၏။ အဲသည်လူကို တိကလည်း ရင်နှင့်အမျှ စူးနစ်စွာ ပြန်ချစ်လိုက်မိပြီဆိုတော့ ...



တိသည် အလွန်ကံကောင်းသည့် မိန်းမသားဟု ဆိုရတော့မလို။ သို့ပေမယ့် တိ ကံမကောင်းပါ။ တိ ကံဆိုးပါသည်။

သူ့ကို တိက ရက်စက်စွာ ဖြတ်တောက်ပစ်ဖို့ ချစ်ခဲ့တာလေ။

❋ ○ ❋

## အခန်း(၆)

"ကားတွေကလည်း မောင်းလိုက်မှဖြင့် မိုင်ကုန်လား မှတ်ရတယ်၊ ဖြည်းဖြည်းကွယ်"

ဒေါ်တင်တင်စံက ရင်ဘတ်ကို ဖိလိုက်သည်။

ခုတလော ရင်ထဲမှာ မကောင်းရတာတွေ များလွန်းသည်မို့ သတ္တိ အရောင်ဖျော့စပြုသလားမပြောတတ်။ ဟိုတုန်းကလောက် ခံနိုင်ရည်မရှိတော့တာ အမှန်ပါ။ ကားမြန်မြန်မောင်းလျှင် ရင်တုန်ချင်သည်။ သူများကားက ကိုယ့်ကားဘေးမှ ဝိုးခနဲဖြတ်တက်သွားလျှင် ယောင်ယမ်း၍ ကိုယ်ကို ကျုံ့လိုက်မိပြီး ရင်ထဲဒိန်းခနဲ ဆောင့်ခုန်သွားရသည်။ ပြီးတော့ နှလုံးခုန်နှုန်းမြန်ကာ တလှပ်လှပ်နှင့်လည်း မောချင်၏။

ဇရာစကားပြောလာတာ ဖြစ်နိုင်ပေမယ့် အလိုမကျမှုဝေဒနာတွေ ခံစားရလွန်းလို့ပါဟုသာ ဆိုချင်၏။

"ကိုယ်က ဘယ်လိုပဲမှန်မှန် ကားမောင်းတယ် ဆိုတာ သူများမှားလည်း ထိမိခိုက်မိဖြစ်တတ်တာပဲ၊ ဒီတော့ ရှောင်သာတိမ်းသာ ဖြည်းဖြည်းပဲမောင်း"

ဒေါ်တင်တင်စံ၏ တစ်တောင်နီးပါးရှိသော လက်ဆွဲအိတ်ကြီးထဲမှာ ရတနာတွေနှင့် စိန်ထည်တွေပါ ပါလာသည်။



ိုလ်ချုပ်ဈေးမှ ဆိုင်သိမ်းလာခဲ့ခြင်းဖြစ်၏။ ဗိုလ်ချုပ်ဈေးမှာဆိုင်ခန်းတစ်ခန်း အပိုင်ရှိထားသည်မို့ လေးဆယ်စွန်းစကာ သည်း ဆယ်အရွယ်အထိတော့ ရတနာဆိုင်ကို နေ့တိုင်းဖွင့်ခဲ့သည်။

ဒေါ်တင်တင်စံက စိန်ရွှေရတနာဆိုလျှင် ဝါသနာပါ၏။ ရောင်းသည့်ဝယ်သည့်နေရာတွင် အမြတ်နည်းချင်နည်းပါစေ၊ က်ဝတ်ရတနာတွေနှင့် ထိစပ်ကိုင်တွယ် မျက်ခြည်မပြတ်ကြည့်တာမျိုး လုပ်နေရလျှင် စိတ်ကိုချမ်းသာသည်မို့ သူ့လက်ထွက်ဆိုျှင် ပစ္စည်းကောင်းတွေချည်းဖြစ်သည်။

ရွှေကောင်း၊ ခိုင်ခံ့၊ ရတနာစစ်၊ အနာစင်တွေချည်းဘ်လိုက်လျှင် ဖိတ်ဖိတ်လက်လှသွားရမည်။ ဝတ်ဆင်သူ အသည်းက်အောင် ကြိုက်သွားစေရမည်။ ပြီးတော့ သူနှင့်သာ စကားပြောအဆင်ပြေ၍ အကြောင်းအပေါင်းသင့်သွားလျှင် အရင်းတိုင်းနှင့်သော်လည်းကောင်း၊ တစ်ခါတစ်ရံ ...

"ဝတ်ရှာပါစေ"ဆိုသည့် စေတနာတွေ ရေစီးကမ်းပြိုလိုက်ကာ အရှုံးခံ၍သော်လည်းကောင်း ရောင်းချင်ရောင်းတတ်သည်။ အမြတ်ကို နှစ်ဆနီးပါးတင်၍ နင့်နေအောင် ယူလိုက်သည့်အခါလည်းရှိ၏။

အသက်ငါးဆယ်ကျော်လာသည့်နောက်ပိုင်းကျတော့ဆိုင်ကို နေ့တိုင်းမထွက်တော့ပါ၊ ရတနာဆိုတာက နေ့ရှိသရွေ့ဟာချင်းသောချင်း ရောင်းရတတ်သည့် ပစ္စည်းမျိုးမှ မဟုတ်ဘဲ၊ ဒေါ်တင်တင်စံထံမှာ ပစ္စည်းလိုချင်သူ၊ ကြည့်ချင်သူ၊ မှာချင်သူ၊ ယ်ချင်သူ၊ ရောင်းချင်သူတွေက အိမ်သို့ ဖုန်းဆက်၍ ချိန်းကြရသည်။ ဖုန်းနှင့်ချိန်းသူ လေးငါးဦးရှိမှ ဒေါ်တင်တင်စံက ဗိုလ်ချုပ်ဈေးဆိုင်သို့ ပြန်ချိန်း၍ ထိုတစ်နေ့တာအဖို့ ဆိုင်ထွက်သည်။

တစ်ခါတလေတော့ သုံးလေးရက်ဆက်၍ ထွက်ရသည်။ တစ်ခါတလေကျတော့ တစ်ပတ်လောက်လည်း မထွက်ဘဲနေတတ်၏။ သည်နေ့ ဆိုင်ထွက်သည်။ ပစ္စည်းတွေ ယူသွားခဲ့ရသည်။ တစ်ဖက်လျှင် နှစ်ရတီခွဲရှိ၍ စုံ ငါးရတီတစ်လုံး စိန်နားကပ်တစ်ရန် ရောင်းခဲ့ရသည်။ ဝယ်သူက ချက်လက်မှတ်ပေးသွား၏။ ငွေသားချေလို့လည်းမဖြစ်ပါ။ ဤမျှများပြားသည့်ငွေစက္ကူတွေကို ဆိုင်မှာထိုင်ပြီး ရေတွက်နေလို့လည်းမရ။

"မမတင်တင် ... အင်းလျားလမ်း ဝင်ဦးမှာ မဟုတ်လား"

နံနက်တုန်းက ယာဉ်မောင်းကိုမြကို ညနေ အင်းလျားလမ်းဝင်မည်ဟု ပြောထားခဲ့၏။ ခုတော့ ရတနာတွေနှင့် ချက်လက်မှတ်ပါသည့် လက်ဆွဲအိတ်ကိုဖက်၍ ရွတ်နေကျ ဂုဏ်တော်ကွန်ချာကို ရွတ်လာသည်။

"မဝင်တော့ဘူး၊ နောက်နေ့မှပဲ"

ဒေါ်တင်တင်စံ မျက်စိကိုမှိတ်ထားသည်။ ကားကူရှင်နောက်မှီပေါ် ကျောကိုပစ်၍မှီရင်း တရားစာရွတ်နေ၏။ ဒေါ်တင်တင်စံ အသက်လေးဆယ်ပြည့်ပြီးချိန်မှစ၍ အလုပ်လုပ်နေချိန်မှလွဲလျှင် စီးပွားရေး၊ လူမှုရေးတွေတော့ စီမံရချိန်မှလွဲလျှင် ခုလိုပဲ ဘုရား၊ တရား ... ... ရွတ်ကျင့်လုပ်ခဲ့၏။

"စိတ်လည်းမလေဘူး၊ လောဘ၊ ဒေါသ၊ မောဟလည်းကင်းတယ်၊ အထူးသဖြင့် ကားစီးရင်းဆို ပိုရွတ်တယ်၊ တော်ရုံတန်ရုံဖြစ်မယ့် ဘေးအန္တရာယ်လည်း ကင်းသွားရော"



"မလွဲရှောင်သာလို့ ဖြစ်သွားရင်လည်း အသက်ဘေးထိအောင်မခိုက်တော့ဘူး၊ သေသွားတယ်ပဲထားဦး၊ ဘုရားစာရွတ်ရင်းသေတော့ အပယ်မလားဘူး"

ဒေါ်တင်တင်စံ၏မိတ်ဆွေ ကျောင်းဆရာမတစ်ယောက်က ပြောတာကို အလွန်သဘောကျသွားပြီး လေ့ကျင့်ယူခဲ့ခြင်းဖြစ်ပါ၏။ ထိုကျောင်းဆရာမမျာက ဘတ်စ်ကားကို ခြေနင်းခုံမှာတစ်မျိုး တိုးလိုးတွဲလောင်း စီးရရှာ၏။

ဒေါ်တင်တင်စံကတော့ နောက်ဆုံးပေါ် ဈေးအကြီးဆုံးဆိုသည့် ကိုယ်ပိုင်ကားကြီးပေါ်မှာ လောဘ၊ ဒေါသ၊ မောဟနည်းအောင် ကြိုးစားနေတော့သည်။

"ဒီနေ့ ဘာဖြစ်နေမှန်းကိုမသိ"

ဘုရားစာရွတ်တော့လည်း မဖြောင့်၊ ရင်တုန်ပန်းတုန်ကလည်း ခါတိုင်းထက်ပို၏။ နံနက်က သွေးနည်းနည်းတိုးသည်မို့ သွေးကျဆေးတော့ သောက်ထားသည်။ သွေးတိုးလျှင် လူကမူးနောက်နောက်နှင့် ယိမ်းချင်ယိုင်ချင်ရှိသလို သွေးကျပြန်တော့လည်း ရင်တုန်ပန်းတုန်ဖြစ်ရသည်။ သွေးကျဆေးတွေအသောက်များပြန်လျှင် "စိတ်ကျရောဂါ"ဝင်တတ်သည်ဟု ဆရာဝန်ကမှာသား၏။

အဲဒါကို သိပြီးကတည်းကများ ဥပါဒါန်ကြောင့်ဥပဒ်ရောက်လေသလားမသိ။ စိတ်ဓာတ် တော်တော်ကျနေသည်။ သားအကြောင်းစဉ်းစားလျှင် ငိုရရယ်ရမလိုဖြစ်ချင်၏။ အရင်ကခံနိုင်ရည်ရှိတာမျိုးတွေမှာ အခု သိပ်ခံနိုင်ရည်မရှိချင်။

"မဖြစ်နိုင်ပါဘူး"

နှုတ်ကယောင်ယမ်းထွက်သွားသည်။ မျက်စိထဲမှာ ဟို"သူငယ်မ"ကိုမြင်၏။ သစ္စာထွန်း သမီးလေး၊ သူ့ကိုမှ သားက ချစ်သတဲ့၊ ဟိုကလည်း ပြန်လက်ခံလိုက်ပြီ။ ဟိုနေ့ညက သား ဖုန်းပြောနေပုံကိုပဲကြည့်။

❋ ○ ❋

"စာကျက်မလို့၊ စာထဲ စိတ်နှစ်လို့မရဘူး ဖြစ်နေတယ်၊ တီကို သတိရလို့"

"အဲဒါနဲ့ တီ့ ဓာတ်ပုံလေးကိုကြည့်ပြီး ပန်းချီဆွဲပစ်လိုက်တယ်"

"နည်းနည်းတော့ တူတယ်၊ အတူကြီးတော့ မဟုတ်ဘူး"

"ဝါသနာပါလို့ အဆွဲကျင့်ထားတာ၊ သင်ဖူးတာမဟုတ်ဘူး"

"တီ လိုချင်ရင် ပေးမှာပေါ့"

"စာတန်းလေးတစ်ခု ရေးလိုက်ဦးမယ်၊ သိပ်ခိုက်တဲ့ မမ သိပ်မိုက်၊ မကောင်းဘူးလား"

"အရမ်းချစ်တယ်ကွာ"

ဘုရားရေ ... ဟု ဒေါ်တင်တင်စံ ရင်ဖိလိုက်ရသည်။

ဒေါ်တင်တင်စံက ထမင်းစားစားပွဲမှာထိုင်၍ အထုပ်လိုက်ဝယ်ထားသည့် ပတ္တမြားတွေကို မှန်ဘီလူးဖြင့် တစ်လုံးချင်း ရွေးနေသည်။ ကတ္တီပါကပ်ပေါ်တင်၍ ပုံဖော်ကြည့်နေသည်။ ဘယ်ပုံလုပ်လျှင် ခေတ်မီဆန်းပြားမလဲဆိုတာ စိတ်ကူးနေတုန်း သားဖြစ်သူက သူ့အခန်းထဲမှ ထွက်လာ၊ ဧည့်ခန်းမှာရှိသည့် တယ်လီဖုန်းကိုဆွဲဆက်၊ ဧည့်ခန်းနှင့်ထမင်းစားခန်းက သစ်သားကွက်တန်လေးတစ်ခုပဲ ခြားသည်။



အကွက်ကလေးတွေထဲမှာ ပန်းအိုးတွေ၊ အရုပ်တွေ ထည့်ထားသည်မို့ တစ်ဖက်နှင့်တစ်ဖက် သဲသဲကွဲကွဲတော့ မမြင်ရ။ အသံကျတော့ကြားရ၏။ ပြီးတော့ သားတော်မောင် စိတ်ပါလက်ပါရှိပုံက အသံကို တိုးနိမ့်ဖို့လည်း မေ့ရှာ၏။

"ဟိုက လက်ခံလိုက်ပြီပေါ့"

သစ္စာထွန်းသမီးနှင့် ချစ်ကြပြီပေါ့။ မအေတူသားမို့ မြင်ပြီးသားခြေလှမ်းကို ချဖြစ်အောင်ချရမှာ၊ မသေးလွင်ကလေးနှင့် သဘောတူထားပေမယ့် ကလေးမမှာ ရည်းစားနှင့်ဘာနှင့်ဆိုတော့ အဲသည်ဘက်မှာ မျက်နှာပျက်စရာက သည်လောက်မဟုတ်လှ၊ သစ္စာထွန်းသမီးမို့လို့ကို မပေးစားချင်တာ။

"တို့ လာခဲ့ရမလား၊ ရှေးလူကြီးတွေလိုပေါ့၊ ဘင်ဂျိုတွေ မယ်ဒလင်တွေကတော့ မရှိဘူးကွ၊ ဂစ်တာပဲရှိတယ်၊ ခြံရှေ့မှာ သီချင်းလာဆိုမယ်လေ"

"အိမ်နဲ့ လမ်းနဲ့ကပ်တော့ ပိုကောင်းတာပေါ့၊ ပိုကြားရတယ်၊ ပြော ... ဘာနားထောင်မလဲ"

မြတ်စွာဘုရား။ ဣန္ဒြေသိက္ခာကြီးမားလှသည့်သားမို့ အချို့ကဆို ကုဋ္ဌိက ဘာကို စိတ်ဆိုးနေတာလဲ ဟုတောင် မေးယူရသည်။ မျက်နှာထားက တည်လွန်းတော့ တင်းကာ စူသည့် ပ်သည့်ဘက်ကိုတောင် ရောက်ချင်သည့်ကောင်က ပေါ်တောတော အလုပ်တွေတောင် လုပ်ဖို့ကြိုးစားနေပါပကော။

"တီရေ ... လို့ အော်ခေါ်လိုက်မယ်၊ ဆင်းလာမလား"

"ဒီအချိန်ကြီးမို့ပေါ့၊ နေ့ခင်းဘက်ဆို အိမ်ပေါ်တက်လာမှာပေါ့"

"ဘာဖြစ်လဲ၊ ယောက္ခမလည်းမိဘပဲ၊ ဆီးရိုက်ရင် ထိုင်ရှိခိုးလိုက်မယ်"

အလိုလေးလေး ... မြတ်စွာဘုရား ကယ်တော်မူပါ။

ဦးညာဏ်ထွန်းနှင့် ဒေါ်သစ္စာထွန်းတို့ရှေ့မှာ ဆောင့်ကြောင့်လေးထိုင်၍ ရှိခိုးနေသည့် သားပုံရိပ်က မျက်စိထဲ ချက်ချင်းကြီး ထင်းခနဲပေါ်လာ၏။

"အဲဒါကြောင့်ပြောတာ၊ ပြောထားပါဆို၊ ဖွင့်ပြောလိုက်တော့ကွာ၊ ဒါမှ တို့လည်း လာလည်လို့ရမယ်"

"ပြောပြပေါ့၊ လူကောင်းလေးပါလို့ ရိုးလည်းရိုးသားတယ်၊ ကြိုးလည်းကြိုးစားတယ်၊ သမီးကိုမရရင် လဲသေမှာ၊ သနားလို့လို့၊ ဓိဝိတဒါနအနေနဲ့ ပြန်ကြိုက်မိပါတယ် မေမေရယ်လို့"

သေပါတော့။ သေလိုက်ပါတော့ သားရယ်။ သည်လောက်ပဲ အောက်ကျခံရသတဲ့လား၊ ဒေါ်တင်တင်စံရဲ့သားက သစ္စာထွန်းသမီးရှေ့မှာ မြွေစွယ်ကျိုးလို့ပါလား။

"ခေါ်မယ် ... ခေါ်မှာပေါ့၊ ဖေဖေမေမေ ခေါ်ရတာ ကုသိုလ်တောင်ရသေးတယ်၊ တီကလည်း ခေါ်ရမှာနော်"

သားရယ် ... ကိုညာဏ်ထွန်းနဲ့ သစ္စာထွန်းကို ဖေဖေ၊ မေမေ ခေါ်ဖို့ထိတောင် ဆုံးဖြတ်ပြီးနေပါပကော၊ နောက်မဆုတ်တော့ဘူးပေါ့၊ အမေတူသားလေး၊ ထွက်ပြီးတဲ့ဆင်စွယ် ဝင်တယ်လို့ ဘယ်ရှိမှာလဲ၊ ဒါတောင် တွေးပြီးသားတံတွေးကို ပြန်မျိုလို့ မေမေ ပြောခဲ့ပါလျက်ကယ်နဲ့ သားလေးရယ် ...။



"စာကျက်ရင် ကျက်တော့လေ၊ ဒီလောက်အနှောင့်အယှက်ပေးရရင် တော်ပါပြီ၊ တီအသံလေး ကြားလိုက်ရလို့လည်း ရင်ထဲ အေးသွားပြီ"

"သန်းခေါင်ထိ ကျက်မလို့လား၊ မနက်ကျရင် မူးနေဦးမယ်"

"မျက်တွင်းလေး ကျနေလည်း ချစ်တာပဲ"

"ကော့ဒ်လက်စ် (ကြိုးမဲ့တယ်လီဖုန်း)လေး အခန်းထဲယူသွား၊ တို့လည်း ယူသွားမယ်၊ ဆယ့်နှစ်နာရီနဲ့ တစ်မိနစ် တိတိမှာ ဆက်မယ်"

"ဂွဒ်နိုက်"

သားတော်မောင် တယ်လီဖုန်းကိုချပြီး သူ့အခန်းထဲသို ပြန်ဝင်သွားပုံက မပြေးရုံတစ်မည်၊ ဘယ်လောက် ကျေနပ်ကြည်နူးသွားသည်မသိ၊ ဖျတ်လတ်သွက်လက်နေလိုက်တာ၊ မြူးနေလိုက်ပုံကလည်း မြင်ပြင်းကတ်လောက်သည်။ အမေနှင့်သားက ဖြောင့်ဖြောင့်ကြီးကို ဆန့်ကျင်ပြီလေ။

❋ ○ ❋

အုန်း ... ဆိုသည့် အသံကြီးရယ်၊ ရင်ဝမှာ ဆို့သွားဘာရယ်၊ ခေါင်းထဲက ထိုးကိုက်သွားတာရယ်၊ ခြေသလုံးက ဒုးဒုး၀ါး၀ါးနာသွားတာရယ် ဖြစ်ရပ်လေးခု တစ်ပြိုင်တည်းဖြစ်ထွန်းလိုက်ချိန်က တစ်စက္ကန့်တွင်းမှာပဲ ထင်သည်။ ပြီးတော့ ဘာကိုမှ မသိတော့ပါ။ ပြန်လည်သတိရလာချိန်၌ တစ်ကိုယ်လုံးကို ကြိမ်ချက်များစွာ ရိုက်နှက်ခြင်းခံထားရသလို နာကျင်ကိုက်ခဲနေသည်။

"မေမေ"

"တင်တင်"

တစ်ကမ္ဘာလုံးမှာ အချစ်ဆုံးသားနှင့် အားကိုးဆုံး ခင်ပွန်းတို့၏ မျက်နှာက မိမိမျက်နှာပေါ်မှာ အုပ်မိုးနေ၏။ စိုးရိမ်စိတ်ပူခြင်းနှင့်အတူ ချစ်ခြင်းမေတ္တာတွေများစွာ ပေါင်းစပ်ထားသည့် မျက်နှာပြင်နှစ်ခုပါ။ သူတို့ မိမိကို စိုက်ကြည့်နေကြသည့် အကြည့်တွေထဲမှာ အချစ်ထုထည် ကြီးမားသိပ်သည်းနေတာကို အရင်ဆုံး ခံစားရသည်။

မိမိ ဘာဖြစ်သွားတာလဲ ဆိုတာကို စဉ်းစားလိုက်ရသည်။

"ကားအက်စီးဒင့်ဖြစ်တာ မေမေ မှတ်မိရဲ့လား"

ဪ ... ဟုတ်သားပဲ၊ သတိမလစ်မီတဲတဲကလေးမှာ ကားတိုက်ပြီ ... ဆိုတာ လှစ်ခနဲလေးသိလိုက်သည်။

"မှတ်မိရဲ့လား မေမေ ... ဟင်"

သား၏ပူပန်သောက၊ စိုးရိမ်ကြောင့်ကြတွေက မီးတစ်မျိုးပေမယ့် ဒေါ်တင်တင်စံ၏ရင်ကို နွေးထွေးစေ၏။ လောင်မြိုက်ခြင်းကင်း၏။ ရင်ထဲမောနုံးနုံးနှင့် အေးစက်လစ်ဟာသလိုဖြစ်နေသည့်နေရာတွေမှာ ဒြပ်ပစ္စည်းတွေ ဝင်ရောက်နေရာယူသလို ပြည့်စုံသွားသည်။ နွေးထွေးမှုဖြင့် စိတ်၏သက်သာခြင်းကို ရရှိခံစားလိုက်ရသည်။

"သား"

"မေမေ ... မှတ်မိတယ်နော်"

ဖြစ်မှဖြစ်ရလေ၊ သားက အမေကို ဘာတစ်ခုမှ မမှတ်မိ မသိရှိတော့သည့်လူနာ ဖြစ်သွားမှာ သိပ်စိုးရိမ်နေရှာတာကိုး။

"သား"



ခင်ပွန်းကို ချစ်ပါသည်။ အားလည်း ကိုးပါ၏။ တင်တင်စံဆိုသည့်မိန်းမအတွက် အချစ်နိုင်ဆုံး၊ အကူညီနိုင်ဆုံး၊ အစောင့်ရှောက်နိုင်ဆုံး ဖေးမနိုင်ဆုံး၊ ဦးဆောင်လမ်းပြခြင်း ပြုလုပ်နိုင်ဆုံး၊ လုံခြုံနွေးထွေးမှုများစွာကို အပေးနိုင်ဆုံး၊ အကောင်းဆုံးလူရိုး၊ သစ္စာရှိရှိ လူတော်တစ်ယောက်ကို ပြပါဆိုလျှင် သားရဲ့ဖေဖေ ဦးအောင်ဖကိုပဲ ပြရပါမည်။ ဦးအောင်ဖတစ်ဦးတည်းသာ ရှိပါသည်။

တင်တင်စံမှာ မိဘမရှိတော့ဘူးလေ ...

ညီအစ်ကိုမောင်နှမရင်းတွေ၊ ဝမ်းကွဲတွေ၊ ဆွေမျိုးသားချင်းတွေ ရှိပေမယ့်၊ ချစ်ခင်ရင်းနှီးစွာ စည်းလုံးကြပေမယ့် သူတို့မှာလည်း သူတို့မိသားစုတွေနှင့်သူတို့၊ ပြီးတော့ တစ်ဆွေလုံးတစ်မျိုးလုံးမှာ စီးပွားရေးအတောင့်တင်းဆုံးဖြစ်သလို အထက်မြက်ဆုံးလည်းဖြစ်နေသူက ဒေါ်တင်တင်စံမို့ ဒေါ်တင်တင်စံက သူတို့ကို အားကိုးရတာထက် သူတို့က ဒေါ်တင်တင်စံကို အားကိုးမှုတွေကပို၏။

သည်တော့ ဦးအောင်ဖသည်သာ တစ်ဦးတည်းသော မှီခိုအားထားရာ၊ ခုချိန်ထိ အသက်ငါးဆယ်က သီသီကလေးစွန်းခဲ့ပြီဆိုသည့်အချိန်ထိ အားကိုးမြတ်နိုးမှုများနှင့်အတူ ရင်ခုန်ချစ်မက်နေရတုန်းပါ။

သို့ပေမယ့် သားသည် မေမေ့ရင်သွေး၊ တင်တင်စံ၏ ရင်နှစ်သည်းချာ၊ တင်တင်စံ အသွေးအသား အစိုင်အခဲကလေးက အသက်ဝင်လာကာ၊ သူ့ကို နေရခက်၊ စားရခက်၊ ထိုင်ရခက်၊ သရခက်၊ အိပ်ရခက်ပုံစံနှင့် ကိုးလကျော် ဆယ်လထိ ရင်မှာ လွယ်ခဲ့ရသည်။

မေမေ ချစ်လှတဲ့သား ...

တစ်ကမ္ဘာလုံးမှာ အချစ်ဆုံးပါဆိုရမည့် ခင်ပွန်းထက် အများကြီးပိုချစ်ရပါသော သား။

"တင်တင် ... သတိကောင်းကောင်းရပြီနော်"

နှလုံးစိတ်ဝမ်း ငြိမ်းချမ်းသွားစေသည့် ကရုဏာသံကို လည်း ကြည်နူးစွာလက်ခံရရှိသည်။ နှုတ်ခမ်းကို ဖြည်းဖြည်းလှုပ် ကြည့်တော့ လှုပ်နိုင်၏။ မျက်နှာပြင်မှာ ပါးတစ်ခြမ်းက နည်းနည်း နာချင်သည်။ ဆောင့်မိထားသည် ထင်ပါရဲ့။ လက်ချောင်းတွေ အားလုံးလိုလိုက ဘာမှမဖြစ်ကြဘူးထင်သည်။

ခြေထောက် ...

အဲဒါကမှ နာကျင်ကိုက်ခဲသလောက် လှုပ်လို့ကို မရတာပါလား၊ သွင်သွင်ကျိုးသွားပြီထင်ပါရဲ့။ စိတ်မြန်လက်မြန် လှုပ်ရှားတတ်သူ၊ ထက်မြက်သည့်မိန်းမသားမှာ ခြေထောက်တစ် ချောင်း သို့မဟုတ် နှစ်ချောင်းလုံး မရှိတော့ဘူးဆိုလျှင် မည်သည့် အရာကို စွမ်းဆောင်နိုင်တော့မှာလဲ။

"တင်တင့် ခြေထောက်တွေ ..."

ဝါကျမဆုံးမီ မျက်ရည်တွေ ဝေါခနဲ စီးကျသည်။ မျက်ရည်ခိုင်သူပေမယ့် ကိုယ်မှာ ဒုက္ခတွေ့နေရချိန်မှာ ကိုယ်ချစ် လွန်းလှသည့် ခင်ပွန်းနှင့်သားကို တွေ့ရတော့မှ အားငယ်စိတ်တွေ ဝင်လာသည်။ ငိုချင်စိတ်ကို တားဆီးဖို့ စိတ်ကူးမရှိဘဲ လွှတ်ပေး လိုက်သည်။ ဒေါ်တင်တင်စံဆိုတာ အသည်းခိုက်အောင် နာနေပါစေ ကြိတ်မှိတ်ခံလျက် မျက်နှာမပျက်အောင် နေပြနိုင်သည့် သတ္တိပြည့် မိန်းမသားပါ။

ခုတော့ ငိုချင်စိတ်ဖြစ်ချိန်မှာ ငိုချလိုက်မိပြီ။



"မငိုနဲ့လေ၊ ဘာမှ မဖြစ်ဘူး။ ပီအိုပီ (ကျောက်ပတ်တီး) ကိုင်ထားတာလည်း အလွန်ဆုံးကြာ တစ်လပေါ့၊ ပြန်ကောင်း မှာ"

"နှစ်ဖက်လုံးလားဟင်"

"တစ်ဖက်တည်းပါ၊ ဘယ်ဘက်၊ ညာဘက်က ပွန်းရုံပွဲ့ရုံပါ"

"ကားကြီးကလေ အကြီးကြီး ထင်တယ်"

မျက်စိမှိတ်ထားစဉ် အဖြစ်အပျက်မို့ သေချာစွာမသိ လိုက်။

"ညာဘက်ကကျော်တက်ပြီး ရှေ့ကဖြတ်ကွေ့တယ် မေမေ ရယ်၊ သိပ်မိုက်ရိုင်းတဲ့ကား။ သူ့ကားက အမြင့်ကြီး၊ ကျွန် တော်တို့ကားရှေ့ဘောနက်ကနိမ့်တော့ အဲဒီကားကြီး ဗိုက် အောက်ကို ကောင်းကောင်းကြီး ဝင်သွားနိုင်တယ်၊ ဘာပဲ ဖြစ်ဖြစ် ဦးမြလည်း တော်လို့"

"ကိုမြ"

"ရှိတယ် တင်တင်၊ ဟိုဘက် ယောကျ်ားဆောင်မှာ သူက တင်တင်ထက် နည်းနည်းပိုများပေမယ့် အသက်မစိုးရိမ် ရဘူး၊ ကံကောင်းတယ်၊ သွေးလှူရှင်လည်းပေါ်သွားလို့တဲ့"

"ဪ ... သွေးတောင်သွင်းရသတဲ့လား"

"သွေးထွက်များသွားလို့တဲ့ မေမေ၊ သူက အရင်ဆုံးထိတဲ့ လူဆိုတော့ ဒဏ်ရာနည်းနည်းပိုများတယ်"

ချိုပြောတာဖြစ်မှာပါ၊ နည်းနည်းမဟုတ်ဘဲ တော် တော်ပိုများလို့သာ သွေးထွက်များရတာဖြစ်နိုင်၏။

"ဂရုစိုက်ပါ"

"စိတ်ချပါ တင်တင်ရဲ့၊ သူ့မိန်းမလက်ထဲတောင် သုံးဖို့ ခွဲဖို့ ပေးထားပြီးပါပြီ"

"ဟိုဘက်ကားကော"

"ဘာမှမဖြစ်ဘူး၊ သူကလွှန်ပြီး သူက လွတ်တယ်၊ ကားက မြင့်တာကိုး၊ လောရီကြီး၊ ထိခိုက်ဒဏ်ရာက လွတ်ပေမယ့် ဥပဒေကတော့ ဘယ်လွတ်မလဲ၊ ထောင်ကောင်းကောင်းကျ မယ်"

"သားရယ် ... ဘာပဲဖြစ်ဖြစ် တစ်ဖက်သား ထောင်ကျတာ ကို ဝမ်းမသာပါနဲ့"

"မေမေသာတစ်ခုခုဆိုရင် အဲဒီလူကို ကျွန်တော့်လက်နဲ့ သတ်ရမှာ"

ဒေါသစကားပေမယ့် ဒေါ်တင်တင်စံ၏ ရင်ထဲသို့ အေးမြစွာစီးဝင်သည်။ သား မေမေ့ကို ချစ်ရှာသားပါလား။

"တင်တင့်သားက သူ့အမေ အတိတ်မေ့ပါပြီဆိုပြီး လူ သတ်မယ်ဖြစ်နေတာ၊ ဆေးတက္ကသိုလ်မှာ ပထမနှစ် အငယ် တန်းရှိသေးတယ် ရောဂါနာမည် ပေးချင်နေပြီ"

ဒေါ်တင်တင်စံ ယဲ့ယဲ့ပြုံးသည်။ ဦးအောင်ဖုံက ရယ်နေ၏။ ဣန္ဒြီက ရှက်ကိုးရှက်ကန်း လိုက်ပြုံးနေသည်။

"အတိတ်မေ့ရောဂါဆိုတာ ဆေးပညာထဲ ထည့်သင်ရပါ တယ်တဲ့၊ ဒါပေမဲ့ ခုချိန်ထိ တစ်ခါမှ သက်ရှိလူနာအဖြစ် မတွေ့ဖူးသေးပါဘူးတဲ့၊ စိတ္တဇဆေးရုံမှာလည်း မရှိဘူး တဲ့ ...

"ဝတ္ထုတွေ၊ ရုပ်ရှင်တွေမှာတော့ ခေါင်းထိရင် အတိတ်မေ့၊ နောက်တစ်ခါ ခေါင်းပြန်ထိတော့ သတိရ၊



လွယ်လွန်းလို့ ကျွန်တော်တို့ဆရာဝန်တွေ ဆေးထိုးအပ်မ ကိုင်ဘဲ တုတ်တစ်ချောင်းနဲ့ ခေါင်းရိုက်တဲ့နည်း သုံးရမလား တောင် စိတ်ကူးနေတာတဲ့ ...

"ဆရာဝန်ကြီးက နောက်နေလို့ ရယ်ကြရသေး တယ်"

"မေမေသာ အတိတ်မေ့သွားရင် ဆရာဝန်ကြီးက လက် တွေ့သုတေသနဆိုပြီး ခေါင်းကို တုတ်နဲ့ ရိုက်ကြည့်မယ် ဆိုပြီး နောက်တာ၊ တကယ်လားလို့ စိတ်ပူလိုက်ရတာ မေမေရာ"

ဣန္ဒြီ ခုမှ ရယ်နိုင်၏။ မေမေက သတိကောင်းကောင်း ရသည်။

"ဆရာဝန်ကြီးက သတိလစ်တာ မဟုတ်ပါဘူး၊ မှိန်းနေတာ ပါလို့ပြောတာ မယုံဘူး၊ တင်တင်ကလည်း နှစ်ခါ သုံးခါ ခေါ်ကြည့်တာ မထူးဘူး"

ခေါင်းထဲက မူးနောက်ကြီးဖြစ်ကာ သတိမရတာလား အိပ်ပျော်တာလားမသိ၊ မသိသလို သိသလိုနှင့် ဝေဝါးနေခဲ့တာ တော့အမှန်ပါပဲ။

"ကျွန်တော်တို့ ချက်ချင်းသိ ချက်ချင်းလိုက်လာနိုင်တာ မေမေရဲ့"

"သိတယ်မဟုတ်လား၊ ဒေါ်တင်တင်စံဆိုတာ နာမည်ကြီးပဲ၊ တွေ့တဲ့လူတိုင်းက သိတယ်၊ ဒါ ဒေါ်တင်တင်စံပါဆိုပြီး ဖုန်းနံပါတ်ပါပြောနိုင်ကြတယ်၊ ကိုမြလည်း ကံကောင်းပြီး သွေးလှူရှင်က အဆင်သင့် ဖြစ်သွားတယ်၊ အဲဒီသွေးက သွေးဘဏ်မှာ အဆင်သင့်မရှိလို့တဲ့"

"အဲဒါကျတော့ ဝတ္ထုတွေ၊ ရုပ်ရှင်တွေနဲ့ ကိုက်ညီသွားတယ် နော် ဖေဖေ၊ ဝတ္ထုတွေမှာဆိုရင် သွေးလှူရှင်နဲ့လူနာနဲ့ ကျေးဇူးတင်ဇာတ်လမ်းတွေ ဘာတွေဖြစ်လို့"

ဣန္ဒိက ဒေါ်တင်တင်စံ၏လက်တစ်ဖက်ကို ဆုပ်ကိုင်ထားသည်။ မျက်နှာကပြုံး၍ စကားတွေဖောင်ဖောင်ကြဲအောင် ပြောနေသည်။ သူ့အမေအကြောင်း သူ ကောင်းကောင်းသိသည်။ အမေက နေထိုင်မကောင်းသည့်အခါတွေမှာ ခင်ပွန်းရော သားပါ အနားမှာနေ၍ ပြုံးကာရယ်ကာ စကားတွေပြောနေတာတွေ့ရလျှင် ရောဂါတစ်ဝက် ပျောက်တတ်သူဖြစ်ပေသည်။

"သွေးလှူရှင်က ယောက်ျားလား၊ မိန်းမလားတောင် သိလိုက်မယ်မထင်ပါဘူးဗျာ"

"သိတယ်တဲ့ ဖေဖေရ၊ ဦးမြက တစ်ချက်ကလေးမှ သတိလစ်မသွားခဲ့ဘူး၊ မေမေ့ထက် ပိုထိုပေမယ့် တစ်ချိန်လုံးသိနေတော့ နာလွန်းလို့ အော်ဟစ်နေရတယ်၊ မေမေက သတိလစ်သွားလို့ တော်သေးတယ်"

"မေမေလည်း ခဏပဲ၊ ဆေးရုံရောက်ရောက်ချင်း နည်းနည်းသတိရသေးတယ်"

ပြန်တွေးတော့ ပေါ်လာသည်။

ဖြစ်စဉ်က ဘာမှန်း သေချာမသိလိုက်ပါ။ သတိတစ်ချက်ပြန်ရချိန်မှာ ဆေးရုံရောက်နေပြီဆိုတာ သိလိုက်သည်။

"နာလိုက်တာ"

မျက်စိမဖွင့်နိုင်ဘဲ အသံထွက်၍ ညည်းလိုက်သည်။

"ပြီးပြီ ... ပြီးပါပြီ၊ ခဏလေးပါ"



မိန်းကလေးငယ်ငယ်တစ်ယောက်၏ အသံသာသာလေးကို ကြားမိသည်။ ဆရာဝန်မလေးလား၊ သူနာပြုဆရာမလေးလား မသိဘူး၊ အသံလေးက ချိုအေးနေ၏။ အချိုကြိုက် အချော့ကြိုက်မို့ အသံချိုလေး ကြားရသည်နှင့်ပင် ရောဂါက လေးပုံတစ်ပုံလောက် သက်သာသွားသလို ခံစားရသည်။ ဘာတွေနာနေလဲဆိုတာ စဉ်းစားရင်း သားကို သတိရလိုက်သည်။ ပြီးတော့ ဘာကြောင့်မှန်းမသိ၊ ဘယ်သူက ဘယ်လိုစီစဉ်လိုက်သည်မသိ အိပ်ပျော်သွားလေသည်။

"ဆရာမ ရပြီ"

စစ်စတာကြီးက ထဘီပြာဝတ်သူနာပြုဆရာမလေးတစ်ဦးနှင့်အတူ ရောက်လာ၏။

"ဟင် ... သမီးငယ်"

လိုင်မှာ ပထမနှစ်တက်နေပါသည်။ ဗိုလ်တထောင်ပြောင်းသွားပြီး မကြာမီ ကြည့်မြင်တိုင်ပြောင်းဦးမည် ဆိုသည့်သမီးငယ်၊ ခုတော့ အဝေးသင်ဖြစ်သွားပြီလား မပြောတတ်တော့။

"နာမည်က ခင်မကြီးတဲ့၊ ဒေါ်တင်တင်စံအတွက် နေ့ဆရာမပါ၊ ညဆရာမ ညနေခြောက်နာရီမှာ ရောက်ပါမယ်"

ဝါ့ဒ်တစ်ခုလုံးလိုလိုက ဒေါ်တင်တင်စံကို သိနေသည်။ ဂရုလည်းစိုက်ကြ၏။ လွန်ခဲ့သည့် နှစ်လလောက်ကပဲ ဒေါ်တင်တင်စံက ထိုဝါ့ဒ်မှာ လူနာစောင့်ထိုင်ရန် တန်းလျားအလုံးသုံးဆယ်၊ ခုတင်ပတ်လည်ကာဖို့ ယာယီကန့်လန့်ကာ ...ခု၊ ဘီးတပ်ကုလားထိုင်ငါးလုံး လာလှူထားသည်မို့ သိရှိ...မိနေကြသည်။

"ဦးအောင်ဖုံတို့က စပါယ်ရှယ်နာ့စ် လိုချင်တယ်ဆိုလို့ပါ၊ တကယ်တော့ မလိုလှပါဘူး၊ ကျွန်မတို့ရှိပါတယ်၊ ဒေါ်တင်တင်စံကို ဝါ့ဒ်တစ်ခုလုံးက သိနေတာပါ"

"ကျေးဇူးတင်ပါတယ် ဆရာမကြီး၊ ဆရာမကြီးတို့ကျတော့ တာဝန်လည်း များပါတယ်"

"ရပါတယ်၊ ထားခဲ့ပြီနော် ခင်မကြီးကို"

ဆရာမလေးက ဒေါ်တင်တင်စံနားသို့ ဖျိုးဖျတ်ဆို ကပ်သွားသည်။ သူ့တာဝန်များကို သွက်လက်စွာ ဆောင်ရွက်တော့၏။

"ဒီနေ့က နေတောင်ကုန်တော့မှာ၊ အန်တီ သမီးအတွက် ဒီနေ့ဖိုး မပေးရင် မပေးပါနဲ့၊ ယူရမှာ အားနာတယ်၊ နောက်နှစ်နာရီလောက်ကြာရင် ညဆရာမလာတော့မှာ"

"ရပါတယ်ကွယ်၊ အန်ကယ်တို့က စိတ်ချချင်လို့၊ မနက်ဖြန်ကျမှ လိုက်ရှာနေရရင် စောစောစီးစီး အဆင်သင့်မဖြစ်မှာစိုးလို့"

ခင်မကြီးက ဣန္ဒြေကို တစ်ချက်ကလေးမျှ သိပုံမပြ၊ ဣန္ဒြေကသာ သူ့ရွေ့လျားသမျှ လိုက်ကြည့်ရင်း အံ့သြနေရတော့သည်။

"ဆရာမ"

မအောင့်နိုင်တော့သည့်အဆုံးမှာ ဣန္ဒြေက မျက်နှာချင်း ထွက်ဆိုင်ပစ်လိုက်၏။

"ဆရာမ ... သမီးငယ် မဟုတ်ဘူးလား"

"ရှင် ... ကျွန်မ ခင်မကြီးပါ"



"လှိုင်မှာတက်တဲ့ သမီးငယ်လေ၊ မသိဘူးလား၊ ရုပ်ချင်းက ခွဲလို့မရအောင်တူတယ်"

"ကျွန်မက သူနာပြုသင်တန်းကျောင်းသူပါ"

တူတာကတော့ ချွတ်စွပ်ပါပဲ။ သေချာကြည့်တော့ ခင်မကြီးက နည်းနည်းပိုရင့်သည်။ အပြင်အဆင်၊ အဝတ်အစား ကြောင့်လည်းဖြစ်နိုင်၏။ ခင်မကြီးက သူနာပြုဝတ်စုံ ဝတ်ကာ ဆံပင်အုပ်လုံးသိမ်း၍ ဦးထုပ်ဖြူကလေး ဆောင်းထား၏။ ဣန္ဒြေ ထက်ပင် အသက်ပိုကြီးပုံရသည်။ သမီးငယ်ကတော့ ဆေးဆိုးပန်းခက်မျက်နှာနှင့်မို့ သူ့အသက်ကို ခန့်မှန်းမရပါ။

"သမီးငယ်ဆိုတာ သိလား"

"ကျွန်မ မသိချင်ပါဘူးရှင်"

"ခင်ဗျာ"

"မသိပါဘူးဆိုရင်ကို ဣန္ဒြေစံက ရှာဖွေမိတ်ဆက်ပေးတာမျိုး လုပ်နေမှာစိုးလို့ပါ၊ ကျွန်မ မသိချင်ဘူးဆိုတော့ မတော်တဆကြုံရင်လည်း မိတ်မဆက်ရတော့ဘူးပေါ့"

ဣန္ဒြေ တော်တော်လေး အောင့်သွားရသည်။ ဆရာမ ပြောပုံက ဣန္ဒြေ သိက္ခာကို ထိပါး၏။ ဣန္ဒြေကပဲ မရှိတာကို အရှိ လုပ်ပြီး ရောချင်နှောချင် ထင်နေတော့သလား။ ဣန္ဒြေ မျက်နှာ ရှက်ခနဲပျက်သည်။

"ကျွန်တော့်နာမည်ကို သိနေလား"

"ဒေါ်တင်တင်စံမိသားစုကို ဒီဝါ့ဒ်တစ်ခုလုံးက ကျေးဇူးတင်ပြီး သိနေကြတာပါ"

"ဪ"

စကားဆက်ဖို့ မကြိုးစားတော့ပါ။ သည်ဆရာမက မေမေ့ကို ပြုစုရဦးမှာပေမယ့် ရန်လည်းမဖြစ်ချင်၊ ရင်းနှီးအောင် ကြိုးစားချင်စိတ်လည်းမရှိတော့။ မေမေ့အတွက်တော့ အဆင်ပြေကောင်းပါရဲ့။

❋ ○ ❋

"ကျွန်တော့် ကျေးဇူးရှင်ကို သွားပေးချင်လို့၊ ဒီညနေ မမတင်တင် ဘယ်မှမသွားသေးဘူးဆိုရင် ကျွန်တော် အပြင်ခဏထွက်ပါရစေ"

ဒေါ်တင်တင်စံရော ဦးမြပါ ဆေးရုံကဆင်းကြပြီ။ ဦးမြက ကားပြန်မောင်းဖို့ အဆင်သင့်ဖြစ်ပေမယ့် ဒေါ်တင်တင်စံက ကားကို ပြန်မစီးရဲအောင် ဖြစ်နေသည်။

"ဘယ်က ကျေးဇူးရှင်လဲ"

"ကားတိုက်တုန်းကပါ"

အမယ်လေး ... ဟု ဒေါ်တင်တင်စံ ရင်ဘတ်ဖိမိ၏။ အဲသည်အကြောင်းများတော့ ပြန်တောင်မတွေးရဲပါ။ အစက သည်လောက် သတ္တိမနည်းခဲ့ဘူးထင်၏။ ခုတလောကို ဇရာကဖိစီး၊ သွေးကတိုး၊ သွေးကျဆေးတွေ သောက်ရလွန်းလို့ စိတ်ကျဆင်းမှု ဝေဒနာဖြစ်၊ သားဖြစ်သူက အမေ့ဆန္ဒကို တိတိလင်းလင်းကြီး ဆန့်ကျင်၊ နေမပျော်စရာ အရှုံးဝေဒနာတွေနှင့် ရင်ဆိုင်ရလွန်းသည်မို့ ဒေါ်တင်တင်စံဆိုသည့် မာန်စွယ်တောင် ကျိုးလုလုမှာ ကားတိုက်မှုက ဝင်ဖြစ်လိုက်သေးသည်။

ခုချိန်မှာ လေတိုက်လို့ သစ်ရွက်ကြွေလျှင်တောင် ငိုချင်၏။ ကားတိုက်တုန်းကဆို ဦးမြက ဒဏ်ရာပိုပြင်းပေမယ့်



သေနိုင်သည့်ဒဏ်ရာ မဟုတ်သည်မို့ သတိတောင်လစ်မသွားပါ။ ဒေါ်တင်တင်စံက ဦးမြထက် အများကြီးသက်သာသည်။ ရှေ့ခုံက နောက်သို့ အရှိန်နှင့်ဆုတ်လာသည်မို့ ခြေသလုံးအရိုးအက်သွားခဲ့ခြင်းသာဖြစ်၏။ သွေးတောင်မထွက်ပါဘဲ အရှိန်ဖြင့်မေ့သွားခဲ့သည်။

နှလုံးသွေးကြောတွေက သူတို့အလုပ်ကို ပုံမှန်မှ သုပ်ကြသေးရဲ့လား မပြောတတ်ပါ။ ဘာပဲဖြစ်ဖြစ် မာန်ကိုတော့ ချချင်ပြီ၊ ကိုယ်ကမချလည်း အဲသည်မာန်က သူ့ဘာသာကျတော့မည်။ အသက်က စကားပြောလာလေသလား။

"ကျွန်တော်တို့ ကားတိုက်တော့ နောက်မှာ ကားတစ်စီးပါလာတယ်၊ ကျောင်းသူတွေစုစီးကြတဲ့ ဖယ်ရီပါ၊ အဲဒီကားက ယာဉ်မောင်းနဲ့ သူ့သမီး ကျောင်းသူလို့ပြောပါတယ်၊ သူတို့က ဆေးရုံ အမြန်ဆုံးရောက်ဖို့ လာပို့င်းကူပေးကြတာပါ ...

"ဆေးရုံကနေ မမတင်တင်တို့အိမ်ကို ဖုန်းဆက်ပေးတာလည်း သူတို့သားအဖပါပဲ၊ ကျွန်တော့်က သွေးထွက်များလို့ သွေးသွင်းဖို့လိုတော့လည်း ကျွန်တော့်သွေးမျိုးကိုပြောပြီး အဲဒီသွေးက သွေးဘဏ်မှာကုန်နေလို့တဲ့ ...

"သွေးမျိုးတူရှာပါလို့ပြောတာ၊ အဲဒီကလေးမက သူ့သွေးနဲ့တူပါတယ်ဆိုပြီး ဝင်လှူပေးတာပါ"

"ဪ ... စိတ်စေတနာ ကောင်းလိုက်တာပါလားကွယ်၊ သာဓု ... သာဓု ... သာဓု ..."

"ကျွန်တော့်ဒဏ်ရာက မသေနိုင်ပေမယ့် သွေးလွန်ရင် သေနိုင်တယ်တဲ့၊ ကျွန်တော့်အသက်သခင်ပါပဲ"

"ဒါပေါ့ … ဒါပေါ့ကွယ်"

"သိပ်လည်း မတတ်နိုင်လို့ မယ်မြက ငှက်ပျောသီးမုန့် ဖုတ်ပေးလိုက်ပါတယ်၊ ရွာက အစ်မတွေလာတုန်းက ပေး သွားတဲ့ သနပ်ခါးတုံးရယ်၊ ပက်လက်ကုလားထိုင်အခင်း ကလေးရယ် ဒါပဲ ကျေးဇူးဆပ်စရာရှိလို့ သွားပေးမလို့ပါ"

"ကဲ … ကဲ … ဒီလိုလုပ်၊ သူတို့ခမျာလေးတွေလည်း ဖခင် က ယာဉ်မောင်းလုပ်ပြီး သမီးကို ကျောင်းထားရတာ၊ ဘာပဲဖြစ်ဖြစ် လိုရှာမယ်၊ သုံးချင်သုံးဖို့ ငွေတော့ပေးချင် သား၊ စေတနာနဲ့ ကျေးဇူးကိုတန်ဖိုးဖြတ်သလိုဖြစ်မှာလည်း စိုးတယ်"

အဲသည် စိတ်ထားကတော့ ဒေါ်တင်တင်စံ၏ အရင်း ခံစိတ်ကောင်းပင်ဖြစ်သည်။ ဒေါ်တင်တင်စံသည် ထက်ထက်မြက် မြက်နှင့် စိတ်ဓာတ်ရေးရာပါ ပြတ်သားပေမယ့် တစ်ဖက်သား အပေါ် စာနာစိတ်တော့ အပြည့်ရှိ၏။

"ကိုယ်ချင်းစာတရားဟာ အမြတ်ဆုံးတရားပဲ သား ရယ်၊ ကိုယ်နဲ့သာနှိုင်း၊ ကိုယ့်လာလုပ်ရင် ကြိုက်မလား၊ မကြိုက် ဘူးလား၊ မကြိုက်ဘူးဆိုရင် သူများလည်းမလုပ်နဲ့၊ အရာရာမှာ ကိုယ်ချင်းသာစာ၊ အဲဒါ အကောင်းဆုံး လူလူချင်းဆက်ဆံမှုပဲ"ဟု ဏ္ဍဒီကို အမြဲဆုံးမလေ့ရှိသူဖြစ်သည်။

"ဒါလေးယူသွား၊ မမတင်တင်က လူ့ကျင့်ဝတ်သိတတ်မှု၊ ကူညီလိုမှုတွေအတွက် ချီးကျူးဆုချလိုက်တယ်လို့ပြော"

လက်သူကြွယ်မှာစွပ်ထားသည့် ရွှေလက်စွပ်ကို ချွတ် ပေး၏။ ဒေါ်တင်တင်စံက လက်စွပ်ဆို စိန်မှလွဲ၍ ဝတ်လေ့မရှိ ပေမယ့် သည်ရွှေလက်စွပ်ကလေးက ဆိုင်တင်ရောင်းဖို့ လုပ်ထား



သည့်ပစ္စည်းတွေ ကြည့်ရင်း ဘာရယ်မဟုတ် ကောက်စွပ်ကြည့် လိုက်တာ လက်သူကြွယ်နှင့်လည်း တော်သွားသည်။ လက်ချောင်း လေးတွေကို ကော့ထောင်ကြည့်တော့လည်း လှတပတဖြစ်နေ၏။ အဲဒါကြောင့် စွပ်ထားလိုက်တာက ဘာမှ မကြာသေးပါ။ မကြာမီ ...န်ချွတ်ပြီး ဗိုလ်ချုပ်ဈေးထွက်သည့်နေ့မှာ ယူသွားတော့မှာ။

သွေးအလှူခံရသူသည် ဒေါ်တင်တင်စံ ကိုယ်တိုင် သာ ဖြစ်ပါက ဒေါ်တင်တင်စံက ကိုယ်တိုင်သွားပြီး အနည်းဆုံး စိန်လက်စွပ်တစ်ကွင်းတော့ ကျေးဇူးဆပ်မှာ သေချာသည်။

"ဒီလက်စွပ်လေး ဝတ်ထားသမျှ အမြဲကျက်သရေရှိနေပါ စေလို့ ဆုတောင်းမေတ္တာပို့လိုက်တယ်လို့လည်းပြော …

"ကားယူသွားလေ"

"မယူတော့ပါဘူး မမ၊ ဝေးတာမှမဟုတ်တာ၊ ကျောင်းကိုပဲ လိုက်သွားတော့မယ်"

"ဘယ်ကျောင်းလဲ"

"ကိုဏ္ဍဒီတို့ကျောင်းပါ"

"ဟဲ့ … ဆေးတက္ကသိုလ်လား"

"သူတို့ကားက အဲဒီမှာ ဖယ်ရီဆွဲတယ်တဲ့၊ သူ့အဖေနဲ့ပါ တွေ့ချင်လို့၊ သူ့သမီးတော့ ဘယ်ကျောင်းတက်လဲ မသိ ပါဘူး"

"ဪ … အေး … အေး … သွား"

ဦးမြ ထွက်သွားရာသို့ လှမ်းကြည့်တော့ မယ်မြပါ ... သွားတာ ခြံလမ်းတစ်လျှောက်မှာ တွေ့လိုက်ရသည်။ ဒေါ်တင် ...င်စံ ဆုချထားသည့် ပါတိတ်ဝမ်းဆက်နှင့်မို့ မယ်မြက ကြွတတ ...ောင်ဖြစ်နေသလား ထင်ရသည်။ ဒေါ်တင်တင်စံက အပေး

အကမ်းကျတော့ ရက်ရောၿ၏။ ဦးမြ၏ ဇနီးမို့ နာမည်ရင်းမမေးဘဲ မယ်မြ ဓေါ်ချပစ်လိုက်တာကျတော့ ဝသီဆန်ဟုပဲ ခေါ်ရမလား မပြောတတ်တော့ပါ။

"ကျွန်မြ မိန်းမလား၊ မယ်မြပေါ့"တဲ့။

ဦးမြကမှ သူ့မိန်းမအကြောင်း ထည့်ပြောတိုင်း မယ်မြထည့်ပြောကျင့်ရကာ နာမည်ရင်းမေ့သွားသည်။ မယ်မြ ကိုယ်တိုင် ခုနေ သူ့ကို မခင်ရွှေဟု ခေါ်ကြည့်ပါ။ မထူးဖြစ်မှာသေချာ ၏။ ကိုယ့်နာမည် ကိုယ်မေ့ပြီလေ။

*○*



## အခန်း(၇)

"အချစ်လေးလား"

"သရဲမလေး"

နှစ်ယောက်စလုံး ရယ်လိုက်ကြသည်။

"တိ လူလေးလား"

"ဟင့်အင်း ... ပြတ္တာလေး"

ရယ်ဖြစ်ကြပြန်၏။

တယ်လီဖုန်းနှစ်ခုကို ဆက်သွယ်ထားရသည့် သတ္တုကြိုးတွေပါ လိုက်ရယ်ကုန်ကြပြီလားမသိ။

"ပျော်နေတယ်ကွ ... အရမ်း"

"ချဲပေါက်လို့လား"

"ဘယ်တော့မှ လူမိုက်အလုပ် မလုပ်ဘူး"

"ဒါဖြင့် ... ပြော"

"မေမေက သဘောတူလိုက်ပြီ"

"ရှင် ..."

"မေမေကပြောတယ်၊ လူ့ဘဝ တိုတိုလေးတဲ့၊ ဒီကြားထဲမှာ စိတ်ဆင်းရဲစရာ အချိန်တွေ ဖြုန်းနေရရင် ဘယ်မှာနေ ပျော်တော့မလဲတဲ့၊ ဒီသား တစ်ယောက်တည်းလည်းရှိတော့

ခွဲလည်း မခွဲနိုင်ဘူးတဲ့၊ သားကိုချစ်တော့ ချွေးမကိုလည်း ချစ်မယ်တဲ့"

"ဪ"

"အားတက်သရောမရှိလိုက်တာကွာ၊ တီ ... မပျော်ဘူးလား"

"တီလူလေး ပျော်တယ်ဆိုရင် တီက ပျော်မှာပါ"

"တို့ပျော်တယ်၊ အဲဒါ မေမေလေ ကားအက်ဆီးဒင့်ဖြစ်ပြီး ကတည်းက မာန်ကျသွားတာ၊ စိတ်ဓာတ်အရမ်းပြောင်းလဲသွားတယ်၊ ဒေါသလည်းမရှိတော့သလောက်ပဲ ...

"သဘောကတော့ အရင်ကတည်းက ကောင်းပါတယ်၊ မေမေက မဟုတ်တာမတရားတာ ဘာမှမလုပ်ဘူး၊ အပေးအကမ်းလည်း ရက်ရောတယ်၊ စိတ်ကောင်းနှလုံး ကောင်းရှိတယ်၊ ဒါပေမဲ့ ...

"ထက်မြက်တဲ့ မိန်းမတွေမှာရှိတတ်တဲ့ ဒေါသမျိုး မေမေ့မှာရှိဘယ်၊ စိတ်ကြီးတယ်၊ အဲဒါအားလုံး လျှော့ချလိုက်ပြီတဲ့၊ ဖေဖေကဆို ဒိုးပတ်တစ်ဝိုင်းဗွားပြီး အိမ်သားတွေ ကကြမလားလို့တဲ့ ...

"မေမေက စိတ်ကြီးတော့ တစ်ခါတစ်ခါ ဖေဖေ့မှာ ကသိကအောက် အများကြီးဖြစ်ရတာလေ၊ ခုတော့ စင်းလုံးချောသွားပြီ"

ဣန္ဒိက အားရပါးရ ပြောနေ၏။

"အပြောင်းအလဲ ဘာဖြစ်လို့ ဒီလောက်အထိ မြန်သွားရတာလဲ"

"ကားအက်ဆီးဒင့်တုန်းက နှလုံးသွေးရပ်ပြီး သေသွားနိုင်တယ်တဲ့၊ မသေလို့ကျန်တာတဲ့၊ နောက်ပြီး ကျန်းမာရေးချို့



တဲ့လာလို့ စိတ်ပျော့သွားတာလည်း ပါမယ်ထင်တယ်၊ ဒေါ်တင်တင်စံ လက်ဆယ်ချောင်းမှာ စိန်တွေသီးနေလည်း သေတော့ ဘာမှပါမှာမဟုတ်ဘူးတဲ့၊ လူဆင်းရဲ၊ လူချမ်းသာ၊ သူတော်ကောင်း၊ သူခိုးကြမ်းပိုး အားလုံးဟာ သေတော့ အတူတူပဲတဲ့ ...

"သေသူရဲ့ အနောက်မှာ ကုသိုလ်နဲ့ အကုသိုလ်ပဲ ပါတယ်တဲ့၊ ခုဆို ဘုရားခန်းမှာနေချိန်လည်း တော်တော်များတယ်၊ ဖေဖေ့ကိုဆိုရင် မာမာထန်ထန်တောင် မပြောတော့ဘူး ...

"အရမ်းနူးညံ့သွားတာပဲ၊ သားချစ်တဲ့မိန်းကလေးကို မေမေ ရင်ခွင်ဖွင့်လို့ ကြိုပါမယ်တဲ့၊ မပျော်ဘူးလား"

ဣန္ဒိအသံက ခါတိုင်းဖုန်းဆက်တာတွေထက် ပိုကျယ်နေသည်။ မြူးကြွသွက်လက်နေသည်။ ခုန်တော့ ပေါက်တော့မလောက်ကို ဖြစ်နေ၏။

"တီပြောတဲ့ သားရှင် မြတ်နိုးစုံမက်စွာ တောင်းရမ်းခြင်းခံရတဲ့ သတို့သမီးအဖြစ် တို့ လက်ထပ်ခွင့်ရတော့မယ်၊ ဟော့ ... တီလေး၊ တိတ်လှချည်လား၊ တို့ အရမ်းပျော်နေတယ်၊ တီ မပျော်ဘူးလား"

"ပျော်ပါတယ်၊ အင်း ... ဆက်ပြောပါဦး"

"တို့က တီကို သိပ်ချစ်တော့ မခွဲနိုင်ဘူး မဟုတ်လား၊ အဲဒါ တီ ယုံတယ်မဟုတ်လား"

"ယုံပါတယ်၊ အဲဒါထားပါ၊ အဲဒီတော့ ဘာဖြစ်လဲ"

"တို့လက်ထပ်တဲ့ အချိန်မှာ အားလုံး အားလုံး တီ စိတ်ကြိုက်တွေချည်းဖြစ်စေချင်တယ်၊ တို့ဘက်ကတော့ အားလုံး

အိုကေသွားပြီ၊ တီ ဖြူရင် ဖြူမယ်၊ တီမည်းရင် မည်းမယ် တီမေမေကိုသာ တီပြောတော့"

ဟိုဘက်မှာ အသံတိတ်နေသည်မို့ ဟော ... ကြားလား ဟု ထပ်ပြောသည်။

"မနက်ဖြန် စနေနေ့ပဲ၊ တီ အိမ်လာလည်မလား၊ တို့ လာခေါ်မယ်"

"ဟင် ... မလာရဲသေးပါဘူး၊ ရှက်တယ်၊ အိမ်ကိုလည်း ဘယ်လိုပြောပြီး ထွက်မှာလဲ၊ မဖြစ်ပါဘူး"

"မေမေက တီနဲ့ တွေ့ချင်တယ်တဲ့"

"ဘာလုပ်မလို့လဲဟင်"

"သားနဲ့သမီး စိတ်ချမ်းသာလက်ချမ်းသာနဲ့ ပညာသင်တဲ့၊ ပညာစုံတဲ့နေ့မှာ မေမေ့တာဝန်ဆိုတာ ပြောမလို့တဲ့ ...

"ပြီးတော့ တီ ဖေဖေနဲ့ မေမေကိုလည်း မေမေက သိတယ်တဲ့၊ စကားပြောချင်တယ်တဲ့"

"ဩော်"

"ဆွေလိုမျိုးလို အသိုင်းအဝိုင်းထဲကပဲတဲ့၊ ပြတ်နေတာကြာလို့ အဆက်အသွယ်မရှိ ဖြစ်နေတာတဲ့"

"ဟုတ်လား"

ဒေါ်တင်တင်စံ ပြောစဉ်ကတော့ ဤသို့မဟုတ်ပါ။

"သူတို့က မျိုးဆက်ထဲက ပဲ့ထွက်သွားတဲ့ အုပ်စုပေါ့ သားရယ်၊ စံ ဆွေမျိုးတွေက ပယ်ထား၊ ကြဉ်ထားတဲ့ မျိုးစု၊ အစကတော့ မေမေတို့ မျိုးဆက်တစ်လျှောက်လုံး မခေါ်မပြောနဲ့ ပစ်ပယ်ခဲ့တာပဲ ...



"မေမေ ပြန်စဉ်းစားကြည့်ပါတယ်၊ ဟိုတုန်းက ... ဟိုတုန်းကလူတွေ၊ အခုက အခုလူတွေ"

"ဟုတ်တာပေါ့ မေမေရယ်၊ လွန်လေပြီးသော ကာလက အတိတ်တွေဟာ ဘယ်လောက်ဆိုးခဲ့တယ်ပဲဆိုဆို ခုချိန်မှာ သင်ပုန်းချေသင့်ပါပြီ"

"သူ့အမေက မေမေနဲ့ ဆက်ဆံချင်ရှာတယ်၊ လာကပ်သေးတယ်၊ မေမေက တီခနဲ ဖြတ်ချခဲ့တယ်"

"ခုတော့ မျက်နှာပူ အားနာစရာကြီးတွေ ဖြစ်ကုန်ပါပြီ မေမေရာ"

ဒေါ်တင်တင်စံက ပြုံး၍ ဣန္ဒြေခေါင်းကို မနာအောင် ခေါက်သည်။

"စံမျိုးဆက်ထဲ ပြန်ဝင်ချင်ရှာတယ်လေ"

စံမျိုးဆက် ဆိုတာ မြန်မာပြည်မှာတော့ မသိသူ တကယ်ရှားပါး၏။ မြန်မာပြည်မှာ အချမ်းသာဆုံး သူဌေးဆယ်ယောက်ကို စာရင်းကောက်လိုက်လျှင် ဆယ်ယောက်ထဲမှာ စံမျိုးတွေက လေးနေရာလောက် ယူထားသည်။ အဲသည်လေးယောက်ထဲမှာ ဒေါ်တင်တင်စံပါ၏။ ဘွဲ့ရ၍ ဝန်ထမ်းဝင်လုပ်တာ လုပ်ဖူးတယ်ရှိရုံလေး လုပ်ခဲ့တာဖြစ်၏။

ပိုက်ဆံပေါတိုင်း အိမ်ဝယ်၊ တိုက်ဝယ်၊ သိမ်းထား၊ ပြန်ရောင်း၊ ခြံမြေသန့်သန့်ဝယ်၊ ကိုယ့်စိတ်ကြိုက် တိုက်ဆောက်၊ ပြန်ရောင်း၊ အဲသည်အလုပ်က ပိုတောင်ကိုက်သေးသည်။

လက်ညှိုးထိုး မလွှဲသလောက် ခြံတွေ တိုက်တွေ တချို့ကို ပြန်မရောင်းဘဲ နိုင်ငံခြားသားငှားသည့် စနစ်ကလည်း

ဒေါ်တင်တင်စံ စထွင်ခဲ့သည်ဟု ပြောရမလောက် စောစောစီးစီး မျက်စိပွင့်ခဲ့သည်။ ခုတော့လည်း ဒေါ်တင်တင်စံပိုင်သည့် ကုမ္ပဏီတွေကို လက်ချိုးမနိုင် ဖြစ်နေရပြန်တော့သည်။ သည်ကြားထဲကကို အလုပ်မရှိလျှင် ပျင်းလွန်းလို့ဟုဆိုကာ ရတနာတွေ အထုပ်လိုက် ဝယ်ကာ အပျင်းပြေ လုပ်သေးသည်။ စီးပွားဖြစ်လုပ်ငန်းတွေကို မပြောနှင့်တော့၊ အပျင်းပြေဆိုသည့်အလုပ်ကကိုပဲ နင့်နေအောင် ရနေ၏။

မြန်မာပြည်မှာ၊ ရန်ကုန်မြို့မှာ ဒေါ်တင်တင်စံနှင့် စံမျိုးဆက်ကို မကြားဖူးသူသည် ဗဟုသုတ မကြွယ်ဝသေးသည့် လူပြိန်းသာလျှင် ဖြစ်ချေ၏။ ဦးအောင်စံ နာမည်သည်ပင်လျှင် ခပ်မှိန်မှိန်ဖြစ်ကာ "ဒေါ်တင်တင်စံ့ယောကျ်ား"အဖြစ် လူသိများ ခြင်းခံရရှာလေ၏။

"မေမေက ခွင့်ပြုကြည်ဖြူတယ်ဆိုရင် သစ္စာထွန်းက ထက, တော့မလောက် ပျော်သွားမှာ၊ ဣန္ဒိစံ ဆိုတဲ့ သမက်လောင်းထက် ပိုပြီးမက်မောတန်ဖိုးထားရမယ့် သမက်လောင်းဆိုတာ မြန်မာပြည်မှာတော့ မရှိဘူး၊ နိုင်ငံခြားမှာတော့မပြောတတ်ဘူး"

"အဲဒီလို မပြောလိုက်ပါနဲ့ မေမေ၊ အားနာစရာကြီး၊ ကျွန်တော် မျက်နှာပူတယ်"

"သဘောကိုပြောတာပါ၊ မျိုးရိုးကောင်းတယ်၊ ချမ်းသာတယ်၊ ပညာရေးလည်း ပြောစရာမရှိ၊ ကိုယ်ကျင့်တရားနဲ့ စိတ်နေသဘောထားဆိုလည်း ထိပ်တန်းထဲက၊ ရုပ်ရည်ကျတော့လည်း ..."



"ဟာ ... မေမေ၊ တော်ပြီ"

ဒေါ်တင်တင်စံ ဟက်ဟက်ပက်ပက် ရယ်၏။

"သား ပျော်ရဲ့လား"

"သိပ်ပျော်ပါတယ် မေမေ"

"လူ့ဘဝတိုတိုလေးမှာ လူတိုင်းပျော်ကြပါစေတော့ကွယ်၊ မလိုလားအပ်တဲ့ အငြိုးအတေးတွေ ပျောက်လိုက်တော့မယ်၊ ကလေးမလေးမှာလည်း ဘာအပြစ်မှမရှိတာ"

"မေမေ ချစ်မှာပါ"

"ချစ်ပါ့မယ် သားရယ်"တဲ့။

မေမေ့စကားတွေက ဣန္ဒိအဖို့ နှစ်လိုဖွယ်တွေ့ပေယ့် မိန်းကလေးဘက်မှ ကြားလျှင်တော့ နားဝင်ချိုချင်မှချိုမည်မို့ ဣန္ဒိ လုံးစေ့ပတ်စေ့ ပြန်မပြောတော့ပါ။

"အဲဒါ ရွှေလမ်း ငွေလမ်း ဖောက်ရအောင် တိက အိမ်ကို ဘယ်တော့ပြောမှာလဲ၊ အခုချက်ချင်းပြေးပြီး ပြောမလား"

"ဘာလို့ အဲဒီလောက် အချိန်ဆွဲလဲ တိလူလေးရယ်"

"ဟော့ ... တကယ်လား၊ တို့ လာခဲ့ရမလား အခု"

"ဟင့်အင်း"

"သူငယ်ချင်းလေ၊ သူငယ်ချင်း အိမ်လာလည်တယ်ပေါ့"

"သြော် ... ဘယ်သူငယ်ချင်းက ညကြီးမိုးချုပ် အိမ်အလည်လာမှာမို့လဲ"

"ချစ်သူငယ်ချင်းမျိုးက လာတယ်"

"သွား ... တော်တော်အူမြူးနေတယ်"

"ကလီစာတစ်ခွေလုံး မြူးနေတာ"

"စကားပုံတစ်ခု ကြားဖူးလား၊ ကလေးငိုချင်ရင် အူရွှင်တယ်တဲ့"

"တို့က ကလေးမှမဟုတ်တာ၊ နောက်ခြောက်နှစ်ကြာရင် မိန်းမယူမယ့် လူပျို"

"နောက် အနှစ်ခြောက်ဆယ်ကြာရင် ဘိုးဘွားရိပ်သာရောက်မယ့်လူအို"

"ဟော့ ... ခြောက်ဆယ်ကျော်တွေ ရည်းစားထားရင် ရည်းစားစကား ဘယ်လိုပြောမလဲ မသိဘူး၊ အချစ်လေးလို့ခေါ်သေးလား မသိဘူး"

"သွား ... ပေါက်တတ်ကရ၊ ဘယ်သိမှာလဲ"

"သက်သတ်လွတ် တူတူစားကြပါစို့ အချစ်ရယ်ကွယ်၊ ဥပုသ်ကလေးလည်း စောင့်မယ်လို့ ပြောချင်ပြောမှာ"

"ငရဲတွေကြီးကုန်တော့မှာပဲ"

တိ ရယ်ရပါတော့သည်။

"မနက်ဖြန် တွေ့မယ်၊ ကြိုစမ်းပါဦး"

"ဘယ်လိုမှ မကြိုနဲ့၊ တနင်္လာနေ့ ကျောင်းတက်ရင်း တွေ့ရမှာပဲ၊ ဒီနှစ်ရက်မှာ စာကျက်ရဦးမယ်၊ အင်္ဂါနေ့မှာ ဖီးဆစ်တက်စ်ရှိတာ မေ့နေလား"

"ပိုင်ပါတယ်"

"တိက မပိုင်ဘူး၊ ကျက်နိုင်မှရတယ်၊ တော်ပြီနော်၊ ဖုန်းချလိုက်တော့မယ်၊ စာကျက်မလို့"

"တယ်လီဖုန်းထဲ ဝင်လိုက်လို့ရရင် သိပ်ကောင်းမှာပဲ၊ တိနားရွက်နားကပ်နေတဲ့ အပေါက်က ပြန်ထွက်မယ်"

"ကောင်းသားပဲ၊ ဝင်ခဲ့လေ"



"မဖြစ်နိုင်တဲ့ အခွင့်အရေးကျတော့ ပေးတယ်၊ မနက်ဖြန်တွေ့ချင်ပါတယ် ဆိုတာကျတော့ မကြိုဖန်ဘူး၊ တိနော်၊ အနားမှာသာရှိရင် ခေါင်းခေါက်တယ်"

"နာလိုက်ပါပြီ တိလူလေးရယ်၊ ကျေနပ်တော့နော်"

စကားပြောခွက်ကို အမြန်ဆုံး ချလိုက်ရတော့သည်။ သည်လိုမှ ဖြတ်မချလျှင် မိုးလင်းသွားနိုင်သည်။ စကားဆက်ကပြတ်မှာမဟုတ်ချေ။

တိက ကြိုးမဲ့တယ်လီဖုန်းလေးကို ခေါင်းအုံးဘေးနားမှာ ချလိုက်သည်။ ဣန္ဒြေဆီမှ ဖုန်းမလာခင်က ကျက်နေသည့် ဒီးဆစ်မှတ်စုစာအုပ်ကို ခေါင်းအုံး၏နောက်တစ်ဖက်ဘေးမှ ကောက်ယူ၏။ စာကျက်လျှင် အိပ်ရာထဲအိပ်၍ ကျက်တတ်သည့်အကျင့်ကြောင့် တိ မျက်စိလေးတွေတောင် မှုန်စပြုချင်ပြီ။ မကြာမီ မျက်မှန်စပြီး မျက်မှန်တပ်ရမလားမသိ၊ မျက်ရိုးကိုက်ကိုက်နေတတ်ကျင့်လေးတောင်ရထားပြီ။

တိ သက်ပြင်းမောကိုချ၏။

ဒေါ်တင်တင်စံ သဘောတူ ကြည်ဖြူလိုက်ပြီဆိုပဲ၊ ဘိ ခပ်ငယ်ငယ်ကဖတ်ဖူးသည့် ရုပ်ပြကာတွန်းစာအုပ်တစ်ခု၏ အမည်ကို သွားသတိရမိသည်။ ကာတွန်းမြင့်သိန်းရေးဆွဲသည့် ငွေမြင့်ရုပ်ပြဖြစ်ပေ၏။

"ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား မိသိန်းကြည်"တဲ့။

❋ ○ ❋

"အဲဒီကောင် ယောင်သုံးဆယ်ပါကွာ"

ဏ္ဍိုကို သူငယ်ချင်းတွေ စိတ်ဆိုးနေကြသည်။ ကျောင်းသို့ သမီးငယ် ရောက်လာ၏။ ဏ္ဍိုကို မုန့်လိုက်ကျွေးဟု ပြောသည်။ ဇွတ်ပူဆာသည်။ ဘီအီးဒီဘက်သွားစားမယ်ဟုလည်း ပြော၏။ ဏ္ဍိ တိ ကြိုက်ပါ့မလား၊ တိဆိမှာ ခွင့်တောင်းလိုက်ဦးမယ်ဟု ပွင့်ပွင့်ပြောပါသည်။

သမီးငယ်က ...

"လိုက်မကျွေးရင်သာ ဏ္ဍိုကို ဝံသာနုစိတ် မရှိဘူးဆိုပြီး အပြစ်တင်မှာ၊ သမီးငယ်က တိနဲ့ ညီအစ်မဝမ်းကွဲဆိုတာ မသိဘူးလား၊ ဆွေမျိုးကို ဂရုမစိုက်မှုပုဒ်မနဲ့ ချစ်ရာဇဝတ်မှု သင့်သွားမယ်"တဲ့။

"ရာဇဝတ်မှုပဲ ကြားဖူးပါတယ်ကွာ"

တိက ပရက်တီကယ်လုပ်လျှင် ကြာတတ်၏။ ဖားတစ်ကောင် ခွဲရပြီဆိုလျှင် သူများတွေက ထင်ထင်ရှားရှား မြင်သာထင်သာ အကြောကြီးတွေဆွဲထုတ်၊ လေဘာယ်တပ်လိုက်ရုံနှင့် ကျေနပ်ကာ စောစောစီးစီးပြီးသည်။ မမသတ္တိတို့ကတော့ အကြောမျှင် အကြောသေး ရာရင်းက အချိန်တွေကုန်ကာ တွေ့သည်လည်းရှိ မတွေ့သည်လည်းရှိနှင့် ကြာတတ်သည်။

ဏ္ဍိ သမီးငယ်နောက် ပါသွားသည်။

မိန်းကလေးငယ်တစ်ယောက်က မုန့်ဝယ်ကျွေးပါ ပြောတာကို ငြင်းရမှာ တော်တော်ကြီးအားနာတတ်တာ ရိုးသားသည့်ယောကျ်ားတွေ၏ ပျော့ညံ့မှုလားမသိ။ မိန်းကလေးမပြော



င့် ယောကျ်ားချင်းတောင် ဏ္ဍိက သိပ်ငြင်းချင်တာ မဟုတ်ပါ။ နဲ့လိုက်ကျွေးကွာ ... တစ်ခွန်းပြောလျှင် ကျွေးမြဲဖြစ်၏။ တစ်ခါ စ်ရဲ့ အလောင်းအစားနှင့် ငြင်းခုံတတ်တာကလွဲလျှင် သူငယ် င်းတွေအားလုံးကို နေ့တိုင်းလိုလို အနည်းဆုံး လက်ဖက်ရည် ောက်တော့ တိုက်ရမှ ကျေနပ်တတ်သူဖြစ်သည်။

အဲသည်တော့ ဏ္ဍိ ဘီအီးဒီဘက်သို့ သမီးငယ်နှင့် သွားတော့သည်။

"သတ္တိ သိရင် ပြဿနာတက်တော့မယ်"

"သဘောထားကြီးချင်လည်း ကြီးမှာပေါ့"

"ဒါမျိုးက မလုပ်သင့်ဘူး"

စာကြမ်းပိုးမို့ ဘယ်လို ရှုပ်ရှုပ်ထွေးထွေးမှ ဝါသနာ ပါသည့် အေးကျော်အောင်က အဝေဖန်ဆုံး ဖြစ်နေသည်။

"အဲဒီကောင် ယောင်သုံးဆယ်"

"ဘာလဲ ယောင်သုံးဆယ်"

"မပြတ်သားတာကို ပြောတာ"

"ဟော့ကောင် ... ယောင်က ခြောက်ဆယ် မဟုတ်လား၊ ငါ သိထားတာ ယောင်ခြောက်ဆယ်ပါ"

"ဆော်လွှင် ပါလာရင် အရစ်ရှည်ပြီ"

"တကယ်ပြောတာ၊ ယောင်ခြောက်ဆယ်"

"သုံးဆယ်"

"ခြောက်ဆယ်"

"သုံးဆယ်ပဲ၊ ခြောက်ဆယ် များလွန်းတယ်"

"ယောင်က ခြောက်ဆယ်မှန်တယ်ကွ၊ အလှောက သုံးဆယ်၊ ယောင်ခြောက်ဆယ်၊ အလောသုံးဆယ်"

"အေး ... ပေါက်ကရ လေးဆယ်"

သိုက်ထွန်းဦးကလည်း သူသိတာလေး ဝင်ပြောသည်။

"ဗွီက နှစ်ဆယ်"

သည်နှစ် အတန်းထဲမှာ လှသည့်မိန်းကလေးတွေကို သော်လွှင် စာရင်းအတိအကျ ပြုစုထားရာ "နှစ်ဆယ်"တိတိရှိ သည်တဲ့။

"ယောက်ကျ္ားမ လေးဆယ်"

"အဘိုးအဘွား ရှစ်ဆယ်"

"တစ်ရာ့ခြောက်ဆယ်"

"ရှစ်ဆယ်"

"မက်စ်ကျတာ ဘာဆန်းလဲ"

"ခယ်မနဲ့ ယောက်ဖ သုံးရာ့နှစ်ဆယ်"

"တော်ပြီ၊ ညီအစ်ကိုမောင်နှမများတဲ့ ဥပဒေနဲ့ရှောင်တယ်။ မန္တလေးပဲသွားတော့မယ်"

"ဘာလုပ်ဖို့လဲ"

"မန္တလေးမှာ စံစွံရှိတယ်"

"ဂျပန်မှာ ခရီးသွားရတာ ကြည်နူးစရာပါ"

"ညီမလေး ဘာတွေလုပ်နေလဲ"

"လာခဲ့၊ ရည်းစားကို ကွန်ပျူတာနဲ့ ရွေးပေးမယ်"

"မှန်လေးမှန် ... နဖူးမှန်၊ နားရွက်မှန်၊ နှာခေါင်းမှန်၊ ပါးစပ်မှန်"

"တော်တော်တည့်တဲ့ လောက်လေးခွပါလား"

တစ်ယောက်တစ်ပေါက် ပေါက်တတ်ကရ ပြောနေ ဆဲမှာ သိုက်ထွန်းဦးက မတ်တတ်ထရပ်လိုက်သည်။ ရှေ့မှာရှိနေ



သည့် လက်ဖက်ရည်ပန်းကန်ကို မ,၍ ပုဆိုးခါးပုံစ နားဆီမှာ သားလိုက်၏။ လက်နှစ်ဖက်ကျတော့ ခပ်ကွေးကွေးစိုက်ထားသည်။

"သိုက်ထွန်းဦး မေတ္တာဝေတယ်၊ ဟိုကောင်တွေ ကာလနာ တိုက်ပါစေ"

ဝါးခနဲ ရယ်သံမဆုံးမီ ဏှဒ္ဒီနှင့်သမီးငယ်ရောက်လာ သည်။ သတ္တိက သူ့ကို လာကြိုနေသည့် ဖယ်ရီကားပေါ် တက်သွား သည်။ ကားက မောင်းထွက်သွား၏။ သိုက်ထွန်းဦးတို့နှင့်တကွ ဣန္ဒြိရှိရာဘက်သို့ တစ်ချက်လေးမှ လှည့်ကြည့်မသွားခဲ့ပါတကား။

❋ ○ ❋

"စိတ်ဆိုးသွားတာလားကွာ၊ ကားနောက်က ပြေးလိုက်ခဲ့ ဦးမလို့"

"ကားကိုမီအောင် ပြေးနိုင်လို့လား"

"ခြေထောက်နဲ့ဆို ဘယ်မီမလဲ၊ ကားမောင်းပြီးလိုက်မှာကို ပြောတာ"

"ဒါများ ပြေးလိုက်မယ်လေး ဘာလေးနဲ့၊ ဖြီးနော်"

"ချစ်လို့"

"ပိုက်ဆံ ဘယ်လောက်ကုန်သွားလဲ"

"ဘာအတွက်လဲ"

"သမီးငယ်ကို မုန့်ဝယ်ကျွေးရတာလေ"

"နည်းနည်းပါ၊ တိနဲ့ ညီအစ်မဆို"

"စပ်ရင်တော်တယ်၊ မစပ်ရင် မတော်ဘူးပေါ့"

ဒါဆို မုန့်ညာစားသွားတာပေါ့"

"မိန်းကလေးတစ်ယောက်ကို အဲဒီလိုမပြောပါနဲ့"

"အေးကွာ ... ဆောရီး"

"ညီအစ်မ တကယ်တော်ပါတယ်"

"တီ မေမေ ဆေးရုံတက်တုန်းက မေမေ့ကို စောင့်တဲ့ဆရာမက သမီးငယ်နဲ့ ချွတ်စွပ်ကွာ ခွဲမရဘူး၊ တို့တော့င်မှားပြီး နှုတ်ဆက်မိသေးတယ်၊ အဲဒါ တီကို ပြောပြီးပလား"

"သုံးရာ့ရှစ်ဆယ့်ငါးကြိမ် ပြောပြီးပြီ"

"အဲဒီဆရာမ မျက်ကြော်တင်းသလောက် စကားပြောကလည်း နည်းနည်းမှမချိုလို့ နောက်ရက်တွေမှာ မော့တောင်မကြည့်တော့ဘူး"

"စကားပြော ချိုရင်တော့ မော့ကြည့်ဖို့ စိတ်ကူးရှိတယ်ပေါ့"

"တို့က မိန်းကလေးတစ်ယောက်ကို မော့ကြည့်ရင် တီက သဝန်တိုလို့လား"

"တိုချင်ရင်တောင် အဲဒီသဝန်ဆိုတာကို ဘယ်လိုက်ရှာရမှန်းတောင်မသိဘူး"

"တီ စကားပြောတာ အရမ်းချစ်ဖို့ကောင်းတာပဲ"

"ခုတင်ရွှေနန်းပေါ့"

"တကယ်ပြောတာ၊ တို့ကိုချစ်လား"

"လေးရာ့သုံးဆယ့်ကိုးကြိမ် ပြောပြီးပြီ"

"တီမေမေကိုရော ကိုးရာကိုးဆယ့်ကိုးကြိမ်မြောက် ပြောပြီပလား"

"တကယ်ပြောဖို့ကြိုးစားတာ၊ တကယ်ပဲ ကိုးရာကိုးဆယ့်ကိုးကြိမ်ရှိပြီ၊ အထကတော့မမြောက်သေး ဖြစ်နေတာ"



"မေမေနဲ့ လာပြောရမလား"

"ဟာ ... မလုပ်နဲ့၊ တီကမှ ဘာမှ ကြိုမပြောရသေးဘဲ၊ ဗြုန်းစားကြီးရောက်လာလို့ ဘယ်ဖြစ်မလဲ"

"ကျောင်းပိတ်ရက်တွေမှာ အိမ်လာလည်ခွင့်ရတာမျိုးဖြစ်ချင်တယ်"

"စောင့်ကြသေးတာပေါ့"

"တီက ဘာဖြစ်လို့ ခုထိ မပြောသေးတာလဲ"

"ရှက်တာရယ်၊ ခက်တာရယ်၊ မထွက်တာရယ်"

"တို့လာပြောပေးမယ်"

"မလုပ်နဲ့ဆို ..."

"ရိပ်တော့ ရိပ်မိမှာပါ၊ တို့နဲ့က တစ်ခါစကားပြောရင် အကြာကြီးဆိုတော့ ..."

"တီက ဘယ်သူနဲ့မဆို လျှာရှည်တယ်"

"အခု စကားပြောနေချိန်မှာ တို့မျက်နှာပြုံးနေတယ်သိလား၊ တို့မျက်နှာက အပြုံးအရယ်နည်းပြီး နည်းနည်းပါးပါးတင်းတဲ့ဘက်ကို ရောက်တယ်လို့ လူတွေက ဝေဖန်တယ်၊ အပြုံးက ရှားပါးလို့ တစ်ခါပြုံးရင် တစ်ချက်အရမ်းချိုတယ်တဲ့၊ အဟဲ ... ကြွားရတာ ရှက်လိုက်တာ"

"အဲဒီတော့ ... ဆက်ကြွားလေ"

"ပြုံးခဲ့တဲ့တို့ဟာ တီနဲ့ ဖုန်းပြောနေတော့ တီ မမြင်ရမှန်းသိပေမယ့် ပြုံးထားဖြစ်တယ်၊ တီရောဘာ ပြုံးနေလား"

"ဟင့်အင်း"

"မပျော်လို့လား"

"တီက မိန်းမသားလေ၊ တီလူလေးနဲ့ အကြောင်းကိုလည်း အိမ်ကမသိသေးတော့ မျက်နှာထားကို နည်းနည်းပါးပါး ထိန်းရတာပေါ့"

"တို့လေ တို့ကိုယ်တို့လည်း အရမ်းအံ့သြတယ်၊ သူစိမ်းမိန်းကလေးတစ်ယောက်ကို ဒီလောက်ချစ်မိလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့မိဘူး"

"တီ ယုံလိုက်ပါတယ်"

တီ တကယ်ပဲ ယုံလိုက်မိခြင်းပါ။ သူလိုလူမျိုးက ချွဲတီချွဲဖတ် ပြောတတ်ခြင်းလည်းမရှိ၊ ရင်ထဲမှမလာဘဲလည်း ပြောမည့်သူမဟုတ်ပါ။ ပြီးတော့ သူကိုယ်တိုင်က ပုံပိုးမှုအကြောင်းများစွာဖြင့် မာနခပ်မြင့်မြင့်ထဲကဖြစ်သည်။ အသားလွတ်ဘဝင်မြင့်နေတာ မျိုးမဟုတ်ပေမယ့် တော်ရုံလူထံမှာ တော်ရုံကိစ္စနှင့် အောက်ကျနောက်ကျခံသူလည်းမဟုတ်ပေ။ အဲသည်လိုနေနိုင်ဖို့ သူ့မှာ ကျောထောက်နောက်ခံ အချက်အလက်တွေကလည်း အပြည့်ရှိနေ၏။

"လန်ဒန်မှာ နေတုန်းကဆိုရင် တို့မှာ ပေါင်းစရာသူငယ်ချင်း မိန်းကလေးတောင် မရှိဘူး"

"နိုင်ငံခြားရောက်ဖူးတဲ့လူတွေဟာလေ တစ်သက်စာပြောမကုန်နိုင်တဲ့ အတွေ့အကြုံကြီးတွေများ ရလာကြသလား မသိဘူး"

"ဘာဖြစ်လို့လဲ"

"ဟိုမှာတုန်းကလေဆိုတာ စကားပြောတိုင်းမပါမပြီး၊ တစ်သက်မကုန်အောင်ပြောတာမှ စကားမစပ်လည်းပြော၊ စပ်လည်းပြော"



"တီရာ ... ပြောရက်လိုက်တာ၊ လန်ဒန်မှာ နှစ်နှစ်လောက်နေဖူးတာ၊ ဘာကြွားစရာမှတ်လို့"

"သိဘူးလေ"

"တို့က ရိုးသားတာကို သက်သေထူချင်လို့ပြောတာ"

"စိတ်ဆိုးသွားလား"

"ဆိုးတော့မဆိုးပါဘူး၊ ဗိုက်ထဲတော့ အောင့်သွားတယ်၊ အရိုက်တည့်တည့်ကိုတိုင်လုံးကျော်လက်သီး ဝင်လာသလိုပဲ"

ဣန္ဒြီ ရယ်လေ၏။ တီဘက်က တစ်ခါတလေ အခံ့ပွားယ်မဲ့စွာ ဘုပြောမိတာမျိုးရှိလည်း သူ ဘယ်တော့မှ စိတ်ဆိုးတတ်ချေ။

"တီလူလေးက စိတ်ကိုမဆိုးတတ်တာ ထင်ပါရဲ့"

"ဘယ်ဟုတ်မလဲ၊ တို့အရမ်းစိတ်တိုတတ်တယ်၊ အငြိုးအတေးမထားတတ်ပေမယ့် ဒေါသကြီးတယ်၊ ကမ္ဘာ့စိတ်မဆိုးတတ်ဆုံး လူထူးဆန်းကြီး မဟုတ်ပါဘူးကွာ၊ တီနဲ့ကျမှ ရေမြေ့ဖြစ်သွားတာ"

"တီက ဒေါသတော့မကြီးတတ်ဘူး၊ နာတတ်တယ်၊ တစ်ခုခုကို နာထားမိရင် ရင်ထဲမှာ မကျေတတ်ဘူး၊ မေ့လည်း မမေ့နိုင်ဘူး"

"တီ စိတ်ပူလာပြီ၊ ဘာတွေလျှောက်ပြောနေတာလဲ၊ တို့အပေါ်မှာ မကျေနပ်တာ ဘာရှိလဲ"

"ဘာမှမရှိပါဘူး"

"မကျေညက်ရင်လည်း ဖွင့်ပြောပါ၊ တီ ထင်တာမှားချင်လည်းမှားနေနိုင်တယ်၊ တို့ဘက်က ရှုတ်ယင်းချက်ဆိုလည်း ပြင်မယ်"

"ပြုပြင်ပြောင်းလဲလို့မရတဲ့ အမှားတစ်ခုဟာ သူ့အလို အလျောက် ရှိနှင့်ပြီးသား ဖြစ်နေခဲ့ပြီ ဆိုရင်ကော"

"အဲဒါဆို ခွင့်လွှတ်လိုက်တော့ပေါ့ တီရယ်၊ တီ ခွင့်လွှတ်ပေးမှ ရတော့မှာပေါ့၊ တို့က တီနဲ့မှမခွဲနိုင်တာ၊ တီ စကားပြောတာ ... စိတ်မဆိုးနဲ့နော်၊ တစ်မျိုးပဲ၊ တို့အပေါ်မှာ နစ်နစ်ကာကာမရှိသလိုပဲ၊ တီက တို့ချစ်သလောက် မချစ်ပါဘူး"

တီ သက်ပြင်းကို ယဲ့ယဲ့ချဖြစ်သည်။

ချစ်ပါသော်ကော တီလူလေးရယ်ဟု လိုက်လှဲနက်ရှိုင်းစွာ တိုးတိုးဖွဖွလေးပြောချင်၏။ ဖြစ်နိုင်လျှင် ခုလို တယ်လီဖုန်းထဲမှတောင်မဟုတ်ပါ၊ သူ့နားနားကိုကပ်ပြီးတော့ကို ပြောချင်တာပါ။

သူ့ကို အခုချစ်လိုက်မိသွားတာထက် နည်းနည်းလေး လျှော့ချစ်မိသည်ဆိုလျှင်တောင် အဲသည်အချစ်ကို စွန့်လွှတ်လမ်းခွဲလိုက်ပါပြီ၊ သူနှင့် ကင်းစိမ်းပြတ်တောက်သွားရသည့်အတွက် ခံစားရသော အသည်းနာဝေဒနာကို တီ အံကြိတ်၍ ခံနိုင်ပါ၏။ ခါးစည်း၍လည်း ခံချင်၏။

တင်စားတာမျိုးမဟုတ်ဘဲ တီအသည်းနှလုံးက ဟက်တက်ကြီးကွဲပြီး သွေးစိမ်းရှင်ရှင် ပန်းထွက်သည့်အဖြစ် တကယ်ဖြစ်မည်ဆိုလျှင်လည်း တီ ခံစားချင်သည်။ အံခဲ၍တင်းပြီး ဆေးရုံတက် ချုပ်ပစ်လိုက်ရုံပေါ့။ သူ့အသည်း မွမွကြေဖို့အတွက် သူ့အသည်းကွဲလျှင်ပြီးရော ကိုယ့်နှလုံးသားနှင့်ဖိခြေမှ ကြေမည်ဆိုလျှင် ကိုယ်ပါရော၍ အမြန်ဆုံး ခံစားပစ်လိုက်ချင်၏။

တီလူလေး သိစေချင်ပါသည်။



သူ့ကို သိပ်ချစ်သည်။ ပြောပြနိုင်စွမ်းထက် အဆပေါင်းများစွာ ဆင့်လောင်း၍ ချစ်မိပါ၏။ ဤမျှချစ်သွားမိဖို့အတွက် ဘယ်တုန်းကမျှ စိတ်မကူးမိခဲ့ပါ။ သူ့ကို "သံ"တို့အိမ်မှာ "သံ့လူ"အဖြစ်တွေ့ချိန်မှာ သံက စိတ်မဝင်စားပါဘူးဟု ပြောသည်နှင့် "အကြွေးတစ်ခုကို" ပြန်ယူဖို့ စိတ်ကူးမိခဲ့တာပါ။

သို့ပေမယ့် အဲသည်အချိန်ကတည်းကများ သူ့အကြည့်က တီရင်ထဲ စွဲခဲ့လေသလား။

တီ၏အကြွေးတောင်း အစီအစဉ်ကြီးထဲမှာ တီ နစ်မြုပ်ခဲ့ရသည်။ သူ့အချစ်ကိုလက်ခံချိန်မှာ အကြွေးပြန်ယူရုံ လက်ခံဖြစ်ခဲ့တာ မဟုတ်မှန်း တီ သေချာစွာ သိခဲ့ပြီးသားပါ။ ချစ်လိုက်မိပြီမို့ မရိုးဖြောင့်သည့် မေတ္တာကို မပေးတော့ပါဟု တီ ရှောင်ဖယ်ငြင်းဆိုဖို့လည်း ကြိုးစားကြည့်မိသေးသည်။ မငြင်းဖြစ်ခဲ့ချေ။

သူ့ချစ်သူဘဝမှာ တီ တစ်ချိန်လုံး ပျော်နေခဲ့မိတာကိုလည်း ငြင်းမရပါ။ စင်စစ် သူ့ကို အဲသည်လောက်ထိ ချစ်လိုက်မိဖို့မဟုတ်ပါ။ ချစ်သွားမိလိမ့်မည်ဟုလည်း မမျှော်လင့်ခဲ့။ ကိုယ့်ရင်ထဲမှ အချစ်၏အတိမ်အနက်ကို ကိုယ့်ဘာသာ ဆန်းစစ်မိသည့်အခါတွင် အလွန်တရာမှ နက်ရှိုင်းစွာ စူးနစ်နေခဲ့ပြီ၊ ကိုယ့်အချစ်ထက် ချစ်သူကကိုယ့်ကို အနက်ရှိုင်းဆုံးပြန်ချစ်ခြင်းခံရသည့် မမသတ္တိ ဆိုသည့် မိန်းမသားသည် ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးလူသား ဖြစ်သင့်သည်။

ခုဆို သူ့မိခင်ကလည်း လိုလားနှစ်သက်စွာ ကြည်ဖြူမည်ဟု ဆိုလာ၏။ မေမေတို့ဆိုတာကတော့ "လူကောင်းဖြစ်ပြီး တားမြစ်လောက်တဲ့အပြစ်မရှိရင် ဟိုလိုမှ၊ သည်လိုမှရယ်မရှိပါဘူးကွယ်၊ ဦးနှောက်သာ သုံးပါ"ဟု ပြောထားသည်။

ဦးအောင်ဖံ၊ ဒေါ်တင်တင်စံတို့၏ တစ်ဦးတည်းသော သား ဏ္ဍဒွိစံကို သဘောမတူပါဘူးဟု ငြင်းပယ်မည့် ယောက္ခမ လောင်းဆိုတာ ဤမဟာဘဒ္ဒကမ္ဘာမှာ တစ်စုံမပြောနှင့် တစ်ယောက် တောင်ရှိပါ့မလား။

"မမသတ္တိတဲ့၊ ဏ္ဍဒွိစံရဲ့ချစ်သူလေ"ဟု လူလယ် ကောင် ချပြောကြည့်ပါ။ ကြားရသူတိုင်းက "ကံကောင်းလိုက်တဲ့ မိန်းကလေး"ဟု ဆိုကြမည်သာ။ ဏ္ဍဒွိဆိုသည့် တိလူလေး မျိုးရိုး ဂုဏ်သိမ်ကလည်း မြင့်ပါဘိ။ စည်းစိမ်းဥစ္စာကျတော့လည်း တစ် ဖက်သား အားကျလောက်အောင်ကို ပြည့်စုံသည်။ ပညာရေးကျ တော့လည်း ဆေးတက္ကသိုလ်ကျောင်းသား၊ ကိုယ်ကျင့်တရား ကောင်းမွန်၍ ရှုပ်ရှုပ်ယှက်ယှက်လည်းမရှိ။ ခုချိန်ထိ ဆေးလိပ် တောင် သောက်တတ်သူမဟုတ်၊ အဘက်ဘက်ကပြည့်စုံလွန်းသူ ၏ ရုပ်ရည်ရူပကာက ယောကျ်ားချောမို့ တစ်ခါတစ်ခါ တိတောင် အရှက်နည်းစွာကို ငေးကြည့်ပစ်လိုက်တော့တာလေ။

အဲသည်လိုလူက တိကို သိပ်ချစ်နေပါပြီတဲ့။ သူ့မိခင် ကလည်း ကြည်ဖြူပါသည်တဲ့။ တိ ဘယ်လောက် ပျော်ဖို့ရှိလိုက် ပါသလဲ။ အရမ်းပျော်ဖို့၊ သိပ်ပျော်ဖို့မဟုတ်လား။ သို့ပေမယ့် တိလူလေးရယ်၊ တိ ရင်ကွဲပါပြီ။ တိ လွမ်းရပါပြီ။ ငိုရပါပြီ။ တိ လွမ်းရ၊ ကြေကွဲရင်နာရတာထက် တိလူလေးရဲ့ရင်မှာ အနာတရ ဖြစ်မှာကိုပဲ တိ စိုးရိမ်ပါတယ်။

တိအတွက်ထက် တိလူလေးအတွက်ပဲ ပိုငိုပါတယ်။ ဒါပေမဲ့ တိဟာ ဒေါ်သစ္စာထွန်းရဲ့သမီးပါ တိလူလေးရယ်။

❋ ○ ❋



ပါးလျားဆွေးရိလုပြီဖြစ်သည့် အဝတ်ဟောင်းတစ်စ ပုံကျနေတာထက်တောင် ပို၍ ပြားကပ် နွမ်းဖတ်သေးသည်။ ခြေ့ရာထက်မှာ ငြိမ်သက်နေသည့် မိန်းကလေးသည် သက်ရှိလူသား မှ ဟုတ်ရဲ့လားဟု တွေးထင်လောက်သည်။ ငြိမ်သက်နေပုံက ပန်းချီကားတစ်ချပ်နှင့် တူ၏။ သည်နေ့အဖို့ရာ သူမအတွက် ကမ္ဘာပျက်လေ၏။

သမီးလေးက နှစ်ယောက်တည်းရှိသည်။ ချောလိုက် လှလိုက်ကြတာ မှုန်မှုန်အစ်အစ်ကလေးတွေ၊ မျက်နှာကျလေးတွေ၊ ကိုယ်လုံးကိုယ်ထည်မှအစ ပြောစရာမရှိ။ သမီးကြီးက အသားရောင် ရွှေလိုဝင်း၏။ သမီးငယ်က နှင်းခဲလို ဆွတ်ဆွတ်ဖြူမှာ အပြာရောင် အနီရောင်အကြောရှိမ်းရှိမ်းလေးများဖြင့် ပုလဲရောင်တောက်နေသည်။

သိင်္ဂီဆင့်၊ ပုလဲဆင့် ဆိုတာ လှလွန်းလို့၊ ချစ်လွန်း လို့ မှည့်ခဲ့ရသည့် နာမည်လေးတွေပါ။ သမီးကြီး သိင်္ဂီဆင့် တစ် ယောက် တင့်တောင်းတင့်တယ် အိမ်ထောင်ခွဲသွားပြီးသည့်နောက် ပိုင်းမှာ ဤသမီးငယ်လေးကို ပိုလို့တောင် ပုံခဲ့ရသေးသည်။

"မေမေတို့ မျိုးရိုးစဉ်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့ ရတနာပစ္စည်းပဲ သမီးရယ်၊ ဘိုးစဉ်ဘောင်ဆက် ဆိုပါတော့၊ အဖိုးတန်လွန်းလို့တော့ မဟုတ်ဘူး၊ အကျိုးပေးတယ်လို့ ယုံကြည်ပြီး တမြတ်တနိုး သိမ်းခဲ့တာ ...

"သားသမီးတွေလည်း လူစေ့တက်စေ့ ပေးလို့မှ မရတာ၊ မိဘရဲ့အချစ်ဆုံးသားသမီး လက်ထဲကိုထည့်ခဲ့ရ တာပဲ"

ဒေါ်တင်အေးဆင့်တို့ မျိုးရိုးစဉ်ဆက် မြတ်နိုးစွာ စောင့်ရှောက်ထိန်းသိမ်းခဲ့သည့် နီလာဖြူတစ်စုံစာကို ချစ်သမီးလေး ပုလဲဆင့် မွေးနေ့မှာ အပိုင်ပေးခဲ့သည်။

ရတ်တရက် ကြည့်သော် ဘယ်လ်ဂျီယံစိန်လားဟု တောင် ထင်ရသည့် ရှေးလက်ရာ ဒေါင်းမြီးဖြန့်ဘယက်။ အလယ် လုံးကြီးကြီးမှာ စွယ်လေးတွေ ရံထားသည့် ခြယ်နားကပ်တစ်စုံ၊ လက်ကောက်တစ်ရန်နှင့် လေးတန်းသွား ဂုံးလက်စွပ်တစ်ကွင်း ပါဝင်သည်မို့ တစ်ဆင်စာအပြည့်ဟုဆိုနိုင်၏။

"သမီးဘွားဘွား လက်ထက်တုန်းကဆိုရင် ကြယ်သီးလည်း ပါတာ၊ ငါးလုံးတောင် မဟုတ်ဘူး၊ ခုနစ်လုံး၊ အဲဒါ ရှေး စေတီတစ်ဆူ ပြန်လည်ပြုပြင်တော့ ဌာပနာတိုက်ထဲက ထွက်လာတဲ့ ဆင်းတုတစ်ဆူအတွက် နဖူးသင်းကျစ်တော် မှာစီဖို့ သဒ္ဓါပေါက်လွန်းလို့ လှူလိုက်တယ်တဲ့ ...

"မမေတို့ နောက်လူတွေ နမြောတမ်းတဖြစ်ပြီး စေတနာမပြတ်မှာစိုးလို့ ဘယ်ဘုရား၊ ဘယ်စေတီဆိုတာ တောင်မပြောခဲ့ဘူး ...

"မမေတို့က မောင်နှမသုံးယောက်မှာ အစ်ကိုက နှစ်ယောက်ဆိုတော့ ဒီပစ္စည်းကို မမေ ရခဲ့တာ"

"မမကိုလည်း နည်းနည်းခွဲပေးပါလား မမေ"

"ဟဲ့ ... မခွဲကောင်းဘူး၊ ရတနာဆိုတာ စုံလိုက်နေရတယ်၊ ဘုရားလှူတာတော့ လှူကောင်းတယ်၊ သူတစ်ဝက် ငါတစ်ဝက်ခွဲယူရင် အကျိုးပေး ပျက်စီးတတ်တယ်"

ဟုတ်လား မဟုတ်လားတော့ မသိပါ။ ပုလဲဆင့်တို့ လက်ထက်မှာ သိပ်အယူမသီးပေမယ့် ပိုရတော့ ပိုကြိုက်သည်။



သီဂီဆင့်ကလည်း အခြားရတနာများ ရထားပြီးမှ သည်တစ်စုံ အတွက်နှင့် ဝင်မလုချင်တော့ပါ။ ကိုယ့်အိမ်ထောင်လေးနှင့်ကိုယ် အဆင်ပြေ ပြည့်စုံနေသည်မို့ ဤရတနာတစ်စုံရမှ အကျိုးပေးမည် ဆိုတာမျိုးနှင့် အယူမသီးတော့ပါ။

"မပျောက်မပျက်အောင် သိမ်းနော်"

ဒေါ်တင်အေးဆင့်က ထပ်တလဲလဲမှာသည်။ သည် ကြားထဲကပင် နီလာဖြူတစ်ဆင်စာသည် ပျောက်ဖြစ်အောင်ပျောက် ခဲ့ရတော့သည်။ ဖြစ်ပုံက သူငယ်ချင်းတစ်ယောက်၏ အိမ် ဘုရား ကိုးဆူညပွဲမှာဝတ်ဖို့၊ ပြီးတော့ သူငယ်ချင်းတွေအားလုံး အဲသည် အိမ်မှာ စုအိပ်မှာလည်းဖြစ်လို့ ပုလဲဆင့်က အဝတ်အစားများနှင့် အတူ နီလာဖြူတစ်ဆင်စာကို ယူသွားခဲ့သည်။ ဘုရားကိုးဆူမှာ ထုတ်ဝတ်မှာ။

"စိန်"ဟု လူတော်တော်များများက ထင်ကြသည်။

"တစ်ဆင်စာလုံးဆိုတော့ တန်ဖိုးကြီးလိုက်တာ"

စိန်အမှတ်နှင့် ချီးကျူးသူက ချီးကျူး၊ အားကျသူ ကကျ၊ ပုလဲဆင့်က ဒါ စိန်မဟုတ်ပါဟု မငြင်းဖြစ်တော့ပါ။

"စိန်လား"ဟု မေးလာလျှင်တော့ မဟုတ်ပါဟု ဖြေဖြစ်မည်။ မမေးဘဲ သူတို့ဘာသာအထင်နှင့် ပြောနေကြတာကို ကြားလိုစိတ်နှင့် မဖြေဖြစ်တာလည်း မဟုတ်၊ ကိုယ့်ပစ္စည်းကို ဘာကိုင်ကိုင်နှင့် လာချီးကျူးနေကြတာကို ရှက်ကိုးရှက်ကန်းခံယူ ရင်း မနေတတ် ဇထိုင်တတ်ဖြစ်ကာ ဘာရယ်မဟုတ် မငြင်းဖြစ် တော့တာပဲဖြစ်သည်။ အဲသည်ညမှာ အဲသည် တစ်ဆင်စာလုံး ပျောက်ခဲ့လေ၏။

"ဖြစ်မှဖြစ်ရလေ"

ဒေါ်တင်အေးဆင့် ခွေခနဲပုံလဲသည်။ "ဘဝပျက်ပြီ" ဟု ညည်းရှာ၏။ အသံမထွက် မရှိုက်မငင်ပါဘဲ မျက်ရည်စီးကြောင်းကြီး ဖြာကျနေတာ နာရီဝက်လောက်ရှိမည်။

"နိမိတ်ဆိုးလိုက်တာ" ဟု တိုးသဲ့စွာ ညည်းလေ၏။

"ဒီလောက် အယူမသည်းပါနဲ့ကွာ"

ခင်ပွန်းသည်က ဖျောင်းဖျလည်း မပြေနိုင်။ မေမေသည်လောက် ကြေကွဲတာမြင်မှ ပုလဲဆင့်လည်း ပျာပျာသလဲဖြစ်ရှာ၏။

"သူငယ်ချင်းတွေထဲ ဘယ်သူတွေပါလဲ သမီး"

"ဥစ္စာပျောက် ငရဲကြီးဖြစ်နေပါဦးမယ်ကွယ်၊ ယုံထင်ကြောင်ထင်တွေ လျှောက်ထင်မနေပါနဲ့၊ အိမ်ရှင်ကလည်း ရဲတိုင်ပါလို့ ပြောထားပြီပဲ၊ ရဲတိုင်ချင် တိုင်လိုက်ပေါ့"

ခင်ပွန်းသည်၏စကားကို ခေါင်းယမ်းသည်။

"စံမြမှိုရယ် ..."

"ဘယ်သူ"

"စံမြမှိုရယ်"

"တော်ပြီ၊ စံဆိုတဲ့နာမည်နဲ့ သူငယ်ချင်း ဘယ်နယောက်ပါလဲ"

"သူတစ်ယောက်တည်းပါ မေမေ၊ ဘာဖြစ်လို့လဲ၊ တခြားသူငယ်ချင်းတွေက ခင်မြအေး ..."

"တော်ပါပြီ၊ တော်တော့ ဆက်မပြောနဲ့တော့၊ ရဲလည်း မတိုင်ပါဘူး၊ သူတို့ ရသင့်တယ်ထင်လို့ ပြန်ယူသွားတာပဲ၊ မေမေတို့မှာသာ မြုပ်သထက် မနစ်ပါစေနဲ့လို့ ကုသိုလ်ရေးဖိကြိုးစားရတော့မှာပါပဲ"



ဒေါ်တင်အေးဆင့်သည် လုံးဝ အဆက်အဆံ အပတ်အသက်မရှိသည့်ကြားက 'စံ'မျိုးတွေကို ဘယ်လိုမှန်းကိုမသိ ကိုယ့်အသက်ဦးဆံကိုပဲ ပိုင်တော့သလောက် သည်းသည်းလှုပ်သည်။

"စံမြမှိုနဲ့ခင်တာ ကြာပြီလား၊ သမီးပြောသံ မကြားဖူးလို့"

"ဟင့်အင်း ... မေမေ၊ အိမ်ရှင် သန်းသန်းရဲ့အစ်ကိုဝမ်းကွဲနဲ့ လက်ထပ်ဖို့ စေ့စပ်ထားလို့ ယောက်မမို့ ဖိတ်တာ၊ အဲဒီညကမှ သိပါတယ်"

"မေ့လိုက်တော့ သမီးရယ်၊ ဘုရားတရားသာမြဲ"

❋ ○ ❋

ဒေါ်တင်အေးဆင့် အဲသည်ကတည်းက တစ်ခါမျှ ပျော်တာ ရွှင်တာ မတွေ့ရတော့ပါ။ တိတ်ဆိတ်ငြိမ်ကျသွားပုံက မကြာမီ ကျရောက်လာမည့် အန္တရာယ်ဆိုးကြီးတစ်ခုကို ကြောက်လန့်စွာ စောင့်မျှော်နေပုံနှင့်တူတော့၏။ မည်သူပြောလို့မျှမရ။ အေးဆေးငြိမ်သက်စွာ ကြေကွဲနေတော့သည်။

"ဒီလောက်အယူသမီးပါနဲ့ မေမေ၊ ပြန်ရချင်ရင်လည်း ရဲတိုင်ပေါ့"

ဒေါ်တင်အေးဆင့် ရဲမတိုင်ပါ။ အယူသီးပါသည်။ မိသားစုတစ်ခုလုံး ကျက်သရေဖြင့် ထုံမွမ်းစေလျက် အလွန်အကျိုးပေးသည်မို့ ထိုက်သူစံအဖြစ် လက်ဆင့်ကမ်းခဲ့သည်။ ဤရတနာစု ပျောက်ဆုံးသွားခြင်းမှာ အကုသိုလ်၏ မိတ်ဆက်လက်ကမ်းမှုကို ခံလိုက်ရခြင်းပင်ဖြစ်သည်ဟု စွဲလမ်းစွာယုံကြည်၏။ ဘယ်လိုပျော်နိုင်တော့မှာလဲ။

"မေမေက စံမြှိ နိုးတယ်ထင်လို့လား"

"အမယ်လေး သမီးရယ် ... စံမျိုး စံနွယ်တွေကို နိုးတယ်ဆိုတဲ့စကားလုံး မသုံးနဲ့၊ သူတို့ ရသင့်ရထိုက်လို့ ပြန်ယူသွားတယ်လို့ပဲ ပြောပါ"

"စံမျိုးစံနွယ်တွေ ဆိုတာ ဘာတွေမို့လဲ"

"စပ်ကြကြေးဆိုရင် သွေးသားတွေဆိုလည်းဟုတ်ရဲ့၊ သွေးသားမတော်စပ်ဘဲ ဆွေဆိုင် မျိုးဆိုင်တွေလည်းပါရဲ့၊ တကယ်တော့သမီးရယ်၊ ဒီနီလာဖြူတစ်ဆင်စာဟာ မမကြီး ရွှေအိမ်စံရဲ့ပစ္စည်း၊ မမကြီး ရွှေအိမ်စံက မမလေး ခင်ခင်မျို့ကို ချစ်စနိုးနဲ့ ပေးခဲ့ပြီးမှ မမလေး ခင်ခင်မျို့က မမကြီးစိမ်ရာ မနာခံတော့ ပြန်တောင်းတယ် ...

"မမလေး ခင်ခင်မျို့က ပစ္စည်းမက်လို့ မဟုတ်ဘူးတဲ့၊ လုပ်ပုံမကြိုက်လို့ဆိုပြီး ပြန်မပေးဘူး၊ သိပ်ပြန်လိုချင်မှန်း သိလို့ဆိုပြီး သမီးတို့အဘွား မမလေး ခင်ခင်မျို့နဲ့ဆိုရင် အဒေါ်တော်တာပေါ့ ...

"အဲဒါကို ရောင်းခဲ့တာ၊ အဲဒီပစ္စည်း မရှိကတည်းက မမလေး ခင်ခင်မျို့ ဒုက္ခရောက်ရှာတယ်၊ တရှောင်ရှောင်နဲ့ မမာဘူး၊ သမီးတို့အဘွားကျတော့ တက်လိုက်တဲ့စီးပွား၊ မေမေ့လက်ထက်မှာလည်း အင်မတန် ကောင်းကျိုးပေးခဲ့တာ ...

"ခုတော့ သွားပါပြီ၊ ကောင်းကျိုးကျက်သရေတွေ ပြန်ပါသွားပါပြီ"



ဒေါ်တင်အေးဆင့်က "စံ"တွေကို လေးစားတာထက် ကြောက်တာများ ပိုနေသလားတောင် မသိပါ။ ပုလဲဆင့်တို့ကျတော့ "စံ"ဆိုတာ ဘာတွေမှန်း မသိတော့။ ဘယ်သူကမှ ပြောမပြသည်မို့ ဘယ်လိုပတ်သက်မှန်းလဲ မသိ။ ကိုယ့်ပစ္စည်း အနိုးခံရတာကိုတော့ နမြောဏ်။

အဲသည်အချိန်မှစ၍ ဒေါ်တင်အေးဆင့် စိတ်ခွဲ၍ပဲလားတော့ မသိ။ တရှောင်ရှောင် မမာစပြုသည်။ ပုလဲဆင့် ကိုယ်တိုင်ကျတော့ ရင်ကွဲပက်လက် ဖြစ်ရကိန်းနှင့် ကြုံလေ၏။

လူငယ်ချင်း ချစ်ကြသည်။ လူကြီးတွေကလည်း သဘောတူ၏။ လက်ထပ်ပေးဖို့ နေ့ကောင်းရက်သာရွေးရင်း၊ ပစ္စည်းတွေ ဝယ်ခြမ်းစုဆောင်းရင်း သွားအတူလာအတူ တတွဲတွဲရှိကြသည်။ ပုလဲဆင့်၏ချစ်သူ ကိုသူရိန် ဆိုင်းမပါ ဗုံမဆင့် မိန်းမခိုးလေ၏။

"မိန်းမက ခိုးတာ၊ သားက မခိုးရပါဘူးကွယ်၊ ဒေါ်ဒေါ် အခုလိုက်ခဲ့ပြီး ပုလဲလေးနဲ့ ပေးစားမယ်"

ကိုသူရိန် အမေကကျတော့ အမွှေပြတ်ဟု ဆို၏။ ဒေါ်တင်အေးဆင့်တို့ မိသားစုကို အားနာမျက်နှာပူသည်။ ကိုသူရိန် ခိုးပြေးသည့်မိန်းမကို ဘယ်လိုမှ အသိအမှတ်မပြုပါဟု ပုလဲဆင့်ဘက်မှ လုံးဝရပ်တည်ကြသည်။ ရှာမည်၊ ဖွေမည်၊ ခွဲမည် ဘယ်လိုပဲကြိမ်းကြိမ်း ကိုသူရိန်တို့ကို လုံးဝရှာမတွေ့တော့ပါ။ ပုလဲဆင့်မှာသာ မျက်ရည်နှင့် အဖော်ပြုရတော့သည်။

"မိုက်လိုက်တာ သမီးရယ်"

"သမီးလည်း လက်ထပ်တော့မှာမို့ ..."

"ဖြစ်မှဖြစ်ရလေကွယ်၊ ဒါဟာ အကုသိုလ် ဝင်တာပါပဲ၊ ညော် ... နီလာဖြူ ရတနာစုံကြီးကို လက်လွှတ်ရပြီးကတည်းက ကျန်းမာရေးကစပြီး ချွတ်ယွင်း ပျက်စီးတော့တာပါပဲ"

ဒေါ်တင်အေးဆင့် မျက်ရည်ကျလေ၏။ ပုလဲဆင့်က သည်းသည်းခိုက်ခိုက် ငိုရှာသည်။ ဝမ်းမှာလွယ်ထားရပြီ ဖြစ်သည့် သားသမီးရတနာသည် နီလာဖြူ တစ်ဆင်စာလို တန်ဖိုးမရှိပါလားဟူ၍ တွေးမိ၏။ လူ့ဘဝသို့ မရောက်မီကပင် ဖခင်စွန့်ပစ်ခြင်းကို ခံရသည်။ ပုလဲဆင့် ဘဝကရော ဘာထူးပါသနည်း၊ မင်္ဂလာပွဲကြီး ခြိမ့်ခြိမ့်သဲဖို့ စီစဉ်တုန်းမှာ ခင်ပွန်းစွန့်ပစ်ခြင်းခံရသည့် သတို့သမီး ဖြစ်လေသည်။ ပုလဲဆင့် ဆိုသည့် မိန်းမသားနှင့် ရင်မှာလွယ်ထားရပြီးဖြစ်သည့် ရင်သွေးတို့သည် မက်မောနှစ်လိုဖွယ် "ရတနာ"များ မဟုတ်ကြချေတကား။

မျက်ရည်မိုးသည် ဒုက္ခ ဝန်ထုပ်ဝန်ပိုးကို ကျယ်ပြန့်ကြီးမားစေလျက် ရှိစဉ်မှာပင် သတင်းစကားတစ်ခုကို လက်ခံရရှိပါ၏။

"မမျှော်လင့်ဘဲ ဖြစ်သွားရတဲ့ ပြဿနာပါ၊ ဝန်ခံရရင် မဆွတ်ဘဲ ညွတ်ကြွေနေတဲ့ ပန်းတစ်ပွင့်လို တန်ဖိုးမထားဘဲ ကောက်ယူရှူရှိုက် ခြေမွှဆော့ကစားမိတဲ့ အပြစ်ကြောင့် ဒုက္ခတွင်းထဲ ကျွံရတော့တာပါ"တဲ့။

"ယောက်ျားဆိုပြီး ရထားတဲ့ အခွင့်အရေးကို အလွဲသုံးစားလုပ်မိတာလည်း ပါပါတယ်၊ ပုလဲနဲ့ လက်ထပ်ခါနီးမို့ ခုတလောမှာ မတွေ့အောင်တောင် ရှောင်နေလိုက်ပါသေး



တယ်၊ ဒီဘက်က သတင်းကို ပုလဲ ကြားသွားပြီး မင်္ဂလာပွဲပျက်မှာလည်း သေလုအောင် ကြောက်ပါတယ် ...

"ဒါပေမဲ့ မတာန်မရော နိုင်းရရင် ခေါင်းပျိုမရဲ့ညွတ်ကွင်းက လွတ်အောင်မရှောင်နိုင်တဲ့ ဥဒေါင်းမင်းလို ...

"ဖြစ်ပုံက လျှောက်လည်ကြတယ်၊ သွားရင်းလာရင်း မှုးပြီး သတိလစ်တော့မလိုလို နေမကောင်းဖြစ်လို့ ဆေးခန်းကို လိုက်ပို့ပေးရတယ်၊ ဒါတွေဟာ လုပ်သင့်လုပ်ထိုက်တဲ့ လူမှုရေးလို့ပဲ မြင်တယ်၊ ဆေးခန်းမှာ ကိုယ့်အလှည့်စောင့်ရင်း သူက သူ့အိမ်ကို ဖုန်းဆက်တယ် ...

"ရောက်လာကြတာက အမေ၊ အစ်ကိုတစ်ယောက်နဲ့ ဦးလေးနှစ်ယောက်၊ ဦးလေးတစ်ယောက်က ရှေ့နေတဲ့၊ ကိုယ်က တွဲသွားတွဲလာ လုပ်ထားတော့ ဒီအချိန်မှာ ထပြန်ခဲ့လို့လည်း မသင့်တော် ...

ဦးလေးတွေနဲ့ အစ်ကိုကလည်း ဖော်ဖော်ရွေရွေပဲ ဆိုတော့ အားနာနာ မျက်နှာပူပူနဲ့ ဆက်နေလို့လည်းဖြစ်တယ်၊ ပြန်ရမှာလည်း တစ်မျိုးအားနာရပြန်တာနဲ့ ဆက်နေရတယ် ...

"သားအမိနှစ်ယောက် ဆရာဝန်ခန်းထဲ ဝင်တယ်၊ အထဲက သူ့အမေထွက်လာပြီး လက်ယပ်ခေါ်လို့ ယောင်ကန်းကန်းနဲ့ ဝင်လိုက်သွားရတော့ ဆရာဝန်က အပြုံးနဲ့ ကြိုနေတယ် ...

"အဲဒါ သူ့ခင်ပွန်းလေတဲ့၊ သူ့အမေက ပြောလိုက်တော့ မျက်နှာပြင်တစ်ပြင်လုံး ပူထူရဲတွတ်ပြီး ရှက်ဒေါသ

နဲ့ ဝှန်းခနဲ ဆောင့်အော်လိုက်မိတော့မလောက်ဘဲ၊ ဆရာဝန်က မစိုးရိမ်ပါနဲ့၊ ကလေးအဖေဖြစ်မယ့် လက္ခဏာပါတဲ့ ...

"ဒါပေမဲ့ ပုလဲရယ်၊ မည်သူမပြု မိမိမှုပဲလေ၊ ငါ ယောကျ်ားပဲ၊ နစ်နာစရာ ဘာရှိလဲဆိုတဲ့ အတွေးဟာ အလွန်မှားမှန်း၊ အလွန်အောက်တန်းကျမှန်း၊ ယောကျ်ား အညံ့စားတွေမှာသာ ရှိတတ်တဲ့ စိတ်ဓာတ်ဖြစ်မှန်း အချိန်တွေ အများကြီး နောက်ကျပြီးမှ သိရတော့တယ် ...

"ဆေးခန်းကအပြန်မှာ ဦးလေးက သူ့ကားနဲ့ သူ့အိမ်ကိုပဲ တန်းခေါ်သွားတယ်၊ လက်မှတ်ထိုး လက်ထပ်ဖို့ ချက်ချင်း စီစဉ်တယ်၊ ကိုယ်မငြင်းနိုင်တာထက် မငြင်းတော့တာပါ ...

"ကိုယ်လို သစ္စာမရှိတဲ့ ယောကျ်ားညံ့ဟာ ပုလဲနဲ့ မတန်တော့ပါဘူး၊ လှေနံ့နှစ်ဖက်ကို စုံမနင်းချင်တော့တာနဲ့ နစ်ချင်လည်း နစ်စေ၊ မွန်းစေ၊ အသက်ပါ ဆုံးရင်တောင် နောမြောမနေတော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ တစ်ဖက်တည်းကိုပဲ ဖွတ်မိုတ်နင်းချလိုက်တာပါ ...

"ဒါကြောင့် ပုလဲနဲ့ အဝေးဆုံးနဲ့ မတွေ့နိုင်ဆုံးနေရာကို ရှောင်ခဲ့တယ်၊ အပြစ်ရှိသူ ဆင်မည်းမို့ ဆင်ဖြူမလေး ပုလဲရဲ့မျက်နှာကို မော့မကြည့်ရဲတော့တာလည်းပါတယ် ...

"ဒါပေမဲ့ ကိုယ့်ဆီရောက်လာတဲ့ သတင်းက ရင်ကွဲပက်လက်ပါလားကွယ်၊ ကိုယ် မသိရပါလား၊ ပုလဲကိုယ်တိုင် ကြိုမသိလို့ ကြိုမပြောတာလား၊ ကိုယ့်ကို မပြောသေး



ဘဲ ထားတာလား၊ ဒီအဖြစ်ကိုသာ ကြိုသိခွင့်ရခဲ့ရင် ဒီလို မဖြစ်ဘူး ...

"ပုလဲ ... ပြောရရင် ကိုယ် လူမိုက်၊ လူဆိုး၊ လူညံ့၊ လူယုတ်မာ မှန်ပါတယ်၊ ဒါပေမဲ့ လူယုတ်မာတစ်ယောက်ဆီက အကူအညီတစ်ခုခုလို့တောင် မပြောချင်ပါဘူး ပုလဲ၊ ကိုယ့်လို လူယုတ်မာကို အသုံးချမှ ပုလဲမှာ အဆင်ချောမယ်ဆိုရင် ငမိုက်သားကို ခိုင်းချင်ရာ ခိုင်းပါ"တဲ့။

ပုလဲ အခွင့်အရေးတစ်ခုပဲ တောင်းဆိုခဲ့သည်။

"လက်ထပ်ပြီးစီးခြင်း သတင်း ထည့်ခွင့်ပေးပါ" ... ဤ ...

ကြီးကျယ်ခမ်းနားစွာ မင်္ဂလာဆောင်ဖို့ စီစဉ်ထားသော ပျက်ပြယ်သွားရပေမယ့် "လက်ထပ်ပြီးစီးခြင်း"ကြော်ငြာလေးသော သတင်းစာထဲ ပါလာသည်။ မေးကြ မြန်းကြမှာ စိုးသည်မို့ ဒေါ်ခင်တောင်ပြောင်းရ၏။ ပုလဲသည် သစ္စာမရှိသော ယောကျ်ားထံမှ "လက်ထပ်ပြီးစီးခြင်း"ကြော်ငြာခွင့်လေးတစ်ခုကို ဘဝနှင့် လဲလှယ်၍ ရယူလိုက်ရသည်။ နိုင်ကျည်တည်မြဲခြင်းကင်းသည့် ယောကျ်ားနှင့် တစ်သက်လုံး အတွေ့မခံတော့ပါ။

မည်သူနှင့်မျှ ရင်မဆိုင်လိုသည့် ပုလဲသည် ဤလှိုင်းဂယက်ကြီးမှလည်း စောစီးစွာ ထွက်ခွာသွားခဲ့သည်။ မည်သူသစ္စာရှိရှိ မရှိရှိ ပုလဲ သစ္စာရှိပါသည်။ ပုလဲ၏ ရင်နှစ်သမီးလေးသည် မွေးရင်ထဲမှ အချစ်၊ ပုလဲမေတ္တာနှင့် ပုလဲသစ္စာတို့မှ ပေါက်ဖွားထွန်းကားလာခဲ့သည် ဟူသော အဓိပ္ပာယ်နှင့် "သစ္စာထွန်း"ဟု အမည်ပေးခဲ့၏။ သစ္စာထွန်း ဆိုသည့် မိန်းမသားသည် လူ့လောက

သို့ ညှိုးမှိန်နွမ်းလျော့စွာ၊ မျက်နှာငယ်စွာ ဝင်ရောက်လာခဲ့ရသည့် ဘဝ၏အစမှာကိုက ကံမကောင်းခဲ့ပါ။

"သတင်းစာ ကြော်ငြာလေးတစ်ခုနဲ့ အဖေနာမည်တပ်ရ… မိန်းကလေး"

ပတ်ဝန်းကျင်က နှာခေါင်းရှုံ့၏။ သစ္စာထွန်း… ဖခင်ရှိပါသည်။ သစ္စာထွန်းသည် ဝါးပင်တွင်းမှာ သန္ဓေတည်သ… ဝေဠုဝတီမင်းသမီး မဟုတ်ပါ၊ လမုသီးထဲမှာလည်း သန္ဓေမတည်… ခဲ့ပါ၊ ဦးသူရိန်နှင့် ဒေါ်ပုလဲဆင့်တို့မှ ပေါက်ဖွားခဲ့သူ ဖြစ်ပါ… သို့ပေမဲ့ လူ့ဘဝမှာ အသားစိုင် သွေးစလေးအဖြစ် စတင်သ… တည်စဉ်ကစ၍ ကံမကောင်းသူလေး ဖြစ်ရပါ၏။

အဲသည်အတွက် သစ္စာထွန်းမှာကော အပြစ်ရှိ… သလား။

ဤဖြစ်ရပ်အတွက် ဖန်တီးသူသည် သစ္စာထွန်းလာ… သစ္စာထွန်းသည် မိုက်မဲသူစာရင်းထဲမှာ ပါဝင်ခဲ့ပါသလား။

မည်သို့ပင်ဆိုစေ လူ့လောက ထုံးစံအရ ကဲ့ရဲ့ရှု… ချခံရသူ စာရင်းမှာတော့ သစ္စာထွန်း ရှေ့ဆုံးမှ ပါဝင်ခဲ့ရပါ… သစ္စာထွန်း မျက်နှာငယ်သည်။ အပျိုဖော်ဝင်ခါစကတည်း… လူမလေး ခွေးမခန့် ဖြစ်ချင်၏။

ဟိုလူလက်တည့်စမ်းချင်၊ သည်လူ လက်တည့်… ချင် ဆိုတာတွေနှင့် ကြုံရသည်။ အနေကလေး တတ်လွန်း… ဣန္ဒြေကလေး ထိန်းလွန်းလို့၊ သိက္ခာကလေး ဆည်လွန်းလို့… "ကိုဉာဏ်ထွန်း" ဆိုသည့် အားကိုးဖွယ် အိမ်ဦးနတ်၏ ရင်ခွင်… ခိုလှုံခွင့်ရခဲ့သည်။



သစ္စာထွန်း လူရာဝင်ချင်သည်။ လူတကာ အရေးပေးခံရသည့်ဘဝကို ပိုင်ဆိုင်ချင်သည်။ မျက်နှာငယ်ကာလများ၏ ရင်းစားကို ပြန်လည်ရယူချင်သည်။

"စံမျိုးဆက်ထဲမှာ ပြန်လည်တွင်ကျယ်ဖို့နှင့် နီလာဖြူတစ်ဆင်စာကို ပြန်လည်ရရှိဖို့အတွက်ဆိုလျှင် မည်သို့သောကောင်းသည့်နည်းလမ်းကိုမဆို အသုံးပြု၍ ကြိုးစားချင်ပါသည်"

ဤဆန္ဒက သစ္စာထွန်း ရင်မှာ စူးနစ်စွဲမြဲသည်။ မမ ဒေါ်တင်တင်စံ ဆိုသည့် သွေးသားမတော်စပ်သူ အမျိုးသမီးကြီးနှင့် ဆွေရိပ်မျိုးရိပ်မကင်းသည့်ဘဝသို့ ရောက်ချင်၏။ ဒေါ်တင်တင်စံလို လူမျိုးက သူ့ဆီမှာ ရှိနေသည့် ငါးကျပ်တန်ကျောက်ခဲဘစ်တုံးပင်ဖြစ်စေ ငါးသိန်းပေး၍ ဝယ်ပေမယ့် ရောင်းချင်မှရောင်းမှာ၊ သူ့မှာ ငွေမှမလိုဘဲ၊ သူ စေတနာရှိ၍ သဒ္ဓါပေါက်ပြီဆိုလျှင်တော့ ငါးသိန်းတန်ပစ္စည်းပေမယ့် အလကားလည်း ပေးချင်ပေးမည်။ တန်ရာတန်ကြေးနှင့်လည်း ရောင်းချင်ရောင်းမည်။ တန်ဖိုးမှလျှော့ပေါ့၍လည်း ရောင်းနိုင်၏။

အလကားလည်း မလိုချင်ပါ၊ တန်ဖိုးထက်လည်း လျှော့မရောင်းပါနှင့်၊ နီလာဖြူတစ်ဆင်စာကို တန်ရာတန်ဖိုးနှင့် ပြန်ဝယ်ခွင့်ရမည်ဆိုလျှင်တောင် ကျေးဇူးတင်လှပါပြီ။ မိခင်လက်ထဲမှာ ပျောက်ပျက်ခဲ့ရသည့် ရတနာမို့ သမီးဘဝမှာ ပြန်လည်သိန်းသိမ်းခွင့်ဖြင့် အဖတ်ဆယ်ချင်သည်။ ယုံတာ မယုံတာအပသား၊ ဤပစ္စည်းမရှိ၍ ဒုက္ခတွေ တစ်ခုပြီးတစ်ခု ဆင့်ရသည်ဟု ဆိုလျှင် ဤပစ္စည်းကို လက်ဝယ်ပိုင်ပိုင် ပြန်လည်ရယူချင်သည်။

ပိုင်ခွင့်ရရှိသည်ဟုလည်း ထင်၏။ မူလက မည်သူ့ပစ္စည်းပဲ ဖြစ်ခဲ့စေ ဒေါ်တင်အေးဆင့် မိခင်က တရားသဖြင့်ဝယ်ယူရရှိခဲ့ခြင်းဖြစ်သည်။ ကိုယ့်မိခင်လက်ထက်မှာ အခိုးခံခဲ့ရတာပေမယ့် ကိုယ့်လက်ထက်မှာ ပြန်ဝယ်ချင် ဝယ်ရပါစေ ပြန်ရဖို့သာ အဓိကဖြစ်ပေ၏။

"ဒေါ်တင်တင်စံနဲ့ ရင်းနှီးချင်တယ် ကိုဉာဏ်ရယ်"

တကယ်တမ်းကျတော့ သစ္စာထွန်းသည် ဒေါ်တင်တင်စံနှင့် သွေးသားမတော်စပ်သလို ဆွေရိပ်မျိုးရိပ် မကင်းလည်း မဟုတ်ချေ။

ပြောကြကြေးဆို ငရုတ်သီး အတောင့်တစ်ရာမှာ တစ်တောင့်မျှမစပ်သည့် ပတ်သက်ရာ ပတ်သက်ကြောင်းသာ ဖြစ်၏။ ကိုဉာဏ်ထွန်းကမူ အတောင့်တစ်ရာမှာ တစ်တောင့်လောက် စပ်ချင်သေးသည်။ ဦးလှမောင်၊ ဒေါ်ခင်ခင်မှို့ မျိုးဆက်လေ။

"ဒီအမျိုးတွေနဲ့ ပေါင်းခွင့် သင်းခွင့်ရမှ လူရာဝင်တာ မဟုတ်ပါဘူးကွ၊ ကိုယ့်ဘာသာ ရိုးသားကြိုးစား ကိုယ့်ပညာ၊ ကိုယ့်စည်းစိမ်၊ ကိုယ့်ကိုယ်ကျင့်တရားနဲ့လည်း လူရာဝင်ထည်ဝါတာပါပဲ"

"ဘာပဲဖြစ်ဖြစ် စံမျိုး ဆိုတာကတော့ မသိသူလည်းမရှိ၊ ထိတ်ထိတ်ကြဲ ကျိုကျိုတက်တွေ၊ ပညာတွေလည်းတတ်၊ စုန်းပြူးလေးတောင် တစ်ယောက်တလေ မပါလေတော့...

"တကယ့် ဆွေကြီးမျိုးကြီး ဖြစ်နေတော့ အဲဒါတွေနဲ့ ရင်းနှီးကျွမ်းဝင်ချင်တာ မှန်ပါတယ်၊ အဲဒါထက်ကို



သစ္စာနဲ့ မေမေ့လက်ထက်က ပျောက်ဆုံးသွားတဲ့ နီလာဖြူကို ပြန်ရချင်တာလည်း ပါပါတယ်"

"ဘယ်သူက ပြန်ပေးမှာလဲ"

"ဝယ်ခွင့်ရရင်လည်း ဝမ်းသာလှပါပြီ"

"အေးလေ ... အဲဒီဝယ်ခွင့်ကိုပဲ ..."

"ဒေါ်တင်တင်စံ"

"သူ့ဆီမှာလို့ သစ္စာကို ဘယ်သူပြောလဲ"

"သေချာပေါက် အထင်လို့ပဲ ပြောချင်တယ်"

"အထင်ဆိုတာ သေချာပေါက် ဘယ်တိုးနိုင်ပါ့မလဲကွာ"

"သေချာသလောက်ပါ ကိုထွန်းရယ်၊ ဒေါ်တင်တင်စံက စံမျိုးဆက် အမွေရတနာတွေဆိုရင် နည်းမျိုးစုံနဲ့ လိုက်ပြန်စုနေတာပဲ၊ တစ်စုံကို နှစ်စုံပေးပြီး လဲလိုလဲ၊ တန်ဖိုးထက်နှစ်ဆလောက် ပိုပေးလိုပေး၊ တချို့ကျတော့လည်း သူ့အငြိုအငြင်မခံရဲတာနဲ့ ရောင်းရ ...

"ဒေါ်စံမြမှီ ဆိုတဲ့အမျိုးသမီးကို ဘွားဘွားက စံမျိုးထင်ခဲ့တယ်၊ နာမည်မှာသာ စံထည့်မှည့်ထားတာ၊ စံမျိုးမှ မဟုတ်ဘဲ၊ ဒေါ်တင်တင်စံဆီ သွားကိုရောင်းမှာ ...

"ပြီးတော့ သူတို့ နည်းနည်းလည်း နွမ်းပါးတယ်တဲ့၊ သိပ်မပြည့်စုံလှဘူး"

"ဒါတွေ သစ္စာ ဘယ်လိုသိထားလဲ"

"စုံစမ်းထားတာပေါ့"

ဦးဉာဏ်ထွန်းက သက်ပြင်းမောကိုချလေ၏။ ကိုယ့်ဇနီးအကြောင်း ကောင်းကောင်းကြီးကို သိသည်။ သစ္စာသည်

အလွန်သနားစရာ ကောင်းရှာ၏။ လူ့ပြည်သို့ မရောက်မီကပင် ဖခင်စွန့်ပစ်ခြင်း ခံခဲ့ရသည်။

မိခင်ခမျာ သတင်းစာကြော်ငြာတစ်ခုဖြင့် သစ္စာထွန်း၏ဖခင်အမည်ကို ဖော်ခဲ့ရသည်ဟု လူတကာကဲ့ရဲ့ရှုတ်ချ ဝိုင်းပယ်ခြင်းကို ခံခဲ့ရပါသည်။

သစ္စာထွန်း လက်ထက်မှာ လူရှိသေ ရှင်ရှိသေ သိပ်မရှိသည်မို့ အနေအထိုင်ကို အတော်ကြီး သတိထားခဲ့ရသည်။ ဦးဉာဏ်ထွန်းကတော် ဖြစ်လာမှ နည်းနည်းပါးပါး မျက်နှာထားတတ်ဖို့ ဖြစ်လာရတာပါ။ သည်တော့ ဆွေကြီးမျိုးကြီး၊ လူ့မလိုင်ဆိုသည့် အထက်လွှာထဲမှာ ဝင်ဆံ့ကျင်လည်ချင်ရှာတာ။ အဘွား လက်ထက်မှ အရိပ်မည်းကြီး သမီးဖြစ်သူ မိမိမှ တစ်ဆင့် မြေးဖြစ်သူ သမီးငယ်ထိ ဆက်လက် အရိပ်ထိုးနေမှာ စိုးတာတွေ ဒါတွေကို ဦးဉာဏ်ထွန်း သိသည်။

ဦးဉာဏ်ထွန်းကတော့ နည်းနည်းလေးမှ ဂရုမစိုက်ပါ။ ကိုယ်ကောင်းဖို့ပဲ လိုသည်ဟု ခံယူ၏။ ဇနီးသည်၏ တိတ်တခိုးဆန္ဒကို သိပေမယ့် ဖွင့်မေးခြင်း၊ ဖျောင်းဖျနားချခြင်းများ မလုပ်လိုတော့။ သူ့အတွေး သူ့စိတ်ကူးလေးနှင့်သူ နေပါစေတော့ဟု ကြင်နာမှုဖြင့် ငေးကြည့်ပေးဖို့ပဲ ရှိတော့သည်။

"တကယ်ကျတော့ အဲဒါ သမီးတို့ပိုင်တာနော်၊ ယူတဲ့သူက သူခိုးပဲ၊ နောက်တစ်ယောက်လက်ထဲ ရောက်ရင် အဲဒီလူ သူခိုးလက်ခံ"

"အို ... သမီးလေး၊ စံမျိုးစံနွယ်တွေကို အဲဒီလို မပြောပါနဲ့ကွယ်"



အဲသည်လောက် တန်ဖိုးထား လေးစားခဲ့ပါလျက်၊ ဒေါ်နီလာဆွေ၏ညီမ မင်္ဂလာပွဲမှာ ရင်းနှီးခွင့်ကလေးကို အောက်ကျို့တရို့ ကြိုးစားခဲ့ပါလျက် ဒေါ်တင်တင်စံ မာနထားခဲ့ပုံက ရက်စက်လွန်းသည်။ ဦးဉာဏ်ထွန်းက မှို့မျိုးဆက်မှ ပေါ်ထွက်လာခဲ့သူ၊ ဒေါ်သစ္စာထွန်းက လူ့ဘဝရောက်လာပုံမှာ လာခြင်းမကောင်းလှ မိန်းမသား။ သည်လူနှစ်ယောက် ပေါင်းစပ်ထားသည့် အိမ်ထောင်ကို ဒေါ်တင်တင်စံက အဖက်မလုပ်ချင်ဘူးတဲ့လေ။

တိကရော မာနရှင်၏သား၊ မာနမင်းသားကို အဖက်လုပ်ရမှာလား၊ မာနမချိုးသင့်ဘူးလား၊ ပြီးတော့ တိတို့ တရားဝင်ပိုင်ဆိုင်သင့်သည့် ကျက်သရေရှိလှသော ရတနာတစ်စုံကို ပြန်လည်မရရှိသင့်ဘူးလား။

အဲသည်ကြွေးတွေကို ဆပ်တော့ တိလူလေးရယ်။

* ○ *

## အခန်း(၈)

ဘုရားကိုးဆူသို့လာရန် ပြင်ဆင်ရင်း သူ့ကို သတိတရဖြစ်ခဲ့မိသေးသည်။

မျက်နှာပေါ် မိတတ်ကပ်ပါးပါးတင်သည်။ သနပ်ခါးထပ်မလိမ်းတော့ဘဲ ပါးနီကို အရောင်ဖွဲ့သည် ဆိုရုံလေးလိမ်း၊ နှုတ်ခမ်းက အရောင်ရင့်ကိုပဲ နှုတ်ခမ်း၏အပြင်ဘွန်းမှာဝိုက်ဆိုး၊ အလယ်သားကို သည်တိုင်းချန်ထား၊ ပြီးတော့ တစ်ရှူးလေးနှင့် ဖိလိုက်၏။ အရောင်ဖျော့ကို ထူထူဆိုးတာထက် အရောင်ရင့်ကို ပါးပါးဆိုးရတာ တီ ပိုကြိုက်သည်။

"ဘုရားကိုးဆူ ဆိုပေမယ့် မင်္ဂလာဆောင်နဲ့ နင်လား ငါလားပဲ"

မေမေက ကြိုပြောထားသည်မို့ အပြာရောင်ခံမှာ ငွေချည်ကျဲကျဲပါသည့် ချိတ်လုံချည်ကို အင်္ကျီလက်ရှည်နှင့်ဆင်တူဝတ်ဖို့ ရွေးခဲ့သည်။ အင်္ကျီက လည်ပင်းနည်းနည်းကျယ်သည်မို့ ဆွဲစရာလည်ဆွဲအတွက် ဒေါ်သစ္စာထွန်းက နီလာကရောင်းကြိုးနှစ်ကုံးဆင့် ထုတ်ပေးသည်။ နားကပ်၊ လက်ကောက်နှင့် လက်စွပ်တို့ပါ နီလာတစ်စုံစာ အပြည့်ဝတ်ရင်း သူ့ကို သတိရလိုက်တာပါ။



တီ အဲသည်လို လှလှပပ သိပ်ပြင်ခဲတာ။ မိန်းကလေးမို့ အလှအပ ကြိုက်တတ်သူပင် ဖြစ်သည်။ ပြင်ရဆင်ရတာကို ဝါသနာလည်း ပါပါသည်။ တီသည် လှချင်သူလေးလည်း ဖြစ်ပါသည်။ သို့ပေမဲ့ ဘာကြောင့်မှန်းမသိ။ ပြင်ခဲ ဆင်ခဲသည်။ ပွဲလမ်းသဘင်တွေ သိပ်မလိုက်ဖြစ်ဘဲ စာတွေပိနေတာကြောင့်လည်း ဖြစ်နိုင်၏။ ပွဲလမ်းမရှိဘဲ အိမ်မှာနေရင်း ကျောင်းတက်ရင်းကျတော့ တီ ပြင်ဆင်လိုစိတ် မရှိပါ။

မှန်ထဲမှာ မြင်နေရသည့် ကိုယ့်ရုပ်သွင်ကို ကိုယ့်ဘာသာ ကျေနပ်စွာငေးရင်း ချစ်ရသူကို သတိတရ ဖြစ်မိလိုက်ရတာပါပဲ။ သူ တီ လှလှပပ ပြင်ဆင်ထားတာမျိုး တစ်ခါမျှမမြင်ဘူးရှာ။

တီက ကျောင်းသွားလျှင် သနပ်ခါးရေကျဲလောက်ပွတ်သတ်လိမ်းလျှင်လိမ်း၊ တစ်ခါတလေ စနိုးကရင်မ်တစ်ခုခုပဲလိမ်း၊ တို့ပတ်ရိုက်ပြီး မျက်ခုံးမွေးကို သွားပွတ်တံနှင့် ခြစ်လိုက်ရုံဖြင့် တီ၏အလှပြင်ခြင်းကိစ္စကို ပြီးစေခဲ့တာ။ ကျောင်းတက်လျှင် နှုတ်ခမ်းနီလည်း ဆိုးလေ့မရှိပါ။ မျက်နှာပြောင်နှင့် တီကို သူ သည်လောက်ချစ်လျှင် ခုလို လှလှပပ ပြင်ဆင်ထားသည့်အခါတွင် သူ ဘယ်လိုနေရှာမည်လဲ။

တွေ့ချင်တယ် တီလူလေးရယ် ...။

ဦးအောင်ဇံနှင့် ဒေါ်တင်တင်စံတို့ မိသားစုကို ဖိတ်ထားသည်ဟုလည်း အလျူရှင်ကိုယ်တိုင်က ပြောထားသည်ဆိုတော့ သူ့မိခင်လာမှာ သေချာ၏။ ဒေါ်တင်တင်စံ၏ ခံယူချက်က အလှူမင်္ဂလာပွဲများမှဖိတ်လျှင် သွားကိုသွားရမည်။ ကြွရောက်ချီးမြှင့်ခြင်းအမှု ပြုကိုပြုရမည်ဟူ၏။ သူ ပါလာ မလာတော့

အတိအကျ မပြောနိုင်။ ဦးအောင်ဓံ ကိုယ်တိုင် ကားမောင်း၍သော်လည်းကောင်း၊ ယာဉ်မောင်းနှင့်သော်လည်းကောင်း လာနိုင်သည်မို့ သူ့လို လူငယ်ပိုင်းကတော့ ပါမလာဖို့ များသည်။ တိကတော့ အလှူရှင်၏သမီးက တိနှင့် အထက်တန်းတုန်းက ကျောင်းနေဖက်သူငယ်ချင်း ဖြစ်လို့နေသည်။

သူက "ဆေး" မဝင်၊ ကိုယ်က ဝင်သူ၊ သူက အလှူဖိတ်တာမသွားလျှင် မာနကြီးသွားပြီဆိုတာ အရင်ဆုံး အပြောခံရမည်။ သူ့မေမေ အလှူရှင်ကိုယ်တိုင်နှင့် ဒေါ်သစ္စာထွန်းတို့လည်း ခင်ကြသည်။

"သစ္စာတို့ သားအမိပဲ သွားကြနော်"... တဲ့။

မေမေကတော့ လူစည်ကားရာ အရပ်သို့ အတတ်နိုင်ဆုံး ရှောင်တတ်သူဖြစ်သည်။ ဝတ်ကာစားကာလည်း မနေတတ်။ မနေချင်။ တစ်ပတ်နွမ်းလေးတွေသာ လှည့်ပတ်ဝတ်ရင်း အေးဆေးလှသူဖြစ်၏။

"တို့သားအမိ ခုလို အလှူတွေတူ မသွားဖြစ်တာတောင် ကြာပြီ"

လှပကြော့ရှင်းနေသည့် သမီးကို ဒေါ်သစ္စာထွန်းက ပီတိဖြင့်ကြည့်၏။

"ပြောရရင် မှတ်မှတ်ရရပဲ၊ ဟိုတစ်ခါ ဒေါ်တင်တင်စံနဲ့ တွေ့ပြီးကတည်းက"

"ဟင်"

ရင်ထဲ လှိုက်ခနဲ ဖိုသွားမိသည်။

ကိုယ့်အလှလေး သူ ကြည့်ပါစေ၊ သူ ပါလာပါစေဟု ဆုတောင်းထားမိသည့် ပီတိအိုးလေး ဖျတ်ခနဲကွဲလေ၏။



"ခုတစ်ခေါက်လည်း တွေ့နိုင်တယ်၊ ဒေါ်တင်တင်စံတို့လည်း ဖိတ်ထားလို့ လာဖြစ်အောင် လာပါတဲ့၊ မိတ်ဆက်ပေးမယ်တဲ့ ဝေဝေကလေ၊ မေမေက ပြောလိုက်တယ်၊ ဒေါ်တင်တင်စံ လာမှ အလှူပွဲ အထမြောက်မှာဆိုရင် သစ္စာ မလာဘူးလို့"

"ရှင်"

"ကျေးဇူးမပြုပါနဲ့ ကျေးဇူးရှင်၊ ဘယ်သူနဲ့မှ မိတ်မဆက်ပါရစေနဲ့လို့လည်း ပြောထားတယ်၊ ဒီတစ်ခါ ထပ်အရှက်ကွဲရရင် ဒေါ်တင်တင်စံအပြစ် မဟုတ်ဘဲ မေမေ့အပြစ် ဖြစ်သွားမှာ"

ပထမဆုံး သတိထားလိုက်မိသည့် ခံစားမှုက ဝဲဘက်ရင်ဘတ် နှလုံးသားရှိသည့် နေရာတည့်တည့်က စူးမျက်နာကျင်သွားခြင်းပါပဲ။ ပြီးတော့ လည်ချောင်းဝနားဆီမှာ ဆို့နင်ကြေကွဲသည်။ ဝမ်းပန်းတနည်း ဝေဒနာဖြင့် နာကျင်လှိုက်လှဲရသည်။ ရင်တွင်းနာက တစ်ကိုယ်လုံးရှိ ခွန်အားတွေကို စုတ်ထုတ်ပစ်လိုက်သလား ထင်ရသည်။ လှိုက်လှဲကြေကွဲမှုက မျက်ရည်တို့ကို စို့ခဲလေသည်။

မျက်လုံးကို မှိတ်ချပစ်လိုက်ရပါ၏။

ဒေါ်တင်တင်စံနှင့် တွေ့ချင်တွေ့နိုင်သည့်ပွဲကို တိတို့သားအမိ လာဖြစ်ခဲ့ရပြန်ပြီ တိလူလေးရယ်၊ တိလူလေး ပါမလာပါစေနဲ့တော့။ မတွေ့ချင်တော့ပါဘူး တိလူလေးရယ်၊ ပြင်ဆင်သားရသမျှ လှလှပပတွေကိုလည်း မပြချင်တော့ပါဘူး၊ မတွေ့ရစေနဲ့ရှင်။

✻ ○ ✻

"မမသတ္တိ"သည် ကံမကောင်းသည့် မိန်းမသားဆေလား၊ ဆုတောင်းနည်းနည်းကလေးမျှ မပြည့်ခဲ့ပါ။ ဖြောင့်ဖြောင့်ကြီးကို ဆန့်ကျင်ခဲ့ပြီကော။

"တိ"

ပထမဆုံးဆုတောင်းက ဤပွဲသို့ သူ လိုက်မလာပါစေနှင့်။ ဒုတိယဆုတောင်းက လိုက်လာသည့်တိုင် တိကိုမတွေ့ပါစေနှင့်။ တွေ့သည့်တိုင် လူတွေခြားနေ၍ နှုတ်မဆက်ဖြစ်မိ တိက ရှောင်ခွင့် ပုန်းခွင့် အချိန်ရပါစေဟူ၍ ...

ခုတော့ ဘုရားကိုးဆူပွဲသို့ ပါလာခဲ့သည်။ ပြီးတော့ သူ တိကို တွေ့သွားခဲ့သည်။ တိ ရှောင်ချိန် ပုန်းချိန် မရပါ။ သူနှင့် တိတို့ ဘွားခနဲကို ရင်ဆိုင်မိကြတာမို့ အမြင်မသဲကွဲစေဖို့ ကြားလူတွေလည်း မရှိပါ။

"တိ ... ဘယ်သူနဲ့လာလဲ"

ပထမဆုံး သူ့မျက်နှာ ရွှင်လက်ဝင်းပသွားလိုက်ပုံကို တစ်သက်မှာ ဤတစ်ခါသာ မြင်ဖူးရနိုင်တော့မည်ဟုတောင် တရားလွန် ပြောချင်မိပါသည်။ အဲသည်လောက်ထိ တောက်ပဝင်းလက်သည်။

"လှလိုက်တာ အရမ်းပဲ"

အသံကိုနှိမ့်၍ ကျိတ်ပြောရင်း သောဘိဝဲယာကြည့်၏။

"အရမ်းလှတယ်ကွာ၊ သိပ်ချစ်ဖို့ ကောင်းတာပဲ"



သူ့နှုတ်ခမ်း ပြန့်ကားနေသမျှ ပြန်လည်ဆွဲစေ့ဖို့ ကြိုးစားသေးပေမယ့် မနိုင်တော့ပုံနှင့် ဇက်ကုန်လွှတ်လိုက်ပြီထင်၏။ ပြုံးထားလိုက်ပုံများက အသံမထွက်လို့သာ အပြုံးလို့ ပြောရသည်။ တဟားဟား ရယ်သူ၏ နှုတ်ခမ်းလောက်ကို ကျယ်ပြန့်သည်။

"အတော်ပဲ၊ မေမေနဲ့ မိတ်ဆက်ပေးရမယ်၊ ကံကောင်းလိုက်တာ၊ ဒီလိုပွဲမှာ ဆုံရတော့ တိမှာလည်း သိက္ခာရှိတယ်၊ လာမယ်ဆိုတာ ကြိုမပြောဘူး၊ တို့က မလိုက်ဘဲတောင်နေတော့မလို့"

မလာဘဲများ နေလိုက်ပါတော့လား တိလူလေးရယ်။ သူကတော့ နှုတ်သွက်သလောက် သူ့ရင်ထဲမှာ အပျော်က မျက်နှာပေါ်တက်လာသည်။

"ဘယ်သူနဲ့လာလဲ"

"မေမေနဲ့"

"ဘယ်မှာလဲ"

"အိမ်ပေါ်တက်ပြီး ဘုရားဖူးတယ်၊ တိက လူစုံတဲ့နေရာသွားရင် ဟိုလူတွေ့ ဒီလူတွေ့ ဖြစ်မှာစိုးလို့ နေခဲ့တာ"

"တို့ရောပဲ၊ တမင် ဒီဘက်လူရှင်းလို့ ထွက်လာတာ"

ဖြစ်မှ ဖြစ်ရလေဟုသာ ညည်းချင်မိပါတော့သည်။

ခြံထဲမှာ စားပွဲတွေချ၍ မုန့်စားဖို့ ပြင်ထားပြီး ဘုရားကိုးဆူပွဲက အိမ်ပေါ်မှာ ပြင်ထားသည်။ ဘုရားကိုးဆူလာလျှင် ဘုရားကိုတော့ ဖူးဖြစ်အောင် ဖူးကြသည်ချည်းပါ။ သည်တော့ ဘုရားပတ်ဝန်းကျင်မှာ ညှော်မစဲ ရှိနေတတ်သည်။ ခြံထဲစားပွဲဝိုင်းဘွမှာတော့ ထောင့်စွန်းကျပြီး မီးနှင့် ခပ်ဝေးဝေးဆိုလျှင် အေးအေး

ဆေးဆေး နေလို့ရသည်။ ခုတော့ လူရှောင်ချင်သည့် ချစ်သူနှစ်ဦး က တိုက်ဆိုင်စွာ လာဆုံကြတော့သည်။

"ဒီဘက်က အစွန်ကျတော့ နည်းနည်းချောင်ကျသလို ဖြစ်နေတယ်၊ အလယ်စားပွဲတွေဆီ သွားမလား"

အဲဒါပဲလေ ... တီလူလေးကို သိပ်ချစ်မိသည့်အထဲ မှာ အဲဒါတွေလည်း ပါတယ်ဟုသာ ပြောချင်တော့သည်။ တစ် ဖက်သားအတွက် အမြဲစဉ်းစားပေးသည်။ မိန်းမသားကို ညှာသည်။ ချစ်သူသိက္ခာကျမည့် အလုပ်မျိုးကို သူ ရှောင်၏။ ဘယ်လောက် လေးစားမြတ်နိုးဖွယ် ကောင်းလိုက်ပါသလဲကွယ်။

"ဟော ... မေမေတောင် အိမ်ထဲကပြန်ထွက်လာပြီ၊ တီ ... မေမေနဲ့တွေ့ဖို့ လိုက်ခဲ့မလားဟင်"

"ရှက်တယ်"

"ဒါဖြင့် မေမေ့ကို ဒီနားခေါ်ခဲ့ရမလား"

"အဲဒီလိုလည်း ဘယ်ကောင်းမလဲ၊ လူကြီးက လာရတော့ လူငယ်တွေက ရိုင်းတာပေါ့"

"တီက အရမ်းလိမ္မာတာပဲ၊ အဲဒါလေးတွေကြောင့် ပိုချစ်ဖို့ ကောင်းနေတာ"

တီ မျက်ရည်တွေ စို့ခနဲ ဝဲလာသည်။

"တီ မျက်လုံးက ဒီည အရမ်းတောက်တာပဲ"

သြော် ... လူရော်လေးရယ်၊ သူများတွေ မချိုလို့ပေါ့ ဝ့သွားကို ရယ်သလား မေးကြတယ်တဲ့။ တီလူကလေးကတော့ ကြေကွဲစိတ်နဲ့ဝဲတဲ့မျက်ရည်ကိုများ မျက်လုံးအရောင်တောက်သတဲ့။ အဲဒါ မျက်ရည်တွေလို့ အော်ငိုပြီး ပြောချလိုက်ချင်ပါရဲ့။

"ဟဲ့ ... သား"



"ဟော ... မေမေ"

ချိန်းထားလျှင်တောင် ဖွဲ့နိုင်ပါသည်။ ဒေါ်တင်တင်စံ က ဘုရားဖူးပြီး ဆင်းအလာမှာ လူရှင်းသည့်ဝိုင်းတွေသို့ သွား ထိုင်ရန် လျှောက်လာခဲ့သည်။ သားတော်မောင် ဥက္ကာက လူရှင်း ဝိုင်းတွေဘက် လျှောက်သွားကျန်ရစ်တာမို့ သားနှင့်ဆုံဖို့အလာ ကိုတို့နှစ်ယောက်ကကျတော့ လူရှင်းဝိုင်းမှ အလယ်ဝိုင်းတွေဆီ အလာ မျက်နှာချင်းဆိုင်လားရာမို့ မျက်နှာချင်းဆိုင်ပဲ တွေ့ကြရ တော့သည်။

"မေမေ ... ဒီမှာ ထိုင်ပါလား၊ တီ ဒီမှာ ခဏထိုင်နော်"

ဥက္ကာ အလုပ်ရှုပ်သွားရသည်။ ဗျာယာခတ်သွားသည်။ အမေကိုတစ်လှည့်၊ ချစ်သူကိုတစ်လှည့် ကြည့်သည်။ ဒေါ်တင်တင်စံ ကကျတော့ သားမို့၊ တီကကျတော့ ချစ်သူမို့၊ ဥက္ကာကို ချစ်ကြသူ ချည်းမို့ စီမံရာမှာ နာခံသလိုလိုနှင့် ပြေပြစ်ချောမွေ့ဖို့ပဲ ဆန္ဒရှိကြ သော်။ စားပွဲလွတ်တစ်ခုမှာ သုံးယောက်သား ထိုင်ဖြစ်တော့သည်။

"ဒါ ... မမသက္ကာပါ မေမေ၊ တီ ... တို့ မေမေ"

"ဟုတ်ကဲ့ပါရှင့်"

"သမီးလေးက လှလိုက်တာပါလားကွယ်"

ဝါကျနှစ်ကြောင်းက ပြိုင်တူလို ထွက်သည်။ နှစ် ယောက်လုံး ပြုံးနေကြ၏။

"မသစ္စာထွန်း မပါဘူးလားကွယ်"

"မေမေက ဘုရားသွားဖူးနေပါတယ်"

"သြော် ... နေကောင်းရဲ့လား၊ မေးတယ် နှုတ်ဆက်တယ် လို့ ပြောနော်၊ ကိုညာဏ်ထွန်းကော နေကောင်းလား"

"ဟုတ်ကဲ့ ... ကောင်းကြပါတယ်"

ဒေါ်တင်တင်စံက တိကို ပြုံး၍ကြည့်နေသည်။ ကလေးမလေး လိမ္မာရေးခြား ရှိပုံရပါ၏။ စကားပြောပုံနှင့် လူကြီးသူမ ဆက်ဆံပုံတို့ ယဉ်ကျေးသိမ်မွေ့သည်။ ဒီလောက် ဆိုလျှင်ပဲ သားချစ်သူကို ကြည်ဖြူခွင့်ပြုပေးလိုက်ပါတော့မည်။ ဒေါ်တင်တင်စံ မျက်လုံးထဲသို့ ကြည့်မရအောင် ထော်လော်ကန့် လန့်ဝင်သည့် အမျိုးအစားထဲက ဖြစ်မနေတာဘဲ တော်လှပြီ။

လွန်လေပြီးသော အတိတ်ကာလကိုတော့ ပြည်ဖုံး ကား ချရမည်ထင်သည်။

နောက်တစ်ချက်က လူတကာ ဒေါ်ရွှေအိမ်စံကို တမ်းတကိုးကွယ်နေသည်။ ဒေါ်ရွှေအိမ်စံသည် ထက်မြက်သော မိန်းမသားဖြစ်၏။ အပေးအလှူ ရက်ရောဏ်။ သူကစ၍ မည်သူ့ အပေါ်မှာမှ မတော်မတရား ပြုမူခြင်းမရှိ၊ ငါးပါးသီလမြဲပေမယ့် သည်းခံခွင့်လွှတ်ခြင်းနှင့် မာန်တက်ခြင်းတို့မှာတော့ အောင်မြင် နေသော၊ ချမ်းသာနေသော၊ ထက်ထက်မြက်မြက် အမျိုးသမီးကြီး တစ်ဦး၏ သဘောသဘာဝမျိုးနှင့် ဖြစ်နေ၏။ ဒေါ်ရွှေအိမ်စံလက် ထက်မှာ ဆွေရုဏ်မျိုးဂုဏ် ပျက်ရကောင်းလားဟု စွန့်ပစ်ခဲ့သည့် ဆွေပြတ်မျိုးပြတ်တွေ ရှိခဲ့၏။

ဒေါ်တင်တင်စံသည် ဒေါ်ရွှေအိမ်စံ ကဲ့သို့ ဆွေစု မျိုးစုကို ဒုတိယအကြိမ် စည်းရုံးစေခဲ့သူ ဖြစ်သည်။ သည်ကြားထဲ မျိုးဆက်တွေမှာ အပေးအကမ်း ရက်ရောသူ မရှိလှသည်မို့ သဲ့ဇာ ကျသင့်သလောက်ကျကာ စည်းရုံးမှုလည်း လျော့ရဲခဲ့၊ အေးအေး နေတတ်ကြတာလည်းပါ၏။ ဒေါ်တင်တင်စံကျတော့ ကိုယ်အေး လျှင်ပြီးရော နေတတ်သူ မဟုတ်၊ တစ်ဆွေတစ်မျိုးလုံး သောက သည့် သူ့သောကဖြစ်၏။



ပေးတန်တာပေး၊ မာန်သင့်တာမာန်၊ ကိုယ်တိုင်လည်း ...တ်တာမလုပ်၊ ဒေါ်ရွှေအိမ်စံ ကွယ်လွန်ပြီးနောက် အမွေစုတွေ ...၍ တကွဲတပြားစီ ဖြစ်ကုန်သည့် ရတနာတွေကို တန်ဖိုးသက် ... တစ်ခါတစ်ရံ နှစ်ဆမျှမက ပေးချေ၍ ပြန်လည်စုစည်းခြင်း ...ဖြင့် "စံ"မျိုးဆက်၏ အရှိန်အဝါနှင့် စည်းရုံးမှုကို ပြန်လည် ...ဆောင်ခဲ့သူဖြစ်၏။

သည်တော့ ဒေါ်ရွှေအိမ်စံနှင့်မတူသော ဒေါ်ရွှေအိမ်စံ ... အပြုအမူထက် ပိုမို၍ လူချီးမွမ်းဖွယ်ဖြစ်သော လုပ်ရပ်တစ်ခုကို ...တင်တင်စံ ဆောင်ရွက်ခဲ့ဖို့၊ စံမျိုးဆက်မှာ နာမည်ချန်ခဲ့ဖို့ ...န်ရစ်စေဖို့ လုပ်ဆောင်ချက်တစ်ခုကို လုပ်ခဲ့မည်ဟု ဆုံးဖြတ် ...ကဲ ချမိတာလည်း တစ်ပတ်ကျော်ကျော်လောက် ရှိသေးသည်။

စွန့်ပစ်မျိုးဆွေတွေကို ရွှေလမ်း ငွေလမ်း ပြန်ဖောက် ...တော့မည်။

"ကိုညာဏ်ထွန်းက အလုပ်များမယ့်ပုံ ရတယ်နော်၊ စနေ တနင်္ဂနွေကော နားရရဲ့လား"

"တစ်ခါတလေတော့ လုပ်ပေးရပါတယ်၊ များသောအား ဖြင့်မှာ စနေ၊ တနင်္ဂနွေတော့ အားပါတယ်၊ ရုံးဆင်းချိန်က တော့ ခြောက်နာရီထက် ဘယ်တော့မှ မစောပါဘူး"

"သစ္စာထွန်းကကော အလုပ်လုပ်သေးလား"

"မေမေ မလုပ်ပါဘူး"

"လာပြီလည်ကြပါဦးလို့ ပြောပါ၊ မကြာခင်လည်း အိမ်မှာ ပွဲတစ်ပွဲလုပ်မယ် စိတ်ကူးတယ်၊ ဘာရယ်မဟုတ်ပါဘူး၊ ဆွေစုမျိုးစုဆုံတဲ့ ပွဲကလေးပါပဲ၊ အဲဒီအခါကျ သမီးတို့ မိသားစုတက်ဖြစ်အောင်တက်နော်။ နီးတော့ ထပ်ပြောမယ်"

"မေမေ့ကို ပြောပြပါမယ်"

ကောင်မလေး လိမ္မာတယ်ဟု ချီးကျူးရပြန်သည်။ ဒေါ်တင်တင်စံ၏အိမ် ပျော်ပွဲရွှင်ပွဲသို့ ဦးဉာဏ်ထွန်း၊ ဒေါ်သစ္စာထွန်းက လာလိုစိတ် ရှိချင်မှရှိမည်။ ရှိချင်လည်း ရှိနေမည်။ သမီးဖြစ်သူက မိဘဆန္ဒကို မသိမိ ကြိုတင်ခွင့်တောင်းခြင်းမရှိပါဘဲ အာမခံမဝေသည့် အကျင့်လေးက တန်ဖိုးရှိနေ၏။

"ကျွန်မကို ခွင့်ပြုပါဦး၊ မေမေ့ဆီ လိုက်သွားမလို့ပါ"

"သြော် ... အေး ... အေး၊ သစ္စာထွန်းက ဘုရားဖူးနေတယ် ထင်တယ်"

"ဟာ ... ကျေးဇူးရှင်မလေး"

ဦးမြက အပြေးအလွှား ရောက်လာ၍ အမောတကော နှုတ်ဆက်လေ၏။

ဒေါ်တင်တင်စံနှင့် ဣန္ဒိတို့က အံ့သြနေသည်။

ဘုရားကိုးဆူပွဲမှာ လာသည့်လူတွေက ကားတွေနှင့်ချည်းမို့ နောက်ပိုင်းရောက်လာသည့်ကားတွေ လမ်းပေါ်မှာရပ်ကြရသည်။

ဦးမြက ကားရပ်ထားသည့်နေရာကို ဒေါ်တင်တင်စံတို့အပြန်မှာ ရှာရခက်စေရန် ပြောဖို့ဝင်အလာမှာ မမသစ္စာနှင့်တွေ့သွားရခြင်း ဖြစ်ပေ၏။

"မမတင်တင် ... ဒါ ကျွန်တော့်သွေးလှူရှင် ကျေးဇူးရှင်မလေးပါ"

"သြော် ... ကိုမြရယ်၊ ဒါနဲ့များ ဖယ်ရီဒရိုင်ဘာသမီးတဲ့ ဒါလေးက သားရဲ့သူငယ်ချင်း"



"ကားမောင်းတဲ့ ဦးလေးကြီးက ကျွန်မကို သမီးလို့ အမြဲခေါ်ပါတယ်၊ ဘာတော်လဲမေးရင် သမီးလို့ပဲ ဖြေလေ့ရှိပါတယ်၊ ကျွန်မကိုလည်း ကျောင်းပို့ရမယ့်တူတူ အိမ်ကကားကို ဖယ်ရီတစ်ခါတည်း ဆွဲလိုက်တာပါ"

"သြော် ... သြော် ... ချီးကျူးတယ်ကွယ်၊ စီးပွားရေးဆိုတာ နည်းမျိုးစုံနဲ့ ရှာသင့်တယ်၊ အဲဒီ နည်းမျိုးစုံဆိုတာတွေဟာလည်း သမ္မာအာဇီဝတွေချည်း ဖြစ်ရမယ်၊ ပြီးတော့ ကိုယ့်ခန္ဓာထဲက သွေးကိုလှူရတယ်ဆိုတာ စွန့်ခြင်းကြီးငါးပါးထဲတောင် ပါဝင်တာ"

ဒေါ်တင်တင်စံ တကယ်ပဲ ချီးကျူးမြတ်နိုးသွားတော့သည်။ လူတွေဆိုတာ ကိုယ်မျက်နှာလုပ်ချင်သည့် သူအပေါ်မှာကျတော့ စေတနာတွေ ရေစီးကမ်းပြို ဖြစ်တတ်သည်။ မျက်နှာငယ်လူတန်းစား သို့မဟုတ် ကိုယ့်ကို အကျိုးပြန်မပြုနိုင်သည့် လူတွေအတွက်ဆို စေတနာဟူသည် မွေရာသီကန်ရေလို ခန်းခြောက်မှိုင်းညစ်နေတတ်သည်။

ကလေးမလေး စိတ်ကောင်းရှိပါဘိ၊ အမှတ်ကတိုးရပြန်သည်။ သစ္စာထွန်း သမီးလေးသည် ရုပ်ကလေးလှ၏။ အပြောအဆို ယဉ်ကျေးသိမ်မွေ့၏။ စိတ်နေစိတ်ထား မြင့်မြတ်ပုံရသည်။ ပြောစရာမရှိအောင် ပြည့်စုံသူလေးတောင် ဖြစ်နေပြီ။ ဆွေဂုဏ်မျိုးဂုဏ်ကြောင့် ဒေါ်တင်တင်စံ ကိုယ်တိုင် ရွေးချယ်ခဲ့သည့် မေသံလွင်မှာတောင် ဘက်စုံအရည်အချင်း သည်လောက်ပြည့်စုံမည် မထင်ပါ။

သား လူရွေးမှန်ပြီလေ၊ ဤအတွေး ဝင်သည်နှင့် အချစ်စိတ်က ဖြစ်ထွန်းသွားရတော့သည်။

"သမီးလေး"

ဒေါ်တင်တင်စံ ရင်ထဲမှာ ဖြစ်ထွန်းလာသည့် ချစ်စိတ်ဖြင့် တိ လက်ကလေးကို ဆုပ်ညှစ်၏။

"ဟင် ... နာသွားလား"

လက်ညှိုး၊ လက်ခလယ်နှင့် လက်သူကြွယ် သုံးချောင်းလုံးမှာ လက်စွပ်တွေ ဝတ်ထားသည်မို့ လက်စွပ်တွေပါရော၍ ဆုပ်ညှစ်မိသည်။ တိ လက်ချောင်းလေးတွေက မသိမသာ ရှန်းသလို တွန့်သွား၏။

"ဆောရီး"

ဒေါ်တင်တင်စံက နှစ်လိုစွာပြော၏။ လူကြီးက လူငယ်ကို "ဦး ... ဖွ"လုပ်ပေးတာမျိုး တိ လက်ချောင်းလေးတွေကို ဆွဲယူကြည့်၍ ပွတ်ပေး၏။

"သြော် ... ဒါလေးလည်း ဝတ်ထားလား"

ဒေါ်တင်တင်စံ ဦးမြမှတစ်ဆင့် ပေးလိုက်သည့် လိုက်စွပ်လေးက သတ္တိ လက်ညှိုးမှာ ရှိနေ၏။

"မမတင်တင် ပစ္စည်းတွေပါတဲ့ လက်ပွေ့အိတ်ကို ဒီသမီးက ကောက်သိမ်းပေးထားတာ မမတင်တင်ရဲ့၊ မမတင်တင်ကလည်း သတိလစ်နေ"

"သြော် ..."

"ကျွန်တော်ကလည်း လှုပ်တောင် မလှုပ်နိုင်ဘူး၊ မယ်မြတို့ရောက်လာမှ မယ်မြကို ဆရာ့သွားပေးခိုင်းရတာ"

"ဟုတ်လား၊ ကျေးဇူးတင်လိုက်တာ သမီးရယ်"

တကယ့်ကို ကျေးဇူးတင်ရှုံမှုမက စိတ်ခတ်ကလေးကို မချီးကျူးဘဲ မနေနိုင်၊ လူငယ်ပင် ဖြစ်လင့်ကစား သူ့စိတ်



သားလေးကို မလေးစားဘဲ မနေနိုင်တော့ပါ။ အဲသည် လက်ပွေ့အိတ်ထဲမှာပါသည့် ငွေသားချက်လက်မှတ်နှင့် ရတနာပစ္စည်းခုစုပေါင်းက သိန်းနှစ်ဆယ်ဖိုးလောက်ရှိသည်။

"ပစ္စည်းအပျောက်အရှများ ရှိပါသေးသလားရှင်"

"မရှိပါဘူး သမီးရယ်၊ သမီးလေး ကျေးဇူးပါပဲ"

"မမတင်၊ ကား ..."

ဦးမြက သည်နားမှာ သူရှိနေဖို့ မလိုတော့မှန်း နားလည်၏။ အိမ်ရှင် အလုပ်ရှင်က သူ့ကိုယ်ရေးကိုယ်တာတွေ ပြောဆိုဆောင်ရွက်နေချိန်ဆို အလုပ်သမားတွေ အနားမှာရှိနေလျှင် မကြိုက်တတ်ပါ။ သူ့ကားရှိသည့်နေရာကို ပြောပြ၍ ထွက်သွားတော့သည်။

"သမီးလေး မွေးနေ့ကျမှ လက်ဆောင်ပေးရဦးမယ်"

"ဒါလေးက ကျွန်မကိုယ်ထဲကသွေးကို ဖောက်လှူပေးလို့ရတဲ့ ကျေးဇူးပစ္စည်းလေးအဖြစ် တမြတ်တနိုး ဝတ်ထားတာပါ"

သတ္တိက သူ့လက်ချောင်းတွေကို ထောင်ပြသည်။

"ကိုမြ ပေးတာ မဟုတ်လား"

"ဟုတ်ကဲ့၊ ဦးမြက မမတင်တင် ပေးလိုက်တာလို့ပဲ ပြောပါတယ်"

"မမတင်တင်"ဆိုသည့် စကားလုံးကြောင့် ဒေါ်တင်တင်စံရော ဣန္ဒြေပါ ကိုယ်လုံးတွေ ဖြိုင်တူတွန့်သွားကြရသည်။ ခုမှတွေ့ရ မြင်ရသည့် ယောက္ခမလောင်းမို့ တစ်ခုခုခေါ်ဖို့ နှုတ်မရဲသေးဘဲ ဦးမြကိုယ်စား ပြောသလို ဦးမြ ခေါ်သည့်အတိုင်း သုံးနှုန်းတာလည်း ဖြစ်နိုင်၏။

"ဒီပစ္စည်းလေး မမတင်တင်နဲ့ ဆုံတဲ့တစ်နေ့မှာ မမတင်တင်ကို ပြန်ကန်တော့ပြီး အခွင့်အရေးတစ်ခု တောင်းဆိုဖို့ ကျွန်မ ဝတ်ထားတာပါ"

"တိ ... မေမေ့ကို ဘယ်လိုခေါ်လိုက်တာလဲ"

ဒီဝါကျကတော့ ဦးမြကိုယ်စားမှ မဟုတ်တော့ဘဲ။ တိက ဣန္ဒီအမေးကို မဖြေပါ။ မျက်နှာပြင်ကို ခံစားမှုမဲ့သည့် ဗလာမျက်နှာလေး လုပ်ထားသည်။ ဣန္ဒီဘက်သို့ တစ်ချက်မျှလှည့်မကြည့်ပါ။

"ဒီပစ္စည်းလေး မမတင်တင်ကို ကျွန်မ ကန်တော့ပါတယ်"

လက်စွပ်လေးကိုချွတ်၍ လက်ထဲဆုပ်ကိုင်ကာ လက်အုပ်ကလေး ရင်မှာကပ်၍ချီ၏။ ဒေါ်တင်တင်စံကိုပဲ ကြည့်နေသည်။

"ကျွန်မ လက်အုပ်ချီပြီးတော့ ကန်တော့ပါတယ်၊ ကျွန်မ ဘွားဘွား လက်ထက်ကတည်းက ပျောက်ဆုံးခဲ့တဲ့ နီလာဖြူလေးတစ်စုံကို မမတင်တင် ကျေနပ်နိုင်မယ့်ဈေးနဲ့ ကျွန်မကို ပြန်ရောင်းပေးပါ၊ ကျွန်မ ကန်တော့ပြီး တောင်းပန်ပါတယ် ..."

"ကျွန်မ မေမေကလည်း အဲဒီပစ္စည်းကို ပြန်ရပြီး မျိုးဆက်အမွေအဖြစ်ထားဖို့ စိတ်အားထက်သန်ရှာပါတယ်၊ ကျွန်မတို့သားအမိကို ညာတာသောအားဖြင့် ပြန်ရောင်းပေးပါ မမတင်တင်"

ဣန္ဒီ ပါးစပ်အဟောင်းသားပွင့်အောင် အံ့သြလွန်းရသည်မို့ ဟောင်းလောင်းပွင့်နေသည့် နှုတ်ခမ်းကို ပြန်စေ့ဖို့တောင် သတိမရချင်တော့ပါ။ ဤကမ္ဘာမြေကြီးပေါ်မှာ ဘာတွေပြောင်းလဲ ထူးဆန်းကုန်ပြီလဲ။ မမသတ္တိ ဆိုသည့် ချစ်သူလေး ဘာဖြစ်သွားတာလဲ။ မေမေနှင့် တွေ့ဆုံချိန်မှာ မေမေက ကြည်ဖြူလိုလားပါလျက် ...



ဘာလဲ ... ဘာအဓိပ္ပာယ်လဲ။

ဒေါ်တင်တင်စံ၏မျက်နှာက သိပ်ကြီးအပြောင်းအလဲ မဖြစ်ပါ၊ တိကို တော်တော်လေးတော့ စေ့စေ့စူးစူး ကြည့်သည်။ စောစောက "သမီးလေး"ခေါ်နေတုန်းကလောက် မချိုကြည်တော့ပေမယ့် ထန်ထန်တင်းတင်းတော့မရှိလှပါ။ စိတ်ဆိုးပုံလည်းမပြချေ။

"အဲဒီ နီလာဖြူတစ်စုံကို ပုလဲဆင့်ဆီက စံမျိုးဖြစ်တဲ့ စံမြမို့က ခိုးသွားခဲ့တယ်လို့ ထင်ခဲ့ကြတာ မဟုတ်လား"

ဒေါ်တင်တင်စံ တည်ငြိမ်စွာပဲ မေး၏။

"ဟုတ်ကဲ့"

"အဲဒီအမျိုးသမီး ခိုးတယ် မခိုးဘူးဆိုတာ သေချာစွာ တို့မပြောနိုင်ဘူး ကလေးမရယ်၊ ဒါပေမဲ့ သေချာတာတစ်ခုက အဲဒီ စံမြမို့ဟာ တို့ရဲ့သွေးသား စံမျိုးမဟုတ်ဘူး"

"ရှင်"

"တို့ မျိုးရိုးစဉ်ဆက်မှာ နာမည်ထဲ စံထည့်မှည့်ပြီး ဂုဏ်ယူတတ်ကြတာ မှန်ပါတယ်၊ ဒါပေမဲ့ ဒီမျိုးဆက်က မဟုတ်တဲ့သူတွေလည်း နာမည်ထဲ စံ ပါချင် ပါတတ်တာပဲ၊ ဟိုဘက်ခြံက ..."

ဘုရားကိုးဆူပွဲ လုပ်နေသည့်ခြံနှင့် ကပ်လျက်ခြံက မိုတယ်ဖွင့်ထားသည့်ခြံ ဖြစ်၏။

"မိုတယ်ပိုင်ရှင်က ဦးစိုးစံချိန်တဲ့၊ တို့နဲ့ အမျိုးမတော်ဘူး၊ ဘယ်လိုလုပ်မလဲ၊ အဲဒီလို စံ ပါပေမယ့် တို့အမျိုးမဟုတ်တာတွေ အများကြီး"

"ဒါ ... ဒါဖြင့်"

"ဒီနေရာမှာ မိန်းကလေးနဲ့ တို့နဲ့က ပြိုင်ဘက်လိုတောင် ဖြစ်နေကြပြီ၊ အကြံတူတာကို၊ တို့ကလည်း အဲဒီနီလာဖြူ တစ်စုံဟာ မူလပိုင်ရှင်က ဒေါ်ရွှေအိမ်စံမို့ ခုချိန်မှာ ဘယ် လောက်ပေးရပေးရ ပြန်ဝယ်ချင်နေတဲ့သူပဲ"

"မမတင်တင် ပေးနိုင်တဲ့ဈေးနဲ့တော့ ကျွန်မ ပြိုင်ပေးနိုင် မယ် မထင်ပါဘူး၊ ဘိုးဘွားအမွေအနှစ်ကလေးတော့ ဆုံး ပါပြီ"

သတ္တိ အသံလေး တိမ်သွား၏။ ဣန္ဒိက ဘယ်လိုမှ နားမလည်နိုင်ပေမယ့် အလိုမကျ စိတ်ပျက်သွားရတော့သည်။ တိကို စိတ်မဆိုးစဖူး ဆိုးမိပါ၏။

"တို့စကားကို ယုံရဲ့လား"

"ယုံပါတယ်"

"တစ်ခွန်းပြောရုံနဲ့ ယုံတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ တစ်ခု မေးချင်တာက မိန်းကလေးနဲ့ တို့နဲ့ဟာ သားအမိ အရွယ်ပဲ၊ ဘာဖြစ်လို့ မမတင်တင်လို့ ခေါ်တယ်ဆိုတာ သိချင်တယ်"

"မမတင်တင်လို့ ခေါ်မှ သဘောကျတယ်လို့ ကြားဖူးထား လို့ပါ"

"မင်းမှာ နာမည်နဲ့လိုက်ဖက်တဲ့ သတ္တိတွေ ရှိနေတယ်၊ တို့ သိပ်သဘောကျတာပဲ၊ မိန်းကလေးမို့ ပျော့ညံ့နေရင် တို့က သိပ်ကြည့်ရတာ မဟုတ်ဘူး"

"ကျေးဇူးတင်ပါတယ် မမတင်တင်"

"ခုကိစ္စမှာတော့ ပြောစရာ စကားတွေ ရှိလာတယ်"



ရှေ့ဆက် ဘာတွေပြောလို့ ဘာတွေ ဖြစ်ကြဦးမလဲ ဟု ဣန္ဒိ မှဲ့ကြည့်ပရိသတ် လုပ်လိုက်ဖို့ပဲ ဆုံးဖြတ်မိတော့သည်။ မေမေနှင့် တိတို့ကြားမှာ လိပ်ခဲတည်းလည်း ပြဿနာတစ်ခုရှိ နေမှာကိုတော့ ဣန္ဒိ သိပါသည်။ ထိုပြဿနာသည် ဘယ်ထိနက် ရှိုင်း၍ ဘယ်ထိ လေးပင်သည်၊ ဘယ်လိုအမျိုးအစား ဖြစ်သည်ကို တော့ မသိပါ။ ပြဿနာဟူ၍ ရှိခဲ့လျှင်လည်း တစ်ထိုင်တည်း ကျေညက်ပါစေတော့။ ချစ်သူ၏မိခင်ကို "မမတင်တင်" ခေါ်သည့် တိကလေးကိုတော့ ချစ်စနိုးနှင့် နှုတ်သီးကလေးမဲ ရိုက်ချိုးရချိုးရ နောက်မှ ဖြည်းဖြည်း ပြင်ရပါတော့မည်။

"တကယ်တော့ နီလာဖြူ ဆိုတဲ့ ရတနာဟာ ပတ္တမြားတို့ လို အဖိုးမဖြတ်နိုင်အောင် ထိုက်တန်တဲ့ပစ္စည်း မဟုတ်ဘူး၊ ဒါပေမဲ့ ရတနာတွေနဲ့ ပတ်သက်လာရင် တို့မြန်မာလူမျိုး တွေက ဒီရတနာလေးကတော့ မျိုးဆက်အမွေလေး၊ ဒါလေး ကတော့ အကျိုးပေးလွန်းလို့၊ စီးပွားတက်လို့၊ ဒီဟာကဆောင် ခိုက်တယ်၊ အမျိုးမျိုးပေါ့လေ၊ အစွဲအလမ်း ကြီးကြတယ်၊ အဲဒီထဲမှာ မင်းရော တို့ရော မက်မောတဲ့ နီလာဖြူဟာ ဆောင်ထားရင် ကျက်သရေရှိတယ်၊ ဆုံးရှုံးရင် ထိခိုက်တယ် လို့ တန်ဖိုးထား မြတ်နိုးခဲ့ရတဲ့ပစ္စည်း ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

ဒေါ်တင်တင်စံ၏ မျက်နှာမှာ နည်းနည်းပါးပါး စိတ်ပျက်သည့်ပုံစံ ပေါ်ချင်၏။ အလုပ်မဟုတ်တာ အလုပ်တစ်ခု လုပ်ပြီး မရှုပ်ပါဘဲ ရှင်းနေရသည်မို့ စိတ်မရှည်သည့် သဘောကို ဆောင်၏။

"အဲဒီပစ္စည်းဟာ မူလပိုင်ရှင်က ဒေါ်ရွှေအိမ်စံပဲ၊ အဲဒါကြောင့် အဲဒီပစ္စည်းကိုသာ ပြန်ရမယ်ဆိုရင် တို့ကလည်း မင်းလိုပဲ တန်ဖိုးထက် နှစ်ဆလောက်ထိ ပေးဝယ်ပြီး ပြန်ရချင်တဲ့သူပဲ"

"ကျွန်မ ကြားဖူးထားတဲ့ မမတင်တင်ရဲ့ ဂုဏ်သိက္ခာတွေထဲမှာ ငါးပါးသီလမြဲခြင်း ဆိုတာလည်း ပါပါတယ်"

"ဪ ... မင်းက တို့ ညာပြောတယ်လို့ စွပ်စွဲလိုက်တာလား"

ဒေါ်တင်တင်စံ ထိုင်နေရာမှ မတ်တတ်ထရပ်သည်။ မမသတ္တိကို ငုံ့ကြည့်၏။ တိကလည်း ဘယ်မှာအာကျခံလိမ့်မလဲ၊ လူကြီးတစ်ဦးနှင့် တန်းတူရပ်၍ ရန်စောင်ကြည့်ခြင်းဆိုသည်အထိ ရိုင်းမပျပေမယ့် ထိုင်ရာမှ ပြန်မော့ငေးနေသည့် အကြည့်မှာတော့ နာမည်နှင့် လိုက်ဖက်သည့် "သတ္တိ"တွေ အပြည့်နှင့်ပါပဲ။

ဒေါ်တင်တင်စံ၏ အကြည့်ရိပ်တွေက သတ္တိ အပေါ်မှာ တရိပ်ရိပ် ပြောင်းနေ၏။

ဤကလေးမ ရုပ်ကလေးချော၍ သူလုပပုံလေးက ကျက်သရေရှိ သိက္ခာရှိ၍ နှစ်လိုချစ်ခင်ဖွယ်လေးဖြစ်သည်။ သားချစ်သူ မိန်းကလေးဆိုလျှင် တူးတူးခါးခါး မကြိုက်နိုင်သည့်အပြစ်မျိုး မတွေ့လျှင် သဘောတူ ကြည်ဖြူလိုက်ပါတော့မည်ဟု စိတ်ကိုလျှော့ပြီးချိန်မှာ သူ့ပင်ကို သဘောကောင်း မနောကောင်းလေးကို ကိုမြနှင့် ပတ်သက်၍ သိလိုက်ရသည်မို့ အမှတ်တိုး အချစ်ပိုခဲ့ရသည်။

သူ့မျက်ဝန်းမှာ "သတ္တိ"ကိုတွေ့သည်။ ထိုသတ္တိထဲမှာ မိမိအပေါ် နာကြည်းမုန်းမျက်ခြင်း အရိပ်အယောင်တွေ



လွှမ်းသည်။ ကလေးမလေးမှာ အထင်မှား အတွေးလွဲတွေ ရှိနေပြီဆိုတာ သိသည်။ အသက်အရွယ်က စကားပြောချိန် မာန်လျှော့ချိန်မို့ အကြိတ်အခဲဟူ၍ရှိလျှင် ချေဖျက်ပေးချင်၏။ သူသည်သားချစ်သည့် မိန်းကလေး။

"ထွေးပြီးသား တံတွေးကို ပြန်မျို"

သားကိုလည်း သည်လို အမိန့်ချခဲ့ပြီးပြီ။ ဘယ်မှာရလို့လဲ။ သားသည် မိမိနှင့်တူသည်။ ခေါင်းမာ၏။ ခေါင်းမျောသည့် အရည်အချင်းမဲ့ လူသားဆိုလျှင်လည်း ဒေါ်တင်တင်စံက ကြည့်မရတတ်ပါ။ အထင်သေးသည်။ အမေတူ အထင်ကြီးဖွယ်သားနှင့် အမေနှင့် ထပ်ဆင့်တူညီနေသေးသည့် ခေါင်းမာသတ္တိကောင်းချစ်သူ ရှာလာခဲ့ပြန်ချေပြီ။

သားက တစ်ယောက်တည်း၊ တစ်ဦးတည်းသောသား။ ဟိုဘက်ကလည်း တစ်ဦးတည်းသောသမီး၊ ဤကလေးနှစ်ယောက် ငယ်ကြသေးသည်။ လူ့ဘဝမှာနေဖို့ အချိန်တွေ အများကြီး ကျန်သေးသည်။ ရှည်လျားစွာ ကျန်နေသေးသည့် ဘဝခရီးမှာ မျက်ရည်နှင့်လျှောက်နေကြရမှာ မိခင်မို့ သနား၏။ သူ့မိခင်မှာလည်း နည်းတူခံစားချက်ပဲ ရှိပါလိမ့်မည်။

ကလေးတွေ ပျော်ရွှင်ကြပါစေတော့။

ခုတော့ ခေါင်းမာ၍ သတ္တိကောင်းသည့် မိန်းကလေးမှာ မိမိအပေါ် နာကြည်းမှုနှင့်အတူ အထင်သေးခြင်းပါ ရှိနေ၏။ လိုအပ်သလောက် ဖြေရှင်းပြီးပြီ၊ ဆက်ပြောစရာ စကားကုန်ပြီမို့ သားကို တစ်ချက်ကြည့်ဖြစ်၏။

"မေမေ ပြန်တော့မယ်၊ သား နေခဲ့ချင်သေးရင် ကားပြန်လွှတ်လိုက်မယ်"

"နေခဲ့ပါရစေ မေမေ"

"အေးလေ၊ မေမေ သွားမယ်"

လှည့်ထွက်လာရာမှာ ခေါင်းမာသည့် မိန်းမမိုက်ကလေးကို နှုတ်မဆက်ဖြစ်ခဲ့တော့ပါ။ ဒီလိုအသက်အရွယ်ကလိုက်လျှင် ပြေးတတ်၏။ ကိုယ့်ဘက်က လျှော့လွန်းလျှင် သူ့ဘက်က ဆောင့်ဆွဲတင်းမာနေတတ်၏။ မတော်ရသေးသည့် ယောက္ခမနှင့် ချွေးမမှာ စိတ်သဘောထား အမျိုးအစားက ထပ်တူညီ ရှိနေတော့သည်။

❋ ○ ❋

"တိ"

"ဦးဣန္ဒိ"

"တိရယ် ... ဘာတွေပြောပြီး ဘယ်လိုလုပ်လိုက်တာလဲ၊ တို့ကိုလည်း ဘယ်လိုခေါ်လိုက်တာလဲ"

"ရှင် ကျွန်မကို ချစ်သလား"

"တို့ ဘယ်လောက်ချစ်တယ်ဆိုတာ တိ အသိဆုံးပါ၊ တို့ရင်ထဲမှာ တိ အမြဲရှိတယ်၊ တိနဲ့ပတ်သက်လာရင် တို့ရဲ့ ဒေါသတို့၊ မာနတို့ ၊ သိက္ခာတို့ဆိုတာ ဝေါခနဲပဲ၊ အရမ်းချစ်တယ် တိ၊ တိဘက်က နည်းနည်းကလေးမှ ပြန်မညှာဘူး"

တားမနိုင် ဆီးမရသည့် မျက်ရည်တွေက တိမျက်ဝန်းထဲ ပြည့်လျှံလာသည်။ ကြေကွဲလိုက်တာ တိလူလေးရယ်။

"ပြောလေ တိ၊ တိ ဘာတွေ နာကြည်းနေသေးလဲ၊ တိ ထင်တာတွေ မှားနေနိုင်တယ်၊ တို့ ဖြေရှင်းမယ်"



"ကျွန်မက ရှင့်ကို ဘယ်တုန်းကမှ မချစ်ခဲ့ပါဘူးလို့ ပြောရင် ရှင် ဘယ်လိုခံစားရမလဲဆိုတာ သိချင်တယ်"

"မဖြစ်နိုင်ဘူး၊ တိက တို့ချစ်သလောက် မမိမှန်းတော့ သိတယ်၊ ဒါပေမဲ့ တိလိုမိန်းကလေးဟာ မချစ်ဘဲနဲ့ ဟန်ဆောင်မလား၊ ဟန်ဆောင်ဖို့ ကြိုးစားခဲ့တယ်လို့ တိ ဝန်ခံပေမယ့် တိ တကယ်ချစ်ခဲ့တာ တို့ သိတယ်၊ တိရယ် ... တိမှာရှိနေတဲ့ စကားတွေကို တို့ကို အကုန်ပြောပြပါ"

"ခုချိန်မှာ ကျွန်မနဲ့ပြတ်ရင် ရှင် အသည်းကွဲမလား၊ အဲဒါကို ဖြေပါ"

ခေါင်းကို မမတ်ထူနိုင်တော့စွာ ငုံ့ချလိုက်တော့ ငွေ ...ည်ပေါက် လုံချည်ပြာပြာလေးပေါ်သို့ မျက်ရည်တွေ ပိုးပိုးပေါက် ...ပေါက်ကျလေ၏။ ရင်ထဲမှာ ကျဉ်နေအောင်နာသည်။ နာရတာ သူ့ကိုချစ်လွန်းလို့၊ ချစ်ရလွန်းလို့ဆိုတာ သူ မသိအောင် ဘယ်လို ...းဖိရပါမလဲကွယ်။

တိ မျက်နှာကို လက်ကိုင်ပဝါနှင့် ပွတ်ပစ်သည်။ ...ဘာမှမဖြစ်သလို စားပွဲပေါ်မှာရှိနေသည့် ပက်(ပ)စီပုလင်းကို ...ှမ်းဆွဲသည်။ ရေခဲတုံးကလေးများ ထည့်ထားသည့် ဖန်ခွက်က ...ားပွဲအပေါ်သို့ ရောက်လာ၏။ မော့ကြည့်တော့ စားပွဲထိုးအလုပ် ...သမားလေး။ ခုလို ချက်ချင်းကူညီနိုင်ပုံထောက်တော့ အစောကြီး ...တည်းက သူ ကြည့်နေခဲ့လို့ပေါ့၊ တိ ငိုတာ သူသိခဲ့ပြီးပြီပေါ့။

သိပါစေလေ။ တစ်ကမ္ဘာလုံး သိချင်လည်း သိကြပါ ...စေတော့။ ဖန်ခွက်ထဲသို့ ပက်(ပ)စီတွေ ငှဲ့ချကာ သောက်ပစ်လိုက် ...၏။ ရင်ထဲတော့ ရှိန်းခနဲ နွေးပြီးမှ အေးသွားသည်။ ထူပူကျဉ်ခဲ ...နေသည့်ခေါင်းလည်း နည်းနည်းပါးပါးတော့ သွေးဆူရှိန် လျော့

သည်။ စားပွဲထိုးအလုပ်သမားလေးက ဣန္ဒြီအတွက်ပါ ဖန်ခွက်တစ်ခွက် ချပေးထားခဲ့ပြီး ထွက်သွားတော့သည်။

"တိရယ် … အသည်းကွဲတယ်ဆိုတာ တင်စားမှုတွေပဲ၊ ဘယ်သူ့အသည်းက ဖျတ်ခနဲ ကွဲမလဲ၊ ဒါပေမဲ့ တို့ တစ်သက်လုံးပျော်မှာမဟုတ်တော့ဘူး၊ တို့ဘဝဟာ ဘာအဓိပ္ပာယ်မှ ရှိမှာမဟုတ်တော့ဘူး …

"တို့ တိကို သိပ်ချစ်တယ်၊ ထပ်ပြောချင်သေးတယ် တိရယ်၊ ချစ်တယ်ဆိုတဲ့ စကားလုံးထက် အများကြီးပိုချစ်တယ်၊ တို့ ဖွင့်ပြောပြနိုင်တာထက် ရင်ထဲက အများကြီးပိုချစ်နေတယ်၊ အဲဒါ ယုံပါ …

"တိမပါတဲ့ တို့ဘဝဟာ အလကားပဲ၊ လောလောဆယ်မှာလည်း တို့ အကြီးအကျယ် စိတ်ဆင်းရဲရမယ်၊ ထပ်မမေးနဲ့ တိ၊ တိနေရာမှာ တို့ ဘယ်သူ့ကိုမှ အစားမထိုးနိုင်ဘူး"

"ရှိပါသေးတယ်၊ သမီးငယ်"

"ဘီအီးဒီဘက်မှာ မုန့်လိုက်ကျွေးမိလို့ တိ စိတ်ဆိုးတာလား"

"မဆိုးပါဘူး၊ စိတ်ဆိုးတယ်ဆိုတာ ရှင့်ကိုချစ်နေမှ သဝန်တိုမှ ဖြစ်ရမယ့်ကိစ္စ၊ ဘယ်တုန်းကမှ မချစ်ခဲ့တဲ့ လူတစ်ယောက်ဟာ ဘယ်မိန်းကလေးကို ဘယ်ထိခေါ်ပြီး မုန့်လိုက်ကျွေးကျွေး သဝန်လည်း မတိုဘူး၊ ကျွန်မအလုပ်လည်း မဟုတ်ဘူး"

"ပြောရက်လိုက်တာ တိရယ်၊ အရမ်းရက်စက်တာပဲ၊ တိ ဘာကို စိတ်ဆိုးသွားတာလဲ၊ မေမေနဲ့ပတ်သက်တဲ့အပိုင်းကို မကျေညက်လို့လား၊ တိနဲ့ တို့နဲ့ ချစ်ကြတယ်၊ လက်ထပ်မယ်၊ တစ်သက်လုံး တူတူနေမယ်ဆိုတဲ့ ကိစ္စထဲမှာ နိုလာဖြူတစ်စုံက ဒီလောက်အရေးကြီးသလားကွာ …

"တိနဲ့ တို့နဲ့ ချစ်ကြတာထက် ဘယ်ဟာကပိုပြီး အရေးကြီးဦးမှာလဲ တို့ တိကိုချစ်တယ် တိရယ်၊ မခွဲချင်ဘူး"

"မခွဲချင်ဘူးဆိုတော့ ခွဲဖို့ရာ ဆန္ဒသာမရှိတာ၊ လိုအပ်လို့ ခွဲရမယ် ဆိုရင်တော့ ခွဲနိုင်တယ်ပေါ့"

"ခွဲလည်းမခွဲနိုင်ပါဘူးကွာ၊ စကားအနိုင်ရလို့ ဘာမှအကျိုးမရှိပါဘူး တိရယ်၊ တိနဲ့ တို့နဲ့ အဆင်ပြေဖို့ပဲ အရေးကြီးပါတယ်"

"တစ်ခါတုန်းက အဖြစ်အပျက်လေးတစ်ခု ပြောပြမယ်၊ မယုံရင်လည်း ပုံပြင်မှတ်ပေါ့၊ အမျိုးသမီးငယ်တစ်ဦးဟာ တခြားအမျိုးသမီးတစ်ဦးကို ခင်မင်ကျွမ်းဝင်လိုစိတ်နဲ့ အနား သွားပြီး တလေးတစား မိတ်ဆက်စကား ပြောတယ်တဲ့၊ အဲဒီအခါမှာ အမျိုးသမီးကြီးက ပထမတော့ ပြန်ပြောတယ်၊ ပြောတာကလည်း အထက်စီးနဲ့ပါ၊ နောက်တော့ အမျိုးသမီးငယ်ဟာ ဘယ်သူဘယ်ဝါဆိုတာလဲ သိသွားရော …

"လုံးဝ အဖက်မတန်သလို ချာခနဲ လှည့်ထွက်သွားလို့ အမျိုးသမီးငယ်ဟာ လူပုံအလယ်မှာ အရှက်ရပြီး ကျန်ခဲ့ရတယ်တဲ့ …

"အမျိုးသမီးကြီးက အမျိုးသမီးငယ်ကို အဲဒီလိုပြုမူသွားဖို့ အမျိုးသမီးငယ်မှာ ဘာအပြစ်မှ မရှိဘူးတဲ့၊ အပြစ်ရှိတာက အမျိုးသမီးကြီးမှာသာ ဖြစ်တယ်၊ အဲဒီအပြစ်ကလည်း ဘာအပြစ်လဲဆိုတော့ …

"ငါနှင့်ငါသာ နှိုင်းစရာဆိုတဲ့စိတ်၊ ထောင်လွှားမာန ဟာ အဲဒီအမျိုးသမီးနှစ်ဦးကြားမှာ စည်းခြားလိုက်တဲ့အပြစ် ပဲ၊ ကိစ္စတစ်ခု၊ ပြဿနာတစ်ခုမှာ ကျူးလွန်သူနဲ့ ခံရသူ ဆိုပြီး နှစ်ဦးရှိတယ် ...

"ကျူးလွန်သူက ခံသာတယ်၊ ခံရသူမှာသာ တန့်နဲ့ နဲ့ အသည်းဆွေးပြီး နာကြည်းမဆုံး ဖြစ်ရတယ်၊ အဲဒီပုံပြင် တစ်ပုဒ်ရဲ့ ဓားစာခံဟာ ရှင်ပဲ ဦးဣန္ဒ္ဒိ ...

"ရှင့်ကို ကျွန်မ ဘယ်တုန်းကမှ မချစ်ခဲ့ဘူး၊ ရှင့် အသည်း မကွဲဘူးဆိုရင်တောင် ရင်ကွဲပက်လက် ဝေဒနာ ခံစားရတာ ကျွန်မ ကြည့်ချင်တယ် ...

"ရှင့်ကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး၊ အရင်ကလည်း မချစ်ခဲ့ဘူး၊ နောက်လည်း ဘယ်တော့မှ ချစ်မှာမဟုတ်ဘူး၊ အခုဆိုရင် ချစ်ဖို့ဝေးလို့ တူးခါးနေအောင် မုန်းတယ်၊ ရှင့် ကိုမုန်းတယ်"

ပြောပြီးပြီးချင်း ထရပ်ကာ ချာခနဲ လှည့်အထွက် ပါးပြင်ပေါ်သို့ မျက်ရည်စီးကြောင်း ဝေါခနဲ ပြိုဆင်းသွားတာကို ဣန္ဒ္ဒိ မြင်ဖြစ်အောင် မြင်လိုက်သည်။

တိရယ် ... မိန်းမမိုက်လေးရယ်။

❋ ○ ❋

"လွမ်းသည်"တဲ့။

လူတစ်ယောက်ကို လွမ်းရတာ ရင်ထဲ ဘယ်လောက် စူးမျက်နာကျင်တယ်ဆိုတာ ခုမှပဲလက်တွေ့ပါ။ ဣန္ဒ္ဒိရယ် ... တိ လူလေးရယ်။ တိ အရမ်းချစ်တာပါ။ တိ တကယ်ချစ်တယ်။ ယုံ



ဘယ် မဟုတ်လား။ သိပ်လည်းလွမ်းတယ်။ ဘယ်လိုမှ နေလို့မရ ဘူး။ ဆောက်တည်ရာမရ ဆိုတာလေ။ တိ အိပ်ရာပေါ်မှာ ဖက် ရှက်ကလေးတစ်ရွက် ပစ်ချထားသလို ငြိမ်ငြိမ်လေး နေကြည့် တယ်။ မရဘူး။ ဘယ်ဘက်လှည့်တယ်၊ လွမ်းတာပဲ ဣန္ဒ္ဒိရယ်။ ညာဘက်ကိုလှည့်တယ်၊ လွမ်းတာပဲ ဣန္ဒ္ဒိရယ်။ အလယ်ကောင်မှာ ပြန်နေတယ်၊ လွမ်းတာပဲ ဣန္ဒ္ဒိရယ်။

ထထိုင်ကြည့်တယ်။ လမ်းလျှောက်တယ်။ ပြတင်း ကိုဖွင့်ပြီး အဝေးကို ငေးတယ်။ တိအခန်းရဲ့ နံရံမှာ မျက်နှာကြက် ပေါ်မှာ၊ ဟိုးအဝေးကြီး တစ်နေရာမှာ၊ ဗီရိုပေါ်မှာ၊ လမင်းကြီးရဲ့ မျက်နှာပြင်မှာ၊ တိမ်ထဲမှာ ဣန္ဒ္ဒိ ရှိနေတယ်။ တိကို ကြည့်နေတယ်။ မျက်နှာကလည်း အရမ်းနွမ်းတယ်။ တစ်လောကလုံးကို စိတ်ပျက် ဗျာ နာကျင်နေပုံနဲ့ မျှော်လင့်ချက်မဲ့နေတဲ့ တိလူလေးရဲ့မျက်နှာကို မမသတ္တိ ငေးကြည့်ဖို့ သတ္တိမရှိဘူး တိလူလေးရယ်။ အချစ်လေး သားလို့ နောက်သလိုလိုနဲ့ တကယ် ရှက်ကိုးရှက်ကန်း ခေါ်တတ် တဲ့ အသံလေးကို ကြားနေတယ်။

အသံမြည်ပါ တယ်လီဖုန်းလေးရယ်။

သတ္တုကြိုးတစ်လျှောက်ကနေ ပြေးဝင်သွားပါ။ ဣန္ဒ္ဒိ ဘို့အိမ်က စကားပြောခွက်ထဲက ပြန်ထွက်ပါ။ ဣန္ဒ္ဒိကို သွားနှိုးပါ။ သူ အိမ်ပျော်ချင်မှလည်း ပျော်မှာပါ၊ သူ မျက်စိကြောင်တောင်နဲ့ အဝေးကို ငေးနေရင် သူ မြင်သာတဲ့နေရာမှာ လှုပ်ယမ်းပြပါ။

"မမသတ္တိ ဆိုတဲ့နာမည်ကို ပိုင်ထားပေမယ့် အချစ် နဲ့ကင်းဝေးရတဲ့ဒုက္ခကို ဘယ်လိုမှ ခံစားဖို့ သတ္တိမရှိတဲ့ ကောင် မလေးဆီကို ဆက်လိုက်ပါ၊ ဆက်လိုက်လေ"လို့ တိုက်တွန်းပါ သားကွယ်။

မှားသွားပြီ။ အရမ်းမှားတယ် မှန်ကလေးရဲ့။ မင်းရဲ့ ကြေးမုံပြင်မှာ ထင်နေတဲ့ မိန်းမရုပ်ဟာ မမသက်တို့ မဟုတ်ဘူး။ မမသိပ်မိုက်၊ တကယ်မိုက်တာ။ သူကတော့လေ ကျွန်တော်သိပ် ခိုက်တဲ့ မမသိပ်မိုက်တဲ့။ တို့မှာတော့ မှားမိသူ အမိုက်အမဲပါကွယ်။

အဲသည်ညက ပြတင်းဝမှာ မိုးထိန်ထိန်လင်းသွားခဲ့၏။ နံနက်မိုးလင်းတော့ လည်ချောင်းနာတာကစ၍ သတိထားမိသည်။ မျက်စိနည်းနည်းပူသည်။ ချမ်းချင်သလိုလိုနှင့် အရေပြားလေးတွေ နည်းနည်းကျိန်းသည်။ မျက်နှာသစ်တော့ ကြက်သီးထသည်။ နံနက်စာ ကော်ဖီသောက်ချိန်မှာ ကော်ဖီမှလွဲ၍ ဘာမှန်မှ စားချင်စိတ်မရှိ။

ညအိပ်ရာမဝင်မီ ဘုရားကိုးဆူမှ ပြန်ရောက်ရောက်ချင်း မေမေ့ကို ဖြစ်ပျက်ခဲ့သမျှ အကြောင်းစုံတွေ ငို၍တစ်မျိုး ရှိုက်၍တစ်ဖုံ ကြေကွဲစွာ၊ နာကျင်စွာ၊ အပြစ်ရှိစွာ၊ ပြောပြဝန်ခံ လိုက်ပေမယ့် ရင်ထဲမှာ ပေါ့ပါးလတ်ဆတ်သွားခြင်း မရှိခဲ့ပါ။

"မိုက်လိုက်တာ သမီးလေးရယ်၊ ဒါ မေမေ တစ်သက်လုံး ဆုံးမခဲ့တဲ့ သမီးလေးမှ ဟုတ်ရဲ့လား၊ ဘယ်လိုစိတ်တွေ ဝင်ရောက်ဖောက်ပြန်တာလဲကွယ်"

မေမေ ယူကျုံးမရစွာ ပြောရှာ၏။

"ဒီရည်ရွယ်ချက်နဲ့များ ဒါမျိုးလုပ်ရတယ်လို့၊ မှားလိုက် မိုက်လိုက်တာ၊ မိန်းမသားဣန္ဒြေ ဘယ်မှာလဲ၊ မိန်းမသား သိက္ခာ ဘယ်မှာလဲ ...

"သူ့အမေက ကိုယ့်အမေကို လူတွေကြားထဲမှာ မတူမတန် ဆက်ဆံသွားလို့ သူ့သားအသည်းကို ပြန်ခွဲတယ်ဆိုတာ ပေါ့တိမ်လိုက်တာ ...



"ရှင်းရှင်းဝေဖန်ရရင် အကြံနယ်ပက်စက်၊ ဆန်ကောလောက်မှ ဖောက်မနက် ဆိုတာ ဒါမျိုးကိုပြောတာ ...

"ပြီးတော့ နာမည်ပျက်သွားပြီ၊ သမီးတို့အကြောင်းကို တစ်ယောက်မှ မသိတာမျိုး ဘယ်ရှိပါ့မလဲ၊ သိတဲ့သူတွေ သိကြမှာ၊ တစ်ယောက်ကအစ တစ်ရာပဲ ...

"ဣန္ဒြေ ဆိုတာကလည်း နာမည်ကြီးယောက်ျားလေး။ ခုလောက်ဆို ဣန္ဒြေ ရည်းစားရသွားပြီ၊ သူ့ကောင်မလေး နာမည်က မမသက်တို့တဲ့လို့ သမီးတို့လူငယ်လောကမှာ ပြောစရာ သတင်းကြီးတစ်ရပ်ကို ဖြစ်နေလောက်ပြီ ...

"သမီးဟာ ရည်းစားပျက်မလေးဖြစ်သွားပြီ။ ပြီးတော့ သူငယ်လေး ကောင်းရှာ စောင့်စည်းရှာပေလို့ပေါ့ သမီးရယ်၊ ရည်းစားထားတယ်ဆိုတာ အနည်းဆုံး တို့ကာဆိတ်ကာနဲ့"

အို ... မေမေဟာ ရှက်လန့်ကြား ရွတ်လိုက်မိသေးသည်။ သူသည် မေမေ ပြောသလို တို့ကာဆိတ်ကာ ရှိရာသူမဟုတ်ပါ။ စောင့်စည်းသိက္ခာနှင့် ပြည့်စုံသူ၊ ကျေးဇူးတင်ထိုက်သူ လူကောင်းတစ်ယောက် ဖြစ်ပါ၏။

"သမီးက တကယ်ချစ်လို့ တကယ်လက်ထပ်မယ့်သူနဲ့ တွေ့တဲ့အခါ သမီးဟာ ရည်းစားတစ်ခါ ပျက်ဖူးတဲ့ မိန်းကလေးအဖြစ်နဲ့ သိက္ခာပိုင်းဆိုင်ရာမှာ အမှတ်မပြည့်တော့ဘူး သမီးရယ်"

မေမေ့စကားက ရင်ထဲသို့ ဆောင့်ဝင်၏။ လှိုက်ခနဲ ဆောင် တုန်လှုပ်သွားရသည်။ အတန်တန် ထိန်းထားသည့်ကြားက အင့်ခနဲ ရှိုက်လိုက်မိသည်။ ဝေါခနဲ စီးကျလာသည့် မျက်ရည်တွေ

ကို မထိန်းနိုင်တော့ပါ။ မေမေ့ပေါင်ပေါ် မျက်နှာကို မှောက်ချပစ်လိုက်မိသည်။ ရင်ထဲမှာ အတွင်းကျိတ် ပေါက်ကွဲနေရသမျှ ဖွင့်လွှတ်လိုက်သည်။ ကလေးတစ်ယောက် ဝမ်းနည်းသလိုကို အော်ငိုပစ်လိုက်မိတော့သည်။

"မေမေ ငယ်ငယ်တုန်းက သမီးဘွားဘွား ပြောပြဖူးတဲ့ ပုံပြင်တစ်ခုရှိတယ်၊ အမျိုးသမီးငယ်တစ်ဦးဟာ သူ့စိမ်းယောက်ျားရှေ့မှာ ရင်လွှမ်းအဝတ် ပြေကျလို့ အရှက်မရှုံတော့ပါဘူးဆိုပြီး အဲဒီယောက်ျားနဲ့ပဲ လက်ထပ်လိုက်တယ်တဲ့ ...

"မြန်မာ့ယဉ်ကျေးမှုမှာ မိန်းမသားဆိုတာ ဣန္ဒြေသိက္ခာနဲ့ ကိုယ်ကျင့်တရားကို အသက်ထက်ပိုပြီး တန်ဖိုးထား ထိန်းသိမ်းခဲ့ကြတာ သမီးရယ် ...

"သမီးက ချစ်ခြင်းမေတ္တာကို အလျော့်အစား ပစ္စည်းလို အပျော်သုံးခဲ့တယ်"

"ဟင့်အင်း ... မေမေ ... ဟင့်အင်း"

ခေါင်းကို သွက်သွက်ယမ်းလိုက်မိသည်။ ဘာကိုမှန်းမသိ ငြင်းဆိုရင်း ရင်ကွဲစွာ ရှိုက်ငင်လျက် အထပ်ထပ် ငိုမိတော့သည်။

"သမီး တကယ်ချစ်တဲ့သူနဲ့ တွေ့တဲ့အခါ ..."

"မေမေ"

ရှိုက်သံနှင့်ရောခေါ်ရင်း မျက်နှာကို မော့ပစ်လိုက်မိသည်။ တိ ပါးပြင်မှာ မျက်ရည်တို့နှင့် စိုရွှဲနေ၏။

"သမီး ... သမီး ... သူ့ကို တကယ်ချစ်လျက်နဲ့ ကလဲ့စားချေလိုက်တာပါ မေမေရယ်"



"ဪ ... ဖြစ်မှဖြစ်ရလေ"

ဘယ်လိုမှ မျိုသိပ်မထားနိုင်တော့သည်မို့ မေမေ့ထံမှာ ဝန်ခံပစ်လိုက်ရတော့သည်။

"အဲဒါဆို ပိုမှားတာပေါ့"

ဒေါ်သစ္စာထွန်း အသံလေး နစ်ဝင်သွားသည်။ သမီးဆံပင်တွေကို သပ်ပေး၏။ သမီးကို မကြည့်တော့ဘဲ အဝေးသို့ ငေးသည်။ အမြင်မှာ မှုန်ဝါးရီဝေသည်။ မာန်မာနကြီးမြင့်လှသည့် ဒေါ်တင်တင်စံ၏ သားကိုမှ ချစ်မိရသတဲ့လား သမီးမိုက်ကလေးရယ်။

"သူ့အကြောင်းလည်း သမီး အသိသားနဲ့"

"သိပါတယ် မေမေ"

"သူ့အမေရဲ့မာန်တွေ၊ မာနတွေကို ဖယ်ထားပါဦး၊ ကောင်လေးကလည်း မေတ္တာစစ်ရှာတယ် ထားပါဦး၊ သမီးက သူ့ကို ပြောခဲ့ဆိုခဲ့ပြီးပြီ၊ ခုချိန်ကျမှ မှားပါပြီ၊ ကျွန်မ စိတ်ရူးပေါက်လို့ ပြောမိတာတွေ ဗွေမယူပါနဲ့ဆိုပြီး တောင်းပန်လို့ရော ဖြစ်မတဲ့လား သမီးရယ် ...

"စိတ်လိုက်မာန်ပါ ရှိလိုက်တာ၊ မေမေ့ကိုလည်း ဘာမှမတိုင်ပင်ဘူး၊ သမီးတို့အရွယ်မှာ အချစ်ရေးနဲ့ပတ်သက်လာရင် မိခင်မတိုင်ပင် ထင်ရာလုပ်သမျှ အမှားချည်းပဲ ...

"မိုက်လိုက် မှားလိုက်လေ"

ဒေါ်သစ္စာထွန်း မျက်ရည်ဝဲရှာ၏။ အသံကလေး တုန်ရှာ၏။ လွန်ခဲ့သော တစ်ချိန်တုန်းက ပုလဲဆင့်၏သမီးမှန်းသိရုံနှင့် လူတွေကြားထဲ မတူမတန်သလို ချာခနဲ လှည့်ထွက်သွား

ပုံက ရုပ်ရှင်ပိတ်ကားကြီးတစ်ခု ဖြန့်ချလိုက်သလို ဘွားခနဲပေါ်၏။ ရင်ထဲမှာလည်း စူးခနဲ နာသည်။

မောက်မာလိုက်တာ၊ ခွဲခြားလိုက်တာ။ လူလူချင်း တူတယ် တန်တယ် မထင်၊ သူတို့မှသူတို့ ဆွေသန့်စင်၊ မျိုးသန့်စင်ကြီး လုပ်ထားလိုက်ကြတာ။ ဒေါ်တင်တင်စံ၏ ညီမတစ်ဝမ်းကွဲ ဒေါ်ကြည်ကြည်စံက မွေးသည့် သားတစ်ယောက် ဆေးဖွဲပြီး ရူးကြောင်ကြောင် ဖြစ်နေတာကျတော့ရော၊ နိုင်ငံခြားပဲ အလုပ်သွားလုပ်သလိုလို သတင်းလွှင့်ပြီး ဘယ်သူနဲ့မှ အတွေ့မခံ၊ သုံးထပ်တိုက်ကြီး၏ အမြင့်ဆုံးအထပ်မှာ တစ်ယောက်တည်းထားပြီး ဘယ်သူနှင့်မှ တွေ့ခွင့်မရှိ ပိတ်ဆို့ထားတာရော။

သူတို့အိမ်မှ ထွက်လာသည့် အိမ်ဖော်က လျှောက်ပြောလို့ သတင်းတော်တော်ပျံ့နေပြီဆိုတာ "စံ"မျိုးတွေ သိမှသိကြရဲ့လား၊ ဤအကြောင်းကို ခေါင်းစဉ်တပ်၍ ခပ်ကျယ်ကျယ်လေး အော်ပြောလိုက်ရလျှင် တဗိုင်းဗိုင်း လဲသေကုန်ကြမည့် စံမျိုးတွေထဲမှာ ဒေါ်တင်တင်စံ ရှေ့ဆုံးက ပါမည်ထင်၏။

ရှိပါစေတော့၊ ပြောလည်း မနေတော့ဘူး။

အမေက သမီးကိုချော့၊ သမီးက အမေ့ရှေ့မှာ ဟန်ပြန်ဆောင်ရင်း တော်တော်လေး ညဥ့်နက်မှ သားအမိချင်းခွဲခွာဖြစ်သည်။ ခုနံနက် မိုးလင်းတော့ ဒေါ်သစ္စာထွန်းက ကော်ဖီဝိုင်းမှာ မုန့်ဟင်းခါး မရရအောင် အစောကြီး ဈေးထသွား၍ ဝယ်ပေးထားသည်။ သမီး ကျောင်းသွားဖို့ ထမင်းဘူး အဆင်သင့်ထည့်ပေးထားသည်။ တိက ကျောင်းသွားနိုင်ဖို့ မလွယ်တော့ပါ။

ခေါင်းထဲက ဆိုးခနဲ စစ်ခနဲ ကိုက်လာပုံက ပိုးလောက်တွေ ဦးနှောက်ထဲ တစ်ဖက် လေးငါးကောင် အနည်းဆုံးဝင်တိုက်



နေသလား ထင်ရသည်။ တဖြည်းဖြည်းနှင့် အရှိန်က မြင့်သည်ထက်မြင့်ရင်း မျက်ရည်ပူတွေစီးကျ၊ နှာစေး၊ မျက်နှာကြီးတစ်ခုလုံးက မို့အန်းရောင်ရမ်းကာ မျက်စိတောင် မပွင့်တော့သလောက်ဖြစ်နေ၏။

ကြိုက်လှပါသည့် မုန့်ဟင်းခါးကို မျိုချလို့မရချေ။

"သမီး ... ဘာဖြစ်လဲ၊ နေမကောင်းဘူးလား"

စင်စင် ဦးဉာဏ်ထွန်း သိပြီးပါပြီ၊ မအေနှင့် သမီးအခန်းထဲ ညဥ့်နက်အောင် ကျိတ်ကျိတ် ကျိတ်ကျိတ် ဖြစ်နေတာ ဦးဉာဏ်ထွန်း လူအ,မှ မဟုတ်ဘဲ သိသည်ပေါ့။ ဦးဉာဏ်ထွန်းက မရိပ်မိဘူးပဲထား၊ ဒေါ်သစ္စာထွန်းက တစ်ဦးတည်းသမီး၏ပြဿနာအခက်အခဲကို ဖခင်အား အသိမပေး မတိုင်ပင်ဘဲ နေမည်မဟုတ်ပါ။

ဦးဉာဏ်ထွန်းက သည်းသည်းခိုက် ငိုကြွေးကာ တစ်ညလုံး တစ်မှေးမှမရ မိုးစင်စင် လင်းခဲ့ပုံရသည့် သမီးမျက်နှာထူအန်းအန်း၏ နဖူးပြင်ကို စမ်းသည်။ ကိုယ်က ခြစ်ခြစ်တောက်အောင်ပူ၏။

"သမီး ဖျားနေတယ်၊ အအေးမိသွားတယ် ထင်တယ်၊ လည်ချောင်းနာရင် မုန့်ဟင်းခါး မစားနဲ့တော့လေ၊ ဆေးခန်းသွားမှ ဖြစ်မယ်၊ ဒီနေ့တော့ ကျောင်းတက်လို့မဖြစ်တော့ဘူး"

တိကလည်း ဤမျက်နှာကြီးဖြင့် ကျောင်းမသွားလိုပါ။ မျက်နှာကြီး ဖြစ်နေပုံက တစ်စုံတစ်ယောက်က စိတ်တိုင်းကျထုနှက်ထားသည်မို့ ရောင်ချင်တိုင်းရောင်၊ ကိုင်းချင်တိုင်းကိုင်းနေသလို ဖြစ်နေသည်။

"ကော်ဖီပဲ သောက်ထား၊ အဖျားတိုင်းပြီးပလား၊ မျက်နှာသစ်တော့ အာခေါင် နည်းနည်းအေးသွားမယ်၊ အမှန်မရနိုင်တော့ဘူး၊ ဖျားမှာပါ၊ သေချာပါတယ်၊ သမီးကို ဆေးခန်းပို့ပြီးမှ ဖေဖေ ရုံးသွားမယ်"

"ရပါတယ် ကိုညာဏ်၊ ရုံးသွားမှာ သွားပါ၊ ဖယ်ရီကားပြန်လာမှ သစ္စာတို့သားအမိ သွားလိုက်ပါ့မယ်"

"အေးလေ ... သွားဖြစ်အောင်တော့ သွား"

"ဟုတ်ကဲ့"

ဦးညာဏ်ထွန်းက ရုံးမှရုံးကားတစ်စီး ရထားသည်။ အိမ်မှာ ယူသုံးနိုင်ခွင့်လည်း ရှိသည်။ သို့ပေမဲ့ ဖယ်ရီဆွဲနေသည့် ကိုယ်ပိုင်ကားတစ်စီးလည်း ရှိနေသေးသည်မို့ ကိုယ်ရေးကိုယ်တာအတွက်ဆိုလျှင် ရုံးကားကို သိပ်မသုံးလိုပါ။

"သမီးက သွားလှဲနေလိုက်လေ၊ အမေကြီးက မျက်ရိုးလေးဘာလေး ထောက်ပေးမှာပေါ့၊ သမီး ခေါင်းကိုက်ရှာမှာပေါ့"

အင့်ခနဲ ရှိုက်ချမိလိုက်တော့သည်။ မိဘမေတ္တာဟူသည် အတိုင်းမသိပါချေတကား။ သမီး၏အရိပ်အကဲကို ဂရုစိုက်စွာ၊ နားလည်စွာ အဆုံးစွန်သောဖေးမမှုနှင့် အကြင်နာဆုံးမေတ္တာရှင်တွေသာလျှင် ဖြစ်တော့သည်။

"ဘာလို့ ငိုရတာလဲ သမီးရယ်"

"ဖေဖေနဲ့ မေမေက သမီးအပေါ်မှာ ကြင်နာလွန်းလို့၊ ကောင်းကြလွန်းလို့ပါ"

"ထူးခြားချီးမွမ်းမနေနဲ့ သမီးရေ၊ မိဘတိုင်းဟာ ဒီလိုချည်းပဲ၊ ဒါ မိဘဆိုတဲ့ လူတန်းစားရဲ့ ဝတ္တရားလို့ပဲ သဘောထားလိုက်လေ"



"ဖေဖေရယ်၊ အဲဒီလောက် မပေါ့တန်ပါဘူး"

မျက်ရည်စီးကျပြန်၏။ ငိုချင်တာပဲ သိသည်။ ခေါင်းထဲမှာ မူးဝေအုံခဲလျက် မျက်ရည်စက်လက် ကျချင်နေသည်။ လည်ချောင်းက ကော်ဖီနွေးနွေး မျိုတာတောင် နာ၏။ အနာခံ၍ မြန်မြန်ပဲ မော့ချကာ အိပ်ရာထဲ ပြန်လှဲနေလိုက်သည်။ မျက်စိနှစ်ဖက်လုံး ကျိန်းစပ်နေ၍ မျက်လုံးကို စုံမှိတ်လိုက်ရာ မျက်ရည်ပူစီးကြောင်းနှစ်ခုက နားထင်နှစ်ဖက်သို့ စီးကျလေတော့သည်။

❋ ○ ❋

"ဘာတွေဖြစ်လဲ သား"ဟု ဒေါ်တင်တင်စံ မမေးပါ။ မေးစရာမလိုဟု ထင်၏။ သည်ကလေးမ အငြိုးအတေးတစ်ခုကို လုပစွာ ကလဲ့စားချေတာဟု သိလိုက်သည်။ နီလာဖြူတစ်စုံကို ပြန်လည်ယူချင်တာက ဆန္ဒတစ်ခု၊ အခြားဆန္ဒတစ်ခုကလည်း ရှိနေဦးမည်ဟု သိလိုက်သည်။

သစ္စာထွန်း ဆိုသည့် မိန်းကလေး လူ့ပြည်သို့ မလှမပ ရောက်ရှိခဲ့တာရယ်၊ စံမျိုးထဲဝင်ဆုံပြီး လူများအလယ်မှာ သည်ဝါခြင်းဖြင့် သူ့ဘဝ လာခြင်းမကောင်းခဲ့ပုံလေးကို ပပျောက်သွားစေချင်တာရယ် အဲဒါတွေကြောင့် ဒေါ်တင်တင်စံနှင့် ရင်းနှီးခွင့်၊ စံမျိုးထဲသို့ ကိုညာဏ်ထွန်းကို ပြန်ပို့ဖို့ ကြိုးစားခဲ့ဖူးတာကို မှတ်မှတ်ရရကို ရှိနေပါသည်။

ကြာတော့ ကြာခဲ့ပြီ။ အဲသည်တုန်းက သားတောင် နိုင်ငံခြားသို့ မသွားသေး။ ဆယ်တန်းဖြေမည့်နှစ် ထင်သည်။ သုံးလေးနှစ်တော့ကြာခဲ့ပြီပေါ့။ အဲသည်တုန်းက မိတ်ဆွေတစ်ဦး၏ လက်ထပ်မင်္ဂလာပွဲမှာ သစ္စာထွန်းနှင့် ဆုံခဲ့ကြရတာ။ မိမိက

ခေါင်းဖော်ဖို့၊ လက်ခံစားပြောဖို့ မလိုလားစွာ ဆိတ်ခနဲ လှည့်ထွက်ခဲ့ဖူးတာကို ယနေ့တိုင် သတိတရ ရှိတုန်းပါ။

"ခများ ရှက်သွားရှာမှာပေါ့ကွယ်၊ တော်ရုံစိတ်ဓာတ် ခပ်ညံ့ညံ့ အမျိုးအစားထဲက မိန်းကလေးသာဆိုရင် ရှက်ရမ်းရမ်းပြီး တင်တင့်ကိုတောင် နောက်က လိုက်ရိုက်နိုင်တယ်"

အဲသည်တုန်းက ဦးအောင်ဖဲက ဒေါ်တင်တင်စံ မှားသည်ဟု ပြောခဲ့ဖူး၍လည်း အမှတ်ထင်ထင် ဖြစ်ခဲ့တာပါ။ ဒေါ်တင်တင်စံ ဆိုတာ အမှားကျူးလွန်ဖို့ ခဲယဉ်းပါဘိမို့ ခင်ပွန်းကိုယ်တိုင်က "မှားသည်"အပြောခံရသည့်ကိစ္စကို မမေ့နိုင်အောင် ဖြစ်ခဲ့ရသည်။

"စကားဟာဟာ မပြောချင်ရင်တောင် ပြုံးရုံ ခေါင်းညိတ်ရုံနဲ့ ယဉ်ယဉ်လေး ရှောင်ခဲ့နိုင်ဖို့ ကောင်းတယ်"တဲ့။

အဲသည်တုန်းက သစ္စာထွန်း ဘေးမှာ ချာတိတ်မလေး တစ်ယောက်ကို တွေ့မိခဲ့ပါ၏။ သည်ကလေးမ မျက်နှာကို ခုချိန်မှာ ပြန်တွေးကြည့် ပုံပြန်ဖော်ကြည့်တော့မှ ပေါက်တော့မည့် မြွေပွေးလို ဖြစ်နေခဲ့တာကို အတွေးထဲ ပြန်ပေါ်သည်။ သစ္စာထွန်း သမီးကိုမှ သားက ချစ်သည်ဆိုတုန်းက ခါးခါးသီးခဲ့ဖူးတာကို သားတော်မောင် ရီးလွန်းလို့ အ,ဟုဆိုရမည့် လူဖြောင့်လူကောင်းက ပြန်ပြောခဲ့မှာ သေချာသည်။

သူ့နေရာမှာ မိမိသာဆို ဘာလုပ်မလဲ။

မိန်းမချင်းမို့ ခြေမြင်၏။ တစ်သဘောတည်း ရှိတော့မပေါ့။ အခွင့်အရေး တိုက်ဆိုင်စွာ ရလာချိန်မှာ ဒေါ်တင်တင်စံ သား၏ အရှိက်ကို တင်းပုတ်နှင့် ထုတာထက် နာအောင်လုပ်ဖြစ်မှာ သေချာ၏။



"တိက သားကို ပြန်ချစ်တယ် မေမေ"ဟု သား အပျော်လွန်စွာ မအောင့်နိုင်စွာ မိခင်ဘက် တင်းမာမှုများ ပြေလျှော့တန်သလောက် လျှော့ပေးဖို့ မသိကျိုးကျွန်စွာ သားက လှလည်လုပ်၍ ပြန်ပြောခဲ့သည်။ သည်ကြားထဲမှာ အခြေအနေ အရပ်ရပ်တို့ ဖန်တီးခြင်း မရှိပါဘဲ တိုက်ဆိုင်ဖြစ်ထွန်းလာကြသည်။ ဒေါ်တင်တင်စံ စိတ်ပြောင်းသွားခဲ့သည်။ အဲဒါကို သားက မပြောဘဲ နေမှာမဟုတ်၊ ပြောကိုပြောမှာ။

ရိုးရိုးသားသားဆိုလျှင် နှစ်ဖက်မိဘ ကြည်ဖြူခြင်း ခံရသည့် ချစ်သူစုံတွဲအဖြစ် အပျော်ကြီး ပျော်ဖို့သာ ရှိသည်။ ယောက္ခမလောင်းကို "မမတင်တင်"ခေါ်သည့် မိန်းကလေးသည် ထိုယောက္ခမလောင်း မျက်ကွယ်၌ သားဖြစ်သူကို ဘယ်လိုစကားတွေ ပြောလေမလဲ။

ဖြတ်တောက်ခြင်းမှလွဲ၍ အခြားစကား ဆိုဖွယ်မရှိ။

မိမိချစ်သူကို ဆက်လက်ချစ်ကြည်ဖြူမှာဖြင့် မိခင်နေရာသို့ ရောက်လာတော့မည့်သူကို မည်သို့မျှ "မမ"ခေါ်ခဲ့မှာ မဟုတ်ပါ။ "မမတင်တင်"ခေါ်လိုက်ခြင်းကပင် အဲသည် မမတင်တင် ထွက်သွားသည်နှင့် သားကို ဖြတ်တောက်တော့မည် ဆိုတာ သေချာနေပြီပဲ။

သားကို ဘာဖြစ်လာသလဲ မေးစရာ မလိုပေမယ့် အရိပ်အကဲကိုတော့ စောင့်ကြည့်ရပါမည်။ မသိမသာပေါ့။ ပထမဆုံးထိရှရှားမျက်ခြင်းမို့ သားခများ အထိနာရှာပါလိမ့်မည်။ အဆုံးစွန် ပေါက်ကွဲပါလိမ့်မည်။

သားရယ် ... ဝင့်ရှိသမျှ ခံလိုက်ပေတော့။

❋ ○ ❋

"မထွန်းမေ"

အိမ်ပေါ်သို့ ဝုန်းခနဲ တက်လာမလား မျှော်လင့်ထားပေမယ့် ခြင်ဆန်ခါတံခါးဖွင့်တာအစ ညင်သာနေသည်။ ဒေါ်တင်တင်စံက အသက်အောင့်၍နားစွင့်၏။

"မထွန်းမေ၊ လက်ဖက်ရည်ရမလား"

"ဟုတ်ကဲ့ ကိုလေး သောက်မလို့လား"

"အေး ... သုံးခွက်စာလောက် မှန်းဖျော်ခဲ့"

ဘယ်တုန်းကမှ ဘာမှ ဖြစ်မလာခဲ့သလို အေးဆေးစွာ ပြောနေ၏။

ထူးဆန်းတာက ဘယ်တုန်းကမှ မသောက်ခဲ့သည့် လက်ဖက်ရည်ကို ဖျော်ခိုင်းနေ၏။ ပြီးတော့ သုံးခွက်စာကြီးများ ဆိုပဲ။

"လက်ဖက်ရည်ဆိုင်မထိုင်တဲ့ ယောကျ်ားလေးဆိုပြီး သိပ်ချီးကျူးမနေနဲ့ လက်ဖက်ရည်ကိုမကြိုက်တာ၊ သောက်လို့ကိုမရတာ၊ သူငယ်ချင်းတွေခေါ်လို့ ပါသွားရင် မုန့်စား၊ ရေနွေးကြမ်းသောက်ပြီး ပြန်ရတာ၊ ကော်ဖီကျတော့လည်း ဆိုင်ဖျော်မကြိုက်ပြန်ဘူး၊ အိမ်ဖျော်မှ"

သူ့အခေါ်တွေကို ပြောခဲ့ဖူးတာလေ။ ခုတော့ မထွန်းမေထံမှာ လက်ဖက်ရည်သုံးခွက်ကြီးများ ဆင့်၍တောင်းနေ၏။ ဒေါ်တင်တင်စံကတော့ အသက်အောင့်၍ နားစွင့်ဆဲဖြစ်၏။

"ကိုလေး"

"အေး ... ထားခဲ့"



ပုံမှန်လွန်းသည်မို့ တစ်ခုခုတော့ မှားပြီထင်သည်။ နံ့စရာမဟုတ်ဘဲ မှန်လွန်းနေတာ တစ်ခုခုမှားနေလို့သာပဲပေါ့။

"ဟော ..."

ဧည့်ခန်းတံခါးပွင့်လာသည်။ လူတစ်ကိုယ်လုံး အပြင်သို့ရောက်လာ၏။ ဧည့်ခန်း မျက်နှာက ကွက်လပ်ဖြစ်နေသည်။ ...ျက်ယွင်းခြင်း မရှိ။ စူပုပ်ရှုံ့မဲ့မနေသလို ရွှင်ကြည်ချိုသာခြင်း ...သည်းကင်း၏။ ခံစားချက်မဲ့ကာ ဗလာမျက်နှာကြီးနှင့် လျှောက် ...မ်းလာပုံက သံပတ်ပေးလိုက်သည့် စက်ရုပ်နှင့်တူ၏။

"မထွန်းမေ"

မထွန်းမေ ရှင်ခနဲထူးသံနှင့် ဖွေ့ခနဲရောက်လာသည်။ ...ထွန်းမေက တုန်လှုပ်နေ၏။ ကိုလေး တစ်ခုခုထူးခြားနေတာ ...သိသည်။ ဘာထူးခြားနေမှန်းကိုမသိ။ အစကတည်းက အနေမှန်ပြီး ...ပ်အရောမဝင်တတ်သူမို့ ကိုလေးကိုဆို တစ်အိမ်သားလုံးထဲမှာ ...ကြောက်ဆုံး။ ခုလို တစ်မျိုးကြီးဖြစ်ကာ မျက်လုံးပါ ကြောင်...စီလိုဆိုတော့ ဆူပူငေါက်ငမ်းမခံရပါဘဲ မထွန်းမေ တစ်ကိုယ်လုံး ...န်သည်။ ထရိုက်ခြင်းခံလိုက်ရတာကမှ တော်ဦးမည်။ ခုတော့ ...ယ်တော့ ဘယ်လိုပြုကျလာမည်မသိသော မိုးကို မျက်ပြူးမျက်...ာ လန့်နေတာနှင့်တူ၏။

"ရဲတင်းရှိလား"

"ဟုတ်ကဲ့"

"ယူပေးစမ်းပါ"

မြတ်စွာဘုရား။ သားက ရဲတင်းတောင်းနေသည်။ ...လောမှာမှ ထိုရဲတင်းကို မြည့်နေအောင် သွေးထားဖြစ်၏။ ...ထဲမှာရှိသော အိုမင်းလှုပြီဖြစ်သည့် ပိတောက်ပင်ကြီးကို ခုတ်

လှဲ့နေသည်။ အပင်ကြီးကအို၊ လုံးပတ်ကထွား၊ လောင်းရိပ်ကျယ်လွန်းတော့ အဲသည်တစ်ဝိုက်မှာ နေကြိုက်သည့်အပင် တစ်ပင်မှ စိုက်မရ။ အဲသည်အရိပ်အောက် နည်းနည်းရောက်သည့် မြက်ခင်းတောင် အဲသည်နားမှာ မြက်ပါးနေသည်။ အဲသည်အပင်ကြီးကို အလုပ်သမားတွေ လာပြီးခုတ်လှဲ့နေသည်။ ပင်စည်ဖြတ်ပိုင်းလှလှ တွေ့ရလျှင် ဧည့်ခန်းအလယ်စားပွဲတို့၊ ဘောစားပွဲပုလေးတို့လုပ်ဖို့ အချိုးတကျဖြတ်ဖို့ ဒိုင်းလွှတွေလည်းရှိသည်။ အားလုံး မြည့်နေအောင်သွေးထားသည်မို့ ထက်လိုက်သည့်ဖြစ်ခြင်း။

အမယ်လေး ... ဘုရား ... ဘုရား ... ကယ်တော်မူပါ။

ဒေါ်တင်တင်စံ တစ်သက်နှင့်တစ်ကိုယ်မှာ အတုန်လှုပ်ဆုံး၊ အချောက်ချားဆုံး၊ မတည်ငြိမ်ဆုံး လှုပ်ရှားယိမ်းထိုးသွားတော့သည်။

ဣန္ဒိက ခြံတွင်းမီးကြီးအား ထွန်းချလိုက်သည်။ ညရေးညတာ သူ့ခိုးသူဝှက်ကိစ္စမှာ အိမ်ပေါ်က ခလုတ်တစ်ချက်နှိပ်သည်နှင့် တစ်ခြံလုံး လင်းသွားသည့် လေးဖက်လေးတန် ဆလိုက်မီးကြီးများ ခြံထဲမှာ ထိန်သွား၏။ မီးထိန်ထိန်ထဲ ရဲတင်းတလက်ကိုင်၍ ဆင်းသွားသည့် သား။ ရှေးဘုရင်တွေ လက်ထက်က ပါးကွက်အာဏာသားကြီးများလား ထင်ရအောင် တမားမားနှင့် လျှောက်လှမ်းပုံကလည်း ရဲရင့်တည်ငြိမ်၏။

ဘာလုပ်မလို့လဲ၊ ဘယ်သွားမလို့လဲ၊ ဘယ်သူ့ကို ရန်မူမှာလဲ။

ပြေးလည်းမဆွဲဝံ့။ သူ အသိစိတ်ကင်းသလို လှုပ်ရှားနေတာ သွားသတိပေးလိုက်သလိုဖြစ်မှာဖြင့် ခုလို ငြိမ်ငြိမ်ပေါက်



ကွဲရာမှ ဝုန်းဒိုင်းကြဲပေါက်ကွဲမှဖြင့် တွေးဝံ့စရာတောင်မရှိပါ။ အစစအရာရာမှာ လုပ်တတ်ကိုင်တတ်၊ ဆုံးဖြတ်တတ်၊ ထိန်းသိမ်းတတ်သော ထက်ထက်မြက်မြက်နှင့် သတ္တိကောင်းအမျိုးသမီးကြီးပါဆိုသည့် ဒေါ်တင်တင်စံမှာ ထိတ်လန့်တုန်လှုပ်လျက်သားနောက်မှ အသက်အောင့်၍ ကပ်ပါနေမိတော့သည်။

❋ ○ ❋

ခြံလေးထောင့်မှ အိမ်ဘက်သို့ ပြန်တွန်းပေးထားသည့် မာကျူရီမီးလုံးလေးလုံးက လပြည့်ညလို ထိန်ထိန်သာနေသည်။ ဣန္ဒိ ပိတောက်ပင် မြစ်ဆုံကြီးနားသို့ ဖြည်းဖြည်းလျှောက်လာခဲ့ပ်က တစ်လှမ်းချင်း။ လက်ထဲမှာ ဖွေးဖွေးလက်သော အသွားနှင့် ရဲတင်းကြီးကိုကိုင်လျက် ...။

ပိတောက်ပင်ခြေမြစ်ဆုံကြီးက မာကျူရီမီးဖြူဖြူမှာ သုပစ္စာတည်ရှိနေ၏။ စိတ်ကြည်နူးချိန်ဆိုလျှင် ကဗျာတစ်ပုဒ် သောင် ဖြစ်ထွန်းနိုင်သည်။ သည်လိုအလှအပမျိုးကို ဘာဖြစ်လို့ ကြည့်မလဲ။ သဘာဝလှတွေအားလုံး ဆိတ်သုန်းပါစေ။ ရဲတင်းရိုးကို လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ဆုပ်ကိုင်လိုက်သည်။ အားကုန်လွှဲ၏။ ရဲတင်းသွားက သစ်မြစ်ဆုံမှာ သွားစိုက်ပြီး အနားသတ်သစ်သားတချို့ ဖွာထွက်လွင့်စဉ်သွားသည်။

နစ်စိုက်သွားသည့်ရဲတင်းသွားက လွယ်လွယ်နှင့် ပြန်ကျွတ်ထွက်မလာ။ အားစိုက်၍ နုတ်ရ၏။ ပါလာတော့ အရှိန်လွန်၍ လူပါနောက်ယိုင်သွားသည်။

နောက်တစ်ချက် အားကုန်လွှဲ၍ ပေါက်ချပြန်သည်။ ပြန်နုတ်သည် ထပ်ပေါက်၊ ပြန်နုတ် ထပ်ပေါက်ရင်း အရှိန်ရကာ

ခဉ်ထွက်သည့် သစ်သားစအချို့က မီးရောင်မှာ ဖွာခနဲ လွင့်ခနဲ။ ပေါက်ရှိန်မြန်လာတော့ ခဉ်ထွက်သည့် အပိုင်းအစတွေကလည်း များလာသည်။ ပရမ်းပတာ လွင့်ချင်ရာလွင့်၏။ အချို့ လူကိုလာမှန်သည်။ စပ်ဖျဉ်းဖျဉ်း နာသလိုလိုရှိသည်။ နာပစေ။ တခွမ်းခွမ်း ပေါက်ရင်းက မောလာ၏။ ဤသို့ ခွဲဖူး ပေါက်ဖူးတာမျိုးမရှိသည်မို့ အချိုးတကျမဖြစ်ဘဲ သစ်မြစ်ဆုံကြီးက ပွစာကြဲဖွာလန်သွားသည်။

အကျည်းတန်အရုပ်ဆိုးသွားပြီ၊ သဘာဝမကျ ပျက်စီးသွားပြီ၊ ဘယ်လောက်ကောင်းလဲ။

ရဲတင်းကို မြက်ခင်းဘက်ဆီလွှင့်ပစ်လိုက်သည်။ နံနက်မိုးလင်းမှ မထွန်းမေ နေရာအနှံ့ တစ်ခြံလုံးလိုက်ရှာပါစေတော့။ ခုလည်း ထိချင်ရာထိ တစ်အိမ်လုံးမှာ အမြတ်နိုးဆုံးအဖြစ် စိုက်ထားသည့် ခရမ်းရောင်နှုတ်ခမ်းမှာ ဝါထိန်ထိန်ပွင့်ဖတ်နှင့် ရှားပါး ကတဲလီယာပန်းပင်ကြီးပါ အိုးကွဲ၍ အပင်ခါးလယ်မှ ပြတ်သွားပါစေ ရဲတင်းစာကို စိတ်ကြိုက်မိကြစမ်း။

မြက်ခင်းကို ကွေ့ဝိုက်၍ လျှောက်လာတော့ မေမေချစ်လှသည့် ရေကူးကန်လေးသို့ရောက်သည်။ သိပ်မကြီးသလို သိပ်လည်းမနက်လှပါ။ ဣန္ဒြေ ဝုန်းခနဲခုန်ချလိုက်သည်။ မကူးမယက်ဘဲနေလိုက်ပေမယ့် အမြဲရေကူးနေကျလူမို့ နစ်မသွားဘဲ ပေါ်လောကြီးပေါ်လာသည်။ ပက်လက်လှန်လိုက်၏။ ပက်လက်အနေအထားနှင့် လက်နောက်ပြန်ကူးသည်။ ပြီးတော့ မှောက်လိုက်၏။ လက်ပစ်ကူးသည်။ ရေကူးကန်အလျားကို ဘယ်နခေါက်မှန်းမသိ လက်ပန်းကျသည်ထိ ကူးပစ်လိုက်သည်။

သစ်ဆုံကြီးပေါက်ပြီးမှ လာကူးမိတာနှင့် ဆိုင်သလား၊ မဆိုင်ဘူးလားတော့မပြောတတ်။ ခါတိုင်းစံချိန်မချိုးနိုင်ဘဲ လူက



တော့ တော်တော်မောသွားသည်။ ကန်ထဲမှတက်ခဲ့၏။ မေမေ့ ခည်ခန်းတော့ ရေစက်လက်စိုသွားပြီ။ မတတ်နိုင်တော့ပါ။ အိပ်ခန်းထဲဝင်၊ ရေချိုးခန်းထဲဝင်၊ ရေချိုး၊ ပြန်ထွက်လာ၊ အဝတ်လဲ၊ ခေါင်းသုတ်။ စိတ်ထဲမှာ တစ်ယောက်ယောက်၏ ချောင်းမြောင်းစောင့်ကြည့်ခြင်းကို ခံနေရသလို အနေခက်လာ၏။ အသည်းယားလာသည်။

အိပ်ခန်းတံခါးကို ဆောင့်ပိတ်လိုက်သည်။ သော့ချ။ အိပ်ရာပေါ်သို့ မိမိခန္ဓာကိုယ်ကြီးကို ပစ်တင်၊ ပြန်ဆင်း။ ဆောင်းဘောက်နှင့် ဆက်ထားသည့်ကက်ဆက်ကို အသံကုန်ဖွင့်ပစ်လိုက်သည်။ လူက အိပ်ရာပေါ်ပြန်တက်သည်။ ပက်လက်ငြိမ်ငြိမ်ကလေး။

ဖြစ်နိုင်လျှင် ခုချိန်မှာ အသက်တောင်မရှူချင်ပါ။ စိတ်မာတတ်ကျသည်။

❋ ○ ❋

ကိုညာဏ်ထွန်းတို့ သစ္စာတို့ ဘယ်မှာနေကြပါလိမ့် ဟု တွေးရင်းမှ အဲသည်အိမ်လိပ်စာကို ကိုမြ သိတာ သွားသတိရ၏။ သားက သည်နေ့နံနက် အိပ်ရာထတော့ ခါတိုင်းလိုပဲ ပုံမှန်လုပ်ကိုင်စားသောက်၊ ထမင်းဘူးယူ၊ ခါတိုင်းယူသွားနေကျ ကားကိုပါယူ၍ ကျောင်းသို့ထွက်သွားသည်။ စကားတော့ သိသိသာသာကြီးနည်းသွား၏။ ဒေါ်တင်တင်စံက အရိပ်လိုလိုက်ကြည့်နေသည်ကို မသိကျိုးကျွန်ပြုထားသည်။ ကျောင်းသွားဖို့ ကားမောင်းထွက်ခါနီးအထိ အိမ်ရှေ့ခြင်ဆန်ခါတံခါးကိုင်၍ လာရပ်သည့်မိခင်ကို တစ်ချက်မော့ကြည့်သည်။ ပခုံးတွန့်ပြသည်။ ပြုံးသည်။ လက်နှစ်ဖက်ဒ သလို မြှောက်ပြသည်။

"ကျွန်တော် ဘာမှမဖြစ်ဘူး မမေ"

တစ်ကြောင်းတည်းသော ဝါကျကိုသုံးလျက် ကားကို ဝူးခနဲ မောင်းထွက်သွားတော့သည်။ ခုမှ ဒေါ်တင်တင်စံ လွတ်လပ်စွာ တွေးနိုင်ခွင့်ရသွားသည်။ စောစောတုန်းကတော့ သားဆိုမှသား၊ သားကိုသာ အရိပ်တကြည့်ကြည့်။ သား ကျောင်းကို ပုံမှန်ထွက်သွားတော့မှ လည်ချောင်းဝနားဆီမှာ ဆို့နင့်နေသည့် ရောမအလုံးကြီး ကျလေ၏။

အတွေးထဲမှာ မမသတ္တိဆိုသည့် ကလေးမလေးက ရှေ့ဆုံးမှာစိုးမိုးလေ၏။

✻ ○ ✻



## အခန်း(၉)

ကိုယ့်ရင်ထဲက ချစ်သူမို့ပဲလားတော့မသိ။ ကျောင်းသူအုပ်စုလေးငါးယောက်ထဲမှာ "တီ"ကိုပဲ ထင်းခနဲတွေ့သည်။ ဒိုနေ့က ပြဿနာတက်ပြီးကတည်းက မတွေ့ရတာ ငါးရက်တိတိ ရှိပြီ။ မျက်ဝန်းကို ဝေ့ဝိုက်၍ ဘာရယ်မဟုတ် ဖြတ်အကြည့်မှာ တီမျက်နှာလေးက ဝင်းခနဲပေါ်သည်။ သူများနေကြောင်း သတင်း ရသွားသည်။ မျက်နှာလေး ချောင်ကျသွားတာ သိသာ၏။ ပြော ရလျှင် အဲသည်အုပ်စုထဲမှာ တီထက် အသားပိုဖြူသည့်သူပါ၏။ သို့ပေမယ့် တီမျက်နှာလေးကပဲ ပို၍ ပေါ်လွင်နေသည်။

တီကို ဘယ်အခါပဲမြင်မြင် သူငယ်ချင်းများနှင့် ငယ်မောသဘောကျနေချိန်မှလွဲလျှင် တီမျက်နှာထားက တင်းနေ တတ်၏။ တီမျက်နှာမှာ အမည်နှင့်လိုက်ဖက်သည့် "သတ္တိ"တွေ ပြည့်လျှံနေသည်။ အဲသည်သတ္တိက အဖြူရောင်ဆိုလျှင် အနီရောင် တနေ့တွေ စွန်းထင်းနေသည်မို့ ပန်းနုရောင်မျက်နှာတင်းတင်းကို ဘိုပိုင်၏ဟု စွပ်စွဲချင်သည်။ တီဆိုသည့် မိန်းကလေးက ညင်သာ ပျော့ပျောင်းသည့် အားနွဲ့သူလေးမဟုတ်တာတော့ သေချာသည်။

ဒါကိုပဲ ဂုဏ်ယူကာ အရည်အချင်းတစ်ခုအဖြစ် မြဘ်နိုးမိခဲ့ဖူး၏။ ခုတော့ အပြစ်ဆိုချင်၏။ တီသည် မာကျော၏။

ပြတ်တောက်၏။ ရက်စက်တတ်၏။ ပြီးတော့ လှည့်စားဖြားယောင်းတတ်သူလည်းဖြစ်သည်။ ရာဇဝင်ကြွေးတစ်ခုကို အာဃာတကြီးမားစွာ သယ်ဆောင်ထမ်းပိုးထားတတ်သူလည်းဖြစ်သည်။

နီညိုညစ်ရောင် အကြွေးအတွက် တစ်ဖက်သား၏ရင်ကို ကွဲစေခွဲစေခြင်းဖြင့်လည်း ပြန်လည်ရယူတတ်သည်။ ကြားဖူးနားဝရှိခဲ့သော ဆယ့်နှစ်ကြိုးတို့၊ ကြိုးခြောက်ဆယ်တို့ဆိုသည့် ရှုန်းမ၊ ကာဝေမ၊ ဖော်ဂနီ၊ မောက်လဲဆိုသူတို့သည် တိလောက်ပညာရင့်ကြပါရဲ့လားဟု မေးချင်၏။

ဖော်ပါပေရဲ့ တိ။

ရင်သည် ဒေါသဖြင့် ပေါက်ကွဲပွင့်ဖြာသွားသည်ဟုထင်သည်။ ပျက်စီးလွင့်စဥ်သွားသည့် အသားစအပုံအကြေထဲမှာ နှလုံးသားပါ ပါသွားမှာသေချာ၏။ သည်တစ်သက်မှာတော့ ချစ်တတ်စိတ် ကုန်ခန်းပြီထင်သည်။

"ဟော့ ... ဟိုမှာ မင်းရဲ့ငတိ"

ခါတိုင်း တိကို "ငတိ"ဟု သိုက်ထွန်းဦးတို့ခေါ်လျှင် ဏ္ဍီ ဆတ်ဆတ်ခါနာသည်။

"ခေါ်စရာလား"

သူငယ်ချင်းချင်းပါလားဟုတောင် သည်းညည်းမခံနိုင်ဘဲ ပခုံးသားကို နောက်သလိုလိုနှင့် နာအောင်ထိုးပစ်ခဲ့သည်ချည်းပါ။

"အောင်မယ် ... ဒီနေ့ ထူးခြားလှတယ်၊ ရာဇဏ္ဍေ့ကြွေတောင် တော်မူတယ် မောင်မင်း"

"တော်စမ်းပါကွာ၊ နားငြီးတယ်"

"မင်းမသွားဘူးလား"



"အဲဒါတွေအားလုံး ပြီးသွားပြီ"

"ဟိုက် ... ပျောက်တဲ့လက်မှတ် ကောက်ရပဟ"

သော်လွင်က ထခုန်၏။

"ကြိုက်ရင်လိုက်ပြော"

"ကြည်ဖြူတော်မူတယ်လား"

"အဲဒီမိန်းမအကြောင်း ငါ့ကို ဘယ်တော့မှမပြောနဲ့၊ ငါမတွေ့ဘဲ မင်းတို့တွေ့ရင်လည်းမပြနဲ့၊ ငါ့ဘဝထဲမှာ နာမည်တူတောင်မရှိတော့ဘူး"

ထိုင်နေရာမှ ထရပ်ကာ ကားသော့ကို လက်ထဲမှာ ဇွေ့ယမ်းလိုက်သည်။

"ပြန်မယ်"

တစ်ခွန်းသာ ဆိုလျက် လှည့်ထွက်ဖြစ်ခဲ့ပါသည်။ "ယောကျ်ား"ဆိုသည့် မာနဖြင့်သာ တင်းခံမထားနိုင်လျှင် တိရှိနေသည့်ကျောင်းမှာတောင် မတက်ချင်တော့ပါ။ သို့ပေမယ့် ဏ္ဍီဆိုတာ အချစ်အတွက်နှင့် ဘဝပျက်ရမည့်ယောကျ်ားလား။

"ဏ္ဍီ"

စာသမားအေးကျော်အောင်တစ်ယောက်ပဲ နောက်မှပြေးပါလာသည်။ သိုက်ထွန်းဦးက ငေးကြည့်ကျန်ရစ်၏။ ရောဂါကို သေချာမသိရသေးပေမယ့် အနာတက်ချိန်မှာ ဆေးမရှိဟု လွှတ်ထားလိုက်ချင်ပုံရသည်။

"ဏ္ဍီ၊ ညနေ ပရက်တီကယ်ကွ"

"ငါသိတယ်"

"မင်းက ဘယ်သွားမလို့လဲ"

"အိမ်"

"ကျောင်းတော့မပျက်နဲ့ကွာ"

"ငါ တစ်ရက်လောက် မိုက်လိုက်ချင်တယ်ကွာ၊ အိမ်မှာ နေလို့မရလို့ ကျောင်းကိုထွက်လာတာ၊ ကျောင်းရောက်တော့ လည်း ငါ ဂနာမငြိမ်ပြန်ဘူး၊ ဒီတစ်ရက်လွှင့်မယ်ကွာ၊ တစ်ရက်လောက်တော့ လွှင့်မှဖြစ်မယ် ...

"ဒီလောက်မှလွှတ်မပေးရင် ငါ့ရင်ဘတ်ကြီး မီးထ တောက်လိမ့်မယ်၊ ရင်ထဲမှာ အဲဒီလောက်ပူတယ်၊ ဆံပင် တွေလည်း ကျွတ်ကုန်ပြီလို့ထင်တယ် ...

"ခေါင်းထဲမှာလည်း ပူထူနေတယ်၊ မင်းကို ကျေးဇူး တင်တယ်၊ ဒါပေမဲ့ ငါလူပဲကွာ၊ လူလိုခံစားရတာပဲ၊ ဒီနေ့ မရလိုက်တဲ့အမှတ်ကို ကာဗာဖြစ်အောင် နောက်အပတ် တိုင်းမှာ အမှတ်များများ ရစေရမယ် ...

"ငါ ပြန်ကြိုးစားမယ်၊ ဒီနေ့တော့ ငါ့ကို မတားနဲ့ ကွာ"

"သူ ဖျားလို့ ကျောင်းပျက်တာပဲ မဟုတ်လား၊ အခု ဘာဖြစ်တာလဲ၊ ပြဿနာကို ငါတို့သိခွင့်ရမလား"

"ရိုးရိုးလေး၊ သူ ငါ့ကို ဖြတ်တယ်"

"မင်းလိုကောင်ကို ဖြတ်စရာလား"

"အဲဒါ မာနစကားပဲကွာ၊ မပြောပါနဲ့၊ ငါသွားတော့မယ်"

ဣန္ဒြီ ကားပေါ်တက်သည်။ ညင်သာညက်ညောစွာ ကားဘီးလိမ့်ရုံလေးနှင့်ထွက်၏။ ဝေါခနဲဝူးခနဲ မောင်းချင်စိတ်မရှိ၊ စိတ်က လူနှင့်မကပ်ဘဲ လွှင့်ချင်တိုင်းလွှင့်မျောနေ၏။

ရင်ထဲမှာ ကျိန်းစပ်နာကျင်နေ၏။ ယောက်ျားမာန ကို ဝေါခနဲ သွန်ချလိုက်ရမည်ဆိုလျှင် ...



တိ ဘယ်လို အငြိုးအတေးနဲ့ ဘယ်လိုပဲလှည့်စားခဲ့ ပါစေ၊ လုပ်ချင်သလိုလုပ်၊ ထုချင်ထု၊ ရိုက်ချင်ရိုက် ချစ်ခွင့်ကို ပြန်ရချင်သည်။ တိက ပြန်မချစ်နိုင်တော့ဘူးဆိုလျှင်လည်းရှိစေ၊ အနီးဆုံးနေရာမှာ အရိပ်ကြည့်ချစ်ခွင့်ရနေလျှင်ပင် ကျေနပ်ရပါတော့ မည်။

သိပ်ချစ်လို့ပါ တိရယ်၊ တိကလေးရယ်။

❋ ⊙ ❋

ရင်ထဲခံစားမှုကို ဘယ်လိုပြောရမလဲ၊ ဘာနှင့် တင် စားရမလဲ မသိနိုင်တော့ပါ။

စိတ်ညစ်သည်၊ အကြီးအကျယ် စိတ်ဆင်းရဲသည်။ ရင်မှာနာကျင်ကျွမ်းမြည့်နေသည်။ ကြေကွဲနေသည်။ တင်စားချက် မဟုတ် တကယ်ကွဲအက်ပျက်စီးနေသည့် ရင်ခွင်ဖြင့် အိပ်ရာပေါ် မှာ မလှုပ်မယှက် ပက်လက်ကလေး ငြိမ်နေမိသည်။ ကျောင်းမှာ ဖားတွေခွဲရတော့ ရင်ခွဲထားသည့်ဖားကို ဖယောင်းလင်ဗန်းထဲမှာ "ရင်ကွဲပက်လက်" အနေအထားဖြင့်ပင် အပ်စိုက်ခဲ့သည်။

တိ ဝင့်လည်ရပါပြီ။

ရင်ခွဲလိုက်ပေမယ့် နှလုံးခုန်ဆဲ ဖားငယ်က ဖယောင်း ဗန် ပက်လက်ကလေး နေရရှာ၏။ လက်နှင့်ခြေတို့ကို ပင် အပ်ဖြင့်စိုက်ထားပြီး ကြွက်သားတွေကို လှီးဖြတ်၊ သွေးကြောမျှင် တွေ ဆွဲထုတ်ခြင်းခံရ၏။ အားလုံးလည်းပြီးရော ဖားငယ်ကို နောင်အခါမှာ လူသားတွေအသက်ကယ်ဖို့ပါဟု တောင်းပန်ခဲ့ဖူး ပေမယ့် ဝင့်ကြွေးက သံသရာထိမဆိုင်းတော့ပြီထင်၏။

တီရင်သည် ဓားထက်ထက်နှင့် ထိုးစိုက်ခွဲချခံထားရသည့်နှင့် ထပ်တူညီမျှ ခံစားနေရသည်။ နှလုံးသားက လုံးဝငြိမ်ကျသွားလုနီးပါး လှုပ်သည်ဆိုရုံလေး လှုပ်နေသည်။ ခန္ဓာကိုယ်တစ်ခုလုံးရှိ ကြွက်သားအကြောမျှင် အသားစိုင်၊ သွေးကြောမကြီးများ အားလုံး ထုနှက်ရိုက်ပုတ်ခြင်း ပြင်းထန်စွာခံထားရသလို နာကျင်ကျိန်းစပ်နေ၏။ ရေမမွန်းပါဘဲ အသက်ရှူမဝဖြစ်နေသည်။

ဒါတွေအားလုံးဟာ အချစ်ရဲ့ကျိန်စာပဲထင်ပါရဲ့။

"ဏုန္ဒီရယ်"

တိုးတိုးလေး ခေါ်ဖြစ်သည်။ ကွဲကွာပြီဆိုတော့မှ သူ့ကို ဘယ်လောက်ချစ်ခဲ့မိမှန်း သိခွင့်ရ၏။ မခွဲနိုင်ပါ။ မကွဲချင်ပါ။ ဏုန္ဒီမရှိပါဘဲ အသက်ရှင်ရပ်တည်ခွင့် မလိုချင်ပါ။ ဏုန္ဒီပါမလာသည့် ဘဝခရီးကြမ်းကို အထီးကျန်လျှောက်လှမ်းရခြင်းထက် ခရီးတစ်ဝက်မှာ အသက်စွန့်ရခြင်းကိုပဲ ပိုတောင့်တသည်။ သူမရှိသည့် ဘဝသည် တစ်ဝက်တိတိ လစ်ဟာနေ၏။

မျက်ရည်ဟူသည် မိန်းမသားတို့အတွက် အရှုံးဖော်ဖြစ်သည်။ အရှုံးဝေဒနာကျရောက်စွန်းထင်းတိုင်း မျက်ရည်က အဖော်အဖြစ် ရောက်လာတတ်သည်။ သို့ပေမယ့် ထိုအရှုံးဖော်သည် လစ်ဟာမှုကို ဖြည့်ဆည်းပေးနိုင်သူ မဟုတ်ချေတကား။

"မှားသွားပြီ ဏုန္ဒီရယ်၊ တီ မိုက်တာ"

နောင်မှရတတ် တ,တတ်သည်မို့ "နောင်တ"ဟု တွင်သည့် "နောင်တ"သည် တစ်ခါတစ်ရံမှာ "အရှက်"နှင့် "ဏုမြွေ"နောက်မှာ ကြေကွဲစွာ ငိုကြွေးနေရတတ်ပါ၏။

"ဏုန္ဒီရေ ... ဘွားခတ်တယ်နော်"ဟု စပြောရမည်တဲ့လား။ မှားသွားမှန်းသိပေမယ့် ဘွာခတ်ချင်စိတ်မရှိသည့် "မာန"



ကလည်း ရင်ကို နှိပ်စက်ပြန်၏။ အပြင်းထန်ဆုံး ဝေဒနာများ စုပြုံကျရောက်လျက်ရှိသည့် ရင်ခွင်တစ်ခုလုံး မီးလောင်မြေသို့ ပူခြစ်တော့သည်။

"ဟင် ... သဇင်"

"အေး ... ငါပဲ"

သဇင်သည် သမီးငယ်လက်ကိုဆွဲ၍ တီအခန်းထဲသို့ဝင်လာသည်။ ကျောင်းမှာ သူငယ်ချင်းတွေနှင့်ဆုံတော့ တီ ရင်ကွဲနာကို မထိန်းနိုင်ခဲ့ချေ။ မေမေ့ရှေ့မှာ ဟန်ဆောင်မာန်တင်းထားရသမျှ အားလုံး လျှော့ချဖြေလွှတ်ပစ်လိုက်သည်။ သူငယ်ချင်းတွေအားလုံးက တီကို ဝိုင်းကာကွယ်ကာ လူမမြင်အောင် သိုသိပ်စွာ ကူညီကြ၏။

"ဒီလောက်ဖျားနေတာ ကျောင်းတက်ခဲ့ရလား"

ခပ်ကျယ်ကျယ် ပြောသူကပြော၏။ တီကို တစ်နေကုန် ဖေးမကြပြီး အိမ်ပြန်ဖို့ ဖယ်ရီပေါ်တက်သည်အထိ လိုက်ပို့ခဲ့ကြသည်။

အိမ်ပြန်အရောက် အိပ်ခန်းထဲမှာ ခွေခွေကလေးလဲ့ ဖြစ်တော့ မေမေ မသိမသာရောက်လာကာ အိပ်ခန်းတံခါးကို ဖြည်းဖြည်းကျဉ်းကျဉ်းလေးဟကာ လာချောင်းကြည့်မှန်းသိလျက် မျက်စိမှိတ်ကာ မသိချင်ယောင်ဆောင်နေခဲ့၏။ ခုတော့ သဇင်က သမီးငယ်လက်ကိုဆွဲ၍ အခန်းထဲသို့ ဝင်လာခဲ့ချေပြီ။

"ထထိုင်မလား"

သဇင်က ကြင်နာစွာဆို၏။ သမီးငယ်က မျက်နှာကို ခပ်လွှဲလွှဲလုပ်ထားသည်။

"ဒီလောက်မနုပါဘူး၊ နာမည်က မမသတ္တိပဲ"

ရယ်စကားကို ဇွတ်ပြောဇွတ်ပြုံးရင်း ရင်ထဲ စစ်ခနဲနာသွားသေးတာမို့ မျက်ရည်ကဝဲချင်၏။

"မိုးလည်း နည်းနည်းချုပ်နေပြီ၊ အချိန်မရဘူး သတ္တိ၊ မြန်မြန်ပြောပြီး မြန်မြန်ပြန်ရမှာ၊ သမီးငယ်ကတော့ ဒီည ဒီမှာပဲအိပ်လိုက်တော့မယ်တဲ့"

"နင် ... ကိစ္စရှိလို့လား"

"နင့်ကိစ္စ ငါမနေနိုင်ဘူး၊ သတ္တိ ... နင် ဒီလောက်ရင်ကွဲပက်လက်ဖြစ်နေတာ၊ နင် မခံနိုင်ဘဲ တင်းခံနေတာ၊ မရက်စက်နိုင်ဘဲ အဓမ္မရက်စက်ရတာ၊ နင့်ကို မကြည့်ရက်တော့တာနဲ့ ..."

"ဣန္ဒိကို စိတ်နာတာနှစ်ခုဆို"

သမီးငယ်က လက်ကလေးနှစ်ချောင်းထောင်၍ မေး၏။ သတ္တိ ခေါင်းကိုယမ်းသည်။ ဖြစ်နိုင်လျှင်တော့ တစ်ခုမျှမနာချင်ပါ။ နာ:လည်းမနာနိုင်ပါဘူးလေ၊ မနာနိုင်ပါဘဲ နာထားတာ သမီးငယ်ရယ်ဟု မပြောဖြစ်တော့ပါ။

❋ ○ ❋

အဲသည်နေ့က သဇင်နှင့် မင်္ဂလာဆောင်တစ်ခုမှာ ချိန်းထားလျှင်တောင် လွဲနိုင်သေးသည်။ ကားနှစ်စီးရှေ့နောက်ဆင့်၍ ထိုးဆိုက်လာသည်။

နင်နဲ့လည်းသိလား၊ ငါနဲ့လည်းသိလားတွေ ပြောဖြစ်လျက် မိန်းမသားတို့သဘာဝ သူဘာဝတ်လာလဲ၊ ငါ ဘာဝတ်လာလဲဆိုတာလည်း ကြည့်ဖြစ်၏။ သဇင့်မျက်စိက သမီးငယ်ရင်ဘတ်ပေါ်သို့ တန်းခနဲအကျမှာ ကိုယ့်မျက်စိကိုယ်သိမ်း၍



မင်္ဂလာခန်းမထဲဝင်ကြ၊ တူတူထိုင်ကြ၊ ပွဲမထုတ်မီ တီးဝိုင်းက ဖျော်ဖြေချိန်မှာ တစ်ယောက်နားနား တစ်ယောက်ကပ်ကာ စကားတွတ်ထိုးကြရင်း ...

"နင့်ရင်ဘတ်က လည်ဆွဲ အရမ်းလှတာပဲ၊ ရှေးလက်ရာလား"

မေးတော့မပေါ့၊ ခေါင်းတစ်ကောင်လုံး အမြီးဖြန့်၍ ကနေပုံ ဘယက်ကြီးက နည်းနည်းတော့ အမြင်ရိုင်းသလိုရှိသည်။ လက်ပတ်ရတနာဆိုလျှင် ထူထဲ ပြွတ်သိပ်ကြီးဝတ်သည့်ခေတ်၊ ပါးပါးကျဲကျဲလေးနှင့် ယဉ်ရုံဝတ်သည့်ခေတ်ဟူ၍ ဖက်ရှင်သံသရာလည်၍ ပြောင်းလဲခဲ့သည်။ အယဉ်ခေတ်မှာပေမယ့် ပစ္စည်းဥစ္စာတောင့်တင်းမှုခွန်အား ပြချင်သည့်အခါတွေမှာ ထူထဲပြွတ်ခဲစွာဝတ်ကြသေးသည်။ ခုခေတ်ကျတော့ ရွှေရော ရတနာပါ တန်ဖိုးကြီးမြင့်လာသည်မို့ ရှေးလက်ကျန်သာ မဟုတ်လျှင် တော်ရုံတန်ရုံလူလတ်တန်းစားတွေမှာ နည်းနည်းနှင့် ကျဲကျဲသာ ပိုင်းကြရသည်။ သမီးငယ် လည်ဆွဲကြီးက ထုကြီးထည်ကြီးဖြစ်ရုံမက ခုခေတ်မှာ မြင်တွေ့ခဲသည့်ပုံစံဖြစ်နေ၏။

ရိုးလွန်း၍ ပြန်ဆန်း၊ ရှေ့ဆုံးပေါ်မို့ နောက်ဆုံးပေါ် ပြန်ဖြစ်ဆိုတာမျိုး ဖြစ်နေ၏။

"အေး"

"စိန်တွေလား"

တက္ကသိုလ်တက်တော့သာ ကွဲသွားကြတာ အထက်တန်းကျောင်းမှာကတည်းက တောက်လျှောက် အတန်းတူ အားမနာလျှာမကျိုး သူငယ်ချင်းတွေလည်းဖြစ်သည်။ မိန်းမသဘာဝနှင့် မအောင့်နိုင်စွာ စပ်စုချင်တာလည်းပါသည်။ သိလိုစိတ်ကို မချို

သိပ်နိုင်တော့သည်မို့ အားမနာရသူချင်းချင်း ဘွင်းဘွင်းကြီးမေးချ လိုက်၏။

"အေး"

ပြောပြီးမှ သမီးငယ် မလုံမလဲရယ်သည်။

"ကြွားတာမို့လား"

မလုံမလဲပုံစံကြောင့်တစ်ကြောင်း၊ အဖြူရောင်မည့် သည့်ကျောက်ပင်ဖြစ်စေ စိန်ကိုမီအောင် မတောက်နိုင်တာလည်း အသိသာကြီးမို့ ပြောချပစ်လိုက်၏။

"အေး"

"လှတော့အရမ်းလှတယ်၊ စိန်မဟုတ်ရင် ဘာလဲ၊ ဥဿ ဖရားလား"

"နီလာဖြူ"

"ကြားတောင်မကြားဖူးဘူး၊ နီလာက နီလာသာခေါ်တယ်၊ အပြာရောင်မို့လား"

"ဒါက အဖြူရောင်နီလာ"

"ရှိလို့လား"

"နင် တွေ့ပဲနေပြီ"

"လက်တယ်နော်"

"စိန်လောက်တော့ ဘယ်လက်မလဲ"

"ဒါပေမဲ့ လှတယ်"

"ငါဝတ်လို့ပါ၊ နင်ဝတ်ရင် ဒီလောက်ဘယ်လှမလဲ"

"သွား ... ဘယက်အရောင်နဲ့ ပါးပြောင်တဲ့သူကများ"

အဲဒါကို သဇင်မှတ်မိနေ၏။ သည်နေ့ သတ္တိ ရင် ဖွင့်တော့ ရှိသမျှအကြောင်းတွေ အိတ်သွန်ဖာမှောက်ပြောလည်း



ပြော၊ ငိုလည်းငို၊ အဲဒါတွေထဲမှာ နီလာဖြူတစ်စုံကို ပြန်ရချင်တာ လည်းပါ၏။ နီလာဖြူဆိုတာ လူသုံးများသည့်ရတနာမဟုတ်သည် မို့ သဇင်က သမီးငယ်ရင်ဘတ်ကို အတွေးထဲမှာ ပြန်မြင်သည်။

ပြီးတော့ သတ္တိနှင့်သမီးငယ် သူတို့ချင်းက ညီအစ်မ ဝမ်းကွဲလေ။

*❋ ○ ❋*

"ငါက မစပ်စုဆိုတော့ သမီးငယ်မှာ အမေနဲ့အစ်မရှိတာ သိထားတယ်၊ သူ့အမေအကူအညီမပါရင် ဒီကိစ္စ အဆင် မပြေမှာလည်းတွေးမိတယ် ...

"ရိုင်းတော့ရိုင်းတယ်ကွာ၊ သူ့အမေဆီကို လိုက်ကဲ့ သွားတာ၊ ဖြောင်ကြီးကိုမေးချတာ၊ အန်တီ ရိုက်ချင်လည်း ရိုက်ပါ၊ သမီးငယ်ဆီက နီလာဖြူက သတ္တိနဲ့ပတ်သက်ပါ သလားလို့ကိုမေးတာ၊ နင် ဒီနေ့ပြောတာတွေ အကုန်လုံး လည်းပြောပြလိုက်တာ ...

"နင်သိတယ်မဟုတ်လား၊ ငါက မျက်စိရှေ့မှာ တလွဲတစ်ချော်ဆို နေကိုမနေနိုင်ဘူး၊ ရိုက်မလွှတ်တာ ကံ ကောင်းကွာ၊ အန်တီက ငိုရှာတယ် ...

"သူ့အစ်မကတော့ သူ့အမေငိုရမယ့်ကိစ္စကို အိမ် ပေါ်သယ်လာရပါ့မလားလို့ချည်း ပြောင်ပြောင်နှင်တာ ...

"အန်တီက အရမ်းစိတ်ကောင်းတာ၊ ငါ ထိုင်ရှိခိုး ခဲ့တယ်သိလား"

"မေမေက ဆယ်နှစ်အတွင်း တစ်ခါမှမလာတဲ့ ငါတို့သား အဖအိမ်ကို လိုက်လာတယ်၊ ဒီကိစ္စ ရှက်စရာမရှိဘူးတဲ့၊

နိုးခဲ့တဲ့သူက ရှေ့မျိုးဆက်ကပဲတဲ့၊ ငါတို့မှမဟုတ်တာတဲ့၊ ပြန်မပေးရင်သာ ရှက်စရာတဲ့"

"နင် ဝမ်းသာတော့ တိ၊ အမြတ်ထွက်သွားတဲ့တစ်ခုက ဆယ်နှစ်အတွင်းမှာ ပထမဆုံး ပြန်ပြီးမျက်နှာချင်းဆိုင်ဖြစ်တဲ့ သူ့အဖေနဲ့ သူ့အမေ ပြန်လည်ဆုံစည်းသွားကြပြီကွ၊ အိုကေပဲ စိုပြည်တယ်"

"ဟင် ... ဟုတ်လား၊ ဝမ်းသာလိုက်တာ"

"အေးကွာ၊ အဲဒါ ငါလာပြန်ပေးတာပဲ၊ နည်းနည်းတော့ ရှက်တယ်၊ တကယ်ဆို မေမေက ဒီပစ္စည်းကို ဖေဖေ့ဘက်ကအမွေအနှစ်ထင်နေတာ၊ ဖေဖေလည်းမသိဘူး၊ ဖေဖေ့အမေက ဒေါ်စံမြမှီဆီက ပေါပေါပဲပဲဝယ်ထားတာ၊ ဒီကိစ္စကို ငါတစ်ယောက်ပဲ စပ်စုထားလို့သိတာ ...

"ဒီကပစ္စည်းကို ဒေါ်တင်တင်စံ သိပ်လိုချင်လွန်းနေမှန်း ငါ သိတယ်၊ နင်လိုချင်နေမှန်းလည်း ငါသိတယ်၊ နင်တို့နှစ်ဦးလုံးဆီမှာ မရှိတာလည်း ငါသိတယ်၊ ပစ္စည်းက ငါ့ဆီမှာကို ...

"နင်က ဒေါ်တင်တင်စံဆီမှာ ရှိတယ်ထင်နေတယ်ဆိုတာတောင် ဣန္ဒြေကို ငါပြောလိုက်သေးတယ်"

သဇင်က သမီးငယ်ပေါင်ကို တစ်ချက်လှမ်းပုတ်၏။

"နင်တို့ အပြစ်တင်ချင်လည်းတင်ကြတော့၊ ငါက နင်တို့လို အမိအုပ်ပြီးကြီးရတဲ့သမီးမှမဟုတ်တာ၊ ခပ်လောင်လောင်ပဲ၊ ဣန္ဒြေတို့မိသားစုထဲဝင်ချင်လို့ ကြိုးစားကြည့်တာ"

"နင်က ဣန္ဒြေကို ကြိုက်လို့လား"



"အကြိုက်ကြီးတော့ဘယ်ဟုတ်မလဲ၊ ငါ တစ်နေ့ ယောက်ျားယူမယ့်အတူတူ ဣန္ဒြေကိုရရင် ကောင်းတာပေါ့၊ မျိုးရိုးဆွေဂုဏ်ကြီးလည်းတောင့်၊ ငါလည်း သူဌေးကတော်ဖြစ်၊ အဲဒီစိတ်ကူးကို သတ္တိနဲ့ကြိုက်ကြတဲ့အထိ ငါက လျှော့သေးတာမဟုတ်ဘူး ...

"ငါ ညီအစ်မချင်း စိတ်နည်းနည်းပုပ်သွားတယ်နော်၊ ဣန္ဒြေက လူလွတ်ပဲကွာ၊ ငါရော သတ္တိရော ယှဉ်ပြိုင်အရွေးခံခွင့်ရှိတယ်မဟုတ်လား"

"သမီးငယ် ... နင့်စကားတွေက သိက္ခာပဲ့တယ်ကွာ၊ စကားပြောရင် ဆင်ခြင်မှပေါ့"

"ဒါကြောင့် ငါပြောခဲ့တာပဲ သဇင်ရ၊ ငါက အမိအုပ်ပြီးမှ မကြီးခဲ့ရတာ၊ မေမေကလည်း ငါ့အချိုးကို လူပြောသူပြောနဲ့ကြားပြီး ယူကျုံးမရဖြစ်နေလို့ လူချင်းတွေ့ပြီး ဆုံးမချင်စိတ်တွေ တဖွားဖွားတဲ့ ...

"မမကတော့ ဖေဖေ့ကို စိတ်နာတာ ကွယ်ရာတုန်းကပါ၊ သားအဖချင်းဆုံတော့လည်း သားအဖဟာ သားအဖပဲပေါ့"

"ဟေး ... နင်ပြောတာ ရှင်းသွားတာပဲ"

"ကဲ ... ရော့၊ နင်တို့ပစ္စည်းပြန်ယူ"

တိ သဇင်နှင့် သမီးငယ်ကို ပြောပြမနိုင်လောက်သည့် အဆုံးစွန် ကျေးဇူးတင်ခြင်းဖြင့် ငေးကြည့်ရင်း ရင်ထဲမှာ လှိုက်ဆို့လာလေ၏။ မျက်ဝန်းအိမ်မှာ မျက်ရည်တွေပြည့်လျှံစီးဖိတ်ကျလာသည်။ သည်ပစ္စည်းကြောင့် မိခင်နေရာမှာရှိနေသည့် ဂုဏ်သရေရှိ အမျိုးသမီးကြီးကို "မမတင်တင်"ဟု ခနဲ့တဲ့တဲ့နှင့် ခေါ်

ခဲ့ပြီးပြီ၊ စွပ်စွဲစော်ကားစကားတွေလည်း ပြောခဲ့မိပြီ။ လူကြီးသူမဘက်က ဘယ်လောက်အခံရခက်ရှာလေမလဲ။

"အမိယုတ်သော် နှုတ်ကြမ်း၏။ အဖယုတ်သော် ကိုယ်ဟန်အမူအရာကြမ်းတမ်း၏"တဲ့။

မြန်မာစာမှာ သင်ကြားရတာကို ချက်ချင်းသတိရလိုက်သည်။ ကြမ်းတမ်းလှသည်မဟုတ်ငြား ခနိုးခနဲ့စွပ်စွဲစကားသည် ရိုင်းပျရာရောက်သည်ပင်ဖြစ်၏။ စိတ်လိုက်မာန်ပါလှုပ်ရှားဟန် သွက်သွက်များက ကြမ်းတမ်းသည့် ကိုယ်ဟန်ထဲ အကျုံးဝင်၏။ မိမိ၏မိုက်မဲမှုအာဃာတနှင့် အဆင်ခြင်ကင်းမဲ့မှုတွေက မိဘနှစ်ပါးကိုတောင် ထိခိုက်စေခဲ့ပြီး သားသမီးမကောင်း မိဘခေါင်းမဟုတ်လား။

"မေမေ ဝင်လာခဲ့ပြီ သမီး"

ဒေါ်သစ္စာထွန်းက တံခါးကိုဖွင့်၍ ဝင်လာ၏။

"မေမေ"

"သမီးလေး"

သတ္တိ မိခင်၏ရင်ခွင်ထဲသို့ ပြေးဝင်၏။

"ဒေါ်နှင်းဇော်တီ ... မိုးတောင်တော်တော်ချုပ်ပြီ၊ သမီးတို့ ပြန်မယ်နော်၊ သမီးငယ်က ဒီမှာအိပ်မှာလား"

"သဇင် ... နင့်မှာ ဒုက္ခမများရင် ငါ့ကို အိမ်ပြန်ပို့ပေးမလား၊ ငါ့အမေဆီ အဆင်ပြေတဲ့အကြောင်း ဖုန်းဆက်ချင်သေးတယ်၊ ငါ ဒီလိုလုပ်မှ ဖေဖေနဲ့မေမေ အဆင်ပြေမှာ"

"ရတယ်လေ၊ လိုက်ခဲ့"

သဇင်က ကားပါလာသည်မို့ ပြန်ပို့ပေးဖို့ အဆင်ပြေ၏။



"သမီးငယ် ... ဒီကိစ္စ အစ်ကိုနဲ့အစ်မ ကျေနပ်တာလား"

"ဟုတ်ကဲ့ပါ အန်တီသစ္စာ"

စကားအဆက်အစပ်မရှိဘဲ ပြောခြင်းပေမယ့် နားလည်ကြသည်။

"ဒါဖြင့် အန်တီ ကျသင့်တဲ့တန်ဖိုး ရှင်းပြီးမှ ယူပါရစေလို့ ပြောပေးပါ"

"အဲဒါ မေမေနဲ့ပြောပါ အန်တီ၊ သမီး ပြန်နှင့်မယ်၊ ထားခဲ့ပြီနော်"

"ကျေးဇူးတင်တယ် သမီး သဇင်ရယ်၊ အန်တီက သူ့အဖေကို ပြောပြစရာတွေ အများကြီးရှိလာပြီမို့ပါ"

"ရပါတယ် အန်တီ၊ သမီးပဲ ပို့လိုက်ပါမယ်၊ သွားမယ်၊ တီ မငိုနဲ့တော့ဟာ၊ နည်းနည်းပါးပါး မောက်မာသလိုရှိတာတော့ နင် ခွင့်လွှတ်လိုက်ပေါ့"

သဇင်က ဘယ်သူဘယ်ဝါကိုမှန်းမသိ ရောချပြောပြီး ထွက်သွားပေမယ့် သမီးငယ်က ခဏာကျန်ရစ်ခဲ့သည်။ သတ္တိနားကိုကပ်၏။

"ငါ ကြိုးစားသိမ်းသွင်းခြင်းအမှုကို စွန့်လွှတ်လိုက်ပြီ၊ သဘောထားကြီးလွန်းလို့မထင်နဲ့၊ မရလို့၊ ယာဂု ထမန်းအိုးအိုးကြီးကွဲခါမှ ရွှေစည်းခံဘုရားကို လှူမလို့ပါဘုရားလို့ မအော်ချင်ဘူး"

ပြောပြီး ရယ်၏။ သတ္တိပါ ရော၍ မျက်ရည်စက်သက်စီးရင်းက ပြုံးရသည်။ ဒေါ်သစ္စာထွန်းက တိုးတိုးစကားကို မကြားပေမယ့် သမီးဖြစ်သူ ပြုံးဖြစ်လိုက်တာကိုတော့ ကျေနပ်သွားမိသည်။

"အကူအညီလိုရင်ပြော၊ ငါက အမိအုပ်ကြီးပြင်းခဲ့ရတာ မဟုတ်တော့ ကွမ်းစားတယ်၊ ပါးစပ်ကတော့ ရဲရဲပဲ"

သည်အကြောင်းကိုတော့ ကျယ်ကျယ်လော်င်လောင်ပဲ နောက်ပြောင်သွားတော့သည်။

ဒေါ်သစ္စာထွန်းက သမီးကိုကြည့်သည်။ မမသဲတွဲ့ကအမေကိုကြည့်သည်။ သားအမိ မျက်ဝန်းချင်းက လမ်းခုလတ်မှာဆုံ၏။ ဝါကျများစွာ ဖြစ်ထွန်းလေသတည်း။

* ○ *



## အခန်း(၁၀)

စနေ၊ တနင်္ဂနွေဆိုလျှင် သဏ္ဍိတို့အဖွဲ့က ကြွေဥအိမ်မှာ စာစုကျက်လေ့ရှိသည်။ လူစုပြီး တစ်ယောက်ယောက်၏ကားနှင့် ခင်မင်ရင်းနှီးရာ ဆရာ၊ ဆရာမတွေထံ စာသွားမေးတာမျိုးရှိသည်။ တစ်ခါတလေတော့ ပိုးဟပ်ခွဲ၊ ဖားခွဲလုပ်သည်။ မဆုံဖြစ်သည့် စနေ တနင်္ဂနွေဆိုတာ မရှိသလောက်ကိုရှား၏။

သည်စနေတော့ အဖွဲ့တွေဆီသို့ သဏ္ဍိ မသွားဖြစ်တော့ချေ။ မည်သူနှင့်မျှ ဆုံချင်စိတ်မရှိပါ။ "နင်တို့အခြေအနေ" ဆိုတာမျိုးနှင့် သတင်းမေးလည်းမခံချင်။ သဇင်ကတော့ သူပါ ခင်လိုက်ရသည့် အခန်းကဏ္ဍကို ရှင်းပြပြီးဖြစ်ပါလိမ့်မည်။ သဏ္ဍိ ရင်ထဲမှာကျတော့ မုန်တိုင်းဖြတ်တိုက်သွားခြင်း ခံလိုက်ရသည့်မို့ ပျက်တစ်ခုနှယ် ပျက်စီးကြေမွ၍ ကျန်ရစ်လေ၏။

ပုံတာပုံ၊ ရွဲ့တာရွဲ့၊ ဆုံးရှုံးတာလည်းရှိသည်။ နစ်နာတာလည်းပါ၏။ ပျက်စီးတာတွေလည်း မနည်းမနောမှာ ထိုးထိုးထောင်ထောင်နှင့် ချွန်ထက် စူးရှနေတာတွေလည်းကျန်၏။ ရင်သည် နာကျင်၏။ ကြေကွဲ၏။ ဖြစ်နိုင်လျှင် မေသံလွင်၏ ဘီးတပ်ကုလားထိုင်လေးကို တွန်းမပေးမီက အခြေအနေသို့ ပြန်ရောက်ချင်၏။

ဣန္ဒြိနှင့် ချစ်မိကြပြီဆိုတာကို "သံ"ကိုမပြောဖြစ်ခဲ့ပါ။ သံက စ,တာတ်ပေမယ့် ဖြောင့်ကွယ်နှင့် ဝန်မခံဘဲ နေခဲ့မိသည်မို့ ခုဖြစ်ပျက်သည့်ကိစ္စကို သံ့ဆီမှာ ရင်ဖွင့်လို့မရပါ။ သို့ပေမယ့် သံ သိပြီးလို့ည်းဖြစ်နိုင်သည်။ သဇင်သိသလောက် ရွှေဝါသိပြီး ရွှေဝါသိသမျှ သံ သိသွားနိုင်၏။ အထွေးတွေကတော့ ယောက်ယက်ခတ်လို့ပါပဲ။

ဒေါ်သစ္စာထွန်းက ဟင်းအိုးမွှေရင်း အိမ်ရှေ့ဆီသို့ နားစွင့်လျက်သားဖြစ်နေ၏။

ချင်းတို့ စပါးလင်တို့နှင့် ပဲမှုန့်၊ ဆန်မှုန့်ဆိုတာမျိုးက အိမ်မှာ "အဆင်သင့်"ပစ္စည်းအဖြစ် ရှိနေတာတ်သည့် အရာတွေ၊ တစ်ပတ်မှာ တနင်္ဂနွေတစ်ရက်လောက်သာ ဈေးသွားဖြစ်သည်မို့ ရေခဲသေတ္တာထဲမှာ ငါးခူ၊ ငါးကျည်းမှစ၍ ငါးဖယ်ခြစ်တို့ ပုစွန်တို့က ကြက်၊ ဝက်၊ ဘဲ၊ အမဲတို့နှင့်အတူ ရှိနေမြဲဖြစ်၏။ အဝယ်လောဘကြီးသွားသည့်အခေါက်ဆိုလျှင် စားစရာလက်ကျန်များ၏။ နောက်တစ်ပတ်ဆက်၍ ဈေးမသွားရတာမျိုးလည်းရှိသည်။

ဒေါ်သစ္စာထွန်း မုန့်ဟင်းခါးချက်နေသည်။ ဟင်းရည်အတွက်တော့ ဘာမျှမပူရ၊ အိမ်မှာ ပြည့်စုံပြီးသား၊ လိုတာက မုန့်ဖတ်ရယ်၊ အကြော်ရယ်၊ နံနံပင်ရယ်ပဲဖြစ်၏။ သမီးတို့ဖေဖေ အိပ်ရာမှနိုးသံကြားလျှင် ဈေးကို တစ်ခေါက်ပြေးဖို့ ပူဆာရပါမည်။ သမီးလေးတော့ စိတ်ဆင်းရဲရှာသည်မို့ အိပ်ပါစေ။

"မမတင်တင် ဝင်ခဲ့ပါရစေ မောင်ဉာဏ်ထွန်း"

မြတ်စွာဘုရား ...

ကြားလိုက်သည့်အသံက အစစ်အမှန်မှဟုတ်ရဲ့လား။ မသေချာသည်မို့ အိမ်ရှေ့သို့ လူတစ်ကိုယ်လုံး လွင့်ခနဲရောက်လာ



ရသည်။ သမီးတို့အဖေက နိုးနေပြီ။ ဧည့်ခန်းတံခါးဝမှာ ရပ်နေ၏။ သံတံခါး၏ တစ်ဖက်ခြမ်းမှာက "စံ"မျိုးစံနွယ်ထဲမှ လျှမ်းလျှမ်းတောက် အမျိုးသမီးကြီး ဒေါ်တင်တင်စံ။ ဦးဉာဏ်ထွန်းက တံခါးကို ဖွင့်လေ၏။ ဒေါ်တင်တင်စံသည် တစ်သက်လုံး ဝင်ထွက်သွားလာရင်း ရင်းနှီးနေသည့် ဆွေမျိုးအရင်းအချာအိမ်သို့ လာသည့်နှယ် ရင်းနှီးရဲတင်းစွာ ဝင်လာ၏။ လျှောက်လှမ်းဟန်က ဝင့်ထည်သည်။ သူ့ကိုယ်လုံးဘေးမှာ ကျက်သရေတွေ ဖြာထွက်နေသလားထင်ရသည်။

နားနှစ်ဖက်မှ ပဲကြီးလှော်ခန့် တစ်လုံးစိန်ကြီးနှစ်ဖက်က တဖျပ်ဖျပ်၊ လက်မွေ့အိတ်ကိုင်ထားသည့်လက်မှာ စိန်လက်စွပ်တွေ တဝင်းဝင်း၊ လက်တစ်ဖက်ကို လက်ညှိုး၊ လက်ခလယ်နှင့် လက်သူကြွယ် သုံးချောင်းစီ ဝတ်ထားသည်။

စိန်တွေ ဖယ်ပစ်လိုက်လျှင်တောင် ငေးကြည့်နေဖို့ကောင်းသည့် မျက်နှာက ကျက်သရေရှိလှပါဘိ။

"ထိုင်ပါ ... ဒေါ်တင်တင်စံ"

ကြိတ်လိုက်ကွဟု ဒေါ်သစ္စာထွန်း ကျိတ်ရှိုးကျူးလိုက်ရသည်။ လူရိုးလူအေးပါဆိုသည့် ဦးဉာဏ်ထွန်းက ဘယ်ဆိုးလို့လဲဟု အားရကျေနပ်လိုက်မိသည်။

"နေကောင်းကြလား"

"ဟုတ်ကဲ့"

ဧည့်ခန်းဆက်တီကုလားထိုင်တွေပေါ်မှာ ထိုင်ဖြစ်ကြသည်ကို ဒေါ်သစ္စာထွန်းက ထမင်းစားခန်းထဲမှ ချောင်းကြည့်ရင်း ထွက်သွား ရောထိုင်ရမလား၊ ဆက်ပုန်းနေရလား မဆုံးဖြတ်နိုင်အောင်ရှိနေ၏။ ခင်ပွန်းသည်က ရင်းနှီးလိုဟန် တမက်တမော

မပြတာကို ကျေနပ်ပေမယ့် အကင်းအစိမ်း လွန်သွားမှာလည်း စိုးသည်။ အခြေအနေမဟန်လျှင် ဝင်ထိန်းဖို့ အသင့်အနေအထား နှင့် စောင့်မှသာဖြစ်မည်။

"မသစ္စာလေးကောကွယ်"

"ရှိမှာပါ၊ ကျွန်တော်က အိမ်ရှေ့က ဘဲလ်သံကြားလို့ နိုးပြီး ထွက်လာတာပါ"

"စောစောစီးစီး ညှော်သည်ကတော့ အိမ်ရှင်မတွေ ချက်တုန်း ပြုတ်တုန်းနဲ့ တိုးတတ်တယ်၊ မမတင်တင်ကတော့ အလိုက် မသိတဲ့ညှော်သည်ဖြစ်ရပါပြီကွယ်"

ပြောပြီး တဟက်ဟက်သံလေးထုတ်၍ ရယ်နေပုံက ဟိုတုန်းက ရုပ်ရှင်မင်းသမီးကြီး တင်တင်မူလိုလို ဟု တွေးမိသည်။ "တင်တင်မူတို့များ ဆင်းရဲလို့ကိုမရဘူး၊ ပင်ကိုရုပ်ကိုက ပြည့်စုံ ကြွယ်ဝပြီး အလိုလိုနေရင်း သူဌေးမရုပ်ပေါက်နေတာ၊ စီးကရက် သောက်တဲ့အခန်းမှာ ကျက်သရေရှိလွန်းလို့ လိုက်တုသောက်ကြည့် ပါတယ်၊ ဘယ်မှာမီလို့လဲ"ဟု မေမေပြောဖူးသည်။ မေမေက တင် တင်မူထက်ကြီး၍ သစ္စာထွန်းနှင့်ကျတော့ တင်တင်မူကကြီးမည်။

ဦးညာဏ်ထွန်းက သစ္စာရေဟု ဘယ်တော့လှမ်းခေါ် မလဲနားစွင့်ထားပေမယ့် ခုထိ ခေါ်သံထွက်မလာသေးပါ။

"ဟိုတလောက မမတင်တင်တို့ကားတိုက်တယ်လေ"

ဦးညာဏ်ထွန်း သိပြီးကိစ္စဖြစ်သည်။ ဦးညာဏ်ထွန်း သိပြီးသားမှန်း ဒေါ်တင်တင်စံ သိထားမှာပါဟု ဦးညာဏ်ထွန်း တွေးသည်။ ဒေါ်တင်တင်စံက မောင်ညာဏ်ထွန်းရဲ့သမီး သစ္စာလေး က ကူညီခဲ့တာဟု အစချီလျက်၊ ဦးညာဏ်ထွန်း သိပြီးသားကိစ္စ ကြီးကို အစမှအဆုံး ပြန်ရှင်းပြနေ၏။



"ဒီလိုရှိတယ် မောင်ညာဏ်ထွန်းရယ်၊ ရှေးလူကြီးတွေ လက်ထက်မှာ လူကြီးဆန္ဒနဲ့ ဆန့်ကျင်တဲ့သူက ဆန့်ကျင်၊ အပြစ်ယူတဲ့သူကယူနဲ့ မမတင်တို့ရဲ့ စုံသွေးတချို့ဟာ မျိုးဆက်ထဲက ပုံထွက်ခဲ့တယ်"

"ကျွန်တော်တို့က ပုံထွက်ခဲ့တဲ့အုပ်စုမှာ ပါပေမယ့် စုံသွေး မဟုတ်ပါဘူး"

"ဟိုတုန်းကကိစ္စတွေ ခုထက်ထိ ပါလာတာမျိုးကျတော့ ဘာရယ်မဟုတ် စိုက်လိုက်မတ်တတ် ဖြစ်သွားရတဲ့သဘော ပါ၊ ဟိုတုန်းကကိစ္စက ဟိုတုန်း၍လူတွေ၊ ခုက ခုလူတွေ ဖြစ်ကုန်ပြီ"

စင်စစ် ဒါက ဦးအောင်ဖဲ၊ ဒေါ်တင်တင်စံဟုသာ သိထားရပြီး တစ်ခါမျှ စကားပြောဖူးခဲ့သည် မဟုတ်ချေ။ ဒေါ်တင်တင်စံဘက်ကျတော့ ဦးညာဏ်ထွန်းတို့ ဒေါ်သစ္စာထွန်းကို သတင်းလောက်သာ နားစွင့်လျက် လူကို တော်တော်ကြီး နောက် ကျမှ မြင်ဖူးထားခြင်းဖြစ်သည်။ တွေ့မည့်တွေ့ ဆုံမည်ဆုံတော့ လည်း စိတ်နာကွဲကွာနေကြသည့် သားချင်းတွေ လေပြေထိုး စည်းရုံးရတာနှင့်တူနေ၏။

"ကျွန်တော်တို့က ဖဲ့ထုတ်တဲ့ အုပ်စုထဲလည်း မပါဘူး၊ ကိုယ့်သဘောနဲ့ကိုယ် ဖဲ့ထွက်လာတာလည်း မဟုတ်ဘူး"

"အဲဒါတွေကိုပဲ ပြီးတာတွေပြီးစေဖို့ တို့တစ်တွေ စည်း စည်းလုံးလုံးနေချင်လို့ မမတင်တင် ရောက်လာခဲ့တာပဲ"

"ကျွန်တော်ကတော့ အံ့ဩတယ်"

"အသက်တွေလည်းကြီးကုန်ပြီ"

"ကြားထဲက မျိုးဆက်တွေလည်း ခုလို အသက်ကြီးပြီး အိုခဲ့၊ နာခဲ့၊ သေခဲ့ကြပြီးပြီပဲ"

"မမတင်တင်က မှားခဲ့ဖူးတဲ့အပြစ်တစ်ခုကို တောင်းပန်ဖို့ လာတာ"

"ဘယ်တုန်းကပါလိမ့်"

"ပြန်ပြောတော့လည်း အသစ်ပြန်ဖြစ်မယ်၊ မောင်ဉာဏ်ထွန်းတို့ ဒေါ်သကို ပြန်ဆွရာရောက်မလားပဲ၊ မသစ္စာမှန်း သိလိုက်တာနဲ့ ဝါကျကို တိခနဲဖြတ်ပစ်ခဲ့တဲ့ မမတင်တင်ရဲ့ အမှားကို ..."

"ကြာခဲ့ပြီပဲ၊ အဲဒီအတွက် တောင်းပန်ချင်တာဆိုရင်တော့ နှစ်နဲ့ချီပြီး နောက်ကျခဲ့ပြီ"

"ဝန်ခံရရင် မာန်လည်းပါတယ်၊ သမားရိုးကျဖြစ်ရိုးဖြစ်စဉ်တစ်ခုကို ပြစ်ပျက်စေခဲ့တာပဲမို့ မမှားဘူးလို့ထင်ခဲ့တယ်၊ သမီးလေး သတ္တိက ..."

"ကျွန်တော့်သမီးက ဘယ်နေရာမှာ ဝင်ပါရပြန်ပြီလဲ"

"မမတင်တင်တို့ ကားမှောက်တုန်းက သမီးလေး သတ္တိဟာ အရွယ်နဲ့မလိုက် အသက်နဲ့မမျှတဲ့ စိတ်ကောင်းလေးကို ပြခဲ့တယ်၊ ဆေးရုံတင်ပေးတာ၊ အိမ်အကြောင်းကြားပေးတာတွေ၊ ကိုမြမှာ သေွးလိုလို့ ကိုယ်တိုင်လှူခဲ့တာ၊ မမတင်တင်ရဲ့ ပစ္စည်းဥစ္စာတွေကို ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့တာတွေ ..."

"လူငယ်က လူကြီးထက်တောင် သဘောထားမြင့်မြတ်ဖြူစင်နေပါပကောဆိုပြီး မမတင်တင် ယူကျုံးမရဖြစ်တယ်၊ အဖြစ်အပျက်ချင်း ပြောင်းပြန်ဆိုရင်တောင် ..."



"မမတင်တင်က သမီးလေးလောက် စေတနာမြင့်မြတ်နိုင်ပါ့မလားလို့ သံသယနဲ့ ရှက်လည်းရှက်တယ်"

"အဲဒါလည်း လနဲ့ချီပြီ"

"မမတင်တင်တို့ကို ကူညီသူဟာ သမီးလေးသတ္တိဆိုတာ မမတင်တင် တော်တော်ကြီးနောက်ကျပြီးမှ သိခွင့်ရတယ်"

"မနေ့ကမှ သိတာလား၊ ဒီမနက်သိတာလား"

"ပြောနိုင်ပါတယ်ကွယ်၊ ခုလို ကျေးဇူးတင်စကားလာပြောဖို့ကိစ္စကိုလည်း မမတင်တင် နောက်ကျခဲ့ပြန်တယ်၊ မမတင်တင်ရဲ့ အပြစ်တွေချည်းပါပဲ"

ဒေါ်သစ္စာထွန်း မျက်ရည်တွေ ဝဲလာ၏။ ကိုယ့်ထက်အကြီးတစ်ယောက်က တောင်းပန်ခယနေမှ ကိုယ်ကကြီးကြီးကျယ်ကျယ် ခနိုးခနဲ့တွေ လုပ်မနေသင့်တော့တာကို နားလည်၏။ လူငယ်က ရိုင်းရာကျမှာလည်းစိုးသည်။ ဒေါ်တင်တင်စံ ဆိုသည့် မိန်းမသားနှုတ်ဖျားမှ ဤစကားတွေ ထွက်လာအောင် မာနကို ရာခိုင်နှုန်း ဘယ်လောက်များ လျှော့ချပစ်လိုက်ရသလဲ။ မာနလက်ကျန်မှ ရှိသေးရဲ့လား။

မာနဆိုတာ ထားသင့်သည့်နေရာမှာတော့ ထားဖို့လိုသည်ဟုထင်၏။ မမတင်တင် ထက်ထက်မြက်မြက်ရှိနေတာကို အစကတည်းက အတုခိုးချင်နေသည်။ လေးစားအားကျခဲ့ရသည်။ ပင်ညိုအေးရိပ်ကြီး ဖြန့်ကြက်ထားသလို နိုကိုးရာပင်မကြီးအဖြစ်အားလည်းကိုးချင်၏။

ကြေကွဲဝမ်းနည်းရသည့်ကြားမှ ပျော်စရာလေးတစ်ခုတော့ ဖြစ်ထွန်းသည်။ ဘွားဘွားလက်ထက်က ရတနာ မေမေ့လက်ထက်မှာ ပျောက်ဆုံးသွားသည်မို့ မေမေသည် အိမ်ထောင်

ရေးကံ ညံ့ရှာသည်ဟုထင်၏။ ခုတော့ ဘွားဘွားပိုင်ပစ္စည်းကို မျိုးဆက်အမွေထဲ ပြန်ထည့်နိုင်ပြီး ဤရတနာ အရင်ရောက်လာလို့သာ နောက်တော်ပါ ကျက်သရေအဖြစ် မမတင်တင် ရောက်လာခွင့်လွှတ်ခြင်းဖြစ်ရမည်။ ဘယ်လောက် မင်္ဂလာရှိလိုက်သည့် ရတနာပါပဲ။

ဒေါ်တင်တင်စံက မသစ္စာလေးကို ခေါ်ပါဦးဟုဆို၏။ ဦးဉာဏ်ထွန်းက သူ့ဇနီး စိတ်ဆိုးပြေမပြေ၊ ဒေါ်တင်တင်စံ အပေါ်သဘောထား၊ ဘယ်လိုရှိမည်တို့ကို တီးခေါက်ကြည့်ချင်သေးသည်။

"လွန်ခဲ့တဲ့ မျိုးဆက်သုံးလေးဆက်ဆိုပါတော့၊ မမတင်တင်တို့အဖို့ အဘိုးအဘွားတွေလက်ထက်က ကွဲကွာခဲ့တဲ့ မိတ်ဆွေသင်္ဂဟတွေ မမတင်တင်တို့လက်ထက်မှာ ပြန်ဆုံကြပြီလို့ သဘောထားစေချင်တယ်၊ မမတင်တင်က အိမ်မှာ မိတ်ဆုံပွဲကလေးတစ်ခုတောင် လုပ်မလားလို့"

"ကျွန်တော်ကတော့ ပွဲလမ်းသဘင်ဆို မသွားဖြစ်တာများပါတယ်"

"မသစ္စာလေး ခေါ်ချေပါဦး မောင်ဉာဏ်ထွန်းရယ်၊ မမတင်တင်ကိုယ်တိုင် တောင်းပန်ချင်သေးတယ်"

သည်ထက်ပို၍ တင်းမာရလျှင် ရိုင်းပျရာကျတော့မည်မို့ ဦးဉာဏ်ထွန်းက လှမ်းခေါ်ရတော့သည်။

"သစ္စာရေ"

"ဟုတ်ကဲ့"

ညည်ခန်းနားကပ်၍ နားစွင့်နေသူမို့ တစ်ခွန်းခေါ်ရုံနှင့် ရောက်လာသည်။



"နေကောင်းလား"

"ဟုတ်ကဲ့"

"မမတင်တင်နဲ့ သစ္စာနဲ့ ညည့်ခံပွဲတစ်ခုမှာ ဆုံခဲ့တုန်းက မမတင်တင် ရိုင်းခဲ့တာကို လာတောင်းပန်တာပါ၊ မောင်ဉာဏ်ထွန်းကတော့ လနဲ့နှစ်နဲ့ချီပြီး နောက်ကျခဲ့ပြီလို့ပြောပါတယ်ကွယ် ...

"အမှန်ကိုဝန်ခံရရင် မာန်တွေလည်းပါသပေါ့၊ ကိုယ့်ရှေ့က မိဘဘိုးဘွားတွေ နေခဲ့သလို နေမိတာလည်း ပါတယ်ပေါ့၊ သမီးကလေးသစ္စာက မမတင်တင်ကို တရားချလိုက်သလိုပါပဲ ...

"မမတင်တင်တို့ ကားဆက်ဆီးဒင့်ဖြစ်တာ သိလိုက်တယ်မဟုတ်လား"

"ဟုတ်ကဲ့၊ သစ္စာကလည်း တောင်းပန်ရဦးမှာပါ"

"သစ္စာတို့ဘက်က အမှားအလွန် မရှိပါဘူးကွယ်"

"ဟင့်အင်း ... ဘွားဘွားရဲ့နီလာဖြူတစ်စုံဟာ မမတင်တင်ဆီရောက်နေခဲ့တယ်လို့ အထင်မှားခဲ့တာပါ"

"ခု ဘယ်သူ့ဆီမှာတဲ့လဲ"

"သစ္စာ ပြန်ရပါပြီ မမတင်တင်၊ အဲဒီရတနာလည်း အိမ်ပေါ်ရောက်ရော မမတင်တင်လည်း ဒီမနက် ရောက်လာတာပါပဲ"

"အေးလေ ... စိတ်ညစ် စိတ်ရှုပ် စကား အငြိုးအတေးတို့၊ အာဃာတတို့ မမတင်တင် မှားခဲ့တာရှိရင်လည်း သစ္စာတို့က ခွင့်လွှတ်ပါ"

"သစ္စာတို့မှားခဲ့တာရှိရင်လည်း မမတင်တင်က ခွင့်လွှတ်ပါ"

ဒေါ်တင်တင်စံ ခေါင်းတညိတ်ညိတ်ရှိလေ၏။ သူ အထင်အမြင်မကြီးခဲ့သည့် မသစ္စာသည် မြို့မျိုးရိုးမှ ဆင်းသက်လာသည့် မောင်ဉာဏ်ထွန်းထက်တောင် စိတ်သဘောထား အများကြီး ပိုမြင့်မြတ်နေသေးသည်။ သူတို့က မွေးသည့်သမီး သစ္စာ လူငယ်ဘာဝနှင့် မလိမ္မာတစ်ခါမိုက်၊ မိခင်နေရာမှ အမျိုးသမီးကြီးကို 'မမတင်တင်' ခေါ်လျက် ပခုံးချင်းယှဉ်ဆက်ဆံခဲ့ပေမယ့် စိတ်ရင်းကလေး ဖြူစင်သိမ်မွေ့ရာတာကိုလည်း သိပြီးဖြစ်သည်။

အဲဒါကြောင့် အဲဒီညကတည်းက မမသစ္စာဆိုသည့် မိန်းမသားငယ်၏ "သစ္စာ" ကို ချီးကျူးသဘောကျရင်း တစ်ဖက်က ခွင့်လွှတ်နိုင်ခဲ့တာပါပဲ။

"မမတင်တင်၊ ဒီနေ့ သစ္စာတို့အိမ်မှာ မုန့်ဟင်းခါးချက်ပါတယ်၊ ကိုဉာဏ်ကို ဈေးလေးတစ်ခေါက် ပြေးပေးဖို့ပြောပြီးရင်း စားလို့ရပါပြီ၊ စားသွားပါလို့ သစ္စာ ပြောချင်တာ"

"စားမှာပါ သစ္စာရယ်၊ မောင်ဉာဏ်ထွန်းကို မလွှတ်ပါနဲ့၊ မမတင်တင်ရဲ့ ယာဉ်မောင်းကိုပဲ စာရင်းနဲ့လွှတ်လိုက်ရင် ရပါတယ်"

ဒေါ်တင်တင်စံက သူ့ယာဉ်မောင်းကိုခိုင်းဖို့ မတ်တတ်ထရပ်သည်။ အဲသည်အချိန်မှာပဲ ဒေါ်သစ္စာထွန်းပါ ဝုန်းခနဲထရပ်လိုက်ရတော့သည်။ အဘယ်ကြောင့်ဆိုတော့ မီးဖိုထဲမှ လွင့်ထွက်လာသည့် ဟင်းအိုးနံ့က တူးခြစ်ခါးသီးစွာ မွှန်ထွက်လာသည်မို့ပါ။

"ဟောတော့ ... မမတင်တင်၊ ဟင်းအိုးကြီးပစ်ရပါပြီ"

ဒေါ်သစ္စာထွန်း မီးဖိုထဲ လှစ်ခနဲဝင်ပြေးပုံက ဆယ်ကျော်သက်ကလေးတောင် ရှုံးလေ၏။

❋ ○ ❋



"ဟော ... မေမေ ပြန်လာပြီလား"

ဒေါ်တင်တင်စံ စောစောစီးစီး ကားနှင့်ထွက်သွားကို ဘယ်သွားမှန်း ဣန္ဒီ မသိလိုက်ပါ။ ပုံမှန်အိပ်ရာထချိန်က် နောက်ကျပြီးမှ အိပ်ခန်းထဲက ထွက်လာဖြစ်ပေမယ့် ဘာမှဖြစ်သလို ဟန်ဆောင်ကြိုးစားရင်း မေမေ့ကိုလည်း အကဲခတ်သေးသည်။ မေမေက လူအေးဆိုပေမယ့် သားအဖ ယောကျ်ားင်းမို့ ခြေမြင်နိုင်၏။ ညှိခန်းက တယ်လီဖုန်းမြည်သံကို ဣန္ဒီ ပြေးကိုင်ပေးခဲ့လေ၏။

လူကတော့ ပုံမှန်မှ တကယ်ပုံမှန်၊ ခါတိုင်းနှင့်ဝကို မခြားနား၊ ပုံမှန်မဖြစ်ရမည့် အချိန်မှာ ပုံမှန်ဖြစ်နေခြင်း ပုံမှန်မဟုတ်ကြောင်း ထင်ရှားစေနေတာကို ဣန္ဒီ မစဉ်းစားမိပါ။

"မေမေ့မိတ်ဆွေတဲ့၊ ဒေါ်ခင်ညွန့်ဝေတဲ့၊ ပြောင်ခေါင်းစိမ်းဝမ်းဆက်လိုချင်လို့တဲ့"

"ဪ ... လာသွားသလား"

"ဖုန်းဆက်တာပါ မေမေ"

"အေး ... အေး ... မေမေ ပြန်ဆက်လိုက်မယ်"

ဒေါ်တင်တင်စံ တယ်လီဖုန်းနားသို့ အရောက်မှာပဲ တယ်လီဖုန်းသံက မြည်လာခဲ့ပေ၏။

"သားရေ ... သားတဲ့"

ဒေါ်တင်တင်စံက ကိုင်ထားသည့် တယ်လီဖုန်းကို ဣန္ဒီသို့ လှမ်းပေး၏။

"ဏ္ဍီ ... ပါ"

"သမီးငယ်ပါ"

"ဩော် ..."

တော်တော်လေး စိတ်ပျက်သွားမိသည်။

"သတ္တိတို့တစ်ဖွဲ့လုံး ဆေးရုံရောက်လို့"

"ဟင် ... ဘာဖြစ်လို့လဲ"

"မသိဘူး၊ ဝိုင်ကျီအိပ်ချ်အရေးပေါ်မှာ တွေ့ခဲ့တယ်၊ ပိုးလိုး ပက်လက်နဲ့၊ သမီးငယ် ဏ္ဍီဆီ ဖုန်းပြေးဆက်တာ၊ ဏ္ဍီ အမြန်လိုက်ခဲ့လေ၊ သမီးငယ်လည်း ပြန်ပြေးကြည့်လိုက် ဦးမယ်"

ကမန်းကတန်း ဖုန်းချသွားသည်။

ဒေါ်တင်တင်စံ တောင့်တောင့်ကြီး ဖြစ်သွားသည့် သားကိုကြည့်၏။ ဏ္ဍီ ဆယ်စက္ကန့်လောက်တော့ လူသေတို့ တောင့်သွားသည်။ တစ်ကိုယ်လုံး ငြိမ်သက်တောင့်တင်းသွားသည့် ဆယ်စက္ကန့်အတွင်းမှာ ဦးနှောက်ခန်းတွင်းရှိသမျှ အာရုံကြောတွေ အကုန်လုံး လျှပ်စစ်စီးသလို အမြန်ဆုံး ပြေးလွှားသွားကြသည် ထင်၏။

"ဘယ်လဲ ... သား"

"ဆေးရုံ မေမေ"

ကားသော့ကို ပြေးယူ၍ လွှားခနဲ ဝဲသွားသလားထင် ရသည့်သားကို နားမလည်စွာကြည့်၍ ကျန်ရစ်သည်။ ဘယ်သူ ဘာဖြစ်လို့ပါလိမ့်။ ဏ္ဍီဆိုသည့် ခပ်တည်တည်ယောက်ျားက တော်ရုံနှင့် သည်းခံပါဘိခြင်းလေ။

✻ ○ ✻



ရန်ကုန်ဆေးရုံကြီးဝင်းအတွင်းသို့ ကားရောက်သည် နှင့် တံခါးတွေတစ်ချပ်မှ မှန်မတင်ဘဲ ပြေးဆင်းခဲ့သည်။ တိက လေးရယ်၊ ဘာဖြစ်ပါလိမ့်။ တစ်ဖွဲ့လုံးဆိုတော့ သူတို့စီးနေကျ ဖယ်ရီ တစ်နေရာရာအသွားမှာ ကားပဲမှောက်လေသလား၊ ဘယ် သူတွေ ဘာဖြစ်သွားကြသလဲ။ တိလေးအဖြစ်က တော်တော်လေး ဆိုးလေသလား၊ ပိုးလိုးပက်လက်ကို လန်လို့ဆိုတော့ ခြေပြတ် လက်ပြတ်များ ဖြစ်သွားပြီလား တိရယ်။

ကဝေမလေး။ မင်း ဘယ်လိုပဲ တို့ကို ပြုစားလှည့် စားပေမယ့် အရေးဆိုတော့ တို့မနေနိုင်ဘူး။ တို့ဘဝထဲက မင်းကို အစဖျောက်ပစ်လိုက်ပြီလို့ ချထားတဲ့ ဆုံးဖြတ်ချက်လည်း ရေထဲမျောပြီ။ မင်း ခလုတ်မထိဆူးမငြိပါစေနဲ့။

ဆေးရုံကြီးအရေးပေါ်ဌာနက လူပြတ်သည်ဟူ၍ ဘယ်တော့မှမရှိ။ ပါးကျဲခြင်းနှင့် ထူထဲခြင်းသာကွာ၏။ ဏ္ဍီ တစ်ခန်းဝင်တစ်ခန်းထွက် လျှောက်ကြည့်သည်။ အရေးပေါ်ဌာနသို့ တစ်ခါ မှမရောက်ဖူးသည်မို့ ချက်ချင်းရောက်လာသည့် လူနာတွေ ဘယ်အခန်းမှာမှန်းမသိ။ သည်နေ့ လူတွေများနေတာတော့အမှန် ပါ။ အခန်းတွေထဲလည်း သွေးသံရဲရဲနှင့် ပိုးလိုးပက်လက်ဆိုတာ မျိုးတော့မတွေ့၊ တချို့ခုတင်ပေါ်မှာ လူးလိမ့်နေတာတော့ တွေ့ သည်။ ယောက်ျားကြီးတွေ။

သတ္တိတို့အဖွဲ့ဝေးလို့ မိန်းမလူနာတောင် ခပ်ရှားရှား ဖြစ်နေသည်။

"ဟိုက် ..."

သတ္တိမှသတ္တိအစစ်၊ ကြွေဥနှင့် သခင်တို့က တစ်ဖက်စီရံလျက် လက်ချိတ်လျက်။ ပြီးတော့ သူ့သူငယ်ချင်းတွေ တစ်ဖွဲ့လုံး။ သတ္တိက နည်းနည်းပါးပါး ခါတိုင်းလောက်မလန်းဆန်းဟုဆင်ရပေမယ့် စကားတွေပြောပြီး သွက်သွက်ကြီးလျှောက်လှမ်းနေလိုက်တာ. ကျိုးဖို့ပဲ့ဖို့ဝေးလို့ ခြင်တစ်ကောင်တောင် ကိုက်ထားခံရပုံမပေါ်။

သမီးငယ် သက်သက် အတို့အထောင် လုပ်တာပဲ။ သွေးထွက်သံယိုနှင့်ဟု ထင်လိုက်စဉ်က အတင်းဖိနှိမ်ချိုးနှိမ်ထားသည့် အချစ်တွေရှန်းကြွလာခဲ့သည်။ ခုလို အကောင်းပကတိကြီးမြင်ရတော့ ရင်ကွဲနာက ပြန်လည်မင်းမူ၏။ ပြုစားတတ်သည့် ကဝေမ၊ အာဃာတတစ်ခုကို မပြေနိုင်အောင် လက်နက်အဖြစ်အသုံးပြုခဲ့သည်။

ဒါ ဣန္ဒြေရှင်မိန်းမသားတစ်ယောက် လုပ်သင့်သည့်အရာလား။

တစ်ဖက်ကကျားမို့ အဲ့ဆီစား၍ အသားကိုမျိုသွားသည်ရှိသော်၊ အဆီစား အသားမမျိုသည့်တိုင် ကိုက်ခဲသတ်ပုတ်ကုတ်ဖဲ့သွားသည်ရှိသော် မိန်းမသားဘဝမပျက်ပေဘူးလား။ ခုကိုပဲ "ဣန္ဒြီနှင့်သတ္တိ"ဆိုတာ ကျောင်းကျဉ်းကျဉ်း လူနည်းနည်းမို့ သိသင့်သလောက် သိကုန်ကြပြီ။

"ရည်းစားပျက်မ"ဖြစ်ခဲ့ရပြီ။

ဒါကို သူ မနာမကျင် ခံယူရင်ဆိုင်သည် ဆိုကတည်းက တန်ဖိုးလျော့မိန်းမသား ဖြစ်ရပြီ။ မိုက်မဲစွ မမသိပ်မိုက်၊ ကျွန်တော် ခင်ဗျားကို မခိုက်တော့ပါဘူးခင်ဗျာ ... ဟု အော်ပြောလိုက်ချင်၏။



"ဟော ... မေမေ ပြန်လာပြီလား"

ဒေါ်တင်တင်စံ စောစောစီးစီး ကားနှင့်ထွက်သွားတာကို ဘယ်သွားမှန်း ဣန္ဒြီ မသိလိုက်ပါ။ ပုံမှန်အိပ်ရာထချိန်ထက် နောက်ကျပြီးမှ အိပ်ခန်းထဲက ထွက်လာဖြစ်ပေမယ့် ဘာမှမဖြစ်သလို ဟန်ဆောင်ကြိုးစားရင်း ဖေဖေ့ကိုလည်း အကဲခတ်နေသေးသည်။ ဖေဖေက လူအေးဆိုပေမယ့် သားအဖ ယောက်ျားချင်းမို့ ခြေမြင်နိုင်၏။ ဧည့်ခန်းက တယ်လီဖုန်းမြည်သံကို ဣန္ဒြီ ပြေးကိုင်ပေးခဲ့လေ၏။

လူကတော့ ပုံမှန်မှ တကယ်ပုံမှန်၊ ခါတိုင်းနှင့်ဘဝကို မခြားနား၊ ပုံမှန်မဖြစ်ရမည့် အချိန်မှာ ပုံမှန်ဖြစ်နေခြင်းက ပုံမှန်မဟုတ်ကြောင်း ထင်ရှားစေနေတာကို ဣန္ဒြီ မစဉ်းစားမိပါ။

"မေမေ့မိတ်ဆွေတဲ့၊ ဒေါ်ခင်ညွန့်ဝေတဲ့၊ ပြောင်ခေါင်းစီမံဝမ်းဆက်လိုချင်လို့တဲ့"

"ဪ ... လာသွားသလား"

"ဖုန်းဆက်တာပါ မေမေ"

"အေး ... အေး ... မေမေ ပြန်ဆက်လိုက်မယ်"

ဒေါ်တင်တင်စံ တယ်လီဖုန်းနားသို့ အရောက်မှာပဲ တယ်လီဖုန်းသံက မြည်လာခဲ့ပေ၏။

"သားရေ ... သားတဲ့"

ဒေါ်တင်တင်စံက ကိုင်ထားသည့် တယ်လီဖုန်းကို ဣန္ဒြီသို့ လှမ်းပေး၏။

"ဣန္ဒီ ... ပါ"

"သမီးငယ်ပါ"

"ဪ ..."

တော်တော်လေး စိတ်ပျက်သွားမိသည်။

"သတ္တိတို့တစ်ဖွဲ့လုံး ဆေးရုံရောက်လို့"

"ဟင် ... ဘာဖြစ်လို့လဲ"

"မသိဘူး၊ ဝိုင်ဂျီအိပ်ချ်အရေးပေါ်မှာ တွေ့ခဲ့တယ်၊ ပိုးလိုး ပက်လက်နဲ့၊ သမီးငယ် ဣန္ဒီဆီ ဖုန်းပြေးဆက်တာ၊ ဣန္ဒီ အမြန်လိုက်ခဲ့လေ၊ သမီးငယ်လည်း ပြန်ပြေးကြည့်လိုက် ဦးမယ်"

ကမန်းကတန်း ဖုန်းချသွားသည်။

ဒေါ်တင်တင်စံ တောင့်တောင့်ကြီး ဖြစ်သွားသည့် သားကိုကြည့်၏။ ဣန္ဒီ ဆယ်စက္ကန့်လောက်တော့ လူသေတို့ တောင့်သွားသည်။ တစ်ကိုယ်လုံး ငြိမ်သက်တောင့်တင်းသွားသည့် ဆယ်စက္ကန့်အတွင်းမှာ ဦးနှောက်ခန်းတွင်းရှိသမျှ အာရုံကြောတွေ အကုန်လုံး လျှပ်စစ်စီးသလို အမြန်ဆုံး ပြေးလွှားသွားကြသည် ထင်၏။

"ဘယ်လဲ ... သား"

"ဆေးရုံ မေမေ"

ကားသော့ကို ပြေးယူ၍ လွှားခနဲ ဝဲသွားသလားထင် ရသည့်သားကို နားမလည်စွာကြည့်၍ ကျန်ရစ်သည်။ ဘယ်သူ ဘာဖြစ်လို့ပါလိမ့်။ ဣန္ဒီဆိုသည့် ခပ်တည်တည်ယောကျ်ားက တော်ရုံနှင့် သည်းခံပါဘိခြင်းလေ။

❋ ○ ❋



' ' ရန်ကုန်ဆေးရုံကြီးဝင်းအတွင်းသို့ ကားရောက်သည်နှင့် တံခါးတွေတစ်ချပ်မှ မှန်မတင်ဘဲ ပြေးဆင်းခဲ့သည်။ တိက လေးရယ်၊ ဘာဖြစ်ပါလိမ့်။ တစ်ဖွဲ့လုံးဆိုတော့ သူတို့စီးနေကျ ဖယ်ရီ တစ်နေရာရာအသွားမှာ ကားပဲမှောက်လေသလား၊ ဘယ် သူတွေ ဘာဖြစ်သွားကြသလဲ။ တိလေးအဖြစ်က တော်တော်လေး ဆိုးလေသလား၊ ပိုးလိုးပက်လက်ကို လန်လို့ဆိုတော့ ခြေပြတ် လက်ပြတ်များ ဖြစ်သွားပြီလား တိရယ်။

ကဝေမလေး။ မင်း ဘယ်လိုပဲ ကိုယ့်ကို ပြစ်မှားလှည့် စားပေမယ့် အရေးဆိုတော့ ကိုယ့်မနေနိုင်ဘူး။ ကိုယ့်ဘဝထဲက မင်းကို အစဖျောက်ပစ်လိုက်ပြီလို့ ချထားတဲ့ ဆုံးဖြတ်ချက်လည်း ရေထဲမျောပြီ။ မင်း ခလုတ်မထိဆူးမငြိပါစေနဲ့။

ဆေးရုံကြီးအရေးပေါ်ဌာနက လူပြတ်သည်ဟူ၍ ဘယ်တော့မျှမရှိ။ ပါးကျဲခြင်းနှင့် ထူထဲခြင်းသာကွာ၏။ ဣန္ဒီ တစ်ခန်းဝင်တစ်ခန်းထွက် လျှောက်ကြည့်သည်။ အရေးပေါ်ဌာနသို့ တစ်ခါ မျှမရောက်ဖူးသည်မို့ ချက်ချင်းရောက်လာသည့် လူနာတွေ ဘယ်အခန်းမှာမှန်းမသိ။ သည်နေ့ လူတွေများနေတာတော့အမှန် ပါ။ အခန်းတွေထဲလည်း သွေးသံရဲရဲနှင့် ပိုးလိုးပက်လက်ဆိုတာ မျိုးတော့မတွေ့၊ တချို့ခုတင်ပေါ်မှာ လူးလိမ့်နေတာတော့ တွေ့ သည်။ ယောကျ်ားကြီးတွေ။

သတ္တိတို့အဖွဲ့ဝေးလို့ မိန်းမလူနာတောင် ခပ်ရှားရှား ဖြစ်နေသည်။

"ဟိုက် ..."

သတ္တိမှသတ္တိအစစ်၊ ကြွေဥနှင့် သဇင်တို့က တစ်ဖက် စီရုံလျက် လက်ချိတ်လျက်။ ပြီးတော့ သူ့သူငယ်ချင်းတွေ တစ်ဖွဲ့လုံး။ သတ္တိက နည်းနည်းပါးပါး ခါတိုင်းလောက်မလန်းဆန်း ဟုထင်ရပေမယ့် စကားတွေပြောပြီး သွက်သွက်ကြီးလျှောက်လှမ်း နေလိုက်တာ ကျိုးဖို့ပဲ့ဖို့ဝေးလို့ ခြင်တစ်ကောင်တောင် ကိုက်ထား ခံရပုံမပေါ်။

သမီးငယ် သက်သက် အတို့အထောင် လုပ်တာပဲ။ သွေးထွက်သံယိုနှင့်ဟု ထင်လိုက်စဉ်က အတင်းဖိနှိမ်ချုပ်နှိမ်ထား သည့် အချစ်တွေရုန်းကြွလာခဲ့သည်။ ခုလို အကောင်းပကတိကြီး မြင်ရတော့ ရင်ကွဲနာက ပြန်လည်မင်းမူ၏။ ပြုစားတတ်သည့် ကဝေမ၊ အာဃာတတစ်ခုကို မပြေနိုင်အောင် လက်နက်အဖြစ် အသုံးပြုခဲ့သည်။

ဒါ ဣန္ဒြေရှင်မိန်းမသားတစ်ယောက် လုပ်သင့်သည့် အရာလား။

တစ်ဖက်ကကျားမို့ အဆီစား၍ အသားကိုမျိုသွား သည်ရှိသော်၊ အဆီစား အသားမမျိုသည့်တိုင် ကိုက်ခဲသတ်ပုတ် ကုတ်ဖဲ့သွားသည်ရှိသော် မိန်းမသားဘဝမပျက်ပေဘူးလား။ ခုကိုပဲ "ဣန္ဒြေနှင့်သတ္တိ"ဆိုတာ ကျောင်းကျဉ်းကျဉ်း လူနည်းနည်းမို့ သိ သင့်သလောက် သိကုန်ကြပြီ။

"ရည်းစားပျက်မ"ဖြစ်ခဲ့ရပြီ။

ဒါကို သူ မနာမကျင် ခံယူရင်ဆိုင်သည် ဆိုကတည်း က တန်ဖိုးလျော့မိန်းမသား ဖြစ်ရပြီ။ မိုက်မဲစွ မမသိပ်မိုက်၊ ကျွန် တော် ခင်ဗျားကို မခိုက်တော့ပါဘူးခင်ဗျာ ... ဟု အော်ပြော လိုက်ချင်၏။



တစ်ဖွဲ့လုံးနှင့် ရင်ဆိုင်မတိုးမိမှာပင် ကျောခိုင်း၍ ချာခနဲလှည့်လိုက်၏။ မသိစိတ်က နောက်ကျောပြင်မှာ မျက်စိ တစ်လုံးနှင့်နားရွက်တစ်ဖက် တပ်ပေးလိုက်သလားမသိ။ သွက် သွက်ကလေးပြေးလိုက်သံကြားသည်။ ဣန္ဒြေဆိုသည့် ခေါ်သံ တိုး ဖွဖွရိုက်ညည်းကလေးကြားသည်။

နေစမ်းပါ။ ဒါတွေဟာ ငါးဆယ်ရာခိုင်နှုန်း အရှုံး တစ်ယောက်ကို သွက်သွက်လည်စေမည့် ပဋ္ဌလက်နည်းတွေပဲ ဖြစ်မည်။

"ဣန္ဒြေ"

သည်တစ်ခါတော့ အသံက တော်တော်လေးကျယ် သည်။ ပြေးသံကလည်း နီးကပ်၏။ ဂရုမစိုက်ပါဘူးဟု စိတ်နှာဆဲမှာ ပင် ခြေထောက်တွေက တန့်ခနဲရပ်၍ စောင့်မိတော့သည်။

"ဣန္ဒြေ"

လက်ဝဲဘက် ရှပ်အင်္ကျီလက်မောင်းသား တင်းခနဲ ဖြစ်သွားသည်။

"ဘယ်လာတာလဲဟင်"

"ဒီကိုပဲ"

မရေရာစွာ ဖြေမိလျက်သား ဖြစ်သွားပေ၏။

"သမီးငယ်ရဲ့အစ်မလေး၊ အူအတက်ထင်တယ်၊ ဗိုက်အရမ်း အောင့်ပြီး ဆေးရုံ ကမန်းကတန်းတင်ရတယ်ဆိုလို့ တိတို့ လာကြည့်တာ"

"သြော် ..."

ဘယ်ပြန်ငုံ့စောင်းကြည့်ဖြစ်ကြ၏။

"ဣန္ဒိမမေ ဆေးရုံတက်တုန်းက စောင့်ပေးတဲ့ ဆရာမပေါ့၊ အဲဒါ သမီးငယ်ရဲ့အစ်မအရင်း"

"အင်း ... သိတယ်"

"တိတို့လူငယ်တွေချည်း စုပြီး လိုက်ခဲ့ပါတဲ့၊ သူတစ်ယောက်တည်းဖြစ်နေလို့တဲ့၊ ဖေဖေတို့ မေမေတို့တော့ ညနေညို့ချိန်ကျမှ အေးအေးဆေးဆေးလာပါစေတဲ့၊ အရေးပေါ်ကို လူစုပြီး လိုက်ခဲ့ပါဆိုလို့ တိတို့လာကြတာ"

သမီးငယ် ရှုပ်ပြီဆိုတာ သိလိုက်သည်။ ဣန္ဒိကို သတ္တိတို့အဖွဲ့နှင့်ဆုံအောင် တမင်ချိန်ပေးတာပဲဖြစ်မည်။

"ဣန္ဒိကကော ဘယ်သူ့ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး"

"ပြန်မှာလား"

"ပြန်မယ်"

"တိလည်းပြန်မှာ၊ ဒီမှာမတွေ့လို့ ကြွေဥက အများသုံးဖုန်းကနေ လှမ်းဆက်မေးကြည့်တာ၊ သမီးငယ်က ပျင်းလို့စ,တာတဲ့၊ ဘယ်လောက်ဆိုးလဲ၊ ဣန္ဒိဆီကော သူ ဖုန်းဆက်သေးလား"

"မဆက်ပါဘူး" ဟုလည်းမညာချင်၊ "ဆက်တယ်" ဟုလည်း ဝန်မခံချင်သည်မို့ သတ္တိ မေးခွန်းကို မကြားချင်ယောင်ဆောင်နေလိုက်သည်။

"ဣန္ဒိ သဇင်တို့ သွားစရာရှိသေးလို့ သတ္တိကို ထားခဲ့တော့မယ်၊ ဣန္ဒိပဲ တာဝန်ယူပြီး ပြန်ပို့လိုက်တော့"

သူ့တစ်ဖွဲ့လုံး မျက်နှာတွေက စပ်ဖြဲဖြဲ ဖြစ်နေကြသည်။



"တိ ... ဣန္ဒိနဲ့လိုက်ခဲ့မယ်၊ ဖြစ်မလား"

"သွားစရာတော့ ရှိသေးတယ်"

"ရှိသေးလည်း သတ္တိကို လိုက်ပို့ပြီးမှ သွားစရာသွားတော့ကွာ၊ တို့အုပ်စုတော့ ပြန်ပြီ"

ဗွတ်ကြီးကို ချန်ရစ်ခဲ့ကြတာပါလား၊ ပြောပြောပြေးပြေး ကြက်ပျောက်ငှက်ပျောက်ဆိုသလို ထွက်သွားကြပြီ၊ သတ္တိတစ်ယောက်တည်း ကျန်ရစ်တော့သည်။ သတ္တိ မျက်နှာလေးပျက်နေရှာ၏။ မျက်ဝန်းအိမ်က ရွှန်းလက်လွန်းသည်မို့ မျက်ရည်တစ်စွယ်တစ်စ ခိုပြီဆိုတာ သိလိုက်သည်။

သူ့လက်ညှိုးနှင့် လက်မကြားထဲမှာရှိနေသည့် မိမိရုပ်အကျီလက်မောင်းသား အစလေးကို ခွန်အားတောင်သုံးစရာမလိုဘဲ ဆွဲထုတ်နိုင်ပါလျက် မထုတ်ရက်အောင်ဖြစ်နေ၏။ သူ့မျက်နှာ ငိုမဲ့မဲ့လေးကို ဘယ့်နှယ်ဘယ်ပုံ သနားသွားမိမှန်းမသိ၊ နှစ်မြှုပ်ဖျက်ဆီးလိုက်ပါပြီဆိုသည့် အကြင်နာတွေ၊ အဝေးဆုံးသို့ ခွန့်ပစ်လိုက်ပါပြီဆိုသည့် စေတနာတွေ အားလုံးပေါင်းစည်းစုရုံး၍ ပြန်ရောက်လာကြသည်။

"ဣန္ဒိ မအားရင်လည်း နေပါစေ"

"ရတယ်"

"မေမေတင်တင်ကိုလည်း တိ ရှိခိုးပြီး တောင်းပန်ရဦးမယ်၊ မမတင်တင်လို့ခေါ်ပြီး ရိုင်းရိုင်းပျပျ ပြောခဲ့မိတာကို"

"ဘယ်သူ့ကို"

"ဣန္ဒိ မေမေကိုလေ"

ရင်ထဲမှာ တင်းကျပ်မာခဲနေသည့် အသည်းနာလုံးကြီး ရုတ်ခြည်း အရည်ပျော်ကျသွားသည်။ မုန်းပါ၊ မျက်ပါ၊

စိတ်နာပါပြီဆိုသည့် မိန်းမကို သူ့မျက်နှာလေး တစ်ချက်မဲ့ရုံနှင့် ကောက်ထမ်းချီချော့လိုက်ချင်စိတ် ပေါက်၏။

သွားပြီဆိုတာ သိလိုက်သည်။ ဤမိန်းမ နုနုငယ်ငယ်လေးသည် ဣန္ဒြိဘဝကို ချုပ်ကိုင်ပိုင်စိုးချေတော့မည်။ သူခေါ်လျှင်သွား၍ သူနှင်လျှင်လည်း အဝေးဆုံးသို့ လွင့်ရတော့မည်။ သူ့စိတ်၊ သူ့သဘော၊ သူ့ဆန္ဒအတိုင်း လှုပ်ရှားကာ သူ့မေတ္တာထဲမှာ ခံစား၊ သူ့ရက်စက်မှုမှာ နစ်မျော၊ သူထားရာနေ၊ သူစေရာသွားဖြစ်ရချေတော့မည်။

ထွားထွားကျိုင်းကျိုင်း ယောကျ်ားသားကြီးစင်စစ်ဖြစ်ပါလျက် ကိုယ်ကျင့်တရားထိန်းသူမို့ ယောကျ်ားမာနနှင့် ယောကျ်ားသိက္ခာကို ရှိသင့်သည်ထက် နည်းနည်းပိုပိုလေး မြှင့်ထားခဲ့ပါလျက် မမသတ္တိဆိုသည့် ချာတိတ်မနှင့်ကျမှ ကလီစာတစ်ခွေလုံး ကြွေခဲ့ရပြီဆိုတာ သိလိုက်သည်။

ဒေါသတွေလည်း ထွက်ပြေးကုန်ကြပါပြီ။

"တီလေး"

"သမီးငယ်ချိန်းလို့ လာတာမဟုတ်လား"

အပိုင်သိပုံနှင့် ပြုံးပြုံးလေးထပ်မေးတော့ ခေါင်းညိတ်ဖြစ်၏။

"ဆုံပေးစရာနေရာရှားလို့၊ အဲဒီသမီးငယ်ဟာ ..."

တီက ခေါင်းလေးငုံ့၍ သမ်တလင်းကြမ်းပြင်မှာ ဘယ်သူမှမရှိပါဘဲ မျက်စောင်းထိုးသည်။

ပြောခွင့်ရလျှင် ကြုံဆုံလျှင် သူ့မျက်နှာကို စေ့စေ့ကြည့်ကာ အပြင်းထန်ဆုံးသော ထိုးနက်ချက်များဖြင့် ပြောချပစ်လိုက်ချင်သည့် ဣန္ဒြိရင်ထဲမှ စကားလုံးတွေ လုံးဝ မှိန်ပျောက်ကာ



ရှာချင်လို့တောင်မရနိုင်တော့ပါ။ ချစ်ရင်းစွဲ အကြင်နာတွေသာ လေထန်လှိုင်းကြီးသလို ရင်ထဲ ဗြောင်းဆန်လာတော့သည်။

"တီ မှားတာတွေ အများကြီးပဲ"

"ရပါတယ်"

"ဣန္ဒြိ ကျေနပ်တဲ့ထိ တောင်းပန်မလို့"

"ကျေနပ်သွားပါပြီ"

"ခွင့်လွှတ်လား"

"အင်း"

"သွားစို့လေ"

"တို့က ကားကို မောင်းချင်တဲ့နေရာမောင်းသွားရင်လည်း လိုက်မှာလား၊ ကမ္ဘာဆုံးတဲ့အထိ"

ပြောပြီးမှ ကဗျာများဆန်သွားသလားဟု ရှက်ကိုး ရှက်ကန်းပြုံးလိုက်ဖြစ်သည်။

"ဣန္ဒြိပြုံးရင် အရမ်းချောတာပဲ"

တိုးတိုးပြောရင်း သတ္တိက သူကိုင်ထားသည့် အင်္ကျီစလေးကိုလွှတ်သည်။ တူတူလျှောက်လှမ်းဖြစ်၏။ ဆေးရုံအဆောက်အအုံကြီးရှေ့မှာ ရပ်ထားသည့် ကားဖြူဖြူလေးက တံခါးလေး ပေါက်လုံး ပွင့်လျက်သားနှင့်ကြိုနေသည်။

တစ်နေရာရာမှာတော့ နောက်ကြောင်းပြန် ရှေ့ကြောင်းပြန်တွေနှင့် အရှုပ်မှန်သမျှ ရှင်းကျပြေလျော့ဖို့ စကားတွေ အများကြီးသွားဆိုင်ပြောရလိမ့်မည်ထင်သည်။ စင်စစ် ပြောမည့်သာပြော၊ ပြောဖို့မလိုတော့ဟုဆိုလျှင်လည်း ရသည်။ သတ္တိက ဘာမျှ ရှည်ရှည်ဝေးဝေး ရှင်းပြခဲ့သည်မဟုတ်ပါဘဲ မျက်ရည်စို့ရုံ၊ အင်္ကျီသားလေးဖွဖွကိုင်ရုံ၊ မျက်နှာလေးမဲ့ရုံနှင့် အားလုံး ကျေညက်

ကျေနပ်လိုက်ပြီဆိုတာ ပြောမပြတတ်လောက်အောင် အချစ်ကြီးသူတို့ အကြင်နာကြီးစွာ ခွင့်လွှတ်ပြီးသားဆိုတာ သတ္တိလေး သိပြီးဖြစ်မှာပါ။

"ဘယ်သွားချင်လဲ"

သတ္တိတက်ဖို့ဘက်ကို လိုက်ပါသွားပြီး တံခါးကိုင်ပေးပြီးမေးသည်။ သတ္တိက ဝင်သာထိုင်လျက် မဖြေသေးသည်မို့ ကားခေါင်းပိုင်းမှ ကွေ့လာသော မောင်းသူနေရာမှာထိုင်၏။

"ဟင် ... ဘယ်သွားချင်လဲ"

"အိမ်လိုက်ပို့မလို့ မဟုတ်ဘူးလား"

"အိမ်ကို"

"ဟုတ်ကဲ့"

"ရလို့လား"

"ရလို့"

"ကန်တော်မင်္ဂလာပန်းခြံ ခဏဝင်မယ်"

"မဝင်ပါဘူး"

"အကောင်းပြောတာ၊ မေမေက စူကာသီးပင်ပေါက်ကလေးတွေ လိုချင်တယ်ပြောထားတာကြာပြီ၊ ကြုံတုန်းဝယ်သွားမလို့၊ ပြီးတော့မှ အိမ်လိုက်ပို့မယ်၊ ဖြစ်လား"

"ဖြစ်တယ်"

"နောက်ဆို ဆိုးဦးမလား"

"ဆိုးရင်ရိုက်ပေါ့"

"ခင်ဗျားကိုသာ ရိုက်ရက်ရင် ကျုပ် ဒီလောက် မခံစားရဘူးကြီးတော်"

တီက ရယ်ပစ်လိုက်၏။



"ဓားနဲ့လာထိုးဖို့တောင် စိတ်ကူးပြီးပြီ"

"အဲဒီလောက်ကြီး စိတ်ဆိုးတာလား"

"ရှင်ကွဲကိုမခံနိုင်လို့ သေကွဲပဲ ကွဲတော့မလို့၊ ခုတော့လည်း မတောင်းပန်မီက ကျေနပ်နေပြီ၊ ယောကျ်ားသိက္ခာကျလိုက်တာ"

တီ ရယ်၏။ ဣန္ဒြေလည်း လိုက်ရယ်သည်။ နှုတ်ခမ်းနှစ်လွှာကို စေ့ပီစေဖို့ အတင်းဆွဲစေ့တောင်ရမည်မထင်။ အပျော်လွန်အပြုံးနှင့် စွင့်ကားနေ၏။ ကားကို ဖြည်းဖြည်းလေးပဲမောင်းထွက်ခဲ့သည်။ တစ်ကမ္ဘာလုံးမှာ တစ်ဦးတည်းနှင့် အချစ်ဆုံးသူကဘေးမှာ ကပ်လျက်သား ပါလာခဲ့ပြီ။ ချစ်သူကို ဘေးမှာထား၍ ကားမောင်းခွင့်ရသည့် အခွင့်အရေးက ဘယ်လောက်ပျော်စရာကောင်းလိုက်ပါသလဲ။

ပြီးတော့ သူ့အိမ်ကို လိုက်ပို့ရမှာတဲ့။

လူကြီးမိဘ ကြည်ဖြူခွင့်ပြုမှုကို ရရှိပြီပေါ့။ ဘယ်လောက် ကံကောင်းလိုက်ပါသလဲ၊ ဣန္ဒြေ ဆိုတာ မိန်းမသားတစ်ဦးကို တန်ဖိုးထားပြီး မြတ်နိုးလေးစားတတ်တဲ့ ယောကျ်ား၊ သည်ယောကျ်ားမျိုးကို သူ နောက်တစ်ခါ နိုပ်စက်ရတော့မယ်တော့ မထင်ပါဘူးလေ။

"ဣန္ဒြေ ဘာတွေ တွေးနေလဲ"

"ပျော်လို့"

"တီလည်း အရမ်းပျော်တယ်၊ မေမေ့ကိုလည်း ပြောပြီးပြီ"

"မေမေက ဘာတဲ့လဲ"

"ခွင့်ပြုတာပေါ့"

ကတ္တရာလမ်း မည်းမည်းကလေး၏ ရင်ခွင်ထဲသို့ အရှိန်နှင့် တိုးဝင်နေတာကို တိ ငေးကြည့်သည်။ မျက်နှာတွေက ထူအန်းအန်း ဖြစ်နေသလို ခံစားရသည်။ ဘာကိုမှန်းမသိ ရှက်နေ၏။ ဣန္ဒိ အသံက အဝေးကြီးမှ လွင့်ပျံ့ဝေ့ဝဲလာသလို ခံစားရသည်။ ရင်ထဲမှာ အပျော်လွှန်နေ၏။

"တိကို တော်တော်မုန်းသွားလား"

"တို့ ပြောဖူးတာ တိ မမှတ်မိဘူးလား၊ တို့ အသက်ရှူနေသမျှ မမုန်းဘူး၊ တို့ရဲ့သက်တမ်း ကုန်ဆုံးတဲ့အချိန်အထိ ပေးဆပ် နှင်းအပ်ခြင်းများစွာနဲ့ ချစ်နေမယ် ဆိုတာ"

ဣန္ဒိရယ် ... တိလူလေးရယ်၊ တိကလည်း သိပ်ချစ်ရပါတယ် ဆိုတာကိုတော့ ပန်းခင်းထဲရောက်မှပဲ တိုးမှုမှုလေး ပြောရပါတော့မည်။

စာချစ်သူတိုင်းကိုချစ်တဲ့

နေနွယ်ဇင်မြင့်